www.burmeseclassic.com

ဝင်းမြင့်အောင်


(မြန်မာပြန်)

# ရြတိဂိစစ်ဆင်ရေး

# TIGER WAR

by

DON PENDLETON



BURMESE CLASSIC .com

ART-KYAIKLATBATHAN.

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

'ယောင်ချောက်တစ်ခု'

ထိုအသိတရားက မက်ဘိုလ်၏ ဦးနှောက်ထဲသို့ ရုတ်တရက် ထိုးဖောက်ဝင်ရောက်လာသည်။ သေနတ်ကို အဆင်သင့် ဆုပ်ကိုင်ထားရင်း မြေကြီးပေါ်သို့ အမြန်ဆုံး ဝပ်ချလိုက်သည်။ နယ်မြေ၏အနေအထားကိုလည်း စူးစမ်းလေ့လာကြည့်မိနေသည်။ လရောင်ဖြာကျနေသော တောင်ကြားလမ်းကလေးမှာ ပကတိ အေးချမ်းသာယာလျက်ရှိသည်။ အဆက်မပြတ် အော်ဟစ်နေသော ပုဇဉ်းရင်ကွဲသံမှလွဲပြီး အရာရာတိုင်း တိတ်ဆိတ် ငြိမ်သက်နေဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်နှင့် ကြုံတွေ့ရတော့မည်ဆိုလျှင် ဘိုလန်၏ မသိစိတ်က ထာဝရ သတိပေး နှိုးဆော်တတ်လေ့ရှိသည်။ လရောင်ကြောင့် အဝေးမှ သစ်ပင်တန်းများကို လှမ်း၍တွေ့နေရသည်။ ပြန့်ပြူးသော မြေပြင်ပေါ်တွင် ဆင်ငိုရွက်များနှင့် ဝါးပင်အုပ်များက ရှိနေသည်။

ဘိုလန်၏ ဘူ့ပခုံးနောက်ဖက်တွင် တန်းလန်း ကျဆင်းနေသော လေထီးကြီးကို ဖြုတ်ပစ်လိုက်သည်။ အနီးဆုံး ဝါးရုံတောတစ်ခုဆီသို့ ပြေးသွားပြီး အသံကို နားစွင့်ကြည့်နေသည်။ တောအုပ်ဆီမှ ညဉ့်ငှက်များ၏ အော်ဟစ်သံက ပျံ့လွင့်လာသည်။ ဖားအော်သံနှင့် ပရစ်သံတို့ကလည်း တိတ်ဆိတ်သည့်ညကို ဖောက်ထွင်း ထွက်ပေါ်လာသည်။ ထိုင်းနိုင်ငံ၏ ညဉ့်ယံအထိမ်းအမှတ်တစ်ခုအဖြစ် ဘိုလန်က နားလည် သဘောပေါက်ထားလိုက်သည်။

အင်တီနေ့ လေယာဉ်ပေါ်မှ လေထီးဖြင့် ခုန်ဆင်းလာခဲ့သည့်အဖြစ်ကို ပြန်လည်မြင်ယောင်လာမိသည်။ လေယာဉ်တံခါးပေါက်တွင် အသင့်ရပ်ပြီး အောက်မှ အချက်ပြမီးကို စောင့်ခဲ့ရသည်။ ဂျီပုံသဏ္ဌာန် အချက်ပြမီးကိုတွေ့ရပြီးနောက် ဆင်းရမည့်ဇုံနယ်မြေပေါ်သို့ လေထီးဖြင့် ခုန်ဆင်းလာခဲ့သည်။ ယခုတော့ အန္တရာယ်၏ အငွေ့အသက်တွေကို ဘာကြောင့်တွေ့နေရသည်ကို ဘိုလန် စဉ်းစား၍ မရနိုင်အောင် ဖြစ်နေရတော့သည်။



လကို တိမ်စိုင်တစ်ခုက ဖုံးအုပ်သွားပြီမို့ တောင်ကြားလမ်းတစ်ခုလုံး မှောင်ပျပျဖြစ်သွားသည်။ ရုတ်တရက် ဘိုလန်၏ ဘယ်ဘက် ကောအုပ်အတွင်းမှ လူရိပ်သဏ္ဌာန်များ ထွက်ပေါ်လာသည်။ ညာဘက်မှ တရွေ့ရွေ့ ချဉ်းကပ်လာသူများကိုလည်း ဘိုလန် တွေ့လိုက်ရပြန်သည်။ သူ့ရှေ့တည့်တည့်ရှိ မြောက်ဘက်အရပ်မှလည်း လူအုပ်စုတစ်စုက သူ့ဆီ ဦးတည်လာနေပြီဖြစ်သည်။

နာ့(ခ်)နှင့် သူ၏ တောင်ပေါ်သားအုပ်စုများက လာရောက် ကြိုဆိုလေသည်သားဟု ဘိုလန်က တွေးကြည့်လိုက်သည်။ သို့သော်လည်း မဖြစ်နိုင်ဟု ချက်ချင်း သဘောပေါက်လိုက်မိသည်။ သူတို့လာနေပုံက လေထီးနှင့် ဆင်းလာသူကို လာရောက်ကြိုဆိုသောပုံစံမျိုး ရှိမနေခဲ့။ အမဲတစ်ကောင်ကို တိတ်တဆိတ် ဖမ်းမိနိုင်စေရန် ခြောင်းမြောင်းနေသည့် အနေအထားမျိုးသာ ရှိနေသည်။ တစ်ယောက်နှင့်တစ်ယောက် အသံတိတ်အချက်ပြပြီး တိုးကပ်လာသည့်ပုံစံများက မသင်္ကာဖွယ်ရာ အခြေအနေကို ညွှန်ပြလျက်ရှိသည်။ ထို့အပြင် သူတို့လက်ထဲတွင် လက်နက်ကိုယ်စီ ကိုင်ထားကြသေးသည်။

တိမ်စိုင်များအောက်မှ လပြန်ထွက်လာချိန်တွင် မြင်ကွင်းအားလုံးကို ဘိုလန်က ကောင်းစွာ တွေ့လိုက်နိုင်သည်။ ကာကီဦးထုပ်များဆောင်းထားသော တိုက်ခါးတပ်ဖွဲ့ဝင်များဖြစ်ကြောင်း သိလိုက်ရသည်။ ထောင်ချောက်ထဲသို့ တန်းတန်းမတ်မတ် ဝင်တိုးခဲ့ရပြီဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ဆွတ်လမ်းကို လှည့်ပတ်ရှာဖွေကြည့်လိုက်သည်။ သူလာခဲ့သည့် ပဟောင်ဘက် အမှုပ်တစ်ခုသာ ပြေးပေါက်ရှိနေတော့သည်။ အကာအကွယ်ယူထားရာ ဝါးရုံတောမှလှည့်ပြေးလျှင် တစ်ဖက်ရန်သူတွေက တွေ့သွားနိုင်မည်သာဖြစ်သည်။ ရှေ့မတိုးသာ နောက်မဆုတ်သာသည့် အခြေအနေမို့ ခါးတွင်ချိတ်ထားသော စလက်ပ္ပိုင်းလက်ပစ်ဗုံးနှစ်လုံးကို ဖြုတ်ယူလိုက်သည်။ စနက်တံသံကွင်းကို လက်ညှိုးထည့်ပြီး ကောင်းကင်ကိုမော့ကြည့်သည်။ ကြာမီ တိမ်ထဲသို့ လက ဝင်သွားပေတော့မည်။ အသာလေးငြိမ်ပြီး အခြေအနေကို စောင့်ဆိုင်းနေလိုက်သည်။

ဘယ်ညာခုပ်ပုမျှားက စောင်ပဲဖြန့်ပြီး ဝိုင်းထားသဖြင့် မြောက်ဘက်မှ တက်လာသူများက တောင်ကြားကိုဖြတ်ပြီး ဆက်လက်ချီတက်လာနေသည်။

တိမ်ထဲသို့ လဝင်သွားပြီး တောင်ကြား တစ်ဝိုက်တွင် ဖလင်းရောင်အားနည်း မှိန်ပျသွားသည်။ ဘိုလန်က ထရပ်လိုက်သည်။လက်နှင့်ပက်တွင် ဆုပ်ကိုင်ထားသော စလက်ပ္ပိုင်းလက်ပစ်ဗုံးနှစ်လုံးကို ပစ်လွှတ်လိုက်သည်။ ဗုံးများက လေထဲတွင်ပေါက်ကွဲပြီး အငယ်စား ဗုံးသုံးလုံးစီအဖြစ် နောက်ထပ်သုံးဆင့်စီ ကွဲထွက်သွားပြန်သည်။ ပေါက်ကွဲမှုအရှိန်ကြောင့် မီးခိုးလုံးများဖြင့် မှောင်မည်းသိပ်သည်းလျက်ရှိသည်။



ဘိုလန်က တောင်ဘက်ပိုင်းရှိ သစ်ပင်တန်းများဆီသို့ ပြေးခုန်သုတ်ပြီး ပြေးသွားသည်။ စိတ်ထဲတွင်လည်း နာရီကြွန်ကိုကြည့်ပြီး ရွတ်နေလိုက်သည်။ စလက်ပ္ပိုင်းလက်ပစ်ဗုံးကျရာဘက်ရောက်နေထားသော ဇရိုယာဘာစ်ပိုက်အတွင်း ရှိနေသူများ ခြောက်စက္ကန့်အတွင်း သေများအူပြီး အာမှ လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ဘိုလန်က အမှတ်စဉ် ငါး ရေတွက်လိုက်ချိန်တွင် ပထမဆုံး ကျည်ဆန်က သူ့အနီးမှ ဖြတ်ကျော်သွားသည်။ မီးခိုးများပိတ်ဆို့ခံနေသောကြောင့် ဒရောက်တပ်ပစ်လိုက်သော ကျည်ဆန်များက ဟိုရောက် သည်ရောက် ဖြစ်နေကြသည်။ ဘိုလန်ကလည်း ကွေ့ပတ်ပြေးနေလိုက်သည်။ သေနင်နှင့် လက်တစ်ကမ်းအလိုသို့ ရောက်လေပြီးသော်လည်း အေးလိုက်မိပြန်သည်။

မှုဆိုးများအလိုက်ခံရသော သားကောင်လို ဘိုလန်က အသက်ဘက် ပြေးလွှားနေရပြီ ဖြစ်သည်။ လေတိုးသည့်မျက်လုံးများကလည်း ကျိန်းစပ်လျက်ရှိနေသည်။ ဘယ်ရောက်၍ ဘယ်ပေါက်သည်ပင် စဉ်းစားဖို့အချိန်မရတော့။ တောအုပ်အတွင်းသို့ အမြန်ဆုံးပြေးဝင်လိုက်စဉ် အမှောင်ထုက သူ့ကို ဆီးကြိုခဲ့ပြ ဖက်လိုက်သည်။ သစ်ပင်တစ်ပင်၏ ပင်စည်နောက်သို့ကပ်ပြီး အသက်ကို ပြင်းပြင်းရှူနေရှိသည် တောင်ကြားအတွင်းသို့ လှမ်းကြည့်လိုက်ရာ လမင်းက ထိန်ထိန်သာလျက်ရှိနေပြီဖြစ်သည်။ နောက်ကိုယ်စီဖြင့်လိုက်လာသူများကို ထင်ရှားပြတ်သားစွာ မြင်တွေ့နေရသည်။

www.burmeseclassic.com



တုန့်ပြန်တိုက်ခိုက်ဖို့အချိန်က ရောက်လာပြီဟု ဘိုလန် တွေးလိုက်မိသည်။

ပစ်မှတ်ကောင်းနိုင်မည့် နေရာကိုယူပြီး အေကေ(၄၇) သေနတ်ကို ချိန်တွယ်ပစ်ခတ်လိုက်သည်။ သေနတ်သံကြောင့် နောက်မှလိုက်လာသူများ ရုတ်တရက် တန့်သွားသည်မြေပေါ် သို့မှောက်ချရင်း ဘိုလန်ရှိသည့် တောအုပ်ထဲသို့ သေနတ်များ ဖြင့်ဝိုင်း၍ ပစ်ခတ်လိုက်ကြသည်။ သူတို့အားလုံးမှာ စစ်ဆင် ရေးအတွက်ကောင်းစွာ လေ့ကျင့်ထားသော တပ်ဖွဲ့ဝင်များ ပင်ဖြစ်ကြသည်။ ဘိုလန်၏ သေနတ် မီးပွင့်ရာသို့ ကျည်ဆန် များက ပလူပျံ ရောက်ရှိလာတော့သည်။ ဘိုလန်၏ သေနတ် က မော်ဒယ် အသစ်မှန်းသူတို့သိကြလိမ့်မည်မဟုတ်ပေ။ ပထမ ကျည်ဆန်သုံးချက်တွင်သာ မီးပွင့်သည်ကို မြင်ရမည်ဖြစ်သော် လည်းနောက်ထပ် ဆက်တိုက်ပစ်လျှင် သေနတ်ပြောင်းဝမှ မီးပွင့်တော့မည်မဟုတ်ပေ။

ဘိုလန်ကနေရာကို အမြန်ဆုံးပြောင်းပစ်လိုက်သည်။ သေ နတ်ကိုလည်း ရန်သူများရှိရာသို့ ဒရစပ်ညှစ်ပြီး ပစ်ခတ်လိုက် သည်။ ရှေ့မှတက်လာသူတွေ အတုံးအရုံး ဖြစ်သွားကြသည်။ နောက်ထပ်တပ်ဖွဲ့တစ်ဖွဲ့က မြင်ကွင်းထဲ ပေါ်လာပြန်သည်။ သူတို့နှင့်အတူ စစ်ခွေးများလည်းပါလာကြသည်။ ဘိုလန်က သူတို့ဆီသို့ နောက်ဆုံးလက်ကျန် ကျည်ကပ်ကုန်သည်အထိ ဆွဲပစ်လိုက်ပြီး မာရသွန်းပြေးရတော့သည်။



မှောင်မည်းနေသည့် တောအုပ်အတွင်း မမြင်မစမ်းပြေးနေ ရသည့်အတွက် အလဲလဲအပြိုပြိုနှင့် တစ်ကိုယ်လုံး ဒဏ်ရာဒဏ် ချက်တွေဖြစ်လာသည်။ ဆူးခက်များနှင့်ငြိပြီး အဝတ်အစား များ စုတ်ပြဲကုန်သလို ဒါးသွားလိုထက်သည့် မြက်ရိုင်းများ ကြောင့်လည်း အသားအရေတွေ ပွန်းပဲ့စုတ်ပြတ်ကုန်သည်။ မညီညာသော မြေပြင်ကို ဖြတ်ပြေးစဉ် ရိုးချောင်း အတွင်း သို့ သူပြုတ်ကျသွားသည်။ ကုန်းရုန်းထပြီး စပျစ်နွယ်ပင်များ အကြားမှ ရုန်းကန်ပြီး တောင်ကုန်းလေးတစ်ခုပေါ်သို့သူပြေး တက်လိုက်လည်။

နောက်ဖက်ခပ်လှမ်းလှမ်းဆီမှ ခွေးဟောင်သံများနှင့်အတူ တရုတ်လို အော်ဟစ်အမိန့်ပေးသံများ ခပ်သဲ့သဲ့ ထွက်ပေါ် လာသောကြောင့် ဘိုလန်က အထိတ်တလန့်ဖြစ်သွားပြီး ခြေ ကုန်သုတ်လိုက်ကြပြန်သည်။ ဝါးရုံတောများနှင့် ရိုးချောင်း များကိုဖြတ်ကျော်ပြီး မကြာမီဝပ်ချောင်းလေး တစ်ခုကိုတွေ့ ရသည်။ စမ်းချောင်းထဲသို့ အမြန်ဆုံး ခုန်ဆင်းပြီးတစ်ဖက် ကမ်းဆီသို့ အားသွန်း၍ ကူးခပ်လိုက်သည်။ ခန္ဓာကိုယ်မှ ဒဏ်ရာများမှာ ရေအလိအတွေ့ကြောင့် တစ်ကိုယ်လုံးစပ်ဖျင်း ဖျင်းဖြစ်သွားရတော့သည်။ ကမ်းစပ်သို့ တက်လာချိန်တွင် ညီညာသောမြေပြင်ကို တွေ့လိုက်ရသည်။ ထိုမြေပြင်ကို ဖြတ် ကျော်ခဲ့ပြီးနောက် တောအုပ်တစ်ခုအတွင်းသို့ သူဆက်ဝင် သွားလိုက်သည်။

တစ်နာရီခန့်အကြာတွင် တောင်ကုန်းတစ်ခုပေါ်မှ ရပ်ပြီး

www.burmeseclassic.com



တောင်ကြားဆီကို ဘိုလန်က လှမ်းမျှော်ကြည့်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာရေစက်မရှိအောင် ဂုဏ်ပြုတ်လျက်ရှိပြီးဖျော့ ရာတော့ ထိုရွံ့စေးပေနေသည်၊ နောက်မှလိုက်လာသော ရန်သူများ၏ အရိပ်အယောင်ကိုမတွေ့ရတော့ပေ။ ဘိုလန်ကမြေပြင်ပေါ်သို့လှဲချရင်း မောအနားယူလိုက်သည်။ သူ့ရင်က တဒိန်းဒိန်းခုန်နေပြီး အသက်ကို ပြင်းစွာ ရှူနေရသည်။ ခါးပတ်တွင်ချိတ်ထားသော ရေဗူးလင်းကို ဖြုတ်ယူပြီး မော့သောက်လိုက်သည် သစ်ပင်တစ်ပင်ကိုကျောမှီရင်း အသံကိုနားစွင့်နေသည်။ လောလောဆယ်တော့ ဘာသံမှမကြားရပေ။

လွန်ခဲ့သည့်နှစ်နာရီက ဘိုလန်မှာ အိန္ဒိယသမုဒ္ဒရာအတွင်းမှ ကျွန်းလေးတစ်ကျွန်းပေါ်တွင် ရှိနေခဲ့သည် ကမ္ဘာ့အကြီးဆုံး ဘိန်းဖြူထုတ်လုပ်ရေးစခန်းကြီး ရှိသော ရွှေတြိဂံနယ်မြေကို အထက်မှ တာဝန်ပေးချက်အရ ပုံးတိုက်ခြေမှုန်း ရန်အတွက် ဘိုလန်က လေယာဉ်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်သည်။ ဆင်းရမည့်သတ်မှတ် နယ်မြေတွင် လေထီးဖြင့် ခုန်ဆင်းလာစဉ် ယခုလိုထောင်ချောက် အတွင်းသို့ တည့်တည့်ဝင်းတိုးခဲ့ရခြင်း သာဖြစ်သည်။ ရွှေတြိဂံနယ်မြေကို ခြေကုပ်ယူထားသူများ မှာ ဘိုက်ဂါးတပ်ဖွဲ့ဝင်များပင် ဖြစ်သည်။

စတုံးနီးခင်းအဖွဲ့အစည်း၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံကိန်းတွင် ဘိန်းဖြူ ဟီးရိုးအင်းကို ‘ဒုန်းစိုင်းပြေးသော



မြင်း’ဟု လျှို့ဝှက်အမည်ပေးထားသည်။ ယခုတော့ ဘိန်းဖြူ ကို အမြစ်ပြတ်ချေမှုန်းသုတ်သင်မည့် ဘိုလန်မှာ လက်ရှိအခြေ အနေတွင် လူ့မှုသိုက်များလက်မှ အွေးမြေ ဝက်ပြေး ပြေးနေ ရသော ပနသ၀ ဖားကောင် ဖြစ်နေရပေသည်။

လာကြမည့် နှင့် ခ်ုခိုသူက ဘယ်နေရာထွင်သွားမည်နေ သည်မသိ။ ဘေးသိ ဖြင့်ဆင်း ချိန်တွင် သူကိုယ်တိုင်လာ ရောက်ကြိုဆိုပါမည်ဟု နှင့်(ခ်)ကိုယ်တိုင် နောက်ဆုံးသတင်း ပေးပို့ခဲ့သည်ကို ဘိုလန်က ပြန်သတိရလိုက်မိသည်။ မြေပုံကို ထုတ်ယူပြီး ဖောင်တိန်ဓာတ်မီးလေးဖြင့် မီးရောင်မထွက်အောင် ကာ၍ နယ်မြေအနေအထားကို လေ့လာကြည့်လိုက်သည်။ ကွန်ပတ်စ် နာရီသံတန်ကိုကြည့်ပြီး မြေပုံအရ နှင့်(ခ်) အခြေစိုက် စခန်းချထားရာ တောင်ပေါ်ရွာလေး ရှိရာသို့ ဘိုလန်က အမြန်ဆုံးခရီးထွက်ဖို့ ပြင်ဆင်လိုက်သည်။ နံနက် ခင်း၏ အလင်းရောင် မပေါ်ထွက်မီ ရွာသို့ ရောက်နိုင်မှုဖြစ် လိမ့်မည်၊

သေနတ်ကို အသင့်ကိုင်ထားရင်း ဘိုလန်က ခရီးဆက် ထွက်လာခဲ့သည်။ အချိန်က သန်းခေါင်ချိန်ကိုကျော်လွန်လာ ခဲ့ပြီဖြစ်သည်။ အရုဏ်မတက်မီ နှင့်(ခ်)၏တောင်ပေါ်ရွာသို့ သူအရောက်သွားရပေလိမ့်မည်။ မိနစ်နှစ်ဆယ်ခန့်ပြေးပြီး မိနစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ် လမ်းလျှောက်သည့်စနစ်ကို ကျင့်သုံးဖို့ ဘိုလန်က ဆုံးဖြတ်ချက်ချလိုက်သည်။

အသက်ကို ခပ်ပြင်းပြင်းရှူရှိုက်ပြီး ဘိုလန်က အမြန်ဆုံး ပြေးထွက်သွားလိုက်သည်။

## အခန်း (၂)

အရုဏ်တက်ပြီမို့ အရှေ့လောကဓာတ်တစ်ခွင်မှာ ရောင်နီသန်းလျက်ရှိသည်။ တောင်စောင်းတစ်ခုပေါ်တွင် ဘိုလန်က ရပ်နေပြီး တောင်ပေါ်ရွာလေးကို မှန်ပြောင်းဖြင့်လေ့လာ ကြည့်ရှုလိုက်သည်။ နံနက်စာ ချက်ပြုတ်ချိန်မို့ တဲအိမ်များ၏ မီးဖိုဆောင်မှ မီးခိုးများ တလူလူတက်နေသည်။ အိမ်ရှင်မများက ဝက်စာကျွေးရန် ခြင်းတောင်းများဖြင့် ထွက်လာကြသည်။ ဝက်များ၏ အစာတောင်းသံများကို ဘိုလန် ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးမှာ တောင်ကြားလဲကွင် တည်ရှိပြီး တဲအိမ်ကလေးပေါင်း နှစ်ရာကျော်ရှိသည်။ ရွာ၏စည်းကမ်းချက်အရ မျက်နှာချင်းဆိုင် တံခါးပေါက်များ ရှိမနေစေဘဲ နေရာလွှဲ၍ ဖောက်ထားရသည်။ ထိုသို့စီမံထားရခြင်းမှာ တွေ့မြင်စပ်စုခြင်းများ မရှိစေနိုင်ရန်ဖြစ်သည်။

တဲအိမ်များ၏တစ်ဘက်ရှိ အနိမ့်ပိုင်း မြက်ခင်းပြင်ထဲတွင် မြင်းများနှင့်နွားများကို အုပ်စုလိုက်တွေ့ရသည်။ ယင်းအထဲတွင် ဆင်တစ်ကောင်က ထီးထီးမားမားကြီးရှိနေသဖြင့် ဘိုလန်က အံ့ဩမိသည်။ ဆင်၏ခြေထောက်ကို တောင်စောင်း နံရံနှင့် ချည်ပြီး သံကြိုးခတ်ထားသည်။ တောင်ပေါ်သားများက ဆင်ကို အသုံးပြု၍ သစ်ဆွဲလေ့ရှိကြသည်။

ဘိုလန်က နှ(ခ်)၏အရိပ်အယောင်ကို တွေ့လိုတွေ့ငြား မှန်ပြောင်းဖြင့် လေ့လာကြည့်လိုက်သည်။ နှ(ခ်)က အိပ်ကောင်းနေဆဲပင် ဖြစ်ပါလိမ့်မည်။ ယခုအထိတော့ မတွေ့ရသေး။

နံနက်မိုးသောက်လာပြီဖြစ်သည်။

လယ်ယာလုပ်ငန်းအတွက် ရွာမှထွက်သွားသူများကို ဘိုလန်တွေ့နေရသည်။ အမျိုးသမီးများက ဝါးကျည်တောက်များဖြင့် စမ်းချောင်းလေးတွင် ရေသွားခပ်ကြသည်။ မုဆိုးတစ်ယောက်က ဒူးလေးကိုကိုင်ပြီး အမဲလိုက်ရန် မြင်းစီး



ထွက်သွားသည်။ မိသားစုတစ်ခုက ကြက်အရှင်များထည့်ထားသော ကြက်ခြင်းကိုယ်စီဖြင့် ဈေးသို့ထွက်ခွာသွားနေကြသည်။ ယခုအချိန်အထိ နှ(ခ်)၏အရိပ်အယောင်ကိုမတွေ့ရသေးပေ။

ဆလာအိတ်အငယ်စားလေးများကို ကိုင်ထားသော အမျိုးသမီးအုပ်စုက ဘိုလန်ရှိသည့်နေရာဆီသို့ ဦးတည်လျှောက်လာကြသည်။ ဘိုလန်က သစ်ပင်တစ်ပင်နောက်တွင် အကာအကွယ်ယူပြီး စောင့်ကြည့်နေသည်။ အမျိုးသမီးများသူ့ကို ဖြတ်သွားပြီးနောက် ဘိုလန်က နောက်မှလိုက်သွားသည်။

အမျိုးသမီးများက မကြာမီ ဘိန်းပန်းများဝေဆာပွင့်ဖူးရာ ဘိန်းခင်းထဲသို့ ချိုးကွေ့ဝင်သွားကြသည်။ ပါလာသောအိတ်လေးများအတွင်းမှ ဓားနှင့်ခွက်လေးများကို ထုတ်ယူသည်။ ထို့နောက် ဘိန်းပင်များကို ဓားဖြင့်ခြစ်ပြီး အဖြူရောင် ဘိန်းဆီအစေးများကို ခွက်ဖြင့်ခံယူလိုက်ကြသည်။

ဘိုလန်က လုပ်ငန်းခွင်ထဲမှ အမျိုးသမီးများကို ရပ်ကြည့်နေမိသည်။ ဘိန်းပင်များမှာ အနီ၊ အဖြူ၊ ပန်းရောင်နှင့် အဝါစသည်ဖြင့် အရောင်အသွေးစုံလင်လှသည်။ ဘိုလန်က လည်ချောင်းကိုတစ်ချက်ရှင်းလိုက်ပြီး အမျိုးသမီးများဆီသို့ တိုးကပ်သွားသည်။ သူ့ကိုမြင်လိုက်ရသော အမျိုးသမီးများက ရုတ်တရက်မို့ လန့်ပြီး အော်ဟစ်လိုက်ကြသည်။ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစားစိုက်ပြတ်နေပြီး သွေးအလူးလူးဖြစ်နေသော ဘိုလန်ကို တစ္ဆေသရဲကြီးတစ်ကောင်လို ထင်မှတ်သွားကြပုံရသည်။

ဘိုလန်က လက်ဝါးနှစ်ဖက်ကိုပူး၍ လက်အုပ်ချီပြီးခေါင်းကိုညွတ်ရင်း နှုတ်ဆက်လိုက်သည်။ အာရှ တိုင်းသားများ၏ ယဉ်ကျေးမှုကို ဗီယက်နမ်စစ်ပွဲတွင် ဘိုလန်က ဗဟုသုတ ရထားခဲ့ပြီးဖြစ်သည်။ သူတို့ တောင်ပေါ်သားတို့၏'မီယို' ဘာသာစကားကိုလည်း တတ်မြောက်ထားခဲ့ပြီးဖြစ်သည်။

''ဒီကညီမလေးတွေ အစ်ကို့ကို မကြောက်ပါနဲ့ လမ်းပျောက်နေတဲ့ ခရီးသည်တစ်ယောက်ပါ အစ်ကို့ရဲ့ ညီတစ်ယောက်ကို လိုက်ရှာနေတာပေါ့၊ဒီရွာမှာ လူဖြူတစ်ယောက် ရောက်မနေဘူးလား'

ဘိုလန်၏စကားကြောင့် အမျိုးသမီးအုပ်စုများအကြောက်ပြေသွားပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေလိုက်ကြသည်။ နောက်ဆုံးတွင်အသက်အကြီးဆုံး အမျိုးသမီးက ဘိုလန်ကို ပြန်လည် ဖြေကြားလိုက်သည်။

'ရှင့်ရဲ့ ညီဟာ ဒီရွာထဲမှာမရှိတော့ဘူး ထွက်သွားပြီရှင်'

'ဒါဆို သူကဘယ်ကိုထွက်သွားတာလဲ'

ဘိုလန်၏ မေးခွန်းကို အမျိုးသမီးတွေက ပြန်ဖြေရန်ခက်အခဲ ဖြစ်နေကြဟန်တူသည်။

'သူဟာ တိုက်ဂါးအဖွဲ့ကလူတွေနဲ့အတူ ဒီကထွက်သွားတာပဲ'



အမျိုးသမီးတစ်ယောက်က မဖြေချင် ဖြေချင်ဟန်မျိုးဖြင့်ဝင်ပြောလိုက်သည်။

တိုက်ဂါးအဖွဲ့ဆိုကတည်းက နာ့(ခ်)၏ ကံကြမ္မာကို ဘိုလန်က သဘောပေါက်သွားပြီဖြစ်သည်။

'ရှင့်ညီရဲ့ အကြောင်းကို သေသေချာချာသိချင်ရင် ကျွန်မတို့ရွာလူကြီးနဲ့ သွားတွေ့လိုက်ပါလား၊ရှင့်ရဲ့ညီက သူ့အိမ်မှာနေတာပဲ'

အမျိုးသမီးတစ်ယောက်က ဝင်ပြီးအကြံပေးလိုက်သည်။

'ဒီရွာထဲမှာတော့ တိုက်ဂါးအဖွဲ့က လူတွေရှိနေသေးလား'

'သူတို့သွားကြပြီရှင်'

'ဒါဆိုရွာလူကြီးအိမ်ကို ပို့ပေးပါလား'

ဘိုလန်က အကူအညီ တောင်းလိုက်သည်။

အမျိုးသမီးတစ်ယောက်က အသက်အငယ်ဆုံး ကောင်မလေးတစ်ယောက်အား ဘိုလန်ကို လိုက်ပို့ရန်ပြောလိုက်သည်။

ကောင်မလေးနှင့်အတူ ဘိုလန်ကရွာထဲဝင်လာခဲ့သည်။ရွာလမ်းတစ်လျှောက်တွင် ခွေးများနှင့် ဘောင်းဘီမပါသော ကလေးများကို အများအပြား တွေ့လိုက်ရသည်။ တဲအိမ်များအတွင်းမှ အမျိုးသမီးများက ဘိုလန်ကို အထူးအဆန်းသဖွယ် ထွက်ကြည့်ကြသည်။ လူတစ်ယောက်က နာ့(ခ်)နှင့်လူမှားပြီး ဘိုလန်ကို လှမ်းနှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီရွာလူကြီးအိမ်ရှေ့သို့ သူတို့ရောက်လာခဲ့ကြသည်။ ဘိုလန်က လိုက်ပို့သည့် အမျိုးသမီးနောက်မှလိုက်ပြီး အတဲသို့ ဝင်သွားကြသည်။ ပြတင်းပေါက်မရှိသည့် မြေဘုံဟဲတဲ တစ်လုံးဖြစ်သည့်အတွက် ပိတ်လှောင် မှောင်မည်း နေသည်။

ခြွေခြေအပုလေးများပေါ်တွင်တောင်ပေါ်သားဝတ်ရုံအနက်ရောင်ခပ်ပွပွကိုဝတ်ဆင်ထားသော လူနှစ်ယောက်က ထိုင်နေသည်။ သူတို့၏ လက်များအတွင်းတွင်ရေထည့်ထားသော ဝါးဆစ်ပိုက်ကြီးများကို ကိုင်ထားပြီး အငွေ့ တထောင်းထောင်းထအောင် ဆေးလိပ်သောက်နေကြသည်။ သူတို့နှစ်ဦးအနက် ပိန်ပိန်သေးသေးလူကို အမျိုးသမီး းက တစ်စုံတစ်ခု ခပ်တိုးတိုးပြောနေသည်။

ထိုလူ၏ မျက်လုံးများက မှုးယစ်ရီဝေနေဟန် ရှိနေကြသည်။ သူကအမျိုးသမီးစကားကို နားထောင်ရင်း ဘိုလန်ကို လှမ်းကြည့်သည်။ ထိုင်နေသူက အလိုက်သိစွာ ထထွက်သွားသည်။ ဘိုလန်က ရွာလူကြီးနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ သူတို့နှစ်ဦး၏ အနီးတွင် မီးလင်းဖိုရှိသည်၊

"ကျွန်တော်ဟာ ဗိုလ်မှူးကြီး ဂျွန်းဖိုးနစ်ပါ၊ ကျွန်တော့်အကြောင်းတွေတော့ နာ့(ခ်)က ပြောထားမှာပေါ့နော်"



ဘိုလန်က သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

'ဟုတ်ကဲ့ ခင်ဗျားရောက်လာလိမ့်မယ်လို့ သူပြောပါတယ်' ရွာလူကြီးက အင်္ဂလိပ်ဘာသာ စကားဖြင့် ပြန်ဖြေလိုက်သည်၊

'နာ့(ခ်)ဟာ ဘယ်လိုပြဿနာတွေနဲ့ ကြုံရတာလဲ'

ဘိုလန်က လိုရင်းတို့ ရှင်းပင်မေးလိုက်သည်။

'အခြေအနေဆိုးတာပေါ့ဗျာ ရွာမန်ရဲ့သားက မစ္စတာနာ့(ခ် အပေါ်မှာသစ္စာဖေါက်သွားခဲ့တယ်လေ အဲဒီကောင်ဟာ တိုက်ဂါးအဖွဲ့ရဲ့ သူလျှိုတစ်ယောက်ပဲ'

'ဒီလိုပြဿနာဖြစ်တာ ဘယ်လောက် ကြာသွားပြီလဲ'

'သုံးနှစ်ရှိသွားပြီ၊ တိုက်ဂါးသပ်သားတွေဟာ သန်းကောင်ကျော်အချိန်မှာ ရွာထဲကိုဝင်လာပြီး ရေဒီယိုစက်နဲ့ လျှို့ဝှက် အမှတ်အသားတွေ ရေးမှတ်ထားတဲ့ စာအုပ်တွေကို သိမ်းသွားတယ် နာ့(ခ် လည်း ပါမသွားပြီး ပျောက်သွားတယ်'

'နာ့(ခ်)ကို ဘယ်နေရာမှာ ဖမ်းလားတာလဲ'

'တန့်မိုင်ဘုရား ကျောင်းထဲမှာပါ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းနဲ့ဆိုင်တဲ့ နှစ်ခေါ်လောက်သေးသေးလေးပေါ့ အဲဒီနေရာမှာတိုက်ဂါးတွေက ရေဒီယိုဆက်သွယ်ရေးစခန်း ဖွင့်ထားတယ်။ ဘုရားကျောင်းဟာ တောင်ကုန်းပေါ်မှာ ရှိတယ်။ ထိပ်ဖက်မှာ အောင်သံကိုကြားရတယ်လို့ ဘုန်းကြီးတစ်ပါးက

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကို ပြောပြ ခဲ့ဲ မစ္စတာနာ့(ခ်)ရဲ့ ကံကြမ္မာက တော့ မတွေ့ရဲလောက်အောင်ပါဘဲဗျာ’

ရှာလူကြီး၏ စကားကိုနားထောင်ရင်း ဘိုလန်က စဉ်းစားနေလိုက်မိသည်။ ယခုပုံအတိုင်းဆိုလျှင် နေရာတိုင်းတွင် သူလျှိုများရှိနေပြီး အချိန်မရွေး အန္တရာယ်ကျရောက်လာနိုင်ကြောင်း သူသဘောပေါက်လိုက်မိသည်။ တိုက်ဂါးအဖွဲ့ကိုလျှော့လျှော့ပေါ့ပေါ့ တွက်၍ရနိုင်ပေ။ အုပ်ချုပ်ရေးအဖွဲ့ယက်ငက်ကိုပင် အိတ်ထဲ ထည့်ထား နိုင်လောက်အောင် အရှိန်အဝါ ကြီးမားကြောင်း ဘိုလန်က ကောင်းစွာသိထားသည်။ စတုံးနီးပင်း ဌာနချုပ်သို့ တိုက်ဂါးတပ်ဖွဲ့သိမ်းသွားသော ရေဒီယိုစက်အကြောင်းကို သတိပေးအကြောင်းကြားနိုင်မှဖြစ်လိမ့်မည်။ သို့မဟုတ်ပါက အကြောင်းမသိဘဲ ဌာနချုပ်မှနာ့(ခ်)ကို ဆက်လက်ညွှန်ကြားချက်များ ပေးနေလျှင် ဘိုလန်အတွက် အခက်ခဲများနှင့် ရင်ဆိုင်ရမည်မဟုတ်ပါလား။

ခေါင်းတွင်မျက်နှာသုတ်ပဝါ ပေါင်းထားသော အမျိုးသမီးတစ်ယောက်က လင်ပန်းတစ်ချက်ကို သယ်ယူလာသည်။ သူမ၏ခန္ဓာကိုယ်ပေါ်တွင်ငွေဖြင့် ပြုလုပ်ထားသော လက်ဝတ် ရတနာများကို ဆင်မြန်းထားသည်။ ဘောင်ပေါ်သားတို့က သူတို့၏ဓလေ့အတိုင်း မယားတွေက တစ်ပြိုင်နက် အများကြီးယူထားလေ့ရှိသည်။ သို့သော်မယားကြီး



မယားငယ်ဟူ၍ သုံးအဆင့်နှင့်သူခွဲထားသည်။ ငွေလက်ဝတ်လက်စားအများဆုံးရှိသူက မယားကြီးပင်ဖြစ်သည်။ ယခုလာသူ အမျိုးသမီးမှာ ရှာလူကြီး၏ မယားကြီးဖြစ်သည်။ သူမက ဖန်ခွက်များနှင့် ခေါင်ရည်ထည့်ထားသော ပုလင်းတစ်လုံးကို ချပေးလိုက်သည်။

ရှာလူကြီးက ခေါင်ရည်များကို ငှဲ့နေစဉ် ဘိုလန်က စီးကရက်ဘူးကို ယုတ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသောက်သည်။ ရှာလူကြီးကိုလည်း စီးကရက်တည့်လိုက်သည်။ ရှာလူကြီးက စီးကရက်ဘူး၏ တံဆိပ်ကို တွေ့သွားပြီး အံ့ဩဝမ်းသာသွားပုံရသည်။

‘မာလဘိုရိုစီးကရက်ပဲ။ လာအိုက ပြန်လာပြီးကတည်းက ဒီစီးကရက်ကို မသောက်ရတော့ဘူးဗျား’

ရှာလူကြီးက စီးကရက်ကို မီးညှိပြီး ရေထည့်ထားသော ဝါးဆစ်ပိုက်ကြီးတွင် တပ်၍သောက်ရှုလိုက်သည်။ စီးကရက်အသစ်တစ်လိပ်ကိုလည်း သူ့နားအကြားတွင် ညှပ်ထားလိုက်ပြန်သည်။

ဘိုလန်က ခေါင်ရည်တစ်ချက်တည်း မော့သောက်ချလိုက်သည်။ ခန္ဓာကိုယ်အတွင်း ပူလောင်သောအရသာက ပျံ့နှံ့သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှာလူကြီးက ခေါင်ရည်များကို ဘိုလန်၏ ဖန်ခွက်ထဲသို့ ထပ်ထည့်ပေးသည်။

'ဘုရားရှိခိုးကျောင်းထဲမှာ တိုက်ဂါးအစောင့် စစ်သားတွေက ဘယ်လောက်များသလဲ'

'လူသုံးဆယ်လောက် ရှိမယ်'

ရှာလူကြီးက ဘိုလန်၏မေးခွန်းကို ပြန်ဖြေသည်။

'တိုက်ဂါးတွေရဲ့ အခြေစိုက်စခန်းမှာ လူအင်အားသုံးထောင်လောက် ရှိတယ်လို့ နာ့(ခ်)က ကျွန်တော့်ကို သတင်းပို့ပေးခဲ့တယ်'

ဘိုလန်က သူသိသမျှကို ရှင်းပြသည်။

'ဟုတ်တယ်'

'ဒီရွာထဲမှာရော ရွာသားအင်အား ဘယ်လောက် ရှိသလဲ'

'လူလေးရာရှိတယ်'

'ဒါဆိုရင် ခင်ဗျားရဲ့ ရွာသားတွေကိုစုပြီး ဘုရားရှိခိုးကျောင်းက တိုက်ဂါးတပ်သား သုံးဆယ်လောက်ကို သွားတိုက်လို့ ရတာပဲဗျ၊ ဒါမှ နာ့(ခ်)ကို ကျွန်တော်တို့ ကယ်တင်နိုင်လိမ့်မယ်'

ရှာလူကြီးက ဘာမှပြန်မပြောဘဲ မီးလင်းဖိုဆီသို့ ငေးမော ကြည့်နေသည်။

'ကျွန်တော်ပြောတဲ့ကိစ္စကို ခင်ဗျားလက်ခံ သဘောတူသလား'



'တိုက်ဂါးတွေက သိမ်းသွားလို့ ကျွန်တော်တို့ရွာသားတွေဆီမှာ ဘာလက်နက်မှ မရှိတော့ဘူး'

ရှာလူကြီးက ဘိုလန်ကို မကြည့်ဘဲ ပြောလိုက်သည်။

'ခင်ဗျားတို့ဆီမှာ ယှပ်သေနတ်တွေနဲ့ ဗုံးလေးတွေတော့ ရှိနေဦးမှာပါဗျာ'

ဘိုလန်၏ စကားကို ရှာလူကြီးက ဖြူသည်မည်းသည်မပြောဘဲ ငြိမ်နေလိုက်သည်။ အခန်းထဲတွင် တိတ်ဆိတ်နေပြီး အပြင်ဖက်မှ လေတိုးသံကိုသာ ကြားနေရသည်။

'ခင်ဗျားက ဘယ်လိုများ စဉ်းစားတာလို့လဲ'

ဘိုလန်၏ မေးခွန်းကတိတ်ဆိတ်မှုကို ဖြိုခွင်းပစ်လိုက်သည်။

'ကျွန်တော့်လူတွေက တိုက်ဂါးတွေကို ယှဉ်ပြီးမတိုက်ချင်ကြဘူးဗျ'

ရှာလူကြီးက မပွင့်တပွင့် ပြန်ပြောသည်။

'ဘာဖြစ်လို့ မတိုက်ချင်ကြတာလဲ၊ ရွှေကြိုဂံနယ်မြေအဝိုက်က လူတွေဟာ တိုက်ဂါးတွေကို တော်လှန်တိုက်ခိုက်ချင်ကြတယ်လို့ နာ့(ခ်)က ကျွန်တော့်ကို သတင်းပို့ခဲ့တာပဲဗျ၊ ခင်ဗျားစကားကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်နေရပြီဗျာ၊ ပြီးတော့ သူတို့ဟာ ခင်ဗျားတို့ကို သိမ်းပိုက်ခဲ့တယ်၊ ဒါ့အပြင် ဝယ်တဲ့အခါ ကျတော့ ခင်ဗျားတို့ကို ဈေးနှိမ်တယ်၊ ယောကျ်ားတွေကို ပစ္စည်း တမ်းနိုင်ပြီး ခင်ဗျားတို့ လူမျိုး မိန်းမတွေကို စော်ကားကြတယ်၊ ဒါတွေများတောင် ခင်ဗျားတို့လူတွေက မတိုက်ချင်ကြဘူးဆိုတော့ မခက်ဘူးလား'

www.burmeseclassic.com



'သူတို့ကို ဗီလိုရှူးသလို ကြောင်သလို သွားတိုက်ရင် အားလုံး သေကုန်ကြမှာပေါ့ဗျာ'

ရှာလူကြီးက ဘိုလန်ကို ဟောက်ပစ်လိုက်ပြီး မျက်လုံးချင်းဆိုင်ကြည့်ပစ်လိုက်ပြန်သည်။

'တိုက်ဂါးတွေကို တိုက်ဖို့ နော့(ခ်)ကို ကျွန်တော်တို့ ပြောခဲ့ကြတုန်းက ဒီကိစ္စကို ဘယ်သူမှမသိခဲ့ကြဘူးလေ အခုတော့ သစ္စာဖောက် လောက်ကောင်ကြောင့် တိုက်ဂါးတွေက သိသွားကြပြီ။ ဒီတော့ ကျွန်တော်တို့ဖက်က နိုင်ဖို့ခဲယဉ်းသွားပြီဗျာ'

ရှာလူကြီးက စကားကိုရပ်ပြီး ဝါးဆစ်ပိုက်ဖြင့် စီးကရက်သောက်လိုက်ပြန်သည်။

'ခင်ဗျားပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် နော့(ခ်)လို လူမျိုးဟာ တိုက်ဂါးတွေကို စစ်ဆင်ရေးကိစ္စတော့ ပြောမှာ မဟုတ်ပါဘူး။ သူမပြောသမျှ ကျွန်တော် အခုလုပ်မယ့် စစ်ဆင်ရေးကို ဘယ်သူမှ သိမှာမဟုတ်ဘူး။ ဒီတော့ ဘုရားရှိခိုးကျောင်းကို သွားတိုက်မယ့် စစ်ဆင်ရေး အတွက် ကျွန်တော့်ကို လူတစ်ရာရှာပေးဗျာ တစ်ယောက်ကို ငွေချောင်းတစ်ချောင်းစီ ပေးမယ်။ ခင်ဗျားအတွက် ကတော့ အချောင်း နှစ်ဆယ်ရမယ်လေ'

ဘိုလန်က ရှာလူကြီးကို မက်လုံးပေးပြီး ဆွယ်လိုက်သည်။

'ခင်ဗျားမှာ ငွေချောင်းတွေပါလာလို့လား'

ရှာလူကြီးက စိတ်ဝင်စားသလို မေးလိုက်သည်။



'အခုတော့ မပါဘူးလေ။ ကျွန်တော့် လူတွေကို ပြန်ပြီး ရေဒီယိုစက်နဲ့ ဆက်သွယ်တောင်းပေးပါ့မယ်။ အလွန်ဆုံး တစ်ပတ်နှစ်ပတ်ထက်ပိုမကြာပါဘူးဗျာ၊ ဒီအတွက်ကျွန်တော့် ရဲရဲကြီးအာမခံတယ်'

'တကယ်လို့ ခင်ဗျားသေသွားခဲ့ရင် ဘယ်လို လုပ်မလဲ'

'ခင်ဗျားက မေဂျာဗန်ကီနဲ့ အဆက်အသွယ်လုပ်နိုင်တာပဲ မဟုတ်လား'

'သူ့ကို ခင်ဗျားက သိနေလို့လား'

ရှာလူကြီးက စူးစမ်းသလို မေးလိုက်သည်။

'ခင်ဗျားဟာ စီအိုင်အေတောင်တန်းသား တပ်ဖွဲ့မှာ မေဂျာတစ်ယောက်မဟုတ်လား၊ ဒါကြောင့်လဲ ကျွန်တော်ဟာ နော့(ခ်)ကို ခင်ဗျားဆီ လွှတ်လိုက်တာပေါ့၊ ပြီးတော့ ခင်ဗျားရဲ့ အစ်ကိုဝမ်းကွဲ ဗန်ဂျေးကလဲ ခင်ဗျားအကြောင်းတွေ ကျွန်တော့်ကို ပြောထားတယ်'

'သူက အမေရိကန်မှာ နေတာပဲ'

'ဟုတ်တယ် သူဟာ ဝယ္ယန်းမင်းမှာ ယာလုပ်နေတယ်လေ။ တောင်ဗီယက်နင် စစ်ပွဲတုန်းက အတူတူ သေဖော်ရှင်ဖက် တိုက်ပွဲတွေ ဝင်လာခဲ့တာပေါ့'

ဘိုလန်၏စကားကို နားထောင်ရင်း ရှာလူကြီးက တွေဝေငေးမောနေသည်။ ထို့နောက် ခေါင်းရည်တစ်ခွက်ကို မော့သောက်လိုက်သည်။

www.burmeseclassic.com



'ကျွန်တော့် လူတွေဆီကိုသွားပြီး စည်းရုံးကြည့်ပါဦးမယ်၊ ခဏလေးပေါ့ စောင့်ပါဗျာ ကျွန်တော် ပြန်လာခဲ့ပါမယ်'

ရွာလူကြီးက စကားဆိုးသည်နှင့် တဲအပြင်ဘက်သို့ ထွက်သွားသည်။

လောလောဆယ်အဖို့ ဘိုလန်အတွက် ဘာမှလုပ်စရာမရှိ၊ အရက်သောက်ပြီး ထိုင်စောင့်ရုံသာရှိသည်။ တဲနံရံတွင် ဘိန်းချောင်းများ ထည့်ထားသော ခွက်များက အစီအရီ ကပ်ထောင်ထားသည်ကို ဘိုလန် တွေ့လိုက်ရသည်။

နံရံကပ်စင်ကလေး တစ်ခုပေါ်တွင် စားစရာ သောက်စရာ အချို့ကို တင်ထားသည်။ ကြက်ဥတစ်လုံး၊ ဟင်းထည့်ထားသော ဇလုံတစ်လုံး၊ သံသပ်ချောင်းနှင့် ဖန်ခွက်တစ်လုံးတို့က ရှိနေသည်။

'ဆိုဘာ ဆိုအာ'

အော်ဟစ်လိုက်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

ဘိုလန်က သေနတ်ကို ကောက်ကိုင်ပြီး တဲအပြင်ဘက်သို့ ပြေးထွက်လိုက်သည်၊ ခွေးများကအဆက်မပြတ်ဟောင်နေသည်။ အမျိုးသမီးက သူ့ကလေးတွေကို ဆွဲပြီး ကိုယ့်အိမ်ထဲကိုယ် အပြေးအလွှား ဝင်လိုက်ကြသည်။ တောင်ကုန်းဆင်ခြေလျှောဆီမှဆင်းလာခဲ့ကြသော တိုက်ဂါးတပ်ဖွဲ့ကို ဘိုလန်က လှမ်းမြင်လိုက်ရသည်။

သူ ဘယ်ကိုပြေးပြီး ဘယ်မှာပုန်းရမှန်း မသိနိုင်အောင် ဗျာများသွားမိသည်။ တိုက်ဂါးတွေက အိမ်တိုင်းစေ့လိုက်ပြီး မွှေနှောက်ရှာကြလိမ့်မည်ကို သူ သိထားပြီးဖြစ်သည်။



မကြာမီ တိုက်ဂါးတပ်ဖွဲ့မှ ပစ်ခတ်လိုက်သော သေနတ်သံများက ထွက်ပေါ်လာသည်။ ဘိုလန်က မြေကြီးပေါ်တွင် ဝပ်ပြီး မှောက်ချလိုက်သည်။ သေနတ်ဒဏ်ရာရသွားသော ဝက်တစ်ကောင်က အော်ဟစ်ပြီး ဘိုလန်အနီးမှ ဖြတ်ပြေးသွားသည်။

သူက ရွာလူကြီး တဲနောက်ဖေးဘက်သို့ ပြတ်သွားလိုက်သည်။ လက်ရှိအခြေအနေတွင် ကာကွယ်နေရန်မဖြစ်တော့။ မီးစင်ကြည့်ပြီး ကမ်းသာ ရှိတော့သည်။ ထို့ကြောင့် တဲအိမ်များကို ကျော်ဖြတ်ပြီး လယ်ကွင်းများဆီသို့ ဦးတည် ပြေးလွှားလာခဲ့သည်။

လယ်ကွင်းများအတွင်းတွင် မြက်များက ဒူးဆစ်သာသာ ရှည်လျှော လျှက်ရှိသည်။ ပြေးရင်းလွှားရင်း ခါးပတ်တွင် ချိတ်ထားသော ဆာလာပွတ်ဗုံး လက်ပစ်ဗုံးနှစ်လုံးဆီသို့ သူ့လက်များက ရောက်ရှိသွားသည်၊ သေနတ်ကမူတော့ သူ့နောက်ကိုယ်၌ လွယ်ပိုးထားခဲ့သည်။ လယ်ကွင်းကိုဖြတ်ရင်း တောအုပ်ဆီသို့ သူ အားသွန် ပြေးလွှားလိုက်သည်။

ရုတ်တရက် ကျည်ဆံတစ်တောင့်က သူ့အနီးမှ ဖြတ်ထွက်သွားသည်၊ ဘိုလန်က လှည့်ကြည့်လိုက်စဉ် တိုက်ဂါးများက သူ့နောက်မှလိုက်လာကြောင်း တွေ့လိုက်ရသည်။ ဗုံးနှစ်လုံးကို သူနှင့် ရန်သူများကြားသို့ ပစ်ထည့်လိုက်သည်။ ဗုံးများ ပေါက်ကွဲပြီး မီးခိုးလုံးကြီးက ကြားမှ အကာအကွယ်တစ်ခု ဖြစ်သွားသည်။ ဘိုလန်က ဓာတ်ငွေ့ကာ မျက်နှာဖုံးကိုစွပ်ပြီး မီးခိုးများကြားသို့ ပြေးဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုလည်း ဖြုတ်ယူလိုက်သည်။ တဖြည်းဖြည်း အော်ဟစ်သံတွေက နီးကပ်လာသည်။ တိုက်ဂါးများက မီးခိုး ဒဏ်ကြောင့် ချောင်းတဟွတ်ဟွတ်ဆိုးရင်း မီးခိုးမှုန်သွားကြ သည်။ လေက ဘယ်ဘက်သို့ တိုက်နေသည်မို့ ဘိုလန်က ညာ ဘက်သို့တိုးရင်း မီးခိုးများအစပ်သို့ ရောက်လာသည်။ မီးခိုး ဒဏ်မခံနိုင်သော တိုက်ဂါးများက မီးခိုးအပြင်ဘက်သို့ ပြေး ထွက်သွားလိုက်ကြသည်။ ဘိုလန်က ထွက်လာသမျှလူတွေ တစ် ယောက်ပြီးတစ်ယောက် သေနတ်ဖြင့် ဆက်တိုက် ပစ်ခတ်လိုက် သည်။

တိုက်ဂါးသုံးယောက်ကျသွားပြီ၊ သူတို့လူ ငါးယောက်က ကျည်ကွယ်ရာ မီးခိုးများအကြားသို့ ပြန်လည် ပြေးဝင်သွား လိုက်ကြသည်။ ထိုလူများမှာ မီးခိုးများအတွင်း မြင်ကွင်းမှ ကွယ်ပျောက်နေပြီဖြစ်သည်။ ထို့ကြောင့် ဘိုလန်က အထူး သတိထားပြီး နားကို စွင့်ထားရသည်။

မကြာမီ သူ့တည့်တည့်သို့ ပြေးလာသော ခြေသံများကို ကြားလိုက်မိသည်။ ဘိုလန်က မီးခိုးများအတွင်း ဘေးဘက် သို့ဆုတ်ခွာပြီး အခြေအနေကို စောင့်ကြည့်နေလိုက်သည်။ တိုက်ဂါးများက သူ့အနီးမှ ဖြတ်ပြေးသွားကြသည်။ ဘိုလန်က အချိန်ဆိုင်းမနေတော့ဘဲ ကျည်ဆန်များကို ဆက်တိုက် ပစ် လွှတ်လိုက်သည်။ တိုက်ဂါးရှစ်ယောက်မှာ အတုံးအရုံး လဲကျ သေဆုံးသွားကြသည်။ လူသုံးယောက်သာ လွတ်ထွက်သွား သည်။



ဘိုလန်က မြက်ခင်းထဲတွင်ဝပ်ပြီး သူတို့ကို စောင့်ကြည့်နေ လိုက်သည်။ တိုက်ဂါးသုံးယောက်က လဲကျသေဆုံးနေသော သူ့လူတွေ၏ အလောင်းများကို စစ်ဆေးကြည့်ရှုနေသည်။ ဘိုလန်က သူတို့သုံးယောက်၏ ခန္ဓာကိုယ်ထဲသို့ ကျည်ဆန်တွေ ဆက်တိုက်ပစ်သွင်းလိုက်သည်။ ထို့နောက်မီးခိုးများအကြား မှထွက်ပြီး ခေါင်းဆောင် မျက်နှာဖုံးကို ဆွဲချွတ်သည်။ တိုက် ဂါးတွေအားလုံး ကိစ္စပြတ်သွားပြီဟု ဘိုလန်က သဘော ပေါက်လိုက်မိသည်။ သေနတ်ကိုလွယ်ရင်း ရွာဆီသို့ပြန် လျှောက်လာခဲ့သည်။

ရွာထဲမှ လူအုပ်ကြီးက ဘိုလန်ကို ထူးဆန်းအံ့ဩသလို ဝိုင်းကြည့်နေကြသည်။ ဘိုလန်ကလည်း ဆယ့်တစ်ယောက်နှင့် တစ်ယောက်တိုက်ပွဲဘွင်အောင်နိုင်သူတစ်ယောက်အဖြစ် အံ့မ ခန်းစရာ ဖြစ်နေသည်မဟုတ်လား။

ရွာလူကြီးဆီသို့ ဘိုလန်က လျှောက်သွားလိုက်သည်။

'ခင်ဗျားရဲ့လူတွေကို စုထားပြီးပြီလား'

'ဟုတ်ကဲ့'

ရွာလူကြီးက ဘိုလန်၏မေးခွန်းကို လေးလေးစားစားပြန် ဖြေလိုက်သည်။

'သူတို့က သဘောတူရဲ့လား'

'ဟုတ်ကဲ့ ကျွန်တော့်ရဲ့လူတစ်ရာဟာ လုပ်သေနတ်တွေ ဒူးလေးတွေအဆင်သင့်ရှိနေပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အပ်ဆယ့်ခြောက် သေနတ်တွေတော့ ကျွန်တော်တို့အတွက် လိုလိမ့်မယ်ဗျာ'

ဘိုလန်က ရန်သူအလောင်းများဖက်သို့ လှည့်ကြည့်ရင်း ပြောလိုက်သည်။

'ခင်ဗျားအတွက် အဝတ်အစား အသစ်တစ်စုံလောက် လိုမယ်ထင်တယ်'

ရွာလူကြီးက ဘိုလန်ကို ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး ပြောသည်။

'ကျွန်တော့်ခန္ဓာကိုယ်နဲ့ တော်မယ့် တောင်ပေါ်သား ဝတ်စုံရှိမယ်လို့ ခင်ဗျား ထင်နေသလား'

ဘိုလန်က အပြုံးသေးသေးဖြင့် ပြန်မေးသည်။

'ကျွန်တော့်ဆီမှာ မစ္စတာနှင့် ခြံထဲ အဝတ်အစားတွေရှိနေတယ်'

'ဒါဆိုကောင်းတာပေါ့ဗျာ ကော်ဖီပူပူလေးနဲ့ ပြောင်းဖူးကြော်လေးတော့ စားချင်သောက်ချင်သေးတယ် ပြီးရင် ကျွန်တော့်ကိုယ်လက်သန့်စင်ဖို့ ရေနွေးလည်းလိုချင်တယ်ဗျာ'

'လိုပါဗျာ ခင်ဗျားလိုချင်တာတွေ အားလုံးရစေရမယ်'

ရွာလူကြီးက ဘိုလန်ကို ဖိတ်ခေါ်လိုက်သည်။

'နေ့ခင်းက ကိုက်ဂါးလူကို စစ်ဆင်ရေးအကြောင်း ဘာမှမပြောခဲ့ရသေးဘူးဆိုရင် ခင်ဗျားလူတွေက ကျွန်တော်နဲ့ အတူ တိုက်ပွဲဝင်ဖို့ သဘောတူနိုင်ပါ့မလား'



လမ်းတွင်ဘိုလန်က ရွာလူကြီးကို မေးလိုက်သည်။

ဒီကိစ္စမှာ ဘယ်သူခေါင်းဆောင်မှာလဲ'

'ကျွန်တော်ပေါ့ဗျာ'

'ဒါဆိုရင်တော့ ကျွန်တော့် လူတွေကသဘောတူတယ်ဗျို့'

ရွာလူကြီးက ခေါင်းညိတ်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ညအမှောင်ထုအတွင်း ဘိုလန်နှင့် တောင်ပေါ်သားများက ခရီးပြင်းနှင်လျက်ရှိသည်။ အချိန်က သန်းခေါင်ယံသို့ ရောက်လုပြီးဖြစ်သည်။

ဘုန်းတော်ကြီးကျောင်းသို့ အချိန်မီရောက်သွားနိုင်မှဖြစ်မည်။ တိုက်ဂါးတွေက နာ့(ခ်)ကို ကစ်နေရာသို့ ပြောင်းရွှေ့ပို့လိုက်လျှင် ခက်ပေလိမ့်မည်။

ဘိုလန်တို့အုပ်စုက တောနက်ကြီး တစ်ခုအတွင်းတွင် ရောက်နေခြင်းဖြစ်သည်။ မြင့်မားသော ကုန်းပိုင်းနေရာတွင်



ရောက်နေသဖြင့် အောက်ဖက် ခပ်လှမ်းလှမ်းဆီမှ တုံးခေါက်သံကို ကြားလိုက်ရသည်။

ရွာလူကြီးက ဘိုလန်၏ အနီးသို့ တိုးကပ်လာသည်။

'ကျွန်တော်ဟာ တောအုပ်ကြီးရဲ့ အစပ်နားကိုရောက်လာပြီ အောက်ဖက်ကို ဆက်ပြီးဆင်းသွားရင်ဘုရားရှိခိုးကျောင်းဆီကို ရောက်သွားလိမ့်မယ်'

ရွာလူကြီးက ဘိုလန်ကို ခပ်တိုးတိုးလေးပြောလိုက်သည်။

သူတို့အုပ်စုက ဘုရားရှိခိုးကျောင်းဆီသို့ခရီးဆက်လိုက်ကြသည်၊ အမှောင်ထုအတွင်းမှ ပိုးစုန်းကြူး ကောင်များ၏ တောက်ပမှုကို ဘိုလန်တွေ့နေရသည်။ မကြာမီတောင်နံရံကြီးတစ်ခု၏ အောက်ခြေရှိ မြက်ခင်းထူထပ်ရာ လွင်ပြင်သို့ သူတို့ရောက်လာခဲ့ကြသည်။ ကိုက်နှစ်ရာခန့်အကွာတွင် ဘုရားရှိခိုးကျောင်းတစ်ကျောင်း၏ ပရဝုဏ်နေရာကို လှမ်းတွေ့လိုက်ရသည်။ ရင်းဝင်းအတွင်းရှိအဆောင်များမှ မီးရောင်များကအမှောင်ထုကိုအံတုလျှက်ရှိနေသည်။

'ဒီအချိန်မှာ ဘုန်းတော်ကြီးတွေက ဘာလုပ်နေတာလဲ' ဘိုလန်က ရွာလူကြီးကို လှည့်မေးလိုက်သည်။

အချိန် က ညဆယ့်တစ်နာရီထိုးပြီဖြစ်သည်။

''အဲဒီကျောင်းက ဘုန်းတော်ကြီးတွေဟာ နေ့ရော၊ ညပါ ဘုရားရှိခိုးကြတယ်၊ တန်မိုင် ဘုရားကျောင်းတော်ဟာ ညဖက်မှာ အမြဲတမ်း ဝတ်တက်နေတတ်တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ရှာလူကြီးက ပြန်ရှင်းပြလိုက်သည်။

ဘုရားရှိခိုးကျောင်းဝင်း၏ ဝင်ပေါက်ဝ၌ မီးဆလိုက်များ ထွန်းထားသည်။ ဘိုလန်က မှန်ပြောင်းအတွင်းမှ တိုက်ဂါးအဖွဲ့သား နှစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ တစ်ယောက်က ကျောင်းလှေခါးထစ်များပေါ်တွင် ထိုင်နေပြီး ကျန်တစ်ယောက်က နဂါးရုပ်ကြီးကို ကျောမှီပြီး ရပ်နေသည်။ သူတို့နှစ်ယောက်လက်ထဲတွင် ဇလုံကိုယ်စီ ကိုင်ထားပြီး ညစာစားနေကြသည်။ သေနတ်များကို ဘေးဖက်တွင် ထောင်ထားသည်။

"လူပျိုဟာ နာ့(ခ်)ကို ဘုရားကျောင်းဆောင်ထဲမှာ ချုပ်ထားတာဖြစ်နိုင်တယ်"

ဘိုလန်က သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

"ပြောလို့တော့ မရဘူးဗျ"

ရှာလူကြီးက ခေါင်းရမ်းပြီးပြောသည်။

ဘိုလန်က မှန်ပြောင်းဖြင့် ထပ်၍ လေ့လာကြည့်လိုက်ပြန်သည်။ ဘုရားရှိခိုးကျောင်း၏ နောက်ဖက်တွင် ခေါင်ကုန်းလေးတစ်ခုရှိပြီး အသံလှိုင်းများ လှမ်းထုတ်ဖမ်းယူနိုင်သော အင်တင်နာဧရိယာကို တပ်ဆင်ထားကြောင်း တွေ့လိုက်ရသည်။

"အဲဒါ ရေဒီယိုဆက်သွယ်ရေး စခန်းပေါ့"

ရှာလူကြီးက ရှင်းပြလိုက်သည်



"အခုအချိန်မှာ အဲဒီ ဆက်သွယ်ရေးစခန်းမှာ လူရှိပုံမရဘူး တိုက်ဂါးတွေက ဘယ်အဆောက်အဦထဲမှာ နေတာလဲ"

"မပြောတတ်ဘူး"

ရှာလူကြီး၏အပြောစကားကြောင့် ဘိုလန်မှာ အနည်းငယ် ဦးနှောက်ခြောက်သွားသည်။

"အိုကေ၊ ဒါဆို ကျွန်တော့်အမိန့်အတိုင်း ခင်ဗျားတို့ လိုက်နာဖို့ သဘောတူတယ် မဟုတ်လား"

ဘိုလန်က မှန်ပြောင်းကို လက်မှကိုင်ထားရင်း မေးလိုက်သည်။

"တူပါတယ်"

ရှာလူကြီးက ခေါင်းညိတ်လက်ခံပြီး သူ့လူတွေဆီ ပြန်လှည့်သွားသည်။

ဘိုလန်က မှင်နက်ဆေးဘူးငယ်တစ်ဘူးကို အိတ်ထဲမှထုတ်ယူပြီး သူ့မျက်နှာနှင့် လက်များကို လျှောက်ခြယ်၍ ရုပ်ဖျက်လိုက်သည်။ ထိုစဉ် ဒူးလေးသမားတစ်ယောက်က သူ့အနီးသို့ ရောက်လာသည်။

'ကဲ.... ငါတို့သွားကြရအောင်ဟေ့'

ဘိုလန်က သူတို့ကို အမိန့်ပေးလိုက်သည်။

သူတို့လေးယောက်က အနီးဆုံးအဆောက်အအုံဆီသို့ မှောင်ရိပ်ခိုပြီး ပြေးကပ်သွားသည်။ ထိုနောက် နံရံဘေးလျှောက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဆက်လျှောက်သွားလိုက်သည်။ အဆောက်အအုံ၏ အစွန်ဖက်သို့ ရောက်လာချိန်တွင် အကာအကွယ်မဲ့သော မြေပြင်ကို ဖြတ်ပြေးပြီး အဆောက်အအုံတစ်ခုအနီးသို့ တိုးကပ်သွားသည်။

သူတို့နောက်ထပ် လှမ်းတွေ့နေရသော အဆောက်အအုံမှာ မှောင်မည်းလျက်ရှိသည်။ အိပ်နေသူတစ်ယောက်၏ဟောက်သံနှင့် ကလေးငယ်တစ်ယောက်၏ ယောင်ပြီးငိုသံကို သူတို့ ကြားလိုက်ရသည်။ ထိုအဆောက်အအုံမှာ စာသင်ဆောင်တစ်ခုပင်ဖြစ်သည်။

ညာဖက်အရပ်ဆီမှ အော်ဟစ်ပြောဆို ရယ်မောသံများကို ဘိုလန် ကြားလိုက်ရသည်။

ထိုင်းလူမျိုးများမှာ ဘုရားရှိခိုးကျောင်းဝင်း အတွင်း မည်သည့်အခါမှ စကားကို ကျယ်လောင်စွာ ပြောဆိုလေ့မရှိတတ်သည်ကို ဘိုလန်က သိထားပြီးဖြစ်သည်။ ထို့ကြောင့် စကားသံများကို သေချာစွာ နားစိုက်ထောင်လိုက်သည်။ တရုတ်ဘာသာဖြင့် ပြောဆိုနေခြင်းဖြစ်ကြောင်း သူသိကိုက်ရသည်။

'တိုက်ဂါး တပ်ဖွဲ့တွေပဲ'

ဘိုလန်က သူနှင့်ပါလာသူများကို ခပ်တိုးတိုး သတိပေးလိုက်သည်။

ဒူးလေးသမားတစ်ယောက်က ခေါင်းဆောင်ဆီသို့ ပြန်လှည့်ပြေးသွားသည်။ ဘိုလန်နှင့် ကျန် နှစ် ယောက် က အဆောက်အအုံ နံရံအတိုင်း ဆက်လျှောက်သွားလိုက်သည်။



သေ င့်ချိုးသို့ ရောက်လာချိန်တွင် ဘိုလန်က ချောင်းကြည့်လိုက်သည်။ အဆောက်အအုံ၏အတွင်းဖက်မှ မီးရောင်ထွက်ပေါ်နေသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။

လှေကားထစ်များပေါ်တွင် တိုက်ဂါး နှစ်ယောက်က ထမင်းထိုင်စားနေကြသည်။ နှစ်ယောက်လုံး ပတ်ဝန်းကျင်ကို မေ့လျော့နေကြဟန်ရှိသည်။

ဘိုလန်က သူ့လူနှစ်ယောက်ကို အချက်ပြလိုက်သည်။ တောင်ပေါ်သားနှစ်ယောက်က တိုက်ဂါးများနှင့် သူတို့အကြားတွင်ရှိနေသော ညောင်ပင်ကြီးဆီသို့ တွားသွားလိုက်ကြသည်။ ဘိုလန်က သူတို့နောက်မှ လိုက်လာခဲ့သည်။

ညောင်ပင်သို့ရောက်သည်နှင့် တောင်ပေါ်သား နှစ်ယောက်တို့က အကာအကွယ်ယူပြီး ထရပ်လိုက်ကြသည်။

ဘိုလန်က သူတို့နှင့် ကိုက်အနည်းငယ် ကွာလှမ်းနေဆဲဖြစ်သည်။ ဘိုလန် အချက်ပေးလိုက်ချိန်တွင် တောင်ပေါ်သားနှစ်ယောက် တိုက်ဂါးတွေဆီသို့ ဒူးလေးဖြင့် လှမ်းပစ်လိုက်ကြသည်။ ပစ်မှတ်ကို တည့်တည့်ထိသွားသောကြောင့် တိုက်ဂါးနှစ်ယောက်မှာ လူးလွန့်ပြီး ညည်းညူရင်း အသက်ထွက်သွားကြသည်။

တောင်ပေါ်သားနှစ်ယောက်က အမိန့်ကို တောင်းခံဟန်ဖြင့် ဘိုလန်ကို လှည့်ကြည့်လိုက်ကြသည်။ ဘိုလန်က အဆောက်

www.burmeseclassic.com

www.burmeseclassic.com



အအုံရှိရာသို့ ပြေးသွားပြီး တိုက်ဂါးအလောင်းများကို အတွင်းသို့ ဆွဲသွင်းပစ်လိုက်သည်။ တောင်ပေါ်သား နှစ်ယောက်က ရိုင်ဖယ်သေနတ်များကို ကောက်ယူလိုက်ကြသည်။

'အစားအသောက်တွေကို မြန်မြန်သိမ်း လိုက်ကြစမ်း'

ဘိုလန်က သူ့လူများအား အမိန့်ပေးလိုက်သည်။

အဆောက်အအုံ၏ အတွင်းပိုင်းသို့ ဝင်သွားချိန်တွင် ညို ညိုမွဲ ဘုန်းတော်ကြီးများ ဝတ်ရွတ်နေသည်ကို ဘိုလန် တွေ့လိုက်ရသည်။ ဘိုလန်ကို မျက်အမြင် လှမ်းလိုက်ပြီး ကျွင် ဘုန်းတော်ကြီးများက အသံတိတ်သွားကြသည်။ သူတို့အတွက် အမြတ်ဆုံးသော ကျောင်းဆောင်အတွင်း ပိုးပိုးဝင်လာသော ဘိုလန်ကို ရှုံ့လိုဟန်မပြဘဲ ကြည့်ငြိမ်စွာ ရှိနေကြသည်။

'အရှင်ဘုရား အသံပြီး ဝတ်ရွတ်ဆိုကြစမ်းပါ'

ဘိုလန်၏ ပြောဆိုလိုက်သော်လည်း ဘုန်းတော်ကြီးများက ငြိမ်သက်စွာ ထိုင်နေကြဆဲဖြစ်သည်။

ဆရာတော်ကြီး၏ရှေ့တွင် ဘိုလန် ဒူးထောက်ထိုင်ချလိုက်သည်။

'အရှင်ဘုရား ဒီလို မဖွယ်မရာ အနှောင့်အယှက်ပေးသလို ဖြစ်သွားရသည်ကို သည်းခံတော်မူပါ၊ လူဖြူတစ်ယောက်ကို ကယ်တင်ဖို့အတွက် တပည့်တော် ရောက်လာရတာပါ၊ အပြင်ဘက်မှာ တောင်တန်းသား လူတစ်ရာပါလာပါတယ်၊ တိုက်ဂါးတွေကို တိုက်ခိုက်ဖို့ပါပဲ ဒီတော့ အခုလို တပည့်တော် စကားပြောနေချိန်မှာ ဝတ်ရွတ်သံတွေ ရပ်သွားမည်ဆိုရင် တိုက်ဂါးတွေ သံသယဖြစ်သွားမှာ စိုးလို့ပါ၊ ဒါကြောင့်



အရှင်ဘုရားတို့တတွေ ဆက်ရွတ်ပေးနေပါ၊ ဒီနေရာမှာ တိုက်ပွဲဖြစ်သွားရင် အရှင်ဘုရားတို့အပါအဝင် ကျောင်းသားတွေပါ အသက်ဆုံးရှုံးပြီး ဘုရားကျောင်းဝင်းထဲမှာလည်း အပျက်အစီးတွေ ဖြစ်သွားနိုင်ပါတယ်'

ရှင်းပြလိုက်သည့် ဘိုလန်၏စကားကို ဆရာတော်က လက်ခံသွားပြီး ခေါင်းညိတ်လိုက်သည်။

မကြာမီ ကြေးစည်လေးများ ရိုက်ခတ်သံနှင့်အတူ ဝတ်ရွတ်သံများက တစ်ပြိုင်နက် ပြန်လည်ထွက်ပေါ်လာသည်။

'ကျေးဇူးပါပဲဆရာတော်၊ လူဖြူကို ဘယ်နေရာမှာ ချုပ်ထားသလဲ'

ဘိုလန်၏မေးခွန်းကို ဆရာတော်က ပြန်မဖြေဘဲ ကြမ်းပြင်ကိုသာ ငုံ့ပြီး စိုက်ကြည့်နေသည်။

'ပြောပါအရှင်ဘုရား'

'သူဟာ ဘုရားကျောင်းဆောင်ရဲ့ မြေအောက်ခန်းထဲမှာ ရှိတယ်'

'ဝင်ပေါက်က ဘယ်နေရာမှာလဲ'

ဆရာတော်က ငြိမ်နေပြန်သည်။

'တပည့်တော်တို့မှာ အချိန်မရှိတော့လို့ပါ တဆိတ်လောက် ပြောပြပါ'

'ကိုယ်တော်တို့ဆီမှာ သော့မရှိတော့ဘူး'

'ဒါက အကြောင်းမဟုတ်ပါဘူး၊ တပည့်တော်ဟာ သော့မပါဘဲနဲ့ တံခါးတွေကို ဖွင့်တတ်ပါတယ်၊ ဝင်ပေါက်နေရာကိုသာ ပြပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီငင်ပေါက်ဟာ နိုရိုရဲ့ နောက်ကျောဘက်မှာရှိတယ်
'ဒါဆို နေရာကို လိုက်ပြပေးပါ'

ဘိုလန်၏ မမျှော်လင့်သောစကားကြောင့် ဆရာတော်က သူ့ဘေးမှ ကိုယ်တော်ကို မျက်ခုံးပင့်ပြရင်း လှမ်းကြည့်လိုက်သည်။ ထို့နောက်လရပ်လိုက်သည်။

ဘိုလန်က အပေါက်ဝကိုပိတ်ထားပြီ ရပ်စောင့်နေသော တောင်ပေါ်သားကို တံခါးဖွင့်ခိုင်းလိုက်သည်။

'ဒီအထဲက ဘယ်သူမှ ထွက်မသွားစေနဲ့နော်၊ ပြောမရရင် ပစ်သာထည့်လိုက်'

ဘိုလန်က သူ့လူတွေကိုမှာပြီး ဆရာတော်နှင့်အတူ အပြင်သို့ထွက်လာသည်။ အဆောက်အအုံကိုပတ်ပြီး နောက်ဘက်သို့ လျှောက်သွားကြသည်။

အပြင်ဘက်တွင် လကိုတိမ်ဖုံးနေသဖြင့် မှောင်နှင့်မည်းမည်း ဖြစ်နေသည်။ အထဲမှကိုယ်တော်များ၏ ဝတ်ရွတ်သံကို ဘိုလန် ကြားနေရသည်။ ခပ်လှမ်းလှမ်းရှိ အဆောက်အအုံအတွင်းမှ တိုက်ဂါးများ၏ အောဟစ်ရယ်မော စကားပြောသံများက ခပ်သဲ့သဲ့ ထွက်ပေါ်လျက်ရှိသည်။

'ဘုရားရေ'

ဆရာတော်၏ အော်ဟစ်ရေရွတ်သံနှင့်အတူ နောက်ဘက်မှ ပစ်ခတ်သံများ ထွက်ပေါ်လာသည်။

ဘိုလန်က လှည့်ပြီး သေနတ်ဖြင့် ပစ်ခတ်လိုက်သည်။ ငယ်သံပါအောင်အော်လိုက်သော လူတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ ဘိုလန်က လူရိပ်တစ်ခုဆီသို့ သေနတ်ဖြင့်



လှမ်းပစ်လိုက်ပြန်သည်။ ဒုတိယလူမှာ အော်ဟစ်ညည်းညူရင်းချုံပုတ်များအတွင်းသို့ လဲကျသွားသည်။

ခပ်လှမ်းလှမ်းတောင်ကုန်းပေါ်ရှိ အဆောက်အအုံတံခါး ကပွင့်သွားပြီး အထဲမှ တိုက်ဂါးများ ပြေးထွက်လာသည်။ လုပ်သေနတ်ပစ်သံတစ်ချက် ထွက်ပေါ်လာသည်။ အော်တို မက်တစ် သေနတ်သံဖြင့် ပြန်ပစ်သည့် ပစ်ခတ်သံပေါ်ထွက်လာပြီးအော်ဟစ် ညည်းညူလိုက်သော တောင်ပေါ်သားတစ်ယောက်၏ အသံကို ဘိုလန်ကြားလိုက်ရသည်။ သို့သော်ဘုရားဝင်းအတွင်းမှ ဘုန်းတော်ကြီးများက ဆက်ပြီးဝတ်ရွတ်နေဆဲပင် ဖြစ်သည်၊

ဘိုလန်က ဘုရားကျောင်းဆောင်နောက်ဘက်သို့ ပြေးဝင်သွားလိုက်သည်။ သော့ကျိုးပျက်ပြီး ပွင့်နေသော တံခါးပေါက်တစ်ခုကို သူတွေ့လိုက်ရသည်။ ထို့ကြောင့် အဆောက်အအုံ၏ရှေ့ဘက် ဝင်ပေါက်ဆီသို့မှောင်ရိပ်ခိုရင်းသူပြန်ပြေးလာခဲ့သည်။

'တံခါးဖွင့်စမ်းဟေ့'

ဘိုလန်က တံခါးကို လက်ဖြင့်ထုပြီး အော်လိုက်သည်။
တံခါးကပွင့်ဟ မလာခဲ့။
ငါပါကွ လူဖြူပါ'

ဘိုလန်က စိတ်မရှည်သံဖြင့် ပြောလိုက်တော့မှ အထဲက တံခါးချက်ဖြုတ်သံ ထွက်ပေါ်လာသည်။ တံခါးပွင့်သွားသည်နှင့် ဘိုလန်က အထဲသို့ အမြန်ဆုံး ဝင်လိုက်သည်။

'အားလုံး တိတ်တိတ်နေကြပါ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်စကား ဆုံးသည်နှင့် လက်ထောက် ဆရာတော်ဆီသို့ လျှောက်သွားလိုက်သည်။

'လူကြီးက ဘုရားကျောင်းတော် အောက်ဖက်က အလုံ ပိတ်အခန်း ထဲမှာ ရှိနေတယ်'ဟု လက်ထောက် ဆရာတော်က ပြောပြလိုက်သည်။

'ဒါဆိုရင် လိုက်ပြပါ'

လက်ထောက် ဆရာတော်က ဆိုပြီး နံရံဘေးမှ ခလုတ် ဟောင်းတစ်ခုကို ဆွဲလိုက်သည်။ နံရံဘပ်တံခါးက တဖြည်း ဖြည်း ပွင့်လာသည်။

'မီးထိုးပြီး အောက် ကို လိုက်ပြပေးပါ'

လက်ထောက် ဆရာတော်က နံရံတစ်ခုပေါ်မှ လက်နှိပ် ဓာတ်မီးကို လှမ်းယူပြီး မြေအောက်ခန်းဘဲသို့ ရှေ့မှဆင်း သွားသည်။ ဘိုလန်က နောက်မှလိုက်သွားသည်။ အလုံခန်း ထဲတွင် နံရံနှင့်တွဲပြီး သံကြိုးခပ်ခံထားရသော နဒ့(ခ်)က ဖျာ တစ်ချပ်ပေါ်တွင် လှဲအိပ်နေသည်။

'ဟေ့ကောင် ဂျွန် ငါရောက်လာပြီးကွ'

'ခင်ဗျားအခုလို လက်နက်ယူလာတာကို တိုက်ဂါးတွေက မသိဘူးလားဗျ'

နဒ့(ခ်)က ဘိုလန်ကို လှမ်းကြည့်ပြီး တအံ့တဩ မေးမြန်း လိုက်သည်။ ဘိုလန်မှာ သူ့လို အဖမ်းခံလိုက်ရပြီးဟု ထင်နေ မိသောကြောင့် ဖြစ်သည်။



ငါအဖမ်းခံရတာ မဟုတ်ဘူးကွ မင်းကိုလာကယ်တာလေ'

'ခင်ဗျားကို ဖမ်းထားလိုက်ပြီးလို့ သူတို့က ပြောခဲ့ကြတာ ကိုဗျ သူတို့ဟာ ခင်ဗျားလေထီးနဲ့ ဆင်းရမယ့်နေရာမှာ သွား စောင့်ကြမယ်ဆိုတာ ကျွန်တော်သိတာပေါ့ စတိုးနီးမင်းအဖွဲ့ ချုပ်က ခင်ဗျား ရောက်လာမယ့် အချိန်ကို သတင်းပို့နေတဲ့ အချိန်မှာ ကျွန်တော် အဖမ်းခံလိုက်ရတာပေါ့ဗျာ'

နဒ့(ခ်)က ပြန်လည်ရှင်းပြနေစဉ် ဘိုလန်က သံကြိုးကွင်း မှ သော့ကို ဖြုတ်ပေးလိုက်သည်။

ကျောက်လှေခါးအတိုင်း ဆင်းလာသော ခြေသံများကို ကြားလိုက်ရပြီး ရွာလူကြီးက သူတို့အနီး သို့ရောက်လာသည်။

'တိုက်ပွဲကတော့ ပြီးသွားပြီ ဟဲလို မစ္စတာနဒ့(စ်)'

ရွာလူကြီးက လှမ်းနှုတ်ဆက်လိုက်သည်။

'ဟိုင်းမေဂျာ'

နဒ့(ခ်)က ပြန်လည်နှုတ်ဆက်လိုက်သည်။

ရွာလူကြီးက လက်ထဲတွင် လောင်ချာဒုံးကျည် တစ်ခုကို ကိုင်ထားသည်။

'ဒီလောင်ချာမျိုး ခင်ဗျားတို့သိလား ကျွန်တော်တစ်ခါမှ မတွေ့ခဲ့ရသေးဘူး'

'အာရပ်ပီ ဂျိဒုံးကျည်လိုပါပဲ 'ရေ့'လို့ခေါ်တယ် ကျည် ဆန်ရာ အပေါက်က ကြီးတာပေါ့'

ဘိုလန်က ရှင်းပြလိုက်သည်။

'ခင်ဗျားလိုချင်ရင် ယူထားလေ'

www.burmeseclassic.com

www.burmeseclassic.com



ရှာလူကြီးက ပြောလိုက်ရာ ဘိုလန်က လှမ်းယူလိုက်သည်။ သူ့အတွက် သိပ်ပြီး အသုံးမတည့်လှသော်လည်း ရလိုမည့် သတောမျိုးသာ လက်ခံလိုက်ခြင်းဖြစ်သည်။

'ဒီမှာမေဂျာ၊ ကျွန်တော့်ရဲ့ဝါယာလက်စက်ကို လူလွှတ်ပြီး ယူခိုင်းလိုက် စမ်းပါဗျာ၊ ပြီးတော့ မေ့(စ်) အချက်ပြ ဆက်သွယ်ရေးစက်ကိုလည်း တစ်ပါတည်း ယူခိုင်းလိုက်နော်'

နာ့(ခ်)က ရှာလူကြီးကို လှမ်းပြောလိုက်သည်။

'ကျွန်တော်ကိုယ်တိုင်သွားမှာပါ အချက်ပြမီးကိုပါ ယူလာခဲ့ပါမယ်'

ရှာလူကြီးက အာမခံလိုက်သည်။

'တိုက်ဂါးတွေရဲ့ ရေဒီယို ဝါယာလက်ထဲကို သေနတ် ကျည်ဆန်တွေ ပစ်သွင်းခဲ့စမ်းဗျာ၊ စားပွဲပေါ်မှာတင်ထားတဲ့ စက်ကြီးကို ပြောတာနော်'

'ဟုတ်ကဲ့●င်ဗျား'

ရှာလူကြီးက ခေါင်းညိတ်ပြပြီး အပေါ်သို့ ပြေးတက်သွားသည်။

'တိုက်ဂါးတွေကို မင်း ဘာတွေ ပြောပြခဲ့သေးလဲ'

ဘိုလန်က နာ့(ခ်)ကို မေးလိုက်သည်။

'ကျွန်တော်က ပြောချင်ရာတွေ လျှောက်ပြောခဲ့တာပေါ့ဗျာ'

နာ့(ခ်)က ပြုံးတေ့တေ့ဖြင့် ပြန်ဖြေသည်။

'သူတို့က မင်းကိုဘယ်သူဘယ်ဝါမှန်းသိသွားကြသေးလား'



'ကျွန်တော်က ရုရှားလက်နက်၊ ရုရှား ရေဒီယိုဝါယာ လက်စက်နဲ့ ရုရှားချုပ် အဝတ်အစားတွေကိုသုံးတော့ သူတို့က မင်းဟာ ရုရှားလားလို့ မေးကြတယ်'

'ဒါကြောင့် ငါကလဲ မင်းအတွက် လိုအပ်သမျှကို ဖန်တီး ပေးခဲ့တာပေါ့၊ အကယ်လို့များ မင်းကို သူတို့က စီအိုင်အေ မှန်းသိရင် ဘယ်ယောက်များ နှိပ်စက်ကြမလဲလို့'

'သူတို့စစ်မေးသမျှတွေက ပထမတုန်းက ကျွန်တော်ဟာ မပြောဘဲ ခပ်တင်းတင်းနေခဲ့တယ်၊ ချက်ချင်းပြောလိုက်ရင် သံသယဝင်သွားမှာစိုးလို့ဗျာ၊ ကေဂျီဘီပုံစံဂိုက်မျိုး ကျွန်တော် က ဖမ်းထားတော့ သူတို့လို ခေါင်းမာတဲ့လူလို ဟန်ဆောင် နေခဲ့ရတာပေါ့'

နာ့(ခ်)၏စကားကို နားထောင်ရင်း ဘိုလန်က ခေါင်း ညိတ်ပြလိုက်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးအတွက် နာ့(ခ်) က ရုရှား ကေဂျီဘီဟန်ဆောင်ပြီး ထိုင်းနိုင်ငံ တောင်တန်း ဒေသများတွင် လှည့်လည်သွားလာ ခြေကုပ်ရယူခဲ့သည်။

အနှောင်အဖွဲ့မှ လွတ်ကင်းပြီဖြစ်သော နာ့(ခ်)က ဘိုလန် နှင့်အတူအပေါ်သို့ပြန်တက်လာခဲ့သည်။ ဝတ်ရွတ်နေခဲ့ကြသော ဘုန်းတော်ကြီးများ မရှိကြတော့။ ဘုရားဝတ်ပြုဆောင် တစ်ခု လုံး လူရှင်းပြီး တိတ်ဆိတ်လျက်ရှိနေသည်။

သူတို့ ဘုရားကျောင်းဆောင်ထဲမှထွက်လာစဉ် အပြင်ဘက် တွင် တိုက်ဂါးများထံမှ သိမ်းဆည်းထားသော ဝန်စည်စား

www.burmeseclassic.com

www.burmeseclassic.com



လှယ်များ တင်ဆောင်ထားသည့် မြင်းများကို တွေ့လိုက်ရသည်။ ဒဏ်ရာရနေသော တိုက်ဂါးတစ်ယောက်ကို တောင်ပေါ်သားများက သေနတ်ဖြင့် ပစ်သတ်လိုက်သည်။ သုံ့ပန်းအဖြစ် တစ်ယောက်ကိုမျှ ဖမ်းမထားချင်သောကြောင့် ဖြစ်ဟန်တူသည်။

မြင်းသုံးကောင်ကို ညှောင်ပင်အုပ်ချည်ထားသည်။ ကျန်သောမြင်းနှစ်ကောင်အနက် တစ်ကောင်တွင် နာ့ခ်၏ ဝါယာလက်နှင့် ဂျင်နရေတာတို့ကို တင်ထားပြီး ကျန်တစ်ကောင်ပေါ်တွင် ဆမ်ဆယ့်ခြောက်နှင့် ကျည်ကပ်များ ထည့်ထားသော အိတ်တို့ကို တင်ထားသည်၊

ရွာလူကြီးက ဘိုလန့်ပို့အနီးသို့ ရောက်လာသည်။

'ကျွန်တော်တို့ အခုလိုဝင်ပြီး တိုက်မယ့်ကိစ္စကို တိုက်ဂါးတွေက သိထားခဲ့သလား မသိဘူးနော်'

'ဘယ်သိမှာလဲ ကျွန်တော်တို့က ဖြုန်းစားကြီး ဝင်တိုက်ခဲ့တာကိုး'

ဘိုလန့်က ရှင်းပြလိုက်သည်။

'ငွေနဲ့လက်နက်တွေဟို ဘယ်တော့ရမှာလဲ'

ရွာလူကြီး၏မေးခွန်းကြောင့် ဘိုလန့်က သူ့လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

နောက်သပ် နှစ်နာရီခွဲ အတွင်းမှာ ကျွန်တော့် လူတွေဆီ အကြောင်းကြားလိုက်ပါမယ်၊ သူတို့က လေယာဉ်နဲ့လာပြီး ချပေးသွားကြလိမ့်မယ်'



ဘိုလန့်က နာ့(ခ်)ကို လှည့်ကြည့်လိုက်ပြန်သည်။

'နာ့(ခ်) လေယာဉ်ပေါ်မှာပါလာတဲ့ ပစ္စည်းတွေကို ဘယ်နေရာမှာချပေးဖို့ ပြောလိုက်ရမလဲ'

'စပါးရိပ်တောင်ကြား မှာ ချခိုင်းလိုက်ပါဗျာ'

ဘိုလန့်က ခေါင်းညိတ်ပြလိုက်သည်

'ဒီမှာမေဂျာ သန်းဘက်ခါညသန်းခေါင်မှာ လေယာဉ်နဲ့ ပစ္စည်းတွေချပေးဖို့ ကျွန်တော် အကြောင်းကြားပေးပါမယ်၊ ခင်ဗျားတို့ရွာကလူတွေ ပစ္စည်းသွားသယ်ရလိမ့်မယ်နော်'

'ကောင်းပြီလေ၊ ဒါဆို ကျွန်တော်တို့ အခု ရွာကို မြင်းနဲ့ ပြန်ကြရအောင်'

ရွာ လူကြီးက ဘိုလန့်ကို ပြောလိုက်သည်။

'ခင်ဗျားတို့သာ ပြန်သွားကြပါ၊ ကျွန်တော်နဲ့ နာ့(ခ်) တို့က တိုက်ဂါးတွေရဲ့ စခန်းကိုသွားပြီး ကင်းထောက်ကြည့်လိုက်ဦးမယ်၊ တိုက်ပွဲမဝင်မီ သေချာအောင် လေ့လာတာ့ သဘောပေါ့ဗျာ'

ဘိုလန့်က ရွာလူကြီးကို လှမ်းပြောလိုက်သည်။

'အိုကေ၊ ကဲ.... ကိုယ့်လူတို့ သွားကြရအောင်'

ရွာလူကြီးက သူ့လူတွေကို လှမ်းခေါ်လိုက်သည်။

ဘုန်းတော်ကြီးများက ပြတင်းပေါက်မှ လှမ်းကြည့်နေကြချိန်တွင် တောင်ပေါ်သားများက ရွာသို့ထွက်ခွာသွားကြတော့သည်။

www.burmeseclassic.com



ဘိုလန်က မှူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် တိုက်ဂါးတော့ကို ပြတ်ပြတ်သားသား တိုက်ခိုက်ချေမှုန်းရန် သန္နိဋ္ဌာန် ချလိုက်သည်။

## အခန်း (၄)

ညက အေး၍ မိုးသင်းရနံ့တို့ဖြင့် ထုံပျံ့နေသည်။

နာ့(ခ်)နှင့်ဘိုလန်တို့နှစ်ယောက်မှာ မြင်းကိုယ်စီဖြင့် ခရီးင်လျှောက်ရှိကြသည်။ သူတို့နှင့်အတူ လိုအပ်သော လက်နက်ရိယာများတင်ထားသည့် မြင်းတစ်ကောင် ပါလာသည်။ ရေကြောင့် လမ်းကချော်နေသဖြင့် သတိနှင့်သွားနေရည်။

ဘိုလန်က နာ့(ခ်)ကို ရပ်ရန်အချက်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့နောက်က ဘယ်သူ နောက်ယောင်ခံလိုက်လာသလဲ မသိဘူး မြင်းခွာသံတွေ ကြားနေရတယ်နာ့(ခ်)'

ဘိုလန်က ခပ်တိုးတိုးလေး လှမ်းပြီးသတိပေးလိုက်သည်။

သူတို့နှစ်ယောက် ငြိမ်ပြီး နားစွင့်နေလိုက်ကြသည်။ သမင်တစ်ကောင်၏ ခေါ်မြည်သံကိုသာ ကြားလိုက်ရသည်။

'ခင်ဗျားစိတ်ထင်လို့ဖြစ်ပါလိမ့်မယ် ဘိုလန်'

'ကောင်းပြီလေ၊ ဒါဆိုလဲ သွားကြရအောင်'

ဘိုလန်က ခရီးဆက်ရန် အချက်ပေးရင်းပြောလိုက်သည်။

လေတိုက်သဖြင့် သစ်ပင်ကြီးများအထက်မှ သစ်ရွက်များ လှုပ်ခါနေကြသဖြင့် မိုးရေစက်တို့က သူတို့ခန္ဓာကိုယ်များပေါ်သို့ ကျရောက်လာသည်။

မကြာမီ သစ်ပင်ချုံနွယ်များ အနည်းငယ် ကျဲလာပြီး လှည်းလမ်းကြောင်းတစ်ခုပေါ်သို့ ရောက်လာသည်။ ထိုနေရာတွင် မိုင်းအလုပ်စခန်းရှိနေသည်။ ဘိုလန်နှင့် နာ့(ခ်)တို့သည် မြင်းများကိုချည်ထားလိုက်ပြီး မိုင်းစခန်းကို ပေ့လာကြည့်လိုက်ကြသည်။

'အခုစခန်းဆီကို သွားယူပြီး ကျွန်တော်တို့ ဒီမှာနားလိုက်ကြရအောင်ဗျာ'

နာ့(ခ်)က ဘိုလန်ကိုလှမ်း၍ပြောသည်။

'ဒီနေရာမှာ ဘာလုပ်ငန်းလုပ်တာလဲ'

'ဒါဟာ သတ္တုမိုင်းတစ်ခုပေါ့ဗျာ၊ လုပ်ငန်းရှင်ဟာ ဘန်ကောက်ကိုပေါက်ပြီး အရောင်းအဝယ်ကိစ္စ သွားဆွေးနွေးနေတယ်လေ'



နာ့(ခ်)က စကားအဆုံးတွင် အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ဘိုလန်က စောင့်ဆိုင်းရင်းနေခဲ့သည်။ ဝါယာလက်သတင်းပို့နိုင်ရန် သူတို့အတွက် အမိုးအကာလုံခြုံသော နေရာတစ်ခုလိုအပ်နေသည်။ တဖွဲဖွဲကျနေသော မိုးရေစက်များအောက်တွင် ဝါယာလက်စက်ကို အသုံးပြု၍မဖြစ်နိုင်မှန်း ဘိုလန်သိထားပြီးဖြစ်သည်။

နာ့(ခ်)က သော့တွဲတစ်ခုကို ကိုင်ပြီး ပြန်ရောက်လာသည်။

'ဒီညအဖို့တော့ မော့(စ်)ရိုက်ပြီး သတင်းပို့လို့ရမှာမဟုတ်ဘူး'

လျှပ်စီးလက်နေသော မိုးကောင်းကင်ကို နာ့(ခ်)က ညွှန်ပြရင်းပြောလိုက်သည်။

မိုင်းရုံးခန်းကိုဖွင့်ပြီး သူတို့နှစ်ယောက် ရေဒီယိုဆက်သွယ်ရေးစက်များကို အခန်းထဲသို့ရွှေ့ပြောင်းယူလာခဲ့ကြသည်။ မီးခြင်းဖိုကို မီးမွေးသည်။ စားပွဲကိုသုတ်သင်ရှင်းလင်းပြီး ရေဒီယိုစက်ကို တင်ထားလိုက်သည်။

ထိုစက်မှာ ၁၉၅၃ ခုနှစ်တွင် ရုရှားမှထုတ်လုပ်သော ဖီစင်ကာ့မတ်တူး အမျိုးအစား ဖြစ်သည်။ စက်အိုစက်ဟောင်းဖြစ်နေသည့်အတွက် အသံလှိုင်းဖမ်းယူရာ အန်တာနာကို ခပ်ရှည်ရှည်သုံးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က စက်ကို ခလုတ်ဖွင့်ပြီး နားကြပ်တပ်လိုက်သည်။

'စက်က အလုပ်လုပ်ရဲ့လား'

နာ့(ခ်)ကလှမ်းမေးသည်။

'အလုပ်လုပ်ပါတယ်'

ဘိုလန်က ကီးခလုတ်များကိုနှိပ်ရင်း ပြန်ဖြေသည်။

ပို့လိုသော အချက်အလက် များကို ဘိုလန်က စာရွက်ပေါ်တွင် အစုံအလင်ချရေးပြီး၊ နာ့(ခ်)ကိုလှမ်းပေးသည်။ နာ့(ခ်)က သတင်းပို့ရန် လျှို့ဝှက်သင်္ကေတများအဖြစ်ပြန်လည်ပြောင်းလဲပေးလိုက်သည်။

'ဒီတဝိုက်မှာရှိတဲ့ ရွာလူကြီးဘေ့အားလုံးဟာ ကျွန်တော်တို့ကို ရုရှားတွေလို့ပဲ ထင်နေကြတယ်၊ တကယ်အဖြစ်မှန်ကို သိတဲ့လူဆိုလို့ ဗန်ကီတစ်ယောက်ပဲရှိတယ်၊ သူတို့အားလုံးဟာ တိုက်ဂါးတွေ အပေါ်မှာ အတော်လေး ရွံရှာမုန်းတီးနေကြတယ်'

နာ့(ခ်)က ဘိုလန်ကိုရှင်းပြသည်။

'ဟုတ်တာပေါ့၊ ထိုင်းတွေဟာ တိုက်ဂါးတွေရဲ့ အစဉ်အဆက် တိုက်ခိုက်ခြင်းခံခဲ့ကြတာပဲ မဟုတ်လား'

'ဟုတ်တယ် ဘိုလန်၊ အခုဆိုရင် ထိုင်းတွေဟာကျွန်တော့်ကို စီအိုင်အေမှန်းမသိကြဘဲ ကေဂျီဘီတစ်ယောက်လို့ ထင်နေကြတယ်၊ ဒီအတွက်တော့ ဝမ်းသာစရာပဲပေါ့ဗျာ'

'ကောင်းပါတယ်၊ ဒါပေမယ့် သူတို့မသိအောင်တော့ အထူးဂရုစိုက်ရလိမ့်မယ်၊ သိသွားရင် အန္တရာယ်ရှိနိုင်တာပေါ့ကွာ'



'ဒါတော့ အတတ်နိုင်ဆုံး ထိန်းရမှာပေါ့ဗျ၊ ဗန်ကီက သူတို့အစီအစဉ်တွေတောင် ကျွန်တော့်ကိုပြောပြခဲ့သေးတယ်၊ သူတို့ဟာ လာအိုတွေကို မဲခေါင်အရှေ့ဘက် မောင်းထုတ်ပြီး နယ်ချဲ့ဖို့စိုင်းပြင်းနေတယ်ဆိုတာသိရတယ်၊ ကျွန်တော့် အထင်ပြောရရင်....

ရုတ်တရက်ထရပ်လိုက်သော ဘိုလန်ကြောင့် နာ့(ခ်)က ပြောလက်စ စကားကိုရပ်ပစ်လိုက်သည်။

အပြင်ဘက်မှ မြင်းဟီသံကို ဘိုလန် ကြားလိုက်ရသည်မို့ သူတို့ရုံးခန်းအနီးတွင် လူစိမ်းတစ်ယောက် ရောက်နေပြီဟု ဘိုလန်သိလိုက်သည်။ ထို့ကြောင့် တံခါးကိုဖွင့်ပြီး အပြင်သို့ ပြေးထွက်သွားသည်။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသော တောင်ပေါ်သားတစ်ယောက်မှာ ပြတင်းပေါက်အောက်တွင် ခိုနေရာမှ တောင်ကုန်းဆင်ခြေလျှောအတိုင်းပြေးဆင်းသွားသည်။ ဘိုလန်ကသူ့နောက်မှပြေးလိုက်သွားစဉ် တောင်ပေါ်သားက သစ်ပင်များအကြား တိုးဝင်ကွယ်ပျောက်သွားသည်။ ဘိုလန်က နောက်မှအမြန်ဆုံးပြေးလိုက်သွားသည်။

တောင်ပေါ်သားက အဖြူရောင်မြင်းတစ်စီးပေါ်သို့တက်နေချိန်တွင် ဘိုလန်က သူ့အနီးသို့ရောက်သွားသည်။ နောက်ဘက်မှ ကုတ်ကိုကိုင်ပြီး မြင်းပေါ်မှဆွဲချလိုက်သည်။ လူချင်းလုံးထွေးသွားပြီး ဆင်ခြေလျှော ကုန်းစောင်းလေးအတိုင်း လိမ့်ထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သား၏လက်ထဲတွင်ဓားမြှောင်တစ်ချောင်းက ရုတ်တရက်ရောက်လာသည်။ ဘိုလန်က သူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားလိုက်ရသည်။ ကျန်လက်တစ်ဖက်ဖြင့် လည်မျိုကိုညှစ်ထားလိုက်သည်။ တောင်ပေါ်သားက တွန့်လိမ်ရုန်းကန်ရင်း လွတ်နေသောလက်တစ်ဖက်ဖြင့် ဘိုလန်၏မျက်နှာကို ကုတ်ခြစ်ပစ်နိုင်ရန် ကြိုးစားနေသည်။

'ဟေ့ကောင် မင်းအေးအေးဆေးဆေး အဖမ်းခံမလား'

ဘိုလန်က တောင်ပေါ်သားကို ဟောက်ပစ်လိုက်သည်။

'ဟုတ်ကဲ့.... ကျွန်တော်အဖမ်းခံပါ့မယ်'

တောင်ပေါ်သားက တောင်းပန်လေသံဖြင့် ပြောလိုက်သည်။

သူ့လည်မျိုကိုညှစ်ထားသောလက်ကို ဘိုလန်ကလျှော့ပေးလိုက်သည်။ ထိုစဉ်တောင်ပေါ်သားက ကျောက်ခဲတစ်လုံးကို ကိုင်ပြီး ဘိုလန်၏ခေါင်းကို ထုချလိုက်သည်။

ဘိုလန်မှာ ခေါင်းငိုက်စိုက်ကျသွားပြီး မူးဝေသွားသည်။ ဒဏ်ရာမှလည်း သွေးတို့က ဖြာဆင်းကျလာသည်။ သို့သော် တစ်ဖက်ရန်သူ၏ဓားကိုင်ထားသော လက်ကောက်ဝတ်ကို မိမိရရဆုပ်ကိုင်တားနိုင်ဆဲဖြစ်သည်။ ကျန်လက်တစ်ဖက်ဖြင့်လည်း ရန်သူ၏လည်မျိုကို အားကုန်ဖိညှစ်ထားလိုက်သည် မကြာမီ ကိုင်ထားသောဓားက လွတ်ကျသွားပြီး တောင်ပေါ်သားမှာ အသက်ပျောက်သွားတော့သည်။



မြင်းခွာသံကို ဘိုလန်ခပ်သဲ့သဲ့ကြားခဲ့စဉ်က နာ့(ခ်)၏ လက်မခံမှုကြောင့် ယခုအခြေအနေသို့ ရောက်ခဲ့ရသည်ဟု ဘိုလန် သဘောပေါက်လိုက်မိသည်။ သူ့တွင် အန္တရာယ်ကို ကြိုတင်သိမြင်နိုင်စွမ်းသော ယ်ပိုတ်၏အင်အားတစ်ခု ရှိနေကြောင်းကို ကိုယ်တိုင်သိသားသော်လည်း အခြားလူအား ဘိုလန်က ပြန်လည်ရှင်းလင်းပြနိုင်ခဲ့ခြင်းမရှိပေ။

ဘိုလန်က အလောင်းကိုပခုံးပေါ်တွင်ထမ်းရင်း နာ့(ခ်)ရှိရာ ရုံးခန်းဆီသို့ပြန်လျှောက်လာခဲ့သည်။ အထဲမှမော့(စ်)ရိုက်နေသောအသံက ခပ်မှန်မှန်ထွက်ပေါ်လျက် ရှိနေသည်။ ဘိုလန် အခန်းထဲသို့ဝင်လာချိန်တွင် နားကျပ်တပ်ထားပြီး သတင်းပို့နေသော နာ့(ခ်)ကိုလှမ်းတွေ့လိုက်ရသည်။

ဘိုလန်က ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

နာ့(ခ်)အသုံးပြုနေသည့် ရှရှားစက်မှာ ဟောင်းနွမ်းနေပြီး ထိုင်းနိုင်ငံ အတွင်းသာ ဆက်သွယ်နိုင် လောက်အောင် အားနည်းလှသည်။ ထို့ကြောင့် စတုံးနီးမင်း ဌာနချုပ်နှင့် တိုက်ရိုက်ဆက်သွယ်၍မရနိုင်ပေ။ ဘန်ကောက်ရှိ အမေရိကန် သံရုံးမှတဆင့်သာ ဆက်သွယ်နိုင်သည်။

နာ့(ခ်)က နားကျပ်ကိုချွတ်ပြီး ဘိုလန်အား မျက်လုံး အပြူးသား လှမ်းကြည့်လိုက်သည်။

'ဘာတွေဖြစ်နေတာလဲဗျ'

'အပြင်ဘက်မှာလာပြီး ချောင်းနားထောင်နေတဲ့ လူတစ်ယောက် ရောက်နေတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က အလောင်းရှိရာ အပြင်ဖက်ကို လက်ညှိုးထိုးပြရင်း ပြန်ဖြေလိုက်သည်။

သူတို့နှစ်ယောက်ရုံးခန်းထဲမှ ထွက်လာခဲ့ကြသည်။ နော့(စ်)က အလောင်းကို ငုံ့ကြည့်လိုက်ပြီး စစ်ဆေးကြည့်ရှုလိုက်သည်။

သူဟာကျွန်တော့် အကြောင်းတွေကို သစ္စာဖေါက်ပြီး တိုက်ဂါးတွေဆီ သတင်းသွားပို့ခဲ့တဲ့ အကောင်ပေါ့ဗျာ'

သူက အင်္ဂလိပ်စကားပြော တတ်သလား'

'မှတ်နေအောင် တတ်တာပေါ့ဗျာ အခုလိုသူ့ကို အချိန်မီသုတ်သင် ပစ်လိုက်နိုင်တာ ကျွန်တော်တို့ အတွက် သိပ်ကောင်းသွားတယ် ကျွန်တော်တို့ရဲ့ အကြံအစည်တွေကို တိုက်ဂါး တွေဆီအရောက် သတင်းသွားပို့မှာ သေချာတာပေါ့ဗျာ'

နော့(စ်)က စကားပြောရင်း ဘိုလန်၏ခေါင်းမှ သွေးတွေကိုသတိထားမိလိုက်သည်။

'ခင်ဗျားဒဏ်ရာအတွက် တစ်ခုခုတော့လုပ်သင့်တယ်နော်'

ရုံးခန်းအပြင်ဖက်တွင် ရေဘုံဘိုင် တစ်ခုကို တွေ့လိုက်ရသည့်အတွက် ဘိုလန်က ဒဏ်ရာမှသွေးများကို ဆေးကြောလိုက်သည်။

နော့(စ်)က မြင်းပေါ်တွင်ပါလာသော ဘိုလန်၏ အိတ်တွင်းမှ ပတ်တီးတစ်လိပ်ကို ထုတ်ယူပြီး ခေါင်းတွင်ပတ်တီးစည်းပေးလိုက်သည်။



'ခင်ဗျားရဲ့ အိတ်ထဲမှာတော့ အသုံးဝင်မယ့်ပစ္စည်းတွေက အမြဲတမ်းအစုံအလင်ပါနေတတ်တာပဲနော်'

နော့(စ်)က ဘိုလန်တို့ လှမ်းပြောလိုက်သည်။

ငါ့လို စစ်ဆင်ရေး ကိစ္စမျိုးတွေ မင်းဆက်လုပ်နေရဦးမယ်ဆိုရင်တော့ လိုအပ်တဲ့အရာတွေ ဖြည့်စွက် ယူလာတတ်တဲ့ အကျင့်မျိုး မွေးမြူထားရလိမ့်မယ်'

ဘိုလန်က သတိပေးစကား ပြောလိုက်သည်။

သူတို့နှစ်ယောက် နားကြပ်ကိုယ်စီတပ်ပြီး တစ်ဖက်မှ ဆက်သွယ်လာမည့် သတင်းကိုယူနိုင်ရန် အာရုံစိုက်ထားလိုက်သည်။ အဆက်မပြတ်ထွက်ပေါ်နေသော အချက်ပေးသံ၏ အဆုံးတွင် သတင်းပို့ချက်များက ဆက်တိုက်ရောက်ရှိလာသည်။ ဘိုလန်နှင့် နော့(စ်)တို့နှစ်ယောက် ကြားရသမျှတွေအားလုံး ပြိုင်တူရေးချလိုက်ကြသည်။ နှစ်ယောက်က နားကြားလွဲ၍ တိမ်းချော်သွားလျှင်ကျန်တစ်ယောက်က အမှန်ပြုပြင်ယူနိုင်ရန်အတွက်ဖြစ်သည်။ ထိုသတင်း ပို့ချက်များမှာ အမေရိကန်နိုင်ငံရှိ စတုံးနီးမင်း ဌာနချုပ်မှ ပေးပို့ခြင်းဖြစ်ပြီး ဗန်ကောက်ရှိအမေရိကန်သံရုံးမှ ကြားခံဆက်သွယ်ပေးထားသည်။

ဌာနမှူး ဟော(လ်)သရော့ဂန်ိုလာ၏ သတင်းပေးပို့ချက်မှာ ဤသို့ဖြစ်၏။

'နေရှင်နယ်အင်စတီကျူးမှ စစ်တမ်း ကောက်ယူချက်အရ မူးယစ်ဆေးဝါး သုံးစွဲသည့် အမေရိကန်လူဦးရေ အရေအတွက်မှာ (၂၂)သန်းရှိပြီးထိုအရေအတွက်၏ လေးပုံသုံးပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



အသက် နှစ်ဆယ်တစ်နှစ်အောက် အရွယ်ရှိ ကျောင်းသားများဖြစ်ကြသည်။ မှုးယစ်ဆေးဝါးများကို ကျောင်းများတွင် အရောင်းအဝယ်လုပ်နေကြသည်။

ထိုသတင်းကို ချက်ချင်းဖတ်ရင်း ဘိုလန်၏မျက်နှာက တင်းမာခက်ထန်သွားသည်။

'ရွှေဘြိုဂ်နယ်မြေဟာ လူငယ်တွေကို ကျွန်ဘဝရောက်အောင်တွန်းပို့ပေးနေတာ။'

ဘိုလန်၏အသံက အေးစက်မာကျောနေသည်။

ဘောအုပ်ချစ်ခု၏ရှေ့မှ မျက်ခုံးတစ်ဆုံးကျယ်ဝန်းသောမြက်ရိုင်းတောကြီး၏အပေါ်ဖက် သင်တိုက်ဂါးတို့၏ တိုက်ခိုက်ရေးရဟတ်ယာဉ်ကြီးက စွန်တစ်ကောင်လို ဝဲပျံနေသည် ရဟတ်ယာဉ်ပေါ်မှလူနှစ်ယောက်က ရှေ့ဖက် အလှမ်းဝေးကွာသောနေရာတွင်သွားနေကြသည့် မြင်းသုံးကောင်ကို မှန်ပြောင်းဖြင့်လေ့လာကြည့်လျက်ရှိသည်။

'မျက်နှာဖြူနှစ်ယောက်ကို တွေ့ရတယ်ဆရာ'

စက်သေနတ်သမားက သူ့နောက်မှ ပိုင်းလော့ကို လှည့်ပြောလိုက်သည်။

'ဒါဆို ငါတို့ လိုက်နေတဲ့ကောင်တွေပဲကွ၊ တိုက်ခိုက်ဖို့အသင့်ပြင်ပေတော့'

'သူတို့ကို စက်သေနတ်နဲ့ပစ်ရမှာလား'

'ဟင့်အင်း....ဒုံးကျည်နဲ့သာပစ်ကွာ၊ မြေပြင်ပေါ်ကိုတိုက်ခိုက်မှုအတွက် စမ်းသပ်လေ့ကျင့်တယ်လို့ပဲ သဘောထားလိုက်ပေါ့'



ပိုင်းလော့က သေနတ်သမားကိုအမိန့်ပေးလိုက်သည်။

ဒုံးကျည်ပစ်လိုက်မှုကြောင့် ရဟတ်ယာဉ်မှာတုန်ခါသွားသည်။ ဒုံးကျည်က မြင်းစီးသမားနှစ်ယောက်၏ခေါင်းပေါ်မှကျော်ဖြတ်ပြီး မြေပြင်ကပ်နေရာကို ထိမှန်ပေါက်ကွဲသွားသည်။ မြင်းများကအထိတ်တလန့်ဖြင့် ရပ်လိုက်ကြသည်။

'ရှေ့က သစ်ပင်တွေကြားကို အမြန်ဆုံးသွားပြီး အကာအကွယ်ယူလိုက်ပေါ့'

ဘိုလန်က မြင်း၏နံဘေးကို ဖိနပ်ခွာရိုက်ပြီး သစ်ပင်အုပ်ထဲသို့ဝင်ပြီး အကာအကွယ်ယူလိုက်သည်။ နာ့(ခ်)နှင့် ရိုကွာတင် မြင်းတို့က နောက်မှကပ်ပြီးပါလာသည်။

ဘိုလန်က သူတို့နောက်ဖက်ရှိ အလှမ်းကွာဝေးသော ဘောအုပ်ဆီသို့လှမ်းကြည့်လိုက်သည်။ ဒုံးကျည်ကထိုသစ်ပင်အုပ်များရှိရာအရပ်မှ လာခြင်းဖြစ်သည်ဟု သူသဘောပေါက်လိုက်မိသည်။ သို့သော် ပစ်ခတ်သူကိုမတွေ့ရဘဲဖြစ်နေသည်။

'ဟိုသစ်ပင်တွေကြားက တစ်ယောက်ယောက်လှမ်းပစ်တာဖြစ်ရမယ်'

နာ့(ခ်)က သူ့ထင်မြင်ချက်ကိုလှမ်းပြောလိုက်သည်။

'မဟုတ်ဘူးကွ၊ ဒါဟာ လေကြောင်းတိုက်ခိုက်မှုတစ်ခုပဲ၊ ငါ့ရဲ့မြင်းကို ခဏထိန်းထားလိုက်စမ်း'

ဘိုလန်က မြင်းပေါ်မှခုန်ဆင်းပြီး အမြင့်ဆုံးသစ်ပင်တန်းရှိသည့်နေရာသို့ ပြေးသွားလိုက်သည်။ ထို့နောက်မှန်ပြောင်းကိုထုတ်ပြီး ကောင်းကင်ပေါ်သို့ လှမ်းပြီးလေ့လာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာလာနေပြီဗျ'

နာ့(ခ်)၏ အထိတ်တလန့် အော်ဟစ်လိုက်သံက နောက်မှ ထွက်ပေါ်လာသည်။

သစ်ပင်တန်းများပေါ်မှ သူတို့ဖက်သို့ ပျံသန်းမောင်းနှင်လာသော ရဟတ်ယာဉ်တစ်စင်းကို ဘိုလန်ရုတ်တရက် တွေ့လိုက်ရသည်။ အမေရိကန်လုပ် ဟက်ဂက်အပါချီအမျိုးအစား တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြစ်ကြောင်းသူသိလိုက်သည်။ အမြီးဘက်တွင် တိုက်ဂါးတို့၏အမှတ်တံဆိပ်ရှိနေသည်။

'တိုက်ဂါး ရဟတ်ယာဉ်ပဲဟေ့'

ဘိုကန်က နာ့(ခ်)ကို လှည့်ပြီးအော်ပြောလိုက်သည်။

ရဟတ်ယာဉ်ပေါ်တွင် စက်သေနတ်နှင့် ဒုံးကျည်လေးခု ဆက်တိုက် ပစ်နိုင်သော လေးပေါက် သေနတ်ကြီးတို့ ရှိနေသည်။

နာ့(ခ်)က ဘိုလန်၏အနီးသို့ အပြေးလေးတိုးကပ်လာသည်။

ဒုံးကျည်တစ်ခုက ဘိုလန်တို့နှင့် ခပ်လှမ်းလှမ်းအကွာတွင် ကျရောက်သွားသည်။ ရဟတ်ယာဉ်က တစ်နာရီပိုင်ငါးဆယ်နှုန်းလောက်သာ ပျံသန်းနေသည်။ ထို့နောက် ခဏဝဲနေပြီး တစ်ဖက်သို့ပြန်လှည့်မောင်းနှင်သွားပြန်သည်။

'သူတို့က ငါတို့ကို ပစ်မှတ်လေ့ကျင့်တဲ့ပုံစံမျိုးနဲ့ တိုက်ခိုက်နေတာပဲ၊ မြင်းတွေကို နေရာရွှေ့ပြီး ချည်လိုက်ကြရအောင်'

ဘိုလန်က နာ့(ခ်)ကို သတိပေးသည်။



'ကျွန်တော်တို့ ဒီမှာဆက်ပြီး နေဦးမလို့လား'

'ဒီတစ်နည်းပဲရှိတာပေါ့ကွာ၊ ဟိုဖက်တောင်ကုန်းတွေဆီ ငါတို့မရောက်မချင်း ရဟတ်ယာဉ်ကတော့ ငါတို့ကိုတိုက်နေဦးမှာပဲ၊ ငါတို့သေတယ်ရှင်တယ်ဆိုတာတော့ သူတို့ကသိမှာမဟုတ်ဘူး၊ ဒီတော့ ပြန်လာပြီး စစ်ဆေးကြည့်မှာ သေချာတယ်လေ'

ဘိုလန်၏စကားဆုံးချိန်တွင် ရဟတ်ယာဉ်က ခပ်နိမ့်နိမ့်ပျံသန်းလာရင်း ဒုံးကျည်တစ်ခုကို ပစ်လွှတ်လိုက်သည်။ ထို့နောက် လှည့်၍မောင်းနှင်ထွက်သွားပြန်သည်။ ပေါက်ကွဲမှုကြောင့် မြင်းတွေမှာ ချည်ထားသည့်နေရာတွင် အော်ဟစ်ရုန်းကန်နေကြသည်။ ဘိုလန်နှင့်နာ့(ခ်)တို့ကမြင်းတွေကို တစ်နေရာစီခွဲပြီး ချည်ထားလိုက်ကြသည်။ အကယ်၍ ကူသိုလ်ကံဆိုးပြီး မြင်းတစ်ကောင်ကိုထိသွားလျှင် အခြားမြင်းတွေကျန်ရစ်ရလေအောင် ရည်ရွယ်ထားခြင်းသာဖြစ်သည်။

ဘိုလန်က မြင်းပေါ်တွင်ချိတ်ဆွဲထားသော 'ရေ့'လောင်ချာဗုံးကို ဖြုတ်ယူလိုက်သည်။

'နာ့(ခ်)ရေ မင်းလက်ထဲက ရိုင်ဖယ်သေနတ် ငါ့ကိုပေးစမ်း'

'ခင်ဗျား ဘာလုပ်မလို့လဲ ဘိုလန်'

'ရဟတ်ယာဉ်ကို အခွင့်သာတာနဲ့ ငါ ပစ်ချဖို့ ဆုံးဖြတ်ထားလိုက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ပြောရင်းဆိုရင်း အမ်ဆယ့်ခြောက် သေနတ်ပြောင်းတွင် လောင်ချာကိုတပ်လိုက်သည်။

'ဒီသေနတ်ကိုအသုံးမချနိုင်ခဲ့ တကယ်လို့ငါသေသွားခဲ့ရင် မင်းက လောင်ချာပေါ်ကနေ လုံခြုံရေးပင်ခလုတ်ကိုဆွဲလိုက်ပါ။ ပြီးရင် ပစ်မှတ်ဆီကို ရှိရိုးကျည်ဆံတစ်တောင့်သာ ပစ်ထည့်လိုက်။ အဲဒီကျည်ဆံရဲ့ယမ်းငွေ့ကြောင့် လောင်ချာဟာပစ်မှတ်ဆီကို အမြန်ဆုံးထွက်သွားလိမ့်မယ်'

ဘိုလန်က လောင်ချာ ပစ်နည်းကို ရှင်းပြလိုက်သည်။

သစ်ပင်အုပ်များ၏ အစွန်းပိုင်းဆီသို့ နှစ်ယောက်ပြေးထွက်သွားလိုက်ကြသည်။ မြက်ခင်းအစပ်သို့ ရောက်ချိန်တွင် ဘိုလန်က ဒူးထောက်ထိုင်ရင်း ရဟတ်ယာဉ်အလာကို စောင့်ဆိုင်းနေသည်။

ရဟတ်ယာဉ် နိမ့်ဆင်းလာပြီး ဒုံးကျည်နှစ်ခုကို ဆက်တိုက်ပစ်လွှတ်လိုက်ပြန်သည်။ အောက်တွင် အမ်ဆယ့်ခြောက် သေနတ်သေးတစ်လက်ကိုသာ ကိုင်ထားသော ဘိုလန်နှင့်နာ့(ခ်)တို့အား ဂရုမစိုက်ဟန် ခပ်ဖြည်းဖြည်းလေးသာ ပျံသန်းလာသည်။ အပေါ်မှ ပွိုင့်ဖိုက်ဖ်ရိုးကာလီဗာ မရှင်းဂန်းသေနတ်ကြီးက ကျည်ဆန်တွေ အတွဲလိုက် ပစ်လွှတ်လိုက်သည်။ ပြင်းထန်အားကောင်းသော ကျည်ဆန်များကြောင့် သစ်ပင်များမှ သစ်ကိုင်းများပြတ်ထွက်ကုန်သည်။

ဘိုလန်နှင့်နာ့(ခ်)တို့က မြက်ရိုင်းပင်များ အကြားတွင် ပြားပြားမှောက်နေလိုက်ကြသည်။ နောက်ဖက်ဆီမှ ကြောက်



လန့်တကြား အော်ဟစ်လိုက်သော မြင်းဟီသံများကို သူတို့ကြားလိုက်ရသည်။

'မင်းက မြင်းတွေကိုသွားကြည့်ထားရင် ကောင်းလိမ့်မယ်ထင်တယ်'

ဘိုလန်ကနာ့(ခ်)ကိုလှည့်ပြောလိုက်သည်။

နာ့(ခ်)က လှည့်ထွက်သွားစဉ် ဘိုလန်က သစ်ပင်တစ်ပင်နောက်သို့ ပြေးကပ်လိုက်သည်။ ခပ်နိမ့်နိမ့်ပျံသန်းလာသော ရဟတ်ယာဉ်ကို သူလှမ်းတွေ့လိုက်ရသည်။ ဘိုလန် ထပြီး ပစ်မှတ်ကိုချိန်ရွယ်လိုက်သည်။

ကိုက်တစ်ရာခန့်အကွာအဝေးတွင် ရဟတ်ယာဉ်က လေထဲတွင် တန့်ရပ်နေပြီး စက်သေနတ်ဖြင့် ဟိုဖက်သည်ဖက် ဝဲ၍ ရမ်းပစ်ခတ်လိုက်သည်။

ဘိုလန်က သေနတ်မောင်းကိုဆွဲ ညှစ်လိုက်သည်။ ထွက်သွားသော ကျည်ဆန်နှင့်အတူ လောင်ချာက နောက်မှကပ်ပြီး လိုက်သွားတော့သည်။ ရဟတ်ယာဉ်၏ ဝမ်းပိုက်အတွင်းသို့ သတ္တုလောင်ချာအလုံးကြီးက ဖောက်ထွင်းဝင်ရောက် သွားသည်။ စက်နှိုးပိုင်းအတွင်းပေါက်ကွဲသံကြီးတုန်ဟည်းထွက်ပေါ်လာပြီး ရဟတ်ယာဉ်မှာ အပိုင်းအစများဖြစ်သွားတော့သည်။ ရဟတ်ယာဉ်အတွင်းမှ ကျည်ဆန်များနှင့် ဒုံးကျည်များထပ်မံပေါက်ကွဲသွားပြီး အပူလှိုင်း ရိုက်ခတ်မှုကြောင့် ဘိုလန်မှာ နောက်သို့လန်ထွက်သွားသည်။ မြေပြင်ပေါ်သို့ ကျဆင်းလာသော အပိုင်းအစများက မီးဟုန်းဟုန်း တောက်လောင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ထရပ်ပြီး မီးခိုးမှိုင်းများ ပေရေသွားသော အဝတ်အစားများကိုလက်ဖြင့် ခါထုတ်နေသည်။ ယခုတော့ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည် တိတ်ဆိတ် ငြိမ်သက်သွားပြီဖြစ်သည်။

နဘ့(ခ်)က ဘိုလန်၏ အနီးသို့ပြေးလာသည်။

'ခင်ဗျား ဘာမှ မဖြစ်ပါဘူးနော်'

'ဝေးပါသေးတယ်ကွာ'

ဘိုလန်က ဘာမှအမှုမထားဟန်ဖြင့် ပြောပြီး ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

'ပစ္စည်းတင်တဲ့မြင်းနဲ့ ရေဒီယိုဆက်သွယ်ရေး စက်တော့ ကိစ္စချောသွားပြီးဗျ၊ ဒါပေမယ့် ကျန်တဲ့မြင်းတွေက ဘာမှ မဖြစ်လို့ တော်သေးတာပေါ့ဗျာ'

နဘ့(ခ်)၏စကားကို ခေါင်းညိတ်ပြရင်း ဘိုလန်က မြင်းများရှိရာသို့ လျှောက်သွားလိုက်သည်။

'တိုက်ဂါးတွေဟာ ဒီလို နောက်ဆုံးပေါ် ရဲဟတ်ယာဉ်ကို သုံးပြီးတိုက်ပွဲဝင်ရလောက်အောင် ချမ်းသာနေကြပြီး ဒေါ်လာသန်းသုံးဆယ်ကို တစ်ထိုင်တည်း ဖြုန်းပစ်လိုက်တာပဲကွ'

'ဒီငွေကုန်တာလောက်တော့ သူတို့က ဘယ်မှုပါ့မလဲဗျာ။ သူတို့ရဲ့ ဟီးရိုးအင်(ဆေး)ထုတ်လုပ်မှု လုပ်ငန်းဟာ တစ်နှစ်ကိုကိုး ဆယ့်ဘီလီယံ ဒေါ်လာလောက် ရနေတာကိုး ဒီတော့ခင်ဗျာ စဉ်းစားကြည့်ပေါ့ဗျာ'

နဘ့(ခ်)က သူသိထားသလောက် ဘိုလန်ကိုပြန်လည်ရှင်းပြလိုက်သည်။



'ဒီလိုလားကွ၊ သိပ်ကောင်းတာပေါ့ ငါတို့ဟာ သူတို့ရဲ့ လုပ်ငန်းကြီးကို ဘယ်လိုအပြောင်းအလဲတွေ ဖြစ်သွားအောင် လုပ်နိုင်တယ်ဆိုတာ မင်းစောင့်ကြည့်လိုက်မပေါ့ကွာ'

ဘိုလန်က မြင်းပေါ်သို့တက်ရင်း ကြိုးဝါးပစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တောင်ကြောတစ်ခုပေါ်ရှိ ချုံကွက်တစ်နေရာတွင် ဘိုလန်နှင့်နာ့(ခ်)တို့က ဝပ်နေကြသည်။ တိုက်ဂါးစခန်းကို လှမ်း၍ လေ့လာကြည့်ရှုနေကြခြင်းပင်ဖြစ်သည်။ ဟီးရိုးအင်း ဘိန်းဖြူချက်လုပ်သည့် အဆောက်အအုံမှာ အုတ်ပတ်ကားဖြင့် ဆောက်လုပ်ထားသော သုံးထပ်အဆောက် အအုံဖြစ်ပြီး အမိုးပေါ်တွင် မီးခိုး ခေါင်းတိုင်များရှိသည်။ ထိုအဆောက်အအုံ၏ နောက်ဖက်တွင် ဘိန်းသိုလှောင်ရာ ဂိုဒေါင်များ ရေစင်တစ်ခု၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ခု၊ ပစ္စည်း ကရိယာများ ထားသိုရာ ရွက်ဖျင်တဲများနှင့် စီမံအုပ်ချုပ်ရာ



ရုံးခန်းများက အစီအရီရှိနေကြသည်။ ထိုဒေရိယာ၏ အခြားတဖက်တွင် လူနေအိမ်လေးများက သူ့ဂင်းသူ့ခြံနှင့်သပ်ယပ်စွာ ရှိနေသည်။ အိမ်ယာများအကြားတွင်လမ်းကျဉ်းလေး သုံးလမ်းရှိပြီး ဈေးဆိုင်များ နှင့် ပန်းခြံတစ်ခု ကလည်း ရှိနေသည်၊ တိုက်ဂါးစခန်း၏ အလယ်ဗဟိုတွင် စစ်ရေးပြကွင်း တစ်ခုရှိပြီး အလံတိုင်တစ်ခုကို စိုက်ထူထားသည်။

စစ်တန်းလျားများတွင် တိုက်ဂါးတပ်မှ့ဝင် အမြောက်အမြားကို ဘိုလန်က လှမ်းတွေ့နေရသည်။ မြေပြင်ကွက်ကပ် တစ်ခုအတွင်းတွင် ဟယ်လီကော်ပတာများနှင့် ကားများကို တောအုပ်ဖက်သို့ မျက်နှာမူပြီး ရပ်ထားသည်။ စခန်း၏ဝင် ပေါက်တွင် ထူထည်ခိုင်ခန့်သော တံခါးကြီးနှစ်ခုကို ပိတ် ထားသည်။ တံခါး၏အပေါ် နံဖူးစီးတွင် ဆိုင်းဘုတ်ကြီး တစ်ခုကို ချိတ်ထားသည်။

'တိုက်ဂါးပေးရှင့်ကူမ္ဘလေ၊ ကူးပ်ဆန့်တပ်မှ ၂၃'

ဘိုလန်က ဆိုင်းဘုတ်ကိုဖတ်ပြီးနောက် ခေါင်းကိုခါရမ်း ပစ်လိုက်သည်။

'တိုက်ဂါးတွေဟာ သူတို့ကိုယ်သူတို့ ကူမင်တန်ဆိုတဲ့ နာမည်ဟောင်းကို သုံးနေကြတုန်းပဲနော်'

'ဒီအတွက် သူတို့က ဂုဏ်ယူနေကြတာပေါ့'

'သူတို့ဖက်ကကြည့်ရင်တော့လက်ရှိအခြေအနေမှာ အောင် မြင်နေကြတယ်လို့ ပြောရမှာပဲ နာ့(ခ်)'

ဘိုလန်က စကားကိုဖြတ်ရင်း တာရှက်နှင့်ခဲတန်ကိုထုတ်ယူ သည်။ ဘိန်းဖြူစခန်း၏ အနေအထားအားလုံးကို မြေပုံ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆွဲထားလိုက်သည်။ သူ့အတွက် အဓိကပစ်မှတ်မှာ နှစ်ခု ဒေနရာဖြစ်သည်။ တိုက်ဂါးတပ်မှူး ဗိုလ်မှူးကြီးလီယူရှီ ယာအို၏အိမ်နှင့် ဘိန်းဖြူထုတ်လုပ်ရေး ဒါရိုက်တာ ဆယ့် လေးယောက်တို့ အစည်းအဝေး လာတက်ချိန်တွင် တည်းခိုသည့် ဧည့်ဆောင်တို့ပင်ဖြစ်သည်။ တိုက်ဂါ၏ အဓိကပုဂ္ဂိုလ် ဆယ့်ငါးယောက်လုံးကို တစ်ယောက်မကျန် သုတ်သင်ပစ်ရန် ဘိုလန်က သန္နိဋ္ဌာန်ချမှတ်လိုက်သည်။

'သူတို့ရဲ့ တိုက်ခိုက်ရေးလေ့ကျင့်ရေးပြပွဲလေးကို ကျွန်တော်တို့ တွေ့ရလိမ့်ဦးမယ်ထင်တယ်'

နုဒ္ဓ(ခ်)က ဘိုလန်ကိုဆက်ပြောလိုက်သည်။

စစ်ရေးပြပွဲကွင်းထဲတွင် စစ်သားများက ကုလားထိုင်များကို လခြမ်းပုံသဏ္ဌာန်ခင်း၍ ထိုင်နေကြသည်။ ကွင်း၏ အနီးတွင်ကပ်လျက်ရှိသော အဆောက်အအုံမှ ကင်ဗွီဝတ်စုံများ ဝတ်ဆင်ထားသော လူအုပ်စုတစ်စုက ကင်ဗွီဓားကိုယ်စီ ကိုင်၍ ထွက်လာကြသည်။

'လီယူဆိုတာ ဟိုလူပေါ့'

နုဒ္ဓ(ခ်)က လက်ညှိုးထိုးပြလိုက်သည်။

ဘိုလန်က မှန်ပြောင်းဖြင့် တိုက်ဝါးကပ်ဖွဲ့ခေါင်းဆောင်ကို လှမ်းပြီးလေ့လာကြည့်လိုက်သည်။ အသမှောင်ကမ္ဘာသား တစ်ယောက်ဖြစ်သော်လည်း ရုပ်ရည်သန့်ပြန့်သူ တစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရသည်။



လီယူမှာ တပ်မကိုးဆယ့်သုံး၏ ကွန်မင်ဒါတစ်ယောက် ...ခဲ့ပြီး သူ့ဖခင်မှာ ဗိုလ်ချုပ်လီယူဖြစ်သည်။ လီယူ၏မိခင် ...ာ ဂျပန်လူမျိုးဖြစ်ပြီး သူငယ်စဉ်က သေဆုံးသွားခဲ့သည်။ ...ာမူရိုင်းတစ်ယောက်၏သမီးဖြစ်သည်မို့ သူမ၏သားလီယူကို ...ျပန်ရိုးရာ ကိုယ်ခံပညာနှင့် ဓားရေးသိုင်းလှံ ထိုးပညာအားလုံးကို ...င်ယူစေခဲ့သည်။ လီယူက အင်္ဂလန်မှ တက္ကသိုလ်ကျောင်း ...စ်ကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့သည်။ ဒင်ဂျင် ...ယာဘွဲ့ကိုရရှိခဲ့သည်။ အမေရိကန်နိုင်ငံကို အသေအလဲမုန်း ...ီးသူများစာရင်းထဲတွင် ထိပ်ဆုံးက ပါဝင်နေသူလည်းဖြစ် ...သည်။

ဗိအိုင်အေမှ ကြီးမှူးဖွင့်လှစ်ထားသော ဟားဗတ်လုပ်ငန်း ...ိုင်ရာကျောင်းတွင် ပညာဗဟုသုတရှာမှီးခဲ့သူဖြစ်သော်လည်း ...အမေရိကန်ဆိုလျှင် လီယူက လက်ခံသူမဟုတ်ပေ။ ယခုတော့ ...ိုက်ဂါး မူးယစ်ဆေးဝါးထုတ်လုပ်မှုတပ်ဖွဲ့၏ အကြီးအကဲ ...ာထူးကိုပင် လီယူက ရယူထားနိုင်ပြီဖြစ်သည်။

ကင်ဗွီဓားသမားများက စစ်ရေးပြကွင်းထဲတွင် ဝိုင်းပြီး ...ပ်လိုက်ကြသည်။ တစ်ယောက်ကဓားအိမ်ထဲမှဓားကိုဆွဲထုတ် ...လိုက်စဉ် ဓားသွားကနေရောင်တွင် ဝင်းလက်သွားသည်။ ထို ...မြင်ကွင်းကြောင့် ဘိုလန်မှာ အတော်လေးအံ့အားသင့်သွား ...မိသည်။ တိုက်ခိုက်ရေးသရုပ်ပြပွဲများတွင် သစ်သားဖြင့်ပြုလုပ် ...သော ဓားများကိုသာ အသုံးပြုလေ့ရှိကြောင်း ဘိုလန် သိ ...ထားပြီးဖြစ်သည်။ တစ်ခါတစ်ရံ အဆင်မသင့်လျှင် သစ်သား ...ဓားများကပင် လူကိုအန္တရာယ်ပေးနိုင်သေးသည်။ ယခုတော့

www.burmeseclassic.com

www.burmeseclassic.com



တကယ့် ဓားအစစ်ကို သုံးကြမည်ဆိုလျှင် ဘိုလန်မှာ မတွေးရဲ လောက်အောင် ဖြစ်သွားရသည်။

'တကယ့်ဓားကို ဘာကြောင့်သုံးနေတာလဲ'

ဘိုလန်က နာ့(ခ်)ကို မေးလိုက်သည်။

'လီယူက သူ့လူတွေကို ပထမဆုံး သွေးထွက်သံယိုဖြစ် သွားတဲ့အထိ တိုက်ခိုက်ခိုင်းတတ်တယ်'

နာ့(ခ်)၏ စကားအဆုံးတွင် ညော်ရိပ်သာများဆက်ဆီသို့ လှည့်သွား[illegible] ဘိုလန်က မျှော်လိုက်ရသည်။မကြာ မီ ထိုညော်ရိပ်သာများမှ ထွက်လာကြသော ဒါရိုက်တာ လူကြီး များကို တွေ့လိုက်ရပြန်သည်။ သူတို့အားလုံး ခန့်ခန့်ညားညား ဝတ်စားထားပြီး အချို့က ဦးထုပ်များပင် ဆောင်းထား လိုက်သေးသည်။ သူတို့အားလုံးမှာ ကမ္ဘာ့ကုလသမဂ္ဂသံတမန် များပမာ ခန့်ငြားလှပြီး သရုပ်သဏ္ဌာန်ကို ဆောင်နေကြသော် လည်း မကောင်းဆိုးဝါးကြီးများသာဖြစ်ကြောင်း ဘိုလန်က သိထားပြီး ဖြစ်သည်။

ဒါရိုက်တာတစ်ယောက်မှာ ဂျက်ဖန်စဘာဟု ဘိုလန်က မှတ်မိလိုက်သည်။ နယူးယောက်တွင် ကလပ်အပေါင်းများများကို ပိုင်ဆိုင်ထားသော လူကြီးလူကောင်း အမည်ခံတစ်ဦး ဖြစ် သည်။ ဘာသာရေး ကိုင်းရှိုင်းလေဟန် အပတ်တိုင်း ဘုရား ရှိခိုးကျောင်းကို မှန်မှန်တက်တတ်သည်။ နယူးယောက်တွင်



ခြေကုပ်ယူပြီး [illegible] မူးယစ်ဆေးဝါး အရောင်းအဝယ် လုပ်ငန်းကို လုပ်နေသူ ဖြစ်သည်။ သူ့လုပ်ငန်းမှာ မြောက် အမေရိကအထိ ကျင်ကျယ်ပြီး အမြတ်ပါမှုန်း ကောင်းကောင်း ရနေဆဲ ဖြစ်သည်။ [illegible] ပေါက်နိုင်သူမို့ မည်သူ မှ လက်မျှားနှင့် ထိုးနိုင်ခြင်း မရှိပေ။

ဒါရိုက်တာလူကြီးများက ခမ်းနားသော ခုံများတွင် ဝင်ထိုင်လိုက်ကြသည်။ စားသောက်နေသူတစ်ယောက်က ပိုင်းထိုင်နေ သူများ၏ ရှေ့သို့ တွန်းပို့လိုက်သည်။ တစ်ယောက်မှာ လီယူဖြစ်ပြီး ကျန်တစ်ယောက်မှာ ခေါင်းတုံးပြောင် လူထွားကြီး ဖြစ်သည်။ ပရိသတ်ကို သူတို့က ဦးညွှတ်အလေးပြုပြီး တစ်ယောက်နှင့် တစ်ယောက်လည်း ဦးညွှတ်နှုတ်ဆက်လိုက်ကြ သည်။ ထို့နောက် ဓားကို ထုတ်ပြီး တိုက်ပွဲကို စဖို့ ပြင်လိုက် တော့သည်။ တစ်ယောက်နှင့်တစ်ယောက် လှည့်ပတ်ချောင်း နေကြသည်မှာ တဖြည်းဖြည်း အရှိန်ကြွမြင့်လာခဲ့ပြီး ဖြစ် သော်လည်း ဓားချင်းယှဉ်ခုတ်ခြင်း မရှိသေးပေ။

'သူတို့က ဘယ်အချိန်မှာ စပြီး တိုက်ကြမှာလဲ'

ဘိုလန်က အားမလို အားမရဖြင့် လှည့်မေးသည်။

'[illegible] သူတို့ရဲ့ [illegible] တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



နာ့(ခ်)က မှန်ပြောင်းမှ မျက်လုံးကို မခွာဘဲ စိုက်ကြည့်ရင်း ပြောလိုက်သည်။

'အိ....ယား'

ခေါင်းတုံးပြောင်လူထွားကြီးက ကီးသွင်းအော်ဟစ်ပြီး လီယူကို ဓားဖြင့် လှမ်းခုတ်လိုက်သည်။ လီယူက အေးအေးဆေးဆေး ရှောင်ပေးလိုက်ပြီး လူထွားကြီးကို ဓားဖြင့် ဝိုက်ဝိုင်းလိုက်သည်။ လူထွားကြီး၏ ရှပ်အင်္ကျီမှာ အရှည်လိုက်ပြတ်ထွက်သွားသော်လည်း ခန္ဓာကိုယ်ကို ထိသွားပုံမရပေ။ သူတို့နှစ်ယောက် တစ်ဦးနှင့်တစ်ဦး လှည့်ပတ်ပြီး အလစ်ချောင်း နေလိုက်ကြပြန်သည်။

'အိ....ယား'

ဒုတိယအကြိမ်အော်ဟစ်ရင်း လူထွားကြီးက ဓားဖြင့် ဝင်ပိုင်းရန် ကြိုးစားလိုက်သည်။ လီယူကလည်း အလွတ်မပေးဘဲ လူထွားကြီးဆီသို့ ခုန်ဝင်သွားသည်။ ဓားသွားချင်း ခတ်မိသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ လူထွားကြီးက နောက်သို့ အနည်းငယ် ဆုတ်ပြီး တန်ပြန် တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။ သို့သော် လီယူက သူ့နောက်မှ ပြေးလိုက်သွားပြီး ဓားဖြင့်ပင် ခုတ်ပစ်လိုက်သည်။ လူထွားကြီးမှာ ရင်ဘတ်ကို လက်ဖြင့် ဖိပြီး မြေကြီးပေါ်သို့ လဲကျသွားသည်။ လီယူက လူထွားကြီးကို သွားပြီး ဆွဲထူလိုက်သည်။ သွေးသံ



ရဲရဲနှင့် ထလာသော လူထွားကြီးနှင့် လီယူတို့က ပရိသတ်ကို ဦးညွတ်အလေးပြုလိုက်ကြသည်။ လီယူက တပ်သား နှစ်ယောက်ကို ခေါ်ပြီး လူထွားကြီးကို အပြင်သို့ ဆွဲထုတ်သွားစေသည်။

ဘိုလန်က မှန်ပြောင်းကို ပြန်လည်သိမ်းဆည်းလိုက်သည်။
'အိုခေ၊ ကိုယ်တို့ နောက်ကြောင်းကို ပြန်ကြစို့'

ဘိုလန်နှင့် နာ့(ခ်)တို့က မြင်းများရှိရာသို့ ပြန်လည် ထွက်ခွာလာခဲ့ကြသည်။

'တိုက်ဂါးတွေဟာ သိပ်လျင်တယ်ဗျ၊ ကျွန်တော်တို့ရဲ့ မြင်းခွာရာတွေကို တွေ့သွားရင်တော့ နောက်ယောင်ခံလိုက်လာကြမှာပဲ၊ ဒါဆိုရင်တော့ ကျွန်တော်တို့ဟာ လွတ်လမ်းသိပ်မမြင်ဘူးဗျာ'

နာ့(ခ်)က ဘိုလန်ကို လှည့်ပြီး ပြောသည်။

မြင်းပေါ်တွင်ရှိသော ရေဘူးမှ ရေကို သောက်လိုက်ကြပြီး မြင်းပေါ်သို့ တက်လိုက်ကြသည်။

'ဟေ....ရင်လိုက်ကြစမ်း၊ လက်ကို မြှောက်ထားလိုက်'

တိုက်ဂါးများက ရုတ်တရက် သူတို့ကို ဝိုင်းထားပြီး သေနတ်များဖြင့် ချိန်ထားလိုက်ကြသည်။ လူအရေအတွက်က သုံးဆယ်ခန့်လောက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နော့(မ်)၏ စကား က သူတို့အတွက် အတိတ်နိမိတ်လို ဖြစ်သွားပြီဟု တွေးလိုက်မိရင်း တိုလန် လက်ကို မြှောက်လိုက်သည်။

အခန်း ၆

တိုက်ဂါးများက တိုလန်နှင့် နော့(မ်)တို့ကို လက်ပြန်ကြိုး တုပ်ပြီး အုန်းပင်များအကြားမှ ဖြတ်၍ ခေါ်သွားကြသည်။ နေဝင်တော့မည်ဖြစ်သည်။ တောလမ်းခရီးကို သွားနေကြသော တိုက်ဂါးများနှင့် တိုလန်တို့နှစ်ယောက်မှာ ဖုတ်အလူးလူးဖြင့် ပင်ပန်းနွမ်းနယ်နေကြသည်။

တိုက်ဂါးများက ဘိန်းထုတ်လုပ်ရေးစခန်းသို့ ခေါ်မသွားကြဘဲ စိုက်ပျိုးရေးခြံအစပ်ဆီသို့ ဦးတည်သွားနေကြသည်ကို တိုလန်က သံသယဖြစ်နေမိသည်။ လီသူက သူတို့၏ [illegible] ရေးကို [illegible] လူကြီးများထံသို့ [illegible] လိုက်သောကြောင့် ဖြစ်လိမ့်မည်ဟု တိုလန် တွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဂါး တိုက်ကင်းအဖွဲ့ခေါင်းဆောင်က စိုက်ပျိုးရေးခြံ အတွင်းရှိ အဆောက်အအုံရှေ့သို့အရောက်တွင် မြင်းပေါ်မှ ဆင်းလိုက်သည်။ သက်လတ်အရွယ် အမျိုးသမီးတစ်ယောက်က ဝရန်တာသို့ထွက်လာပြီး ခေါင်းဆောင်နှင့် လှမ်းပြီးစကားတွေ ပြောနေသည်။

လှလှပပ ပြင်ဆင်ထားကြသော ကောင်မလေးတွေက ပြတင်းပေါက်များမှ ခေါင်းပြူကြည့်ကြသည်။ တိုက်ဂါး များနှင့် ကောင်မလေးတွေက တစ်ဖက်နှင့်တစ်ဖက် အော် ဟစ်နောက်ပြောင်ကြည်စယ်လိုက်ကြသည်။

အဖွဲ့ခေါင်းဆောင်က မာမာဆန်ဆိုသည့် အမျိုးသမီးကို အလေးပြုပြီး မြင်းပေါ်သို့ပြန်တက်သည်။ စိုက်ပျိုးရေးခြံဝင်း ကိုဖြတ်ပြီး တန်းလျား အဆောက်အအုံဆီသို့ သူတို့ သွားလိုက် ကြသည်။

အဆောက်အအုံမှာ တစ်ချိန်က မြင်းဇောင်းတစ်ခု ဖြစ်ခဲ့ ဟန်တူသော်လည်း ယခု လူနေအိမ်များနှင့် ဂိုဒေါင်များအဖြစ် အသုံးပြုထားသည်ကို တွေ့ရသည်။ အခန်းအချို့မှာ တံခါး ပွင့်နေပြီး ဆန်အိတ်များထည့်ထားသည်ကို ဘိုလန် တွေ့လိုက် ရသည်။ အချို့အခန်းများတွင် အိပ်ရာခုတင်များနှင့် အဝတ် အစားများကို တွေ့ရသည်။

တိုက်ဂါးများက လွတ်နေသော အခန်းနှစ်ခန်းဆီသို့ နာ့(ခ်)တို့ကို ခေါ်သွားလိုက်ကြသည်။



တိုက်ဂါးတစ်ယောက်က ဘိုလန်နှင့် နာ့(ခ်)တို့ကို ကြိုးဖြေပေး လိုက်ပြီး တစ်ခန်းစီထားလိုက်ကြသည်။

အခန်းထဲတွင် ဖျာတစ်ချပ်နှင့် ခြင်ထောင်တစ်လုံးသာရှိ သည်။ မကြာမီ တံခါးပိတ်ပြီး အပြင်ဘက်မှ မင်းတုတ်ထိုးလိုက် သံကို ဘိုလန် ကြားလိုက်ရသည်။

အခန်းမှာ ကြမ်းခင်းမရှိဘဲ မြေစိုက်အလုံခန်းတစ်ခုသာ ဖြစ်သည်။နံရံများကိုသစ်သားဖြင့် ကာရံထားသည်။ ပြတင်း ပေါက်မရှိသည့်အတွက် အခန်းထဲတွင် မှောင်နေသည်။ အခန်း ၏နောက်ဘက် နံရံသံတိုင်များမှငင်လာသော အလင်းရောင် လေးသာရှိသည်။

ဘိုလန် ဖျာပေါ်တွင်ထိုင်ပြီး နံရံကို မှီထားလိုက်သည်။ မနက်ဖြန်ညတွင် ဘိုလန်မှာယူထားသော ပစ္စည်းများကို ပေး ပို့မည့်လေယာဉ်ပျံက ရောက်လာတော့မည်။ အောက်မှ အချက်ပြမည့်သူမရှိလျှင် ဘာပစ္စည်းမှမချဘဲ လှည့်ပြန်သွား ကြမည်သာဖြစ်သည်။

နောက်ထပ်နှစ်ရက်ခန့်အကြာတွင် ဘာကြောင့် အချက် မပြနိုင်သည်ကို စုံစမ်းစစ်ဆေးရန်အတွက် ဌာနချုပ်မှ ထောက် လှမ်းရေးသမား တစ်ယောက်ကို လွှတ်ပေးမည်မှာ သေချာ နေပြီ။ ဘိုလန်တို့ အဖမ်းခံနေရပြီကိုသိလျှင် ပြန်လည်ကယ်တင် နိုင်ဖို့ ကြိုးစားလိမ့်မည်။ သို့သော် ရွာလူကြီးက နောက်ထပ် ရောက်လာသူကို ခွင့်ပြုနိုင်လိမ့်မည်ဟု ဘိုလန်က မထင်မိပေ။

သူတို့ကိုပေးရမည့်ငွေကြောင့်သာ လက်မခံခြင်းဖြစ်မည်။ ထိုထောက်လှမ်းရေးမှူးက စတုံးနီးမင်း ဌာနချုပ်ကို ထိုငွေ

www.burmeseclassic.com

www.burmeseclassic.com



မေးရန်လောက် ထပ်၍မှာကြား လျှင် အချိန်ရွှေ့ အနာဂတ်သေး ကျန်တိုး [illegible] သေးပေးတော့မည်။

[illegible] တိုက်ခိုက်ရေးသမားတစ်ယောက် အနေဖြင့် အခွင့်ကောင်း [illegible] ရားကိုမျှော်လင့်၍ နေ၍မဖြစ်နိုင်ပေ။ [illegible] မြင်းစီးဖို့သာရှိသည် သူတို့အတွက် လွတ်မြောက်ရေးကို ကြိုးပမ်းနိုင်ရန် [illegible] ပေးတော့မည့် အချိန် ရှိနေပြီ ဖြစ်သည်။

မြင်းထဲမှ လျှပ်စစ်မီး ကွန်ယက်များအတွက် အသုံးပြုသော လျှပ်စစ်ဓာတ် ဓါးတစ်ခုဖြင့် ခုတ်ဖြတ်လိုက်ကာ ဘိုလန်ကြား နေရာ၌ သူ့ ထံမှ သိမ်းဆည်းထားသော အိပ် [illegible] ကိုက်ခါး [illegible] ကြိုးစခန်းမြေ၌ ပုံကြမ်းကို ရှာလာလျှင် ဝင်သားဖို့ သူ့ရောက် ခေါ်ယူလိမ့်မည်ဟု ဘိုလန်က ယုံကြည်ပြီး စိတ်ချသည်။

ယင်းကို မီးရှို့ထားသောနေရာမှ ထွက်ပေါ်လာသော မီးခိုးများက သံတိုင်ကြားမှ အခန်းထဲသို့ ဝင်လာသည်။ မီးခိုးမွှန်နေသည့်ကြားမှ ဘိုလန်က ဆ [illegible] လောင်မှုတ်ခပ်နေသည်။

နေ့အခါကကည်းက ယခုအချိန်ထိ ဘာမှ သူ မစားသောက် ခဲ့ရသေး။ ယခု မီးဖိုခနသည်မှာ ညစာအတွက် ချက်ပြုတ်ရန် ဖြစ်နိုင်သည်ဟု ဘိုလန် ထင်နေမိသည်။

မင်းတုတ်ဖြုတ်သံ ထွက်ပေါ်လာပြီးနောက် အခန်းတံခါး ပွင့်လာသည်။ [illegible] လှမ်းထိုးယိုက်သော လက်နှိပ်ဓာတ်မီး အရောင်က [illegible] သွားသည်။



ချိန်ရွယ်ထားသည့် သေနတ်ပြောင်းမျ [illegible] ကို ခေတ်မီး ရောင်တွင် ဘိုလန်က တွေ့လိုက်ရသည်။ သေနတ်ပြောင်းဝ ထိပ်ခုက သူ့ပါးပြင်ကို ထောက်လိုက်စဉ် သူ့လက်များကို တင်စိုတစ်ယောက်က ဖမ်းတွဲပြီး [illegible] ထိပ်ခတ်လိုက်သည်။ ကြိုးကွင်းတစ်ခုက သူ့လည်ပင်းကို [illegible] ပြီးချုပ်သည်။ ထို့ နောက် တိုက်ဂါးများက ဘိုလန်ကို အခန်းအပြင်သို့ ဆွဲထုတ် သွားကြသည်။ ညစ်လေက ဘိုလန်အား မွှန်ထူသွားစေ တော့သည်။

အပြင်ဖက်တွင်လရောင်က ထိန်ထိန်သာလျက်ရှိသည်။ မြို့ အလယ်တွင်ရှိသည့် အဆောက်အအုံ၏ နောက်ဖက်သို့ရောက် လာစဉ် သီချင်းဖွင့်သံနှင့် ရယ်မောသံများကို ဘိုလန်ကြား လိုက်ရသည်။ အတန်းလိုက်စိုက်ပျိုးထားသော ငှက်ပျောခင် တန်းကို ဖြတ်သွားပြီး အဆောက်အအုံ အခြားတစ်ဖက်ခြမ်း ဆီသို့ ရောက်လာခဲ့သည်။ ထိုနောက် ကျောက်လှေခါးထစ် များအတိုင်း တက်ပြီးအဆောက်အအုံထဲသို့ ဝင်လိုက်ကြ သည်။ မကြာမီကျောက် ပြားများခင်းထားသော အခန်း ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်လာသည်။

အခန်းထဲတွင် မှန်အိမ်တစ်လုံးကို ခပ်နိမ့်နိမ့် ချိတ်ဆွဲထား သည့် အခန်းထောင့်တစ်ဖက်နေရာရှိစားပွဲတစ်လုံးမှအမအခန်း ထဲတွင် ပြောင်ရှင်းနေသည်။ အရောင်ခပ်မှိုင်းမှိုင်း ကုန်မိန္ဒီ ယူနီဖောင်းကို ဝတ်ဆင်ထားသော အရပ်ရှည်ရှည် [illegible] ရှုတိုက်

www.burmeseclassic.com

www.burmeseclassic.com



သား တစ်ဦး ကစားပွဲတွင်ထိုင်နေသည်။ သူ့နောက်ဖက် နံရံအနီးရှိ ခုံတန်းလျားတစ်ခုပေါ်တွင် ကိုယ်ခန္ဓာတောင့်တင်းသန်မာသော လူငယ်တစု ထိုင်နေကြသည်။

ကွန်မန့်ဒိုတက်စိုဝတ်ထားသူက စီးကရက်ကိုခဲရင်း ဖိုင်တွဲတစ်ခုကို ကြည့်ရှုစစ်ဆေးနေသည်။ သူ့မျက်နှာပေါ်တွင် ဒဏ်ရာကြီးတစ်ခုက အထင်အရှားရှိနေသည်။ သူကဖတ်လက်စဖိုင်ကိုပိတ်ပြီး စီးကရက်ကို ပြာခွက်ထဲသို့ ထိုးချေပစ်လိုက်သည်။ ထို့နောက် လက်ခါးနှစ်ဖက်ကို ပူး၍ ဆုပ်ကိုင်ထားရင်း ဘိုလန်ကို မျက်လုံးလှည့်ကြည့်လိုက်သည်။ တိုက်ဂါးအဖွဲ့၏ စစ်ဆေးရေးမှူးတစ်ယောက်ပင် ဖြစ်လိမ့်မည်ဟု ဘိုလန်က သဘောပေါက်လိုက်မိသည်။

''ခင်ဗျား အင်္ဂလိပ်စကားပြောတတ်သလား''

စစ်ဆေးရေးမှူးက ရင်းနှီးဖော်ရွေစွာမေးမြန်းလိုက်သည်။

''ဟုတ်ကဲ့''

ဘိုလန်က တိုတိုပြတ်ပြတ် ပြန်ဖြေသည်။

''ကောင်းတာပေါ့ ဒါဆိုရင် ခင်ဗျားရဲ့အိတ်ကို ကျွန်တော်တို့ ရှာကြည့်တဲ့အခါမှာ ကျွန်တော်တို့ တိုက်ဂါးစခန်းရဲ့ပုံကြမ်းကိုဆွဲထား တာတွေ့ရတယ်။ အဲဒါဟာ ဘာသဘောလဲဗျ'

'ခင်ဗျားရဲ့မေးခွန်းကို ကျွန်တော်ပြန်ဖြေစရာ ဘာအကြောင်းမှ မရှိပါဘူး'



ဘိုလန်၏လေသံက အေးစက်စက် ဖြစ်နေသည်။

'ဘာ့ဖြစ်လို့ မဖြေရမှာလဲ'

စစ်ဆေးရေးမှူးကြီးက အံ့အားသင့်သွားသည်။

ဘိုလန်က ခပ်တည်တည် ပြုံးမိနေလိုက်သည်။

'ခင်ဗျားဟာ ညဥ်းပန်းနှိပ်စက်ပြီး စစ်ဆေးတာမျိုး မကြုံရသေးဘူးနဲ့တူတယ်'

စစ်ဆေး ရေးမှူးကြီးက ခြိမ်းခြောက်လိုက်သည်။

'ဟင့်အင်း'

'လူကြီးလူကောင်း တစ်ယောက်ဆိုတာ ရန်သူနဲ့တွေ့တဲ့အချိန်မှာတောင် ယဉ်ယဉ်ကျေးကျေး ပြုမူဆက်ဆံတတ်တယ်

စစ်ဆေးရေးမှူးက ဘိုလန်ကို ချော့မော့ ဖျောင်းဖျနိုင်ဖို့ကြိုးစားလိုက်သည်။

'ကျွန်တော်ဘာမှ ပြန်ဖြေစရာမလိုဘူး'

ဘိုလန်က ထပ်ပြောလိုက်ပြန်သည်။

စစ်ဆေးရေးမှူးကြီးကပင့်သက်ကိုရှိုက်လိုက်သည်။

'ကောင်းပြီလေ'

ခုံတန်းတွင် ထိုင်နေသော လူများကို သူက ခေါင်းညိတ်ပြလိုက်သည်။

အခန်းထောင့်တစ်နေရာရှိ လိုက်ကာတစ်ခုပွင့်သွားသည် ချင်နရေတာတစ်ခုနှင့် ဆက်သွယ်ထားသော ဝါယာကြိုးနှစ်ခုက ကြမ်းပေါ်တွင် ကျနေသည်။ ဝါယာကြိုး၏ ထိပ်ဖျားပိုင်းတွင် သတ္တုညှပ်ကြီးများက ရှိနေသည်။ ဘုယ်စိုအာခြ

www.burmeseclassic.com

www.burmeseclassic.com



အနေမျိုးတွေဖြစ်လာမည်ကို ဘိုလန် သဘောပေါက်လိုက်သည်မို့ သွေးခဲသွားမတတ် လန့်သွားမိသည်။ ထိုစဉ် ရုံးခန်းတွင်ထိုင်နေသူများက ဘိုလန်၏အကျီကော်လန်စကို ဆုပ်ကိုင်ပြီး ခန်းဝေထာင့်သို့ ဆွဲခေါ်သွားကြသည်။ ထို့နောက် ဘိုလန်၏လက်များကို သံကြိုးများဖြင့်တွဲပြီး ချည်နှောင်ထားလိုက်ကြသည်. သံကြိုးများကို အပေါ်မှ သံချောင်းတွင်ဆွဲထားသဖြင့် ဘိုလန်မှာ ကြမ်းပေါ်တွင် ခြေထောက်မရှိတော့သလိုဖြစ်သွားသည်။ ကြာမီ တိုက်ဂါးများက ဘိုလန်၏ခြေထောက်များကို သံကြိုးများဖြင့် တွဲချည်လိုက်ကြပြန်သည်။

တိုက်ဂါးတစ်ယောက်က ဘိုလန်၏ ဖောင်းဘီကိုချွတ်ချလိုက်သည်၊ ဘိုလန်မှာ အောက်ခံဘောင်းဘီတိုလေးသာကျန်ရစ်တော့သည်။

သတ္တုညှပ်ကစ်ခုက ဘိုလန်၏ ပေါင်ခွကြားတွင်ညှပ်ထားပြီး ကျန်တစ်ခုက သူ၏နားရွက်ဖျားတွင် ညှပ်ထားလိုက်သည်။ တိုက်ဂါးတစ်ယောက်က ခွေးခြေခုံပေါ်သို့ တက်ပြီး ရေစိမ်ထားသော မွေးပွ မျက်နှာသုတ်ပဝါကို သတ္တုညှပ်များပေါ်သို့ရေညှပ်ချလိုက်သည်။ လျှပ်စစ်မာတ်ဖို၏ စီးဆင်းသွားစေရန် လုပ်လိုက်ခြင်းဖြစ်ကြောင်း ဘိုလန်ကသဘောပေါက်မိသည်။ မကြာမီ စူးရှသော အလင်းရောင်တန်းက ဘိုလန်၏ မျက်နှာဘည့်တည့်သို့ ကျရောက်လာသည်။ မျက်လုံးများပြာပြီး ဘာမှသဲကွဲစွာ မမြင်ရလောက်အောင် ဖြစ်သွားသည်။



'ဒီမှာ မိတ်ဆွေ ကျွန်တော်မေးတာကိုကောင်းကောင်းမဖြေရင်တော့ ဝေဒနာတွေ မချိမဆန့် ခံစားသွားရလိမ့်မယ်နော်၊ ဒီတော့ ခင်ဗျားရဲ့နာမည် ဘယ်သူလဲဆိုတာ-ကစပြီးဖြေလိုက်ပါ'

စစ်ဆေးရေးမှူး၏စကားသံက ဘိုလန်အိပ်မှုကို ဖြိုခွင်းပစ်လိုက်သည်။

'ကျွန်တော် ဘာမှပြန်ဖြေစရာအကြောင်း မရှိဘူးဗျ'

ဘိုလန်က တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။

ကုလားထိုင်တစ်လုံးကို ဆောင့်တွန်းလိုက်သံကြားရပြီး ဒိုင်နမိုလည်သံက ဆက်လက်ထွက်ပေါ်လာသည်၊ လျှပ်စစ်ခေတ်များက ဘိုလန်၏ခန္ဓာကိုယ်သဲသို့ စီးဝင်သွားသည်။ မချိမဆန့်ခံလိုက်ရသည့်ဒဏ်ကြောင့် ဘိုလန်က ငယ်သံပါအောင်အော်ဟစ်လိုက်မိသည်။ ချက်ချင်းပင် လျှပ်စစ်ခေတ်က ဖြတ်တောက်သွားသည်။

'ခင်ဗျား အခုလိုခံစားလိုက်ရတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူးဗျာ၊ ဒါပေမယ့် ကျွန်တော်တို့မှာ ဒီလိုမလုပ်လို့ မရနိုင်တဲ့အခြေအနေမျိုးကို ရောက်နေလို့ပါပဲ၊ ဒီတော့ ခင်ဗျားနာမည်လေးသာ တဆိတ်လောက်ပြောစမ်းပါ'

'ဘာမှပြောစရာမရှိဘူးဟေ့'

ဘိုလန်က အော်ပစ်လိုက်သည်။

www.burmeseclassic.com



ဒိုင်နမိုလည်သံထွက်ပေါ်လာပြီးဘိုလန်၏ငယ်သံပါအောင် အော်ဟစ်သံတို့က ရောထွေးထွက်ပေါ်လာသည်။ မကြာမီ လျှပ်စစ် ပြတ်တောက်သွားပြန်သည်။ ဘိုလန်၏မျက်နှာတွင် ဇောချွေးများက သီးထွက်နေပြီး မျက်ရည်ပူများက စီးကျ လျက်ရှိသည်။

တိုက်ဂါးတစ်ယောက်က ရေစွတ်ထားသော မျက်နှာသုတ် ပုဝါဖြင့် သတ္တုညှပ်များပေါ်သို့ ရေညှစ်ချလိုက်သည်။

'ကဲ....ဒီတစ်ခါတော့ ခင်ဗျားရဲ့နာမည်ကိုပြောမှ ဖြစ်လိမ့် မယ်နော်'

စစ်ဆေးရေးမှူး၏အသံက ထွက်ပေါ်လာပြန်သည်။

'ကျွန်တော် မပြောဘူးဗျာ'

ဘိုလန်က နွမ်းနယ်စွာပြောလိုက်သည်။

လျှပ်စစ်ဓာတ်များက ယခင်ကထက် ပို၍ပြင်းထန်စွာ ဘို လန်၏ခန္ဓာကိုယ်ထဲသို့ စီးဝင်သွားသည်။ ဘိုလန်မှာ တွန့်လိမ် ခေါက်ကွေးဖြစ်သွားပြီး ရုတ်တရက်ငြိမ်ကျသွားသည်။

ဂျင်နှနေတာမောင်းသူက စစ်ဆေးရေးမှူးရှေ့သို့ရောက် လာသည်။

'ကျွန်တော့်ကိုခွင့်လွှတ်ပါကပ္ပတိန်၊ ကျွန်တော် လျှပ်စစ် ဓာတ်လွှတ်လိုက်တာ များသွားလို့ပါ'

ဂျင်နရေတာမောင်းသူကို စစ်ဆေးရေးမှူးက ခေါင်းညိတ် ပြပြီး သူ့လူများဖက်သို့လှည့်ကြည့်လိုက်သည်။



'သူ့ကို ပြန်ပို့လိုက်တော့၊ ပြီးရင် နောက်တစ်ယောက်ကို ါ်လာခဲ့ပါ'

တိုက်ဂါးများက ဘိုလန်ကို စောင်တစ်ခုပေါ်ထွင်တင်ပြီး ောင့်လေးဘက်မှမ၍ အပြင်သို့ သယ်ထုတ် သွား လိုက် ကြ ည်။

ပြန်လည်သတိရနေပြီဖြစ်သော ဘိုလန်က မျက်စိကိုမှေးပြီး ယ်ယူလာသော တိုက်ဂါးလေးယောက်ကို လေ့လာကြည့် ိုယသည်။အားလုံးကသူ့ကိုဂရုမစိုက်ဘဲသွားနေကြကြောင်း တွေ့လိုက်ရသည်။ ရိုင်ဖယ်များကို နောက်ကျောတွင်လွယ်ပြီး စ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်နေကြသည်။ လေးလံ သော ဘိုလန်၏ခန္ဓာကိုယ်ကြောင့် သူတို့က မကြာခဏအောက် ို့ချပြီးနားကြသည်။ ညအမှောင်ထုက နက်ရှိုင်းလှသော ကြောင့် ဘိုလန်က အလွတ်ရုန်းရန် အခွင့်သာလျက်ရှိသည်။ ိုသော် နာ့(ခ်)က ရှိနေသေးသဖြင့် ဘိုလန်မှာ စဉ်းစားရ တော်လေးကျပ်တည်းနေမိသည်။

အချုပ်ခန်းရှိရာမြင်းဇောင်းဟောင်းဆီသို ရောက်လာချိန် ွင် တိုက်ဂါးတစ်ယောက်က နာ့(ခ်)၏အချုပ်ခန်းရှေ့မှ စောင့်ကိုလှမ်းခေါ်ပြီး ဘိုလန်၏အချုပ်ခန်းတံခါးကို ဖွင့် င်းလိုက်သည်။ ယို့နောက် သူတိုင်ါးယောက်က ဘိုလန်ကို ခန်းထဲသို့ မ,ယူသွင်းလိုက်ကြသည်။ နံရံတစ်ခု၏အနီးတွင် ိုလန်ကိုချပြီး ပြန်လှည့်ထွက်ဖို့ ပြင်လိုက်ကြသည်။ အခန်းထဲ မှောင်နေ၍ ဘာမှ သဲကွဲစွာမမြင်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးကိုစောင့်နေသောဘိုလန်က ရုတ်တရက်ထရပ်ပြီး နောက်ဆုံး ကျန်ရစ်သူအား သူ့ဖက်သို့ဆောင့်ဆွဲလိုက်သည်။ ထိုနောက်လွယ်ထားသော ရိုင်ဖယ်သေနတ်ကိုဖြုတ်ယူပြီး သေနတ်ဒင်ဖြင့်ရိုက်ပစ်လိုက်သည်။ မမျှော်လင့်သည့်အဖြစ်ကြောင့် ကျန်လေးယောက်မှာ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ဘိုလန်က သေနတ်ပြောင်းမှဆုပ်ကိုင်ပြီး ကျားနာတစ်ကောင်လို မြင်မြင်သမျှလူရိုက်တွေအား လွှဲရိုက်ပစ်လိုက်သည်။ တစ်ယောက် နှစ်ယောက်လောက်သာ အော်နိုင်ပြီး လေးယောက်လုံး သွေးအလူးလူးဖြင့် မှောက်သွားတော့သည်။

ဘိုလန်က ရိုင်ဖယ်တစ်လက် နှစ်လက်နှင့် ကျည်ကပ်အချို့ကို ဖြုတ်ယူပြီး သေနတ်များ ကောင်းမကောင်း စစ်ဆေးကြည့်ရှုလိုက်သည်။ စိတ်ချရတော့မှ၊ အမှုပြန်ခန်းထဲမှထွက်ပြီး နှာ့(ခ်)ရှိရာ အခန်းဆီသို့ ပြေးသွားလိုက်သည်။ တံခါးမင်းတုတ်ကိုဖြုတ်ပြီး အခန်းထဲသို့ဝင်သွားချိန်တွင် ငုတ်တုတ်ထိုင်နေသော နှာ့(ခ်)ကို တွေ့လိုက်ရသည်။

'အမြန်ဆုံးထွက်လာခဲ့ပါနှာ့(ခ်)'

အံ့အားသင့်နေသော နှာ့(ခ်)ကို ဘိုလန်က လေသံဖြင့် ခေါ်လိုက်သည်။

ဘိုလန်နှင့် နှာ့(ခ်)တို့က သေနတ်များကို အဆင်သင့်ကိုင်ပြီး တိုက်ဂါးများအိဆောက်အအုံ၏ နောက်ဖက်သို့မှောင်ရိပ်ခို၍ လျှောက်သွား လိုက်ကြသည်။ ဝါးလုံးတန်းတစ်ခုတွင်



ကြိုးချည်ထားသော မြင်းများကိုတွေ့လိုက်ကြသည်။ ဘိုလန်နှင့် နှာ့(ခ်)တို့ကသစ်ပင်များကိုကွယ်ပြီး ရန်သူများ၏ အခြေအနေကို သေ့လာကြည့်ရှုလိုက်ကြသည်။

အဆောက်အအုံ၏ နောက်ဖက် တံခါးက ပွင့်နေပြီး ရော့(စ်)ဘေးသံများသာအပြင်ဖက်သို့ ပျံ့လွင့်လျက်ရှိနေသည်။ ထိုအပေါက်မှ အတွင်းသို့ အတိုင်းသား လှမ်းမြင်နေရသည်။ ကပွဲကျင်းခုလုပ်ရန် နေရာနှင့် အရက်သောက်ရန် စားပွဲများကိုခင်းကျင်းပြင်ဆင်ထားသည်။ ထိုစဉ်တိုက်ဂါးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့က အပြင်သို့ထွက်လာသည်။ အပြင်ဖက် သို့ရောက်သာချိန်သူ တစ်ဦးနှင့်တစ်ဦး အနမ်းချင်းဖလှယ်လိုက်ကြသည်။ ထိုနောက် လက်မောင်းချင်း ချိတ်ပြီး မြင်းဇောင်းဟောင်း ဖက်ဆီသို့ ထွက်သွားကြသည်။ မကြာမီ နောက်ထပ် စုံတွဲတစ်တွဲက ထပ်ထွက်လာပြန်သည်။ သူတို့ကလည်း မြင်းဇောင်းဖက်သို့ ဦးတည်သွားလိုက်ကြသည်။

'ကျွန်မတော်တို့ စွန့်စားဖို့ အချိန်တန်ပြီဗျာ'

နှာ့(ခ်)က ဘိုလန်ကို သတိပေးလိုက်သည်။

သူ့စကား မှန်ကန်သည်ဟု ဘိုလန်က သဘောပေါက်လိုက်မိသည်။ မပြေးနိုင်လျှင် နောက်တစ်ကြိမ် ကွေးနေအောင် ခံရပေဦးမည်။ ဘိုလန်က နှာ့(ခ်)ကို လက်ကုတ်ပြီး မြင်းများချည်ထားရာသို့ ခပ်သုတ်သုတ်လေး လျှောက်သွားလိုက်ကြသည်။ မြင်းနှစ်ကောင်ကို ကြိုးဖြေပြီး သူတို့တက်စီးလိုက်ကြစဉ် တံခါးပေါက်မှ စုံတွဲတစ်တွဲက ထွက်လာပြန်သည်။ ဘိုလန်က သာ... ...နေတော့ပဲ လက်ထဲမှသေနတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဂါးကို ပစ်ချလိုက်သည်။ လွဲကျသွားသည့် တိုက်ဂါးကို ကြည့်ပြီး သူ့ဘေးမှ အမျိုးသမီးက ငယ်သံပါအောင် အော် ဟစ်လိုက်သည်။

ဘိုလန်နှင့် နာ့(ခ်)တို့က မြင်းများကို ဒုန်းစိုင်းပြီး ပြေး ထွက်သွားလိုက်တော့သည်။ အုန်းပင်တန်းကို ဖြတ်ပြီး လမ်း အဘိုင်းဆင်းသွားစဉ် လရောင်က ထိန်ထိန်သာလျက်ရှိနေ သည်။ စိုက်ပျိုးရေးခြံကို သွတ်ဆူးကြိုး ခပ်မြင့်မြင့်ကာထား ပြီးဝင်ပေါက် ထွက်ပေါက်က တစ်ခုတည်းသာရှိသည်။ သို့ သော်ဂိတ်တံခါးကိုပိတ်ထားသည်ကိုဘိုလန်တွေ့လိုက်ရသည်။ ဂိတ်တံခါးအနီးသို့ ရောက်သွားစဉ် အစောင့်တစ်ယောက် ကသူတို့ကို ဆီးပြီးသေနတ်ဖြင့် ပစ်သည်။ ဘိုလန်က အော်တို မက်တစ်ခလုတ်ကိုဖွင့်ပြီး ကျည်ဆန်အတွဲလိုက် ပစ်လွှတ်လိုက် သည်။ ထိုအစောင့် ထိမှန်သွားချိန်တွင် ကျန်အစောင့်များ ကဂိတ်တံခါးရှိရာထွက်ပြီး ဘိုလန်တို့ကိုခုခံပစ်ခတ်ကြသည်။

ငါ့ ကို ကာ ပစ် ပစ် ပေးစမ်းကွာ'

ဘိုလန်က မြင်းပေါ်မှခုန်ဆင်းပြီးဂိတ်တံခါးက ဖွင့်လိုက် သည်။ နာ့(ခ်)က မြင်းကို တစ်ပတ်ပြန်လှည့်ပြီး အစောင့် များဆီသို့ ကျည်ဆန်တွေဆက်တိုက်ပစ်လွှတ်နေသည်။ ဂိတ် တံခါးပေါက်ကို ဘိုလန် ဖြတ်ထွက်သွားပြီးချိန်တွင် နာ့(ခ်) ကနောက်မှ ဆက်လိုက်လာသည်။ ဘိုလန်က သူ့အတွက် ကာပစ်ပစ်ပေးလိုက်သည်။ ထိုနောက် သူတို့နှစ်ယောက်လုံး အမှောင်ထုအတွင်းသို့ မြင်းကို ဒုန်းစိုင်းစီး ထွက်သွားကြ တော့သည်။



ဆန် ဒရဟော့လွှတ်ပြီး ပစ်ချလိုက်နိုင်တော့သည်။ မြင်းများက ထိတ်လန့်တကြား ခုန်ပေါက်ပြေးလွှားကုန်ကြသည်။

ဘိုလန်က သေနတ်ကို ပခုံးတွင်ပြန်လွယ်ပြီး သူ့မြင်းရှိရာ သို့ ပြန်လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ညနေစောင်းအချိန်တွင် ရွာသို့လှမ်းမြင်နိုင်သော ခတောင်ကြောပေါ် ဘိုဘိုလန်နှင့် နာ့(ခ်)တို့က ရောက်ရှိလာခဲ့ကြသည်။ ရွာလူကြီးအိမ်ရှေ့တွင် လက်နက်ကိုင်ထားသည့် လူအုပ်ကြီးတစ်အုပ် ရှိနေသည်။ အိမ်သုံးပစ္စည်းများကို တင်ဆောင်ထားသော မြင်းများကို နေရာအနှံ့အပြား လှမ်းတွေ့နေရသည်။ ကလေးများက မြင်းများကိုဝိုင်းအုံကြည့်ရှုနေကြသည်။

ဘိုလန်နှင့် နာ့(ခ်)တို့က မြင်းပေါ်မှဆင်းလိုက်ကြသည်။ ထို့နောက် တောင်ကြောအတိုင်း မြင်းများဟိုဆွဲပြီး ဆင်း



လာခဲ့ကြသည်။ မကြာမီ ရွာထိပ်ရှိအိမ်တစ်လုံးအနီးသို့ သူတို့ရောက်သွားသည်။ အမျိုးသမီးတစ်ယောက်က ဝန်စည်စားလွယ်ခတွကို သိမ်းဆည်းပြီး မြင်းပေါ်သို့တင်နေသည်။

'ဘာတွေ ဖြစ်နေတာလဲဗျ'

ဘိုလန်ကမိယိုစကားဖြင့်အမျိုးသမီးကို လှမ်းမေးလိုက်၏။

'တိုက်ဂါးတွေက ရွာကလူတွေကို လာသတ်တော့မယ်ရှင့်'

'ဘာကြောင့်လဲ'

'လူဖြူတွေကို ကူညီတဲ့အတွက် အပြစ်ပေးဖို့ပဲ'

'ဒီကိစ္စကို ဘယ်သူပြောလို့သိရတာလဲ'

'သိချင်ရင် ရွာလူကြီးကို သွားပြီးမေးပါလား'

အမျိုးသမီးက ရွာလူကြီး၏အိမ်ဖက်သို့ ငေါ့ပြပြီး ပြောလိုက်သည်။

သူတို့က ရွာထဲသို့မြင်းစီးပြီးဝင်သွားလိုက်ကြသည်။ တွေ့သမျှအိမ်တိုင်းပစ္စည်းတွေ သိမ်းဆည်းနေကြသည်ကိုတွေ့ရ၏။ ဝက်အော်သံ၊ ကြက်သံများကလည်း ဆူညံနေသည်။ တစ်ရွာလုံး ရွှေ့သွားတော့မည့်အသွင်လက္ခဏာကို တွေ့နေရသည်။ မြေကွက်လပ်တစ်ခုတွင် ဆင်ကြီးတစ်ကောင်က ဒူးထောက်ပေးထားသည်။ ကျောပေါ်တွင် ဆင်ဦးစီးကရှိနေပြီး ကျန်လူများက ဆန်ရေစပါးများကို ဆင်ပေါ်သို့ ရွှေ့ပြောင်းတင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်သနတ်များ၊ ဒူးလေးများကိုင်ဆောင်ထားသော လူအုပ်ကြီးအနီးသို့ သူတို့ရောက်လာကြသည်။ လူအုပ်ကြီးလည်း ဖြတ်သွားနိုင်ရန် လူခွဲပေးလိုက်ကြသည်။ ရွာလူကြီး၏ အိမ်ရှေ့ပေါက်သို့ရောက်လာစဉ် မြင်းပေါ်မှဆင်းပြီး အိမ်ထဲသို့ ဝင်သွားကြသည်။

အိမ်ထဲတွင် လူတွေပြည့်ကြပ်နေပြီး ဆေးလိပ်မီးခိုးများက မှုန်ထူနေသည်။ အိမ်ထဲမှလူအားလုံး ဘိုလန်နှင့် နာ့(ခ်)တို့ကို သတိမထားမိကြသေးပေ။

'သူ့အတွက် ဘာမှမလုပ်ပေးပါနဲ့လို့ ခင်ဗျားကို ကျွန်တော်တို့ပြောခဲ့တယ်မဟုတ်လား၊ သူဟာ တစ်နေ့နေ့မှာ ဒုက္ခတွေပေးလာလိမ့်မယ်လို့ ကျွန်တော်တို့အတန်တန် ပြောခဲ့ကြတာပဲဗျာ'

လူတစ်ယောက်၏ အော်ဟစ်ပြောဆိုလိုက်သံကထွက်ပေါ်လာသည်။

'မင်းတို့ပြောခဲ့တယ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့ပိုက်ဆံပေးတုန်းကတော့ မင်းလက်ခံခဲ့တာပဲ မဟုတ်လား'

ပြန်ဖြေလိုက်သူမှာ ဗန်ကီဖြစ်ကြောင်း ဘိုလန်ကောင်းစွာ မှတ်မိလိုက်သည်။

'ဒါကတော့ ခင်ဗျားကပဲ ယုံကြည်ရပါတယ်လို့ အာမခံခဲ့တာကိုး၊ ပြီးတော့ ကျွန်တော်တို့ရွာ ကာကွယ်ရေးအတွက် ငွေတို့ လက်နက်တို့ရမယ်လို့ ခင်ဗျားပဲ ပြောခဲ့တယ်မဟုတ်လား'



'ပါအိုပြောတာမှန်တယ်၊ ပထမတုန်းကတော့ ကတိပေးပြီး တကယ်တမ်းကျတော့ ကျွန်တော်တို့ဟာ အလှည့်စားခံခဲ့ကြရတယ်မဟုတ်သား'

လူတစ်ယောက်က မကျေမနပ်ဖြင့် ဝင်ပြောလိုက်သည်၊

'မင်းက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ၊ ပထမလူဖမ်းမိသွားတော့ ငွေရဖို့နှောင့်နှေးကြန့်ကြာသွားရတယ်ဆိုတာ မင်းမသိဘူးလား'

ဗန်ကီက ပြန်လည်ဖြေရှင်းလိုက်သည်။

'ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ဒီလူဖြူတွေဟာ ရှရှားလူတွေ မဟုတ်တာတော့ သေချာတယ်၊ သူတို့အချင်းချင်း အင်္ဂလိပ်စကားပဲပြောတယ်လို့ ကျွန်တော့်သားက ပြန်ပြောတယ်၊ သူတို့ဟာ အမေရိကန်တွေပဲဖြစ်ရမယ်'

အခြားလူတစ်ယောက်က ဝင်ပြောလိုက်ပြန်သည်။

'ဟုတ်တယ်၊ သူတို့ဟာ အမေရိကန်တွေပဲ၊ ဘိန်းဖြူတိုက်ဖျက်ရေးစီမံကိန်းကြောင့် သူတို့ဟာတိုက်ဂါးအဖွဲ့ကိုဖြိုခွင်းနေကြတာပေါ့၊ စီယမ်းခိုအောင်မှာ တိုက်ပွဲဖြစ်ခဲ့တာကိုမှတ်မိကြတယ်မဟုတ်လား၊ သူတို့ဟာ ကျွန်တော်တို့ကိုဘိန်းမစိုက်ဖို့ အမြဲတမ်း တားမြစ်နေကြတဲ့လူတွေပေါ့ဗျာ'

လူတစ်ယောက်ကဝင်၍ပြောလိုက်ပြန်သည်။

'ဒီကိစ္စဟာအမှန်ပဲလား ကီ'

'ဘာကိုဆိုလိုတာလဲ'

'သူတို့ဟာ အမေရိကန်တွေဆိုတဲ့ အကြောင်းကိုပြောတာပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကီက ပြန်လည်ဖြေကြားရန်အတွက် တွန့်ဆုတ်နေမိသည်။

'ဒီမှာကီ ကျွန်တော်တို့ ဒီကိစ္စကို သိချင်တယ်ဗျာ'

လူတစ်ယောက်ကဝင်ပြီး လောဆော်လိုက်သည်။

'ဟုတ်တယ် သူတို့ဟာ အမေရိကန်တွေပဲ'

'ရွာလူကြီးဗန်ကီက နောက်ဆုံးတွင် ဝန်ခံလိုက်ရတော့သည်။

လူအုပ်ကြီး၏နောက်တွင် မှောင်ရိပ်ခိုနေသော ဘိုလန်နှင့် နာ့(ခ်)တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ သူတို့အရေခြုံထားသမျှ ပေါ်သွားရပြီမဟုတ်ပါလား။

'ဒါဆိုရင် ခင်ဗျားက ကျွန်တော်တို့ကို ညာခဲ့တာပဲဗျ၊ ခင်ဗျားဟာ သူတို့ကို အမေရိကန်တွေမှန်းသိရဲ့သားနဲ့ ရုရှားတွေပါလို့ ပြောခဲ့တယ်မဟုတ်လား၊ ဒီမှာ ကီ ဒီကိစ္စအတွက် သူတို့က ခင်ဗျားကို ငွေတွေဘယ်လောက်များ ပေးခဲ့လို့လဲ၊ ခင်ဗျားဟာ ငွေမျက်နှာနဲ့ ကျွန်တော်တို့အပေါ်မှာ လိမ်ညာခဲ့တယ်မဟုတ်လား'

လူတစ်ယောက်ကထပြီး အော်ကြီးဟစ်ကျယ် စွပ်စွဲပြောဆိုလိုက်ပြန်သည်။

'ကီဟာ အမေရိကန် လက်ပါးစေ တစ်ယောက်လို လုပ်ခဲ့တာပေါ့လေ'

နောက်တစ်ယောက်က သူ့ထင်မြင်ချက်ကို ပြောလိုက်ပြန်သည်။



'မင်းစကားပြောရင် ကြည့်ပြောပါ ဆန်'

ဗန်ကီက ဆန်ဆိုသူကို လက်ညှိုးထိုးပြီး ဒေါသဖြင့်သတိပေးလိုက်သည်။

'ဒီမှာရွာလူကြီးခင်ဗျား…၊ ကျွန်တော်တို့ဟာခင်ဗျားကို စော်ကားတဲ့အဖြစ်မျိုး မကြုံချင်ပါဘူး၊ လောလောဆယ် အခြေအနေကွေမှာ ကိုယ့်ရွာကို ပြန်ပြီးကယ်တင်နိုင်မယ့် နည်းလမ်းကောင်းလေးတွေရှာဖို့ လိုအပ်နေပါတယ်'

လီဆိုသူက ထပြီးပြောလိုက်သည်။

'မင်းမှာ ဘယ်လိုအကြံဉာဏ်မျိုး ရှိနေလို့လဲ ဟင်'

'ရှိနေပါတယ်'

'ဒါဆိုရင် ပြောပြစမ်းကွာ'

'ကျွန်တော်တို့ဟာ တိုက်ဂါးဘွေအတွက် အလုပ်တစ်ခု လုပ်ပေးရပါလိမ့်မယ်၊ ဒါဟာဘာလဲဆိုတော့ လူဖြူတွေ ကျွန်တော်တို့ရွာကိုပြန်ရောက်လာခဲ့ရင် သူတို့ကို ကျွန်တော်တို့ ဝိုင်းဖမ်းပြီး တိုက်ဂါးတွေလက်ကို အပ်ရမှာပဲ၊ ဒါမှ ကျွန်တော်တို့ရွာဟာ တိုက်ဂါးဘွေရဲ့ရန်ငြိုးနဲ့ကင်းပြီး သာယာစိုပြည်လာပါလိမ့်မယ်'

လီ၏စကားကြောင့် မှောင်ရိပ်ခိုပြီးရပ်နေကြသော ဘိုလန်နှင့် နာ့(ခ်)တို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဘိုလန်က နာ့(ခ်)ကို တံတောင်ဖြင့်တွတ်ပြီး ငြိမ်လေးနေရန် သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘တကယ်လို့ အမေရိကန်တွေပြန်ရောက်မလာရင် ဘယ်လိုလုပ်ကြမလဲ၊ တိုက်ဂါးတွေကတော့ သူတို့ကို မြေလှန်ပြီးရှာကြမှာပဲ’

လူတစ်ယောက်က သူ့ထင်မြင်ချက်ကို ဝင်ပြောလိုက်သည်။

‘အခုလောက်ဆိုရင် သူတို့ဟာ အသက်တောင်ရှိကြလိမ့်မယ် မထင်မိပါဘူးဗျာ’

အခြားတစ်ယောက်က ဝင်ပြောလိုက်ပြန်သည်။

‘မပူပါနဲ့ သူတို့ပြန်ရောက်လာမှာပါ၊ ဒုတိယရောက်လာတဲ့ အမေရိကန်ကို တိုက်ဂါတွေက လက်ရဖမ်းနိုင်ကြမှာမဟုတ်ပါဘူး၊ ဘုရားကျောင်းဝင်းထဲကတိုက်ပွဲမှာ သူ့ရဲ့စွမ်းရည်သတ္တိကို ကျွန်တော်သဘောပေါက်ထားပြီးပြီဗျ’

လီဆိုသူက ပြောလိုက်သည်။

‘ဟုတ်တယ်၊ သူဟာ တကယ့်တိုက်စစ်မှူးကောင်း တစ်ယောက်ပါပဲ’

ရွာလူကြီး ဗန်ကီက ဝင်ပြီးထောက်ခံလိုက်သည်။

‘ဒါကြောင့် သူပြန်ရောက်လာမယ်လို့ ကျွန်တော်ပြောတာပေါ့ဗျာ’

‘ဒါပေမယ့် တိုက်ဂါးတွေရဲ့ လက်ထဲကိုတော့ သူ့ကိုထည့်မပေးနိုင်ဘူး’

လီက ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။



ဗန်ကီက ပြတ်သားစွာငြင်းဆိုလိုက်သည်။

‘ဒါတော့ ဘယ်ဖြစ်ပါမလဲဗျာ’ [illegible]သည်။

‘ဒီလိုတော့ မလုပ်နိုင်ဘူး၊ ဒါဟာ သစ္စာဖောက်တာပဲဗျ’

ဗန်ကီက မကျေမနပ်ဖြင့် ပြန်ပြောလိုက်သည်။

‘သစ္စာဖောက်တာ ဟုတ်လား၊ ဗီယက်နမ်စစ်ပွဲတုန်းက အမေရိကန်တွေဟာ ကျွန်တော်တို့ကို ဘယ်လိုအပ်သွားခဲ့တယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား၊ ဒီတော့ ကျွန်တော်တို့ရဲ့ လုပ်ရပ်ကို သစ္စာဖောက်တယ်လို့ဆိုနိုင်မလားဗျ’

လီက အတိုက်အခံပြောလိုက်ပြန်သည်။

‘ဟုတ်တယ် ဒါဟာသစ္စာဖောက်တာပဲ’

ဘိုလန်၏ ခအောင်မြင်ခန့်ညားသောအသံကြီးက ပရိသတ်နောက်ဖက်မှဟိန်း၍ထွက်ပေါ်လာသည်။

လူအားလုံး၏မျက်နှာများက အနောက်ဘက်သို့လှည့်လာကြသည်။

ဘိုလန်က ရွာလူကြီးများစည်းဝေးနေရာဆီသို့လျှောက်သွားလိုက်သည်။

‘ဟုတ်တယ် ဒါဟာသစ္စာဖောက်တာပဲ၊ နိုင်ငံရေးဟာ အင်မတန်ညစ်ပတ်စုတ်ပဲ့တဲ့ လုပ်ငန်းဆိုတာ ကျွန်တော်တို့ အားလုံး သိတာပေါ့ဗျာ’

ဘိုလန်ကဆက်ပြီးပြောလိုက်သည်။

ဗီယက်နမ်စစ်ပွဲတုန်းက အမေရိကန်စစ်သားတွေထင်တိုင်းကြဲသွားကြသည်ကို သူအသိဆုံးပင်ဖြစ်သည်။ သို့သော်ထိုကိစ္စမှာ နိုင်ငံရေးသာဖြစ်သည်။ ယခုသူတို့ထမ်းဆောင်နေရသည်မှာ ကမ္ဘာနှင့်အဝှမ်း ဆိုးကျိုးပေးနိုင်သော မူးယစ်ဆေးဝါး

www.burmeseclassic.com

www.burmeseclassic.com



…သည်။ ထို့ကြောင့် ထိုကိစ္စနှစ်ခုကို …ပန်ကာသဘောအပေါက်ထားပြီးဖြစ်သည်။

'တကယ်လို့ အ… လုပ်ကြမလဲ၊ …ဘို့အတွက် မှာထားတဲ့လက်နက်တွေနဲ့ငွေတွေဟာ ကြမှာ… ညသန်းခေါင်ယံအချိန်ရောက်ရင် ဝပီးရစ်တောင်ကြားထဲကို လေထီးနဲ့ချပေးလိမ့်မယ်၊ ဒီနေရာကို တိုက်ဂါးတွေ ဘယ်တော့လောက်ရောက်လာမှာလဲ'

ဘိုလန်က ဗန်ကီကိုလှမ်းကြည့်ရင်းမေးလိုက်သည်။

'နောက်လေးနာရီလောက်ကြာရင် ရောက်လာတော့မယ်၊ အခုဆိုရင် သူတို့ဟာ နမ်သာလမ်းမပေါ်မှာ ရောက်နေပြီ၊ ကျွန်တော်တို့လွှတ်ထားတဲ့ ဆက်သား ကင်းသမားတွေဆီက သိရတာပေါ့ဗျာ'

ဗန်ကီက ပြန်ဖြေလိုက်သည်။

'ခင်ဗျားတို့ဆီက လက်နက်တွေရောက်မလာခင်မှာ ကျွန်တော်တို့ရဲ့ရွာဟာ မီးဟုန်းဟုန်းတောက်ပြီး ပြာကျသွားမှာ သေချာတယ်'

လူတစ်ယောက်က ဘိုလန်ကိုလှမ်းပြောလိုက်သည်။

'ဒီလိုဖြစ်လာမှာ သေချာတာပေါ့ဗျာ'

ပါအိုက ဝင်ပြီး ခပ်ပေါ့ပေါ့လေးပြောသည်။

ဘိုလန်က ပါအိုကို စူးစိုက်ကြည့်ပစ်လိုက်သည်။

'ကျွန်တော်က ဆက်ပြီးဆွေးနွေးရမှာလား၊ ဒါမှမဟုတ် ပြန်ရမှာလား'



'ဆက်ပြီးဆွေးနွေးပါခင်ဗျာ'

လူတွေက ဘိုလန်ကို ဝိုင်းပြီးတိုက်တွန်းလိုက်ကြသည်။

ဘိုလန်က ရွာလူကြီးဖက်ကိုလှည့်လိုက်သည်။

'ရောက်လာမယ့် တိုက်ဂါးတွေဟာ လူအင်အား ဘယ်လောက်ရှိနေသလဲ'

'လူနှစ်ရာရှိတယ်'

'သူတို့ဟာ ဘယ်လိုချီတက်လာကြမှာလဲ'

'ခြေလျင်လာကြလိမ့်မယ်'

'သူတို့ဆီမှာ သေနတ်တွေအပြင် နောက်ထပ် လက်နက်တွေပါလာဦးမှာလား'

'လက်ပစ်ဗုံးတွေအပြင် မီးလောင်ဗုံးတွေ ပါလာကြလိမ့်မယ်'

'ကျွန်တော်တို့ဆီမှာကော ဘာလက်နက်တွေရှိသလဲ'

'လုပ်သေနတ်တွေ၊ ဒူးလေးတွေနဲ့ ရိုင်ဖယ်သေနတ် ဆယ့်သုံးလက်ပဲရှိတယ်'

'ဆယ့်သုံးလက်ထဲ ဟုတ်လား၊ ဘုရားရှိခိုးကျောင်းဝင်းထဲက ကျွန်တော်တို့သိမ်းလာတဲ့ သေနတ်တွေဟာ အလက်လေးဆယ်တောင်ရှိနေတာပဲ'

ဘိုလန်က မယုံကြည်နိုင်သလိုဗန်ကီကိုပြန်မေးလိုက်သည်။

ဗန်ကီက ဘာမှပြန်မပြောနိုင်ဘဲ အံကိုကြိတ်ပြီး ခေါင်းငုံ့စိုက်ချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ ရောင်းစားပစ်လိုက်တယ်'

ကျေးရွာခေါင်းဆောင်အဖွဲ့ဝင်တစ်ယောက်က ဇန်ကီကို လက်ညှိုးငေါက်ငေါက်ထိုးပြပြီး ပြောလိုက်သည်။

'ဘာဖြစ်လို့ ခင်ဗျားက ဒီလိုအလွဲသုံးစားလုပ်လိုက်ရတာလဲဗျ'

ဘိုလန်က ဒေါသဖြင့် ဇန်ကီကို ဟောက်ပစ်လိုက်သည်။

'ကျွန်တော်တို့ရွာကိုအပြန် လမ်းမှာ ယာအိုလူမျိုးစုတွေနဲ့တွေ့ခဲ့တယ်၊ သူတို့က သေနတ်တွေကို ဈေးကောင်းကောင်းနဲ့ဝယ်ဖို့ ကမ်းလှမ်းကြတယ်၊ ကျွန်တော်ကလဲ ဒီနေ့ည လက်နက်တွေ ထပ်ပြီးရောက်လာမှာပဲဆိုပြီး ရောင်းလိုက်မိတယ်ဗျာ'

ဇန်ကီက ဘိုလန်ကို မျက်နှာချင်းမဆိုင်ရဲဘဲ မျက်လုံးလွှဲပြီး ပြန်ဖြေလိုက်သည်။

'ကျွန်တော်တို့ ရွာကလူတွေ ဒုက္ခရောက်ရင် သူ့တာဝန်ပဲဗျ'

ခေါင်းဆောင်အဖွဲ့ဝင်တစ်ယောက်က ဝင်ပြောလိုက်ပြန်သည်။

တစ်ခန်းလုံး ဘာမှဆက်မပြောနိုင်ဘဲ အတန်ကြာအောင် တိတ်ဆိတ်သွားတော့သည်။

'ဒီမှာ မစ္စတာလူဖြူ၊ ဒီကိစ္စတွေဖြစ်လာအောင် ဖန်တီးခဲ့တာဟာ ခင်ဗျားပဲ၊ ကျွန်တော်တို့လက်ထဲမှာရှိတဲ့ ရိုင်ဖယ်



သေနတ် သေးဆယ့်လေးလက်နဲ့ လူအင်အား နှစ်ရာရှိတဲ့ တိုက်ဂါးတပ်ဖွဲ့ကို ရင်ဆိုင်မယ်ဆိုရင် အားလုံးဒုက္ခရောက်သွားမှာပေါ့ဗျာ၊ ဒီတော့ ကျွန်တော်တို့ဟာ တိုက်ဂါးတွေကို စေ့စပ်ဆွေးနွေးနိုင်ဖို့ အခွင့်အရေးတစ်ခုဘဲ ရှိတော့တယ်၊ ခင်ဗျားလိုပြောရမယ်ဆိုရင် နိုင်ငံရေးဆိုတာ အင်မတန်မှ ညစ်ပတ်စုတ်ပြတ်တဲ့ လုပ်ငန်းတစ်ခုဘဲ မဟုတ်လားဗျာ....'

လီက ဘိုလန်ကို ခနဲ့တဲ့တဲ့ပြောပစ်လိုက်သည်။

လီ၏စကားက ဟုတ်မှန်သလိုဖြစ်နေသည်မို့ ဘိုလန်က ဘာဆက်ပြောရမှန်းမသိနိုင်လောက်အောင် ဖြစ်သွားရသည်။

'ခင်ဗျားပြောသလို တိုက်ဂါးတွေကိုသွားပြီး စေ့စပ်ပြောဆိုလို့ရနိုင်ပါ့မလားဗျာ၊ သူတို့ဟာ ခင်ဗျားတို့ရွာကို ဘယ်နည်းနဲ့မဆိုဝင်တိုက်ပြီး လူတွေကိုဖမ်းမှာသေချာတယ်'

ဘိုလန်က လီကိုလှမ်းပြောလိုက်သည်။

'တိုက်ဂါးတွေဟာ လူလည်တွေပါဗျာ၊ ကျွန်တော်တို့ရဲ့ ရွာကို မီးရှို့ဖျက်ဆီးလိုက်ရင် သူတို့အတွက် ဘိန်းစိုက်ပေးမယ့်လူတွေ မရှိနိုင်တော့ဘူးဆိုတာ သူတို့ကောင်းကောင်းသိထားတာပေါ့'

လီက အတိုက်အခံပြောပြီး ပြန်လည်ချေပလိုက်သည်။

'တိုက်ဂါးတွေဟာ ဒီလိုဘိန်းခင်းတွေလောက်သုံးရှုံးတာမျိုးကို စာမဖွဲ့ဘူးဗျ၊ သူတို့ကို ဂလန်ဂဆန်လုပ်တဲ့လူတွေကို အပစ်ပေးရင်းကျေနပ်ကြတဲ့လူစားမျိုးတွေဗျ'

ဘိုလန်က လီကိုရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်အထိတော့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့ကို ဒဏ်ကြေးလောက်ဘဲဆောင်ခိုင်းမှာပါဗျာ'

'ခင်ဗျားစကားက အဓိပ္ပာယ်မရှိပါဘူး၊ တခြားတောင်ပေါ်သားတွေ သူတို့ကိုမလှုံ့နိုင်အောင် ခင်ဗျားတို့ကို တိုက်ဂါးတွေက စံနမူနာအနေနဲ့ ရက်ရက်စက်စက် အပစ်ပေးကြလိမ့်မယ်'

ဘိုလန်က စကားကိုရပ်ပစ်လိုက်ပြီး ဗန်ကီဖက်သို့ လှည့်ကြည့်လိုက်သည်။

'ခင်ဗျား၇ဲ့ဆင်တစ်ကောင် ကျွန်တော့်ကိုငှားနိုင်မလား'

ဘိုလန်၏မေးခွန်းကို ဗန်ကီက ခေါင်းညိတ်ပြလိုက်သည်။

ညအမှောင်ထုကို လမင်းက ထိန်ထိန်သာလျက် အုံ့တုံ့ဖုံးခွင်းနေသည်။ ဘိုလန်က တိုက်ဂါးများအလာကို ဆင်ပေါ်မှ စောင့်နေလိုက်သည်။ သူရောက်နေသည့်နေရာမှာ သစ်ပင်များ၏ အကာအကွယ်နောက်တွင်ရှိပြီး နမ်သာလမ်းမနှင့်ဆိုလျှင် ကိုက်နှစ်ရာခန့် ဝေးကွာလျက်ရှိသည်။

တိုက်ပွဲဝင်ဖို့ အားလုံး အဆင်သင့်ရှိနေပြီဖြစ်သည်။

ဝါးချွန်ခြောက်ထောင်ကို ရွာသူအမျိုးသမီးများက ချွန်ပေးကြပြီး ကလေးများက ထိပ်ပိုင်းကို အဆိပ်ရည်ပုံးအတွင်းသို့ နှစ်ပေးခဲ့ကြသည်။ ရွာသားများက တိုက်ပွဲဝင်ရန် သူ့နေရာနှင့်သူ အဆင်သင့်ရှိနေကြသည်။

ဘိုလန်က တောင်ပေါ်သားဝတ်စုံ အနက်ရောင်ကို ဝတ်ဆင်ထားပြီး ဗန်ကီလက်ဆောင်ပေးထားသော ငွေလည်ပတ်ကို ဝတ်ဆင်ထားသည်။ သူစီးသော ဆင်ကြီးမှာ ကိုယ်



အလေးချိန် ကိုးတန်ခန့်ရှိသည်။ အရပ်မှာ ဆယ်ပေမြင့်မားပြီး ခြေထောက်ကြီးများက သစ်ပင်၏ပင်စည်များကဲ့သို့ ကြီးမားတုတ်ခိုင်လှသည်။

ဆင်ဦးစီးက လေချွန်သံပေးလိုက်ချိန်တွင် ဆင်ကြီးက သစ်ပင်များအကွယ်မှ အပြင်သို့ထွက်သွားလိုက်သည်။ ဆင်စီးက လက်ထဲတွင်ပါလာသော ဆန်ပြုတ်များထည့်ထားသည့်ပုံးကို ဆင်ကြီးရှေ့တွင်ချပေးလိုက်သည်။ ဆင်ကြီးက အားလုံးကုန်စင်သွားအောင် သောက်ပစ်လိုက်သည်။ ဆင်ဦးစီးက ပုံးကို ဘေးသို့တွန်းဖယ်ပြီး ဆင်ကြီးကို တစ်စုံတစ်ခုပြောလိုက်သည်။ ဆင်ကြီးက ရှေ့ခြေကိုကွေးပြီး ရှေ့သို့ထုတ်လိုက်သည်။ ဆင်ဦးစီးက ထိုခြေထောက်ပေါ်မှတစ်ဆင့် ဆင်ပေါ်သို့ တွယ်တက်လာခဲ့သည်။

'တိုက်ဂါးတွေ မကြာခင်ရောက်တော့မယ်'

ဆင်ဦးစီးက ဘိုလန့်ကိုလှည့်ပြောပြီး စီးကရက်တစ်လိပ်ကို ထုတ်ယူသည်။ ဘိုလန်က သူ့ကိုမီးခြစ်ဖြင့် မီးတို့ပေးလိုက်သည်။

'ရွာလူကြီးက ဘယ်ရောက်နေသလဲ'

ဘိုလန့်က မေးလိုက်သည်။

'လာနေပါပြီ'

ဆင်ဦးစီးက ပြန်ဖြေသည်။

ညအမှောင်ထုအတွင်း တောအုပ်ထဲမှတောသတ္တဝါများ၏ အသံတို့က ထွက်ပေါ်လျက်ရှိနေသည်။

မကြာမီ ဇီးကွက်အော်သံတစ်ခု ထွက်ပေါ်လာသည်။ ဆင်ဦးစီးကလည်း ငှက်သံမျိုးဖြင့် လေချွန်ပြီး ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးလိုက်သည်။ ရွာလူကြီးကဖိနပ်မပါဘဲ သေနတ်ကို ကိုင်ရင်းရောက်လာသည်။

အောင်ပေါ်သားများကလည်း ဖိနပ်ချွတ်ပြီး အဆင်သင့် ဖြစ်လိုက်ကြသည်။ ဆင်ဦးစီးက ရွာလူကြီးအား ဆင်၏ နောက်ဖက်သို့သွားရန် အချက်ပြလိုက်သည်။ ဆင်ကြီးက နောက်ခြေကို မြှောက်လိုက်သည်။ ရွာလူကြီးက ဆင်ပေါ်သို့ တွယ်တက်လာခဲ့သည်။

'မကြာခင်မှာ တိုက်ဂါးတွေ ရောက်လာတော့မယ်'

ဗန်ကီက စီးကရက်ကိုမီးညှိရင်း ဘိုလန်ကို ပြောလိုက်သည်။

'နာ(ခ်)က နေခဲ့သလား'

'ဟုတ်တယ်'

ဘိုလန်က ကောင်းကင်သို့ မော့ကြည့်လိုက်သည်။

'ကျွန်တော်တို့အတွက်တော့ ဘာပြဿနာမှ ဖြစ်လာမှာ မဟုတ်ပါဘူးဗျာ'

တိမ်စင်သောလမင်းက ထိန်ထိန်သာလျက်ရှိသည်။ ညဉ့်လေကလည်း တသုန်သုန်တိုက်ခတ်နေသည်။

'တကယ်လို့များ ကျွန်တော့်လူတွေက ခင်ဗျားတို့ကို ဖမ်းဆီးဖို့ ကြိုးစားလာခဲ့ရင် ဘယ်လိုလုပ်မလဲ'

ရွာလူကြီးက ဘိုလန်ကို အကဲစမ်းသလို မေးလိုက်သည်။

'ဒါဆိုလဲ သူတို့ကို ကျွန်တော့်ဆီလွှတ်လိုက်ပေါ့ဗျာ၊



ကျွန်တော်က သတ်ပစ်လိုက်မှာပေါ့'

ဘိုလန်က ပြောင်ကျကျ ပြန်ဖြေလိုက်သည်။

ဆက်သားလွှတ်ထားသူတစ်ယောက်က မြင်းဖြင့် ရောက်လာသည်။ တိုက်ဂါးရဟတ်ယာဉ်တစ်စင်းက ချီတက်လာသော တိုက်ဂါးတပ်ဖွဲ့အနီးသို့ ဆင်းသက်လာပြီး လူဖြူသုံးယောက်ကို ချပေးခဲ့ကြောင်း။ ယင်းလူဖြူများက တပ်ဖွဲ့နှင့်ပူးပေါင်းပြီး ပါလာကြောင်း သတင်းပို့လိုက်သည်။

ဘိုလန်က ဗန်ကီကို လှည့်ကြည့်လိုက်သည်။

'အစည်းအဝေးလုပ်တဲ့ ဟာချီနဲ့ ဟန်းဂ ခင်ဗျားဟာ ကျွန်တော့်ရဲ့အခက်အခဲကို ကူညီ ဖြေရှင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'ဒါကတော့ သဘောကူညီချက်ယူပြီး လုပ်ထားတာပဲဗျာ လီနဲ့ပါအိုတို့ဟာ အလကားကောင်တွေပါ။ ဗီယက်နမ်စစ်အတွင်းတုန်းက ပွဲပေါက်ကြခဲ့ကြတဲ့ကောင်တွေပေါ့။ အခုမှ အမေရိကန်တွေကို သူတို့က တောင်ပြော မြောက်ပြော ပြောနေကြတာဗျာ'

ဗန်ကီက ပခုံးကိုတွန့်ပြီး ပြောလိုက်သည်။

'ကျွန်တော်တို့သွားပြီး လေ့လာကြည့်ကြရင်ကောင်းမယ် ထင်တယ်'

ဗန်ကီကလက်မှ နာရီကို ငုံ့ကြည့်ပြီး ပြောလိုက်ပြန်သည်။

ဘိုလန်က တိုက်ဂါးတပ်ဖွဲ့ရောက်လာမည့် အချိန်ကို စိတ်ထဲမှ တွက်ချက်ကြည့်နေသည်။ သူ့နာရီမှာ တိုက်ဂါးတွေနှင့် အဖမ်းခံခဲ့ရစဉ်က အသိမ်းခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်နှင့်ဗန်ကီတို့က ဆင်ပေါ်မှဆင်းပြီး လမ်းဘေးသို့ လျှောက်သွားကြသည်။ သစ်ပင်နှင့်ပင်၏ အကွာအဝေးကို ဘိုလန်က တွက်ချက်ကြည့်သည်။ ထို့နောက် ထိုအကွာအဝေး အတိုင်း တိုက်ဂါးတပ်ဖွဲ့ ချီတက်လာမည့် နှုန်းထားဖြင့် လျှောက်ကြည့်ပြီး အချိန်ကိုမှတ်လိုက်သည်။

ယခုလက်ရှိ တိုက်ဂါးတပ်ဖွဲ့ရောက်နေသည့်နေရာနှင့် သူတို့၏နေရာ ကြားအကွာအဝေးကို တွက်ချက်ကြည့်လိုက်သည်။ နောက်ဆုံးတွင် တိုက်ဂါးအဖွဲ့ ရောက်လာတော့မည့် အချိန်ပိုင်းကို ဘိုလန်က ခန့်မှန်းနိုင်သည်။ ယခုအတိုင်းဆိုလျှင် တိုက်ဂါးများရောက်လာဖို့ အချိန်က သိပ်မဝေးတော့ကြောင်း သူ သဘောပေါက်မိသည်။ ထို့ကြောင့် တောင်ပေါ်သားများကို နေရာတကျချပြီး ဗန်ကီနှင့်အတူ နေရာသို့ အမြန်ပြန်လာခဲ့သည်။

တောအုပ်အတွင်း၌ နှစ်ရက်ခန့် မိုးမရွာခဲ့သောကြောင့် ခြောက်ကပ်လျက်ရှိသည်။ ခြင်တစ်ကောင်မှ အကိုက်မခံရပေ ပတ်ဝန်းကျင် တစ်ခုလုံးကလည်း တိတ်ဆိတ်ခြောက်ကပ်နေသည်၊ ယုတ်စွအဆုံး ညဉ့်ငှက်သံလေးများကိုပင် မကြားရပေ။

တိုက်ဂါးသုံးယောက်က ရှေ့ပြေးအဖြစ် ခြေသံလုံအောင် နင်း၍ လျှောက်လာသည်။ သူတို့လက်ထဲတွင် ပြောင်းတိုသေနတ် များကအဆင်သင့် ရှိနေသည်။ တိုက်ဂါးတပ်ဖွဲ့က နောက်မှ ဆက်၍ပါလာသည်။ ရှေ့ဆုံးမှ လူနှစ်ယောက်က အမ်ဆဲဗင်း တီးနိုင်း နှစ်လက်ကို ကိုင်ထားကြသည်။ ထို့နောက် ရိုင်ဖယ် ကိုင် တပ်သားအချို့နှင့် အရာရှိတစ်ယောက်၊ ရေဒီယိုဆက်



သွယ်ရေးသမားတစ်ယောက်၊ သူ့နောက်မှ မရှင်းဂန်းသမား တစ်ယောက်နှင့် မီးလောင်းဗုံး များသယ်ယူလာသူတို့ လိုက် ပါလာသည်။ သူတို့နောက်တွင် မှန်ပြောင်းလွယ်လာသော ကွန်မင်ဒါက ရှိနေသည်။

ကွန်မင်ဒါ၏ နောက်မှ လူဖြူသုံးယောက်က ကပ်၍လိုက် လာသည်။ နှစ်ယောက်က ဂေါက်သီးရိုက် ပတ်စုံကို ဝတ် ထားပြီး ပုခုံးတွင် အမ်ဆယ့်ခြောက် သေနတ်များကို လွယ် ထားသည်။ သူတို့မျက်နှာများတွင် ချွေးတွေသီးနေပြီး မောပန်း နွမ်းနယ်နေဟန်ရှိကြသည်၊ ကျန်တစ်ယောက်က အမဲလိုက် ဝတ် စုံနှင့် တောစီး ဖိနပ်ကို စီးထားသည်။ သူ့လက်ထဲတွင် ရိုင်မင် တန်ဒတာပင်သေနတ်ကို ကိုင်ထားသည်။ ထိုသူမှာ ဖန်ဒတာ ပင်ဖြစ်သည်။ နယူးယောက်မြို့တော်ရှိ မူးယစ်ဆေးဝါးဂိုဏ်း ရာဇာတစ်ဦးလည်း ဖြစ်သည်။

ဘိုလန်က တိုက်ဂါးတပ်ဖွဲ့မှ လူအားလုံးဖြတ်ကျော် သွားချိန်အထိ စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်နေလိုက် သည်။ ထို့နောက် ဆင်ဦးစီးကို နောက်မှလိုက်ရန် အမိန့်ပေး လိုက်သည်။

"အာယူး"

ဆင်ဦးစီးက မိယိုဘာသာ စကားဖြင့်တိုက်ပွဲဝင်ရန်အော် ဟစ်လိုက်သည်။

ပုန်းကွယ်၍ စောင့်ဆိုင်နေကြသော တောင်ပေါ်သား တွေ၏ သေနတ်သံများက ဆူညံစွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အငိုက်မိခံလိုက်ရသော တိုက်ဂါးတွေကလည်း ပြန်လည် ပစ်ခတ်လိုက်ကြသည်။

ဘိုလန်တို့၏ ဆင်ကြီးက တိုက်ဂါးတပ်ဖွဲ့ဆီသို့ ပြေးလွှား တိုးကပ်သွားသည်။ တစ်ဖက်မှပစ်ခတ်လိုက်သော ကျည်ဆန် တစ်ခုက ဆင်ကြီး၏နားရွက်များကို ထိသွားသည်။ ဆင်ကြီးက ပြေးလွှားနေသော တိုက်ဂါးများကို ဒေါသတကြီးဖြင့် လိုက်နင်းပစ်လိုက်သည်။ ဆင်နင်းခံရပြီး မချိမဆန့် အော်ဟစ်သူများ၏ အသံများကဆူညံစွာထွက်ပေါ်လာသည်။ အဆိပ်လူးဝါးချွန် စာမိသွားကြသော တိုက်ဂါးများမှာလည်း အတုံးအရုံး ကျဆုံးကုန်ကြတော့သည်။

မကြာမီ ဖယောင်းတိုင်ဓာတ်မီးအရောင်များက တောအုပ်အတွင်းမှ ရုတ်တရက်ထွက်ပေါ်လာသည်။ ဓါးကိုယ်စီ ကိုင်ထားသော ရွာသားများဖြစ်ကြသည်။ မသေမရှင်ဖြင့် ကျန်ရစ်ခဲ့သော တိုက်ဂါးများကို ကိစ္စတုံးပြီး သေနတ်များကို လိုက်လံ သိမ်းဆည်းကြခြင်းပင်ဖြစ်သည်။

တိုက်ပွဲက အဆုံးသတ်သွားပြီမို့ အော်ဟစ် ပြောဆိုနေကြသော ရွာသူတို့၏ အသံများကသာ ထွက်ပေါ်လျက်ရှိသည်။

"တိုက်ပွဲကတော့ ပြီးသွားပြီဗျ၊ တိုက်ဂါးတွေလည်း အားလုံးကိစ္စချောသွားပြီ"

ဆင်ဦးစီးက စီးကရက်ကို မီးညှိသောက်ရင်း ဘိုလန်ကို ပြောလိုက်သည်။



"တိုက်ဂါးတွေက ဘယ်ကုန်ဦးမှာလည်း၊ သူတို့စခန်းမှာ နောက်ထပ်တပ်ဖွဲ့တွေ ရှိနေသေးတယ်"

ဘိုလန်ကပြန်ပြော လိုက်သည်။

"သူတို့အားလုံးကိုလဲ မျိုးပြုတ်ပစ်ရမှာပဲဗျ၊ ယန်နန်ထိရောက်အောင် သွားတိုက်ပစ်လိုက်မယ်"

ဆင်ဦးစီးက အက်ကြစွာ ပြောလိုက်သည်။

ယန်နန်မြို့တွင် မီယိုလူမျိုး ငါးသန်းခန့်နေထိုင်ပြီး တိုက်ဂါး မတရား သိမ်းပိုက်ထားခြင်းကို ခံထားရသည်။

ရုတ်တရက် ရိုမင်တန်အမျိုးအစား သေနတ်သံတစ်ချက်ကို ဘိုလန်ကြားလိုက်ရသည်။ ကျည်ဆန်မှာ တောအုပ်အတွင်းရှိ သစ်ပင်များအကြားမှ ထွက်လာခြင်းဖြစ်ကြောင်း သိသဘောပေါက်လိုက်သည်။ ရိုမင်တန် သေနတ်ကို ကိုင်သူမှာ ဖန့်စတာ တစ်ယောက်သာရှိသည်။ ကျည်ဆန်ထိမှန်မှုကြောင့် ဆင်ဦးစီးမှာ ပြုတ်ကျသွားသည်။ ဆင်ကြီးက သေနတ်သံလာရာ သစ်ပင်များစီသို့ ဒေါသ တကြီးလှည့်ပြီး ပြေးသွားသည်။ ဘိုလန်က သူ့ခေါင်းပေါ်မှ သစ်ကိုင်းများ မရိုက်မိစေရန် အတတ်နိုင်ဆုံးငုံ့ပြီး ရှောင်နေရသည်။ အရုပ်ရှည်ရှည် မျက်နှာဖြူတစ်ယောက်က တောအုပ်အတွင်းသို့ လှည့်ပြီး ဝင်ပြေးသွားသည်ကို ဘိုလန်က ရုတ်တရက် တွေ့လိုက်ရသည်။

ဆင်ကြီးက လမ်းတွင်ပိတ်ဆို့နေသော သစ်ပင်ချုံနွယ်များကိုချိုးဖွဲ့ ဖျက်ဆီးရင်းနောက်မှ ပြေးလိုက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သစ်ပင်ပါးရာ အရပ်သို့ရောက်လာသည်။ မိုလုမိုခင် ဖြစ်လာသော ဖန်စတာကို ဆင်ကြီးက နောက်မှ နှာမောင်းဖြင့် ရစ်ပတ်လိုက်ပြီး လေထဲသို့ မြှောက်တင်ထားလိုက်သည်။

"ကျွန်တော့်ကို ကယ်ကြပါဦး"

ဖန်စတာက ကြောက်အားလန့်အားဖြင့် ဘိုလန်တို့ကို အကူအညီတောင်းလိုက်သည်၊

ဘိုလန်က သရောင်အောက်မှ တွေ့နေရသည့် မြင်ကွင်းကို ဣန္ဒြေမပျက် ထိုင်ကြည့်နေသည်။ ဆင်ကြီးက ဖန်စတာ၏ခန္ဓာကိုယ်ကို လေထဲသို့ မြှောက်လွှင့်ပစ်လိုက်သည်။ ဖန်စတာမှာ မြေကြီးပေါ်သို့ ခွေးကျ၊ ဝက်ကျပြန်ကျသွားပြီး အော်ဟစ်ညည်းညူနေသည်။ ဆင်ကြီးက ဖန်စတာ၏လက်တစ်ဖက်ကို နင်းခြေပစ်လိုက်သည်။ ငယ်သံပါအောင် အော်ဟစ်လိုက်သော ဖန်စတာ၏အသံက ညဉ့်ယံ၏တိတ်ဆိတ်ခြင်းကိုဖောက်ထွင်းထွက်ပေါ်လာသည်။ ထို့နောက် ဆင်ကြီးက ဖန်စတာကို အရိုးတခြား အသားတခြားဖြစ်အောင် နင်းခြေပစ်လိုက်တော့သည်။

သစ်ပင်များအတွင်းမှ ငှက်အော်သံလို လေချွန်သံပေးရင်း ဆင်ဦးစီးက ထွက်လာသည်။ ဆင်ကြီးက သူ့သခင်၏ အသံကြားလိုက်ရ၍ အားရဝမ်းသာ အော်ဟစ်ပြီး အနားသို့ တိုးကပ်သွားသည်။ ဆင်ဦးစီးက ဘိုလန်ရှိရာ ဆင်ပေါ်သို့ တက်လာသည်။ ပခုံးကို ဆုပ်ကိုင်ထားသော သူ့လက်မှာ သွေးချင်းချင်းနီနေသည်။



'ကျည်ဆန် ဖောက်ထွက်သွားတယ်ဗျ'

ဆင်ဦးစီးက သူ့ဒဏ်ရာအကြောင်း ဘိုလန်ကို ပြောပြလိုက်

'ကျွန်တော် စစ်ဆေးကြည့်လိုက်ပါရစေဦး'

ဘိုလန်က မီးခြစ်ဖြင့် ဒဏ်ရာအနေအထားကို လေ့လာကြည့်ရှုလိုက်သည်။

'ဟိုအောက်မှာ ဆင်နင်းခံရပြီး မချိမဆန့်သေနေတာဘယ်သူလဲ'

ဆင်ဦးစီးက ဖန်စတာ၏ အလောင်းကို မေးငေါ့ပြပြီး မေးလိုက်သည်။

'လူဆိုးတစ်ယောက်ပဲ ဆိုပါတော့ဗျာ၊ ကဲ ကျွန်တော်တို့ရွာကို အရောက်ပြန်ကြမယ် ဟိုရောက်ရင် ခင်ဗျားရဲ့ဒဏ်ရာကို ပတ်တီးစည်းပေးရဦးမယ်'

ဘိုလန်က ဆင်ဦးစီးကို သွားဖို့လာဖို့ပြောလိုက်သည်။

'လေထီးနဲ့ ချပေးမယ့် ပစ္စည်းတွေကောက်ဖို့ နောက်ကျသွားမယ်လို့ ကျွန်တော်ထင်တယ်'

ဆင်ဦးစီးက စိတ်မကောင်းဟန်ဖြင့် ပြောလိုက်သည်။

'အဲဒီပစ္စည်းတွေထက် ခင်ဗျားက ပိုအရေးကြီးတာပေါ့ဗျာ'

ဘိုလန်၏စကားကြောင့် ဆင်ဦးစီးက ကျေနပ်သွားသည်။

'ပိုင်း'

www.burmeseclassic.com

www.burmeseclassic.com



မိယိုဘာသာစကားဖြင့် 'သွားမယ်'ဟု ဆင်ဦးစီးကနေ့ဒေ့ာ် လိုက်ချိန်တွင် ဆင်ကြီးက ရှေ့ဖက်သို့ တစ်လှမ်းချင်းလှမ်းထွက်ခွာ လာခဲ့တော့သည်။

## အခန်း(၈)

လက်တစ်ဆုပ်စာရှိသော မြင်းစီးသမားများက လက်နှိပ် တ်မီးရောင် အားကိုးဖြင့် ခရီးနှင်လျက် ရှိကြသည်။ ထိုအဖွဲ့ ရှာ့လူကြီး ဗန်ကီက ရှေ့မှ ဦးဆောင်ထားသည်။ တော ပ်အတွင်းမှ ဖြတ်သန်းသွားပြီးနောက် မကြာမီ မြက်ခင်း းထပ်ရာ လွင်ပြင်တစ်ခုဆီသို့ ရောက်လာကြသည်။

လွင်ပြင်၏ အခြားတစ်ဖက်တွင် တောင်ကုန်းတောင်တန်း းက တည်ရှိနေသည်။ မိနစ်နှစ်ဆယ်ခန့် ခရီးပေါက်လာချိန် င်မြင့်မားမတ်စောက်သော တောင်ကုန်းမြင့်ကြီးပေါ်သို့တက် ွားကြသည်။ မကြာမီတောင်ကြောတစ်ခုပေါ်သို့ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုမှတဆင့် တောင်ကုန်းများကိုအတက်အဆင်းလုပ်ရင်း ခရီးဆက်လာခဲ့ကြသည်။ တောင်ကုန်းတစ်ခု၏ ထိပ်သို့ရောက်လာချိန်တွင် သူတို့က မြင်းများကိုရပ်တန့် လိုက်ကြသည်။

စပီးရစ် တောင်ကြားမှာ သူတို့အောက်တည့်တည့်တွင် ရှိပြီး မှောင်မည်းနေသည်။

'ဗိုလ်မှူးကြီး၊ ခင်ဗျားရဲ့လေယာဉ်တွေက ဘယ်မှာလဲဗျ' မန်ကီက ဘိုလန်ကိုလှည့်ပြီး မေးလိုက်သည်။

'ရာသီဥတုဆိုးရွားလို့ နောက်ကျတာဖြစ်မှာပေါ့ဗျာ' ဘိုလန်ကပြန်ပြောသည်။

'ကောင်းကင်ကြီးက ကြည်ကြည်လင်လင် ဖြစ်နေတာပဲ မဟုတ်လား'

'ဟုတ်ပါတယ်။ ဒါပေမယ့် သမုဒ္ဒရာကို ဖြတ်ပြီးလာရမှာဆိုတော့ အဲဒီနေရာမှာ မုန်တိုင်းက ရှိချင်ရှိမယ်လေ'

ဘိုလန်က စိတ်ရှည်ရှည်ထားပြီး ရှင်းပြလိုက်သည်။

'ကျွန်တော်တို့ ရောက်လာပါပြီ'

'အသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

လူအုပ်စု တစ်စုက ချုံပုတ်များအကြားမှ ထွက်လာကြသည်။ သူတို့လက်ထဲတွင် ဒူးလေးကိုယ်စီ ကိုင်ထားကြသည်။ နာ့(ခ်)က ဦးဆောင်ပြီး ခေါ်လာသော တောင်ပေါ်သားများဖြစ်သည်။

'လေယာဉ်တစ်စီး လာသွားတယ်။ ဒါပေမယ့် ဘာပစ္စည်းမှ မချပဲ ဆက်ထွက်သွားတယ်'



တောင်ပေါ်သားတစ်ယောက်က ရွာလူကြီးကို သတင်းပို့လိုက်သည်။

'ဘယ်တုန်း ရောက်လာတာလဲ'

ရွာလူကြီးက ပြန်မေးသည်။

'ပစ္စည်းချမယ့်နေရာကို ကျွန်တော်တို့ရောက်ပြီး မကြာခင်မှာ ရောက်လာတယ်'

တောင်ပေါ်သား၏ စကားကြောင့် ရွာလူကြီးက ဘိုလန်ကို အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်သည်။

'ဒါဟာ ကင်းထောက်လေယာဉ် တစ်စင်းဖြစ်နိုင်တယ်၊ ဒီတော့ နာ့(ခ်)ကိုမေးကြည့်ရင် ကောင်းလိမ့်မယ်'

ဘိုလန်၏ စကားအဆုံးတွင် သူတို့အုပ်စု တောင်ကြားထဲသို့ မြင်းဖြင့် ဆင်းသွားလိုက်ကြသည်။

တောင်ကြားလွင်ပြင် နေရာတွင် စခန်းချ ယာယီရွက်ဖျင်တဲတစ်လုံးရှိနေပြီး နာ့(ခ်)နှင့် ရွာလူကြီးအဖွဲ့ဝင်တစ်ယောက်တို့က မီးဖိုဘေးတွင် ထိုင်နေကြသည်။

နာ့(ခ်)က ဘိုလန်ကို တွေ့လိုက်ရသဖြင့် ထပြီးလျှောက်လာသည်။

'ဟောဒီတောင်ကြားဟာ နတ်ကြီးတယ်ဆိုပြီး တောင်ပေါ်သားတွေက ပြန်ကြမယ် လုပ်နေတယ်ဗျ၊ ကျွန်တော် သူတို့ကို မနည်းထိန်းထားရတယ်'

နာ့(ခ်)က ခရီးရောက်မဆိုက်၊ အခြေအနေကို တင်ပြလိုက်သည်။

'လေယာဉ်လာတယ်ဆို ဘယ်လိုဖြစ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က စူးစမ်းသလို မေးမြန်းလိုက်သည်။

'အဲ့ဒါဟာ ကျွန်တော်တို့ လေယာဉ် မဟုတ်ဘူးဗျ၊ ဂျက်တိုက်လေယာဉ် တစ်စင်းပဲ၊ အမြင့်ကြီးက ပျံသွားတယ်'

ဘိုလန်က မြင်းပေါ်မှဆင်းပြီး မြင်းကို ကြိုးချည်လိုက်သည်။

ဗန်ကီကိုဝိုင်းပြီး ဒေါသဖြင့် ရန်တွေ့နေကြသော ရွာလူကြီးအဖွဲ့ဝင်အချို့ကို ဘိုလန်က မီးဖိုမှ မီးရောင်ဖြင့် လှမ်းတွေ့လိုက်ရသည်။

ဘိုလန်နှင့် နာ့(ခ်)တို့က မြက်ခင်းရှိရာဖက်သို့ လျှောက်သွားလိုက်ကြသည်။ ထို့နောက်ထိုင်ပြီး စီးကရက် သောက်နေလိုက်ကြသည်။

တောင်ပေါ်သားတွေက အနောက်ဖက်ရှိ အိန္ဒိယသမုဒ္ဒရာဖက်သို့လှည့်ပြီး ငေးမော ကြည့်ရှုနေကြသည်။

'လေက အတိုက်ကြမ်းနေတယ်နော်'

'ဟုတ်တယ်'

ဘိုလန်က နာ့(ခ်)၏စကားကို ထောက်ခံလိုက်သည်။

လေပြင်းကြောင့် မကြာမီ တိမ်များရောက်ရှိလာတော့မည်ဟု ဘိုလန် နားလည်လိုက်သည်။ ထိုအခြေအနေမျိုးတွင် လေယာဉ်ပစ္စည်းချရမည့်နေရာကို ရှာဖွေနိုင်ရန် မလွယ်ကူမှန်းလည်း သူသိထားပြီးဖြစ်သည်။

'လေယာဉ်တွေရောက်လာရင် ဘယ်လိုလုပ်ကြမလဲ ဂျွန်'

နာ့(ခ်)၏အသံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

'ဒါတော့ ငါလဲ ဘယ်လိုလုပ်ပြီးသိမှာလဲကွ'

ဘိုလန်က စိတ်ပျက်လက်ပျက် ပြန်ဖြေသည်။



'လေယာဉ်လာပြီဟေ့'

တောင်ပေါ်သားတစ်ယောက်၏အားရဝမ်းသာအော်ဟစ်လိုက်သော အသံကထွက်ပေါ်လာသည်။

'လေယာဉ်လာပြီ'

တောင်ပေါ်သားတွေ၏ အော်ဟစ်သံများက တစ်ယောက်တစ်ပေါက် ဆူညံစွာထွက်ပေါ်လာသည်။

အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီမှ အလင်းရောင်လေးတစ်ခုက လှုပ်ရှားထွက်ပေါ်လာသည်။

ဘိုလန်နှင့် နာ့(ခ်)တို့က အမြန်ဆုံး ထရပ်လိုက်ကြသည်။ နာ့(ခ်)က အင်္ကျီအိတ်ထဲမှ လက်နှိပ်ဓာတ်မီးကိုထုတ်၍ အဆင်သင့် ကိုင်ထားလိုက်သည်။

လေယာဉ်က တဖြည်းဖြည်း သူတို့ဆီသို့ ဦးတည်ချဉ်းကပ်လာသည်။ လေယာဉ်ပေါ်မှ အက်(ဖ်)ပုံသင်္ကေတန် အချက်ပြမီးကို သူတို့တွေ့လိုက်ကြရသည်။

'ဖောက်(စ်)ထရော့လို့ အချက်ပြနေပြီဗျ'

နာ့(ခ်)က ဘိုလန်ကို လှည့်ပြောလိုက်သည်။

'မင်းကလဲ ပြန်ပြီး အချက်ပေးလိုက်ပေါ့'

ဘိုလန်က ခပ်အေးအေးပင် ပြန်ဖြေသည်။

နာ့(ခ်)က လေယာဉ်ရှိရာသို့ လက်နှိပ်ဓာတ်မီးဖြင့် ကေသင်္ကေတန် ပြန်၍အချက်ပြလိုက်သည်။

လေယာဉ်ပေါ်မှ ဘီပုံသင်္ကေတန် အချက်ပြမီးက ထွက်ပေါ်လာပြန်သည်။

'ကျွန်တော်တို့ရောက်နေတဲ့နေရာကို သူတို့သိသွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မီးကျည်ပစ်လိုက်တော့ဟေ့'

ဘိုလန်က နာ့(ခ်)ကို အမိန့်ပေးလိုက်သည်။

နာ့(ခ်)က မီးကျည်သေနတ်ဖြင့် ကောင်းကင်ပေါ်သို့ ထောင်ပစ်လိုက်သည်။ မီးကျည်က အနီရောင်ဖြာထွက်ပြီး တောင်ကြားတစ်ခုလုံးကို လင်းထိန်သွားစေတော့သည်။ မကြာမီလေယာဉ်ပေါ်မှ လေထီးတစ်ခုကပွင့်ပြီးအောက်ဘက်ဆီသို့ ဖြည်းဖြည်းကျရောက်လာသည်။

'ကျွန်တော် သွားကောက်မယ်ဗျာ'

နာ့(ခ်)က စကားအဆုံးတွင် ပြေးထွက်သွားသည်။

တောင်ပေါ်သား နှစ်ယောက်က နာ့(ခ်)ကို ကူညီရန် နောက်မှပြေးလိုက်သွားသည်။ လေထီးနှင့်ပါလာသော ပစ္စည်းများကို နာ့(ခ်)တို့ကမယူပြီး တောင်စောင်းရှိရာသို့ ယူလာခဲ့ကြသည်။ လမ်းလျှောက်စကားပြောကြနှစ်လုံး ပါလာသောကြောင့် ဘိုလန်နှင့် နာ့(ခ်)တို့က တစ်ယောက်တစ်ခုစီ ယူလိုက်ကြသည်။

ဘိုသန်က ရေဒီယိုတိုင်ကိုထောင်ပြီး လေယာဉ်နှင့် ဆက်သွယ်လိုက်သည်၊

'ဖိုးနစ်ပြောနေတယ်။ အဆက်အသွယ်ရသလား'

'နယ်မြေက စိတ်ချရရဲ့လား၊ ခင်ဗျားတို့အတွက် လူတစ်ယောက်ပါလာတယ်'

လေယာဉ်ပေါ်မှ ဘိုလန့်ဆီသို့ ပြန်လည်ဆက်သွယ်လိုက်သည်။

'ဒါဆို သူ့ကို ဆင်းခိုင်းလိုက်ပေါ့ဗျာ'



ဘိုလန်က အဖြေပေးလိုက်သည်။

ပစ္စည်းများထည့်ထားသောသေတ္တာကို ဘိုလန်က စစ်ဆေးကြည့်လိုက်သည်။ နာ့(ခ်)အတွက် ကင်မရာတစ်လုံး၊ ဘိုလန်အတွက် ကိုးမီလီမီတာ မာကာရော့ပစ္စတိုတစ်လက်၊ အသံတိတ်ကိရိယာတစ်ခု၊ ထိုင်းဘတ်ငွေ၊ ဗမာငွေနှင့် အမေရိကန်ဒေါ်လာငွေများလည်း ပါရှိသည်။

'ပစ္စတိုသေနတ်က ဘာလုပ်ဖို့လဲဗျ'

နာ့(ခ်)က မေးလိုက်သည်။

'အသုံးမှ ဝရာရှိလို့ပေါ့ကွာ'

ဘိုလန်က ခပ်ပြတ်ပြတ်ဖြေလိုက်သည်။

ထိုစဉ် ဝါယာလက်ဂက်အပေးသံများထွက်ပေါ်လာပြန်သည်။

'မကြာခင်မှာ ခင်ဗျားတို့အတွက် လူတစ်ယောက်ကို လွှတ်လိုက်မယ်။ ပစ္စည်းသေတ္တာသဲ လေထီးနဲ့ချပေးလိုက်မယ်'

လေယာဉ် ပိုင်းလော့၏အသံက ထွက်ပေါ်လာသည်။

မကြာမီ လူတစ်ယောက်က လေထီးနှင့်အတူ ခုန်ဆင်းလာသည်။ သူမြေပြင်ပေါ်သို့ရောက်ပြီး မရှေးမနှောင်းမှာပင် ပစ္စည်းသေတ္တာသည်း လေထီးနှင့်အတူကျလာသည်။ ထိုလူက ဟဲ(လ်)မက်ဦးထုပ်ကို ချွတ်ပြီး ပစ္စည်းသေတ္တာကိုမယူသည်။ ထို့နောက် ဘိုလန်တို့ဆီသို့ ဦးတည်လျှောက်လာခဲ့သည်။

'ဟယ်ရီ စထရက်နာပါလား၊ဟယ်ရီ၊ ကျွန်တော်တို့ ဒီမှာဗျ'

နာ့(ခ်)က ဟယ်ရီဆိုသူကို လက်ပြနှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က အညိုရောင်ဝတ်စုံနှင့် လူထွားကြီး ဟယ်ရီကို လှမ်းကြည့်နေသည်။ အမှန်တကယ်တော့ ယခုစစ်ဆင်ရေးအတွက် ဌာနချုပ်မှ လူသပ်ပို့စရာ အကြောင်းမရှိပေ။ လူဘစ်ယောက်အတွက် ကုန်ကြစရိတ် အလွန်ကြီးမား သောကြောင့် ဖြစ်သည်။ တစ်ခုခုတော့ အမှာအယွင်းရှိနေပြီးဟု ဘိုလန်က တွေးလိုက်မိသည်။

ဟယ်ရီက သူတို့အနီးသို့ ရောက်လာသည်။
'ဟိုင်း နာ့(ခ်)'
နာ့(ခ်)တို့ နှုတ်ဆက်ချင်း ဘိုလန်က တွေသွားသည်။
'ဗိုလ်မှူးကြီးလည်း ရောက်နေတာကိုး'
ဟယ်ရီက နှုတ်ဆက်လိုက်သည်။
'ဂွတ်မောနင်း'
ဘိုလန်က သူ့ကိုအံလိုက်သင့် ပြန်နှုတ်သည်။
လေယာဉ်မှ လေထီးဖြင့် သေတ္တာတစ်လုံး ထပ်ကျလာပြန်သည်။ သို့သော် လေအတိုက်ကြမ်းသောကြောင့် သတ်မှတ်ထားရာ နေရာနှင့်ဝေးကွာသော နေရာတွင် ကျသွားသည်။

ဘိုလန်က ဝါယာလက် စက်ခလုတ်ကို နှိပ်လိုက်သည်။
'ရှိမီယိုဝမ်းရေ၊ မင်း ပစ္စည်းချလိုက်တာ နေရာလွဲသွားပြီးကွ'
'ငမ်းနည်းပါတယ်ဗျာ'
လေယာဉ်ပေါ်မှ တောင်းပန်စကားသံ ထွက်ပေါ်လာသည်။



ထိုစဉ်အသံတစ်သံက ဝါယာလက်စက်ထဲမှထွက်ပေါ်လာသည်။
'ရှိမီယိုဝမ်းလား၊ ရှိမီယိုတူးနဲ့ ရှိမီယိုသရီးတို့ မကြာခင်မှာ သတ်မှတ်ဇုံ ဒယ်(လ်)တာ ဇူလူးပေါ်ကို ရောက်လာတော့မယ်'
'ကောင်းပြီ တူးနဲ့ သရီးလာနိုင်ပါပြီး'
ရှိမီရိုဝမ်း၏အသံကထွက်ပေါ်လာသည်။
မြောက်ဖက်ကောင်းကင်ဆီမှ အလင်းရောင် အစက်နှင့်ခုက ထွက်ပေါ်လာသည်။ တဖြည်းဖြည်းနီးကပ်လာချိန်တွင် ရုရှားလုပ် အီလူရှင်း လေယာဉ်နှင့် အင်တိုနော့ လေယာဉ်များဖြစ်ကြောင်း တွေ့လိုက်ရသည်။
ဟယ်ရီဆင်းသက်လာခဲ့သောလေယာဉ်မှာ ဘာရီအမျိုးအစားဖြစ်သည်။ ထိုလေယာဉ်သုံးစီးကို အင်ဂိုလာ မှောင်ခိုဈေးကွက်မှ ဝယ်ယူထားခဲ့ခြင်းဖြစ်သည်။
အင်တိနော့ လေယာဉ်ကပထမဆုံးရောက်လာပြီး လေထီးသုံးခုဖြင့် သေတ္တာကြီးများကို ချပေးလိုက်သည်။ ဒုတိယရောက်လာသော အီလူရှင်းလေယာဉ်ပေါ်မှလည်း လေထီးဖြင့်သေတ္တာများ ကျရောက်လာပြန်သည်။
'ရှိမီယိုက ဖိုးနစ်ကို ဆက်သွယ်နေပါတယ်။ လိမ္မော်ရောင်လေထီးနဲ့ သေတ္တာတွေမှာ ငွေတွေပါပြီး အစိမ်းရောင်ကြီးပါတဲ့ လေထီးနဲ့ သေတ္တာမှာ ဆေးဝါးတွေပါတယ်'
လေယာဉ်ပေါ်မှ ဘိုလန်ဆီသို့ ဆက်သွယ်လိုက်သည်။
'ကောင်းပြီရှိမီယို၊ ကိစ္စပြီးရင် သွားနိုင်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ပြန်ပြီး ညွှန်ကြားလိုက်သည်။

သတ်မှတ်ထားသော နေရာတွင် လေထီးဖြင့်ရောက်လာသော ပစ္စည်းများက အစုလိုက် အပုံလိုက် ရှိနေပြီဖြစ်သည်။ သေတ္တာများမှာ မြေပြင်ပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်လာသောကြောင့် သေတ္တာနှင့် အချို့ပစ္စည်းများ ပျက်စီးကုန်သည်။

ဘိုလန်က တောင်ပေါ်သား အုပ်စုများရှိရာသို့ လျှောက်သွားလိုက်သည်။

'မောင်ဂျာ ဗန်ကီ'

သူ့ခေါ်သံကြောင့် ရွာလူကြီးက အနီးသို့ ပြေးလာသည်။ လေထီးဖြင့်ကျလာသော ငွေသေတ္တာကို သွားကောက်ရန် ဘိုလန်က အမိန့်ပေးလိုက်သည်။ ဗန်ကီက သူ့လူများကို အော်ဟစ်လှုံ့ဆော်ပြီး ငွေသေတ္တာဆီသို့ ပြေးသွားကြသည်။ ဘိုလန်ကသူတို့ငွေသေတ္တာသယ်ယူသည်ကိုနောက်မှလိုက်ပြီး စစ်ဆေးကြည့်ရှုလိုက်သည်။

လေယာဉ်များက ကောင်းကင်ပေါ်တွင် ဝဲပျံနေဆဲဖြစ်သည်။

ဘိုလန်က ဟယ်ရီဆီသို့ ပြန်လျှောက်လာခဲ့သည်။

'ပင်များဘာတွေယူလာသလဲ'

'ခရိုက် ၆၂ တွန် ဝါယာလက်စက်ကို ယူလာတယ်။ လက်နှိပ်စက်လိုပဲ စကားဝှက်တွေကို စက်ကရိုက်ပေးတယ်ဗျ'

ဟယ်ရီက ဘိုလန်၏ မေးခွန်းကို ပြန်ဖြေလိုက်သည်။



ဌာနချုပ်ကို မလိုအပ်တဲ့ ငွေပို့တာ ပို့ဖို့ ကျွန်တော်ဘာမှမညွှန်ကြားခဲ့ဘူး'

ဒီကိစ္စကြောင့် ဗိုလ်မှူးကြီးက သဘောမကျဖြစ်နေလို့လား'

'ဒီလိုတော့ မဟုတ်ပါဘူးဗျာ'

ဘိုလန်က ဘာမှမဖြစ်သလို ပြန်ပြောလိုက်သည်။

'တိုက်ပွဲစခန်းကို ကျွန်တော်တို့ သိမ်းပိုက်နိုင်တော့ တောင်ပေါ်သားတွေကို ကျွန်တော်တို့က ရွှေတွေတောင်ပေးနိုင်ပါလိမ့်မယ်'

နာ့(ခ်)က ဝင်ပြောလိုက်သည်။

'အင်းပေါ့လေ။ သူတို့က ရွှေဆိုရင်လဲလိုချင်ကြမှာပေါ့'

ဘိုလန်က ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။

'ဒါပေမယ့် ကျွန်တော်တို့က သူတို့ကို ဒီလိုပေးပါမယ်လို့ ကတိပေးထားတာမှ မဟုတ်တာဗျာ'

နာ့(ခ်)ကဘိုလန့်ကိုပြောလိုက်သည်။

ရုတ်တရက် ဘိုလန်၏လက်ထဲမှ ဝါယာလက်စက်က အသံထွက်ပေါ်လာသည်။

'ရှီဒီယိုဝမ်းက ဖိုးနှစ်ကိုဆက်သွယ်နေပါတယ်။ ကျွန်တော်တို့ သွားနိုင်ပြီလားခင်ဗျာ'

'သွားလို့ရပြီ ရှီဒီယို'

ဘိုလန်က ခွင့်ပြုလိုက်သည်။

တောင်ပေါ်သားများက နောက်ဆုံးအသုတ်ဖြစ်သော သေတ္တာများကို မြင်းပုလေးများဖြင့် သယ်ယူလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာခေါင်းဆောင်များက လက်နက်သေတ္တာများကို ကိုဖွင့်ပြီး အထဲမှလက်နက်များကို ထုတ်ယူလိုက်ကြသည်။ ထို့နောက် တောင်ပေါ်သားများကို ကိုင်တွယ်ပစ်ခတ်နည်းများကို သင်ကြားပေးနေကြသည်။

ဘိုလန်က လူအုပ်အတွင်းသို့ဖြတ်လျှောက်ပြီး ပါလာသောလက်နက်များကို စစ်ဆေးကြည့်ရှုလိုက်သည်။ ကာလက်ရှနီကော့ သေနတ်အသစ်များ၊ ရှေးဟောင်းလက်နက်များဖြစ်သည့် မိုဆင်နာဂန့်၊ ဒရာဂူနော့စနိုက်ပါနှင့် စီမိုနော့ဗကာဘိုင်သေနတ်များကို တွေ့လိုက်ရသည်။ မရှင်းဂန်းများ၊ ဆပ်မရှင်းဂန်းများနှင့် ပုံစံလေးမျိုးရှိသော လက်ပစ်ဗုံးများလည်းပါရှိကြောင်း တွေ့ရပြန်သည်။

ဗန်ကီဖွင့်လိုက်သော သေတ္တာတွင် ဝါယာလက်စက်အလုံးနှစ်ဆယ်နှင့် ပီပီအက်(စ်) အိတ်ဆပ်မရှင်းဂန်းများ ပါရှိပြီး ကျည်ဆန်အတောင့်၊ ခုနစ်ဆယ်ကို အတွဲလိုက် ထည့်ပစ်နိုင်သည်။

'အားလုံး အဆင်ပြေရဲ့လား'

ဘိုလန်က ဗန်ကီကိုမေးလိုက်သည်။

'သိပ်အဆင်ပြေတာပေါ့ ဗိုလ်မှူးကြီး၊ ကျွန်တော်တို့လူတွေဟာ လက်နက်တွေ အများကြီးရလာတော့ သိပ်ပျော်နေကြတာပေါ့ဗျာ'

'ငွေတွေကော ရကြတယ်မဟုတ်လား'



'အားလုံး ခွဲဝေပေးလိုက်ပါပြီ'

ဗန်ကီကပြန်ဖြေပြီး လူငယ်လေးတစ်ယောက်ကို ထိုသေနတ်ပစ်ခတ်နည်းကို သင်ပြပေးနေသည်။ ဗန်ကီမှာ ဒုတိယကမ္ဘာစစ်အတွင်းက ရုရှားလုပ်လက်နက်မျိုးစုံကို ကောင်းစွာကိုင်တွယ် ပစ်ခတ်နိုင်သူတစ်ယောက်ပင်ဖြစ်သည်။

'ကျွန်တော် ခင်ဗျားနဲ့နှစ်ကိုယ်ကြား ပြောစရာလေးရှိတယ် ဗန်ကီ'

ဘိုလန် က ဗန်ကီကိုပြောလိုက်သည်။

အရေးကြီးလို့လား'

'ဟုတ်တယ်'

ဗန်ကီက သူ့အနီးမှလူငယ်ကို ထွက်သွားရန် လက်ရိပ်ပြလိုက်ပြီး ဘိုလန်နှင့်အတူ ကွင်းပြင်ဖက်သို့ ထွက်လာသည်။

ဘိုလန်က တိုက်ဂါးတွေကို တိုက်ခိုက်ရန်အတွက် တောင်ပေါ်သားများကိုငှားရမ်းလိုသော်လည်း လက်ရှိအခြေအနေတွင် ထပ်ပေးရန်ငွေမရှိကြောင်း၊ အကယ်၍တိုက်ဂါးစခန်းကို သိမ်းပိုက်နိုင်ခဲ့လျှင် တိုက်ဂါးများပိုင်ဆိုင်သော ငွေများကို ရရှိနိုင်မည်ဟု ပြောပြလိုက်သည်။

ဗန်ကီက နားထောင်ရင်း ခေါင်းကိုခါပစ်လိုက်သည်။

'ဒါတော့ မဖြစ်နိုင်ဘူး ဗိုလ်မှူးကြီး၊ တကယ်လို့ ကျွန်တော်တို့ဟာ တိုက်ဂါးတွေကို ထပ်ပြီးတိုက်ရမယ်ဆိုရင်တော့ ငွေထပ်ရမှဖြစ်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီမေဂျာ၊ ခင်ဗျားတို့ ဆန္ဒရှိမှသာဝင်ပြီးတိုက်ပါတော့၊ ကျွန်တော်နဲ့ နာ့(ခ်)တို့ကတော့ ဘယ်သူမှမပါဘဲ စစ်ဆင်ရေးကို စရတော့မှာပဲလေ'

ငွေရရှိရေးကိုသာ တွင်တွင်ပြောနေသော ဗန်ကီကို ဘိုလန်က လက်မြှောက်အရှုံးပေးလိုက်ရတော့သည်။

ဗန်ကီက နောက်ကြောင်းပြန်လှည့်သွားသည်။

မိယိုလူမျိုးစုကို ဖျက်ဆီးပစ်တော့မည့် တိုက်ဂါးများကို ချေမှုန်းရန်အခွင့်အရေးရနေသော်လည်း ငွေမက်သည့်သူတို့ကို ဘိုလန်က အားမလိုအားမရဖြစ်နေသည်။

ရုတ်တရက် ဗန်ကီက ပြန်လှည့်လာသည်။

'ခင်ဗျားတို့ချည်းပဲ တိုက်ပွဲဝင်လို့ ဖြစ်မှာဘဲလားဗျာ'

ဗန်ကီက မယုံကြည်နိုင်သလိုပြောသည်။

'ခင်ဗျားက မဖြစ်ဘူးလို့ ထင်နေတယ်ပေါ့ ဟုတ်လား။ ဒီမှာ မေဂျာ၊ တိုက်ဂါးတွေရဲ့ ကိုယ်ရေးမှတ်တမ်းဖိုင်တွေ ရဖို့ဟာ စစ်ဆင်ရေးအတွက် အဓိကအကျဆုံးပါပဲ။ သူတို့ရဲ့ ကိုယ်ရေးမှတ်တမ်းဖိုင်တွေကိုသာ ရလိုက်ရင် သူတို့အတွက် လုံခြုံမှုရှိတော့ဘူး။ ဒီလို လုံခြုံမှုမရှိဘဲနဲ့တော့ ဘယ်လိုမှ ဖြတ်သန်းသွားလာလို့ရမှာ မဟုတ်ပါဘူး။ ဒါဆိုရင် သူတို့ကို တိုက်ခိုက်ဖို့ လွယ်ကူသွားပါပြီ'

'ကျွန်တော် သဘောမတူနိုင်ပါဘူး ဗိုလ်မှူးကြီး'

ဗန်ကီက ဆက်လက် ခေါင်းမာနေဆဲဖြစ်သည်။

'ဒါဆိုလဲ ပြီးတာပဲပေါ့ဗျာ'

ဘိုလန်က စကားကိုဖြတ်ပြီး လှည့်ထွက်သွားလိုက်သည်။

'နေပါဦး၊ တစ်ခုတော့ရှိတယ်။ ကျွန်တော့်လူတွေကို နယ်မြေ ဝင်ထွက်သွားလာခွင့်၊ ဗီဇာလုပ်ပေးနိုင်မယ် ဆိုရင်တော့ ကျွန်တော်တို့ဘက်က သဘောတူနိုင်ပါလိမ့်မယ်'

ဗန်ကီ၏လူတွေ လက်နက်နှင့် မြင်းများ အရောင်းအဝယ် လုပ်နိုင်ဖို့ ဗီဇာပေးရသလိုဖြစ်နေ၍ ဘိုလန်မှာ အောင့်သက်သက် ဖြစ်သွားမိသည်။

'ဒီကိစ္စလောက်တော့ ဗီဇာပေးလို့ ရနိုင်ပါတယ်'

'ကောင်းပြီလေ၊ ကျွန်တော်တို့ရဲ့ အပြန်ခရီးမှာ ရွှေတွေ ရလာပြီး ဗီဇာပါ ရဦးမယ်ဆိုတော့ လက်ခံသဘောတူတဲ့ အနေနဲ့ လက်ဆွဲနှုတ်ဆက်လိုက်ကြရအောင်ဗျာ'

ဗန်ကီ၏ အားရဝမ်းသာ ကမ်းပေးလိုက်သောလက်ကို ဘိုလန်က ဆွဲပြီးနှုတ်ဆက်လိုက်သည်။ ထို့နောက် နာ့(ခ်) ရှိသည့်နေရာသို့ ပြန်လျှောက်လာသည်။

'ဘယ်လိုလဲ အဆင်ပြေရဲ့လား'

ခရီးရောက်မဆိုက် နာ့(ခ်)က လှမ်းမေးလိုက်သည်။

'အဆင်ပြေအောင် မနည်းဘဲ ကြံဖန်လုပ်လာရတာပေါ့ကွာ'

ဘိုလန်က စိတ်ပျက်လက်ပျက် ပြန်ဖြေလိုက်သည်။

'ရှီမီယိုဝမ်းက ဖိုးနစ်ကို ဆက်သွယ်နေပါတယ်။ တောင်ဖက်အရပ်က အမည်မသိ လေယာဉ်တစ်စင်းဟာ ခပ်နိမ့်နိမ့် ပျံပြီး ဒီဘက်ကိုလာနေတယ်'

ဝါယာလက်စက်ထဲမှ သတင်းပို့သံ ထွက်ပေါ်လာသည်။

'ဘုရားရေ၊ ရုရှားလေယာဉ်တွေပဲ'

www.burmeseclassic.com

www.burmeseclassic.com



အခြားလေယာဉ်တစ်စင်းမှ သတင်းပို့သံက ထွက်ပေါ်လာပြန်သည်။

အက်(ဖ်) အိပ်တီး ဂျက်တိုက်လေယာဉ်နှစ်စင်းက တောင်ကြားဆီသို့ ဦးတည်ပျံသန်းလာသည်။ လေယာဉ်များပေါ်တွင် ထိုင်းလေတပ်မတော် အမှတ်တံဆိပ်များ ပါရှိနေသည်။

'ရှိမ်ယိုဝမ်းက ဆက်သွယ်နေပါတယ်။ ထိုင်း တိုက်လေယာဉ်တွေက ကျွန်တော်တို့ကို ဘယ်ကလေယာဉ်တွေလဲလို့မေးနေတယ်။ ဘယ်လို ပြန်ဖြေရမလဲ'

'ဘာမှပြန်မဖြေနဲ့ဦး။ သဘောပေါက်တယ် မဟုတ်လား'

'ဟုတ်ကဲ့'

ပိုင်းလော့က ဘိုလန်ကိုပြန်ဖြေလိုက်သည်။

'တိုက်လေယာဉ်တွေက မင်းတို့ကို မကြာခင်မှာ ပစ်ခတ်ကြလိမ့်မယ် မထိအောင် ရှောင်နိုင်ဖို့ ပြင်ဆင် ထားလိုက်ကြပေတော့'

ဘိုလန်က လေယာဉ်သုံးစင်းကို လှမ်းပြီး အမိန့်ပေး လိုက်သည်။ ထို့နောက်ဝါယာလက်စက်ကို ပုခုန်းတွင် လွယ်ပြီး သစ်ပင်အုပ်များဆီသို့ ပြေးသွားလိုက်သည်။ သူ့လက်ထဲတွင် ဒုက်ယာရက် မရှင်းဂန်းကို အသင့်ကိုင်ထားသည် တောင်ထိပ်တင်ခုပေါ်သို့ သူပြေးတက်သွားစဉ် လိုဏ်ဂူတစ်ခုကိုတွေ့လိုက်ရသည်။



တိုက်လေယာဉ်များက ဘိုလန်ဆီသို့ ကွေ့ဝိုက်ပျံသန်းလာသည်။ သူ့နောက်ကျောဘက်သို့ရောက်သွားပြီးသောအခါ သို့ချိုးကွေ့မောင်းနှင်လိုက်ပြန်သည်။ ထို့နောက် ဘိုလန်၏မျက်နှာ ...င်းဆိုင် တောင်ကြောပေါ်သို့ ကွေ့ဝိုက် ပျံသန်းသွားပြန် သည်။

ဘိုလန်က လေယာဉ်များဆီသို့မှန်းပြီး ကျည်ဆန်များကို ...လွှတ်လိုက်သည်။ ထိမှန်သွားဖို့ထက် တိုက်လေယာဉ်များ ...သူ့အပေါ်တွင် အာရုံသက်ရောက်သွားစေရန် ရည်ရွယ် ...ိုက်ခြင်းသာဖြစ်သည်။ သူဤသို့မလုပ်လျှင် တိုက်လေယာဉ် ...ားက ပစ္စည်းများတင်ဆောင်လာသော လေယာဉ်သုံးစင်းကို ...ွားရောက်တိုက်ခိုက်မည်စိုးသောကြောင့်ဖြစ်သည်။

'အမြန်ဆုံးရှောင်ပြီး ပြေးပေတော့ ရှိမ်ယို'

ဘိုလန်က လေယာဉ်မှူးများကို ဝါယာလက်စက်ဖြင့် ...မြန်ဆုံး... တိပေးလိုက်သည်။

တိုက်လေယာဉ်နှစ်စင်းက ဘိုလန်ရှိရာသို့ စက်သေနတ် ...းဖြင့်ပစ်ခတ်လိုက်ကြသည်။ ဘိုလန်က လိုဏ်ဂူထဲသို့ပြေး ...်သွားလိုက်သည်။ သူရောက်ရှိနေရာ တောင်ထိပ်ဆီသို့ ကျည် ...န်များက အတွဲလိုက်ကျရောက်သွားသည်။ အပေါ်မှဖြတ်ပျံ ...ားသောလေယာဉ်က ဗုံးတစ်လုံးကိုချလိုက်သည်။ ဂူအပြင် ...က်တွင် ကျရောက်ပေါက်ကွဲမှုကြောင့် မြေကြီးမှာ သိမ့် ...ိမ့်တုန်သွားသည်။ ဖုန်မှုန့်များက ဂူထဲတွင်ပလူပျံနေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်မှာ ချောင်းတဟွတ်ဟွတ်ဆိုးရင်း ဂူအပြင်သို့ပြေး ထွက်လာခဲ့သည်။

တောင်ကြားပေါ် တည့်တည့်တွင် လေယာဉ်တစ်စင်းက ဝဲပျံနေစဉ် ကျန်တစ်စင်းက ဘိုလန်ရှိရာ လိုက်ဂူဖက်သို့လှည့် လာသည်။

ဘိုလန်က မရှင်းဂန်းဖြင့်ပစ်ခတ်ရင်း ဂူထဲသို့ပြန်ပြေးဝင် လာခဲ့သည်။ အပြင်ဘက်တွင် ဗုံးတစ်လုံးကျပြီး ပေါက်ကွဲ သံကြီးထွက်ပေါ်လာသည်။ မြေပြိုကျမှုကြောင့် ဂူပေါက်မှာ ပိတ်လုမတတ်ဖြစ်သွားသည်။

'တိုက်လေယာဉ်တွေက ခင်ဗျားကို တိုက်ခိုက်နေပြီ၊ သတိ ထားပါ'

ပိုင်းလော့၏ သတိပေးသံ ဝါယာလက်စက်အတွင်းမှထွက် ပေါ်လာသည်။

'ကျွန်တော်တို့လေယာဉ်ကို ထိသွားပြီ ဖိုးနစ်'

ပိုင်းလော့တစ်ယောက်၏အသံက ထွက်ပေါ်လာပြန်သည်။

'နံပါတ်လေးဆောင်ဂျင်ကိုထိသွားတယ်၊ လောင်စာဆီဖိအား ကျသွားပြီ'

ပိုင်းလော့တစ်ယောက်၏အသံက နောက်ထပ် ထွက်ပေါ် လာပြန်သည်။

'ဖိုးနစ်က တိုက်လေယာဉ်တွေကိုတိုက်ခိုက်နေတယ်၊မင်းတို့ ဒီနေရာက အမြန်ဆုံးလှည့်ပြန်နိုင်ဖို့ ကြိုးစားကြပါ'



ဘိုလန်က ဝါယာလက်စက်မှတဆင့် အမိန့်ပေးလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့ကြိုးစားပါ့မယ်၊ အခုလိုကူညီပေး တဲ့အတွက် ကျေးဇူးပါပဲခင်ဗျာ'

ပိုင်းလော့တစ်ယောက်၏ တုံ့ပြန်သံကို ဘိုလန်ကြားလိုက် ရသည်။

တိုက်လေယာဉ်များမှ ပစ်ခတ်လိုက်သော ကျည်ဆန်များ က တောင်ထိပ်ကိုထိမှန်သွားသည်။ ကျောက်ခဲများ၊ မြေစိုင်ခဲ များတို့သည် ဘိုလန်၏ကိုယ်ပေါ်သို့ မိုးရွာသလို တဖွဲဖွဲကျ ရောက်လာသည်။ မကြာမီကျည်ဆန်များကြောင့် တောင်ထိပ် တစ်ခုလုံးပြိုကျသွားသည်။ ဂူပေါက်ကလည်း ပိတ်သွားခဲ့ပြီ ဖြစ်သည်။

အီလူရှင်းလေယာဉ်၏ ညာဘက်တောင်ပံတွင်ရှိသော အင် ဂျင်နှစ်လုံးက မီးလောင်လျက်ရှိသည်။ မကြာမီပျက်ကျတော့ မည်ဟု ဘိုလန်က နားလည်လိုက်သည်။ သို့သော် ပိုင်းလော့က မြေပြင်ပေါ်သို့အရောက် သတ္တိရှိရှိ ထိန်းသိမ်းဆင်းသက်လာ နိုင်ခဲ့သည်။ ပိုင်းလော့ ဟုတ်မှာ တစ်စုံတစ်ရာထိခိုက်မှုမရှိဘဲ ဆင်းသက်နိုင်ခဲ့သည်။

နာ့(ခ်)က ပစ္စည်းသေတ္တာများကို နောက်ဆုံးအသုတ် အပြီးကြီးကြပ်ကပ်ကဲသယ်ယူနေသည်။ ဘိုလန်က ပစ္စည်းသယ် ယူနေခြင်းကိုကြည့်နေရာမှ တိုက်လေယာဉ်များကို မော့ကြည့် လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်များ က ဝေးကွာသွားကြပြီဖြစ်သည်။ သို့သော် အိလူရှင်းလေယာဉ်က ပျက်ကျသွားခဲ့ပြီဖြစ်သည်။ ဘိုလန်က တောင်ပေါ်သားများနှင့်အတူ လေယာဉ်ပျက်ကျရာအရပ်သို့ ပြေးသွားသည်။ ထိုစဉ် တောင်ဘက်အရပ်ဆီမှ တိုက်လေယာဉ်များက ထွက်ပေါ်လာသည်။ မကြာမီ စက်သေနတ်ကျည်ဆန်များက ဘိုလန်တို့အနီးသို့ ကျရောက်လာသည်။

'လေယာဉ်တွေကို ပြန်မပစ်ဘဲ လွတ်အောင်ရှောင်ပြေးကြဟေ့'

ဘိုလန်က ပြေးရင်းလွှားရင်း အော်ဟစ်သတိပေးလိုက်သည်။ သူတို့ဦးတည်ချက်က ထိုင်းလေယာဉ်ကို တိုက်ခိုက်ရန် မဟုတ်ဘဲ တိုက်ဂါးများကိုသာ တိုက်ခိုက်လိုသောကြောင့် ဖြစ်သည်။

နာ(ခ်)က ဘိုလန်၏အနီးသို့ ပြေးကပ်လာသည်။

'လေယာဉ်တွေက ကျွန်တော်တို့ကို မကြာခင်မှာ မီးလောင်ဗုံးနဲ့တိုက်ခိုက်လိမ့်မယ်'

ဘိုလန်က နာ(ခ်)၏စကားကိုခေါင်းညိတ်ထောက်ခံလိုက်သည်။

'မေကျာ ဗန်ကီ'

ဘိုလန်၏အသံကြောင့် ဗန်ကီက အနီးသို့ တိုးကပ်လာသည်။

'ကျွန်တော်တို့ မိနစ်ကုလားဆုတ်မှဖြစ် ယ်'

'ရွာကိုပြန်မှာလား ဗိုလ်မှူးကြီး'

'မဟုတ်ဘူး၊ တိုက်ဂါးစခန်းကို သွားကြမယ်'



ဗန်ကီက ခေါင်းညိတ်ပြီး ပြန်လှည့်သွားသည်။

ခရာမှုတ်သံ ထွက်ပေါ်လာပြီးနောက် ဘိုလန်က တောင်ပေါ်သားများနှင့်အတူ တိုက်ဂါ.စခန်းဆီသို့ ချီတက်သွားတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မွန်းလွဲပိုင်းအချိန်တွင် လာကွန်တောအုပ်ဆီသို့ ဘိုလန်တို့အဖွဲ့ ရောက်ရှိသွားသည်။ စမ်းချောင်းလေးတစ်ခုသို့ ရောက်လာချိန်တွင် ခေတ္တစခန်းချရပ်နားလိုက်ကြသည်။ မြင်းများကို ရေတိုက်ပြီး စားဖို့သောက်ဖို့ ပြင်ဆင်ကြသည်။ ဝါးဆစ်ဘူးများဖြင့် ထမင်းအိုးတည်သည်။ ငှက်ပျောရွက်များကို ခွက်ပုံသဏ္ဍာန်လုပ်ပြီး ရေသောက်ကြသည်။ နေ့လယ်စာ စားပြီးချိန်တွင် တောင်ပေါ်သားများက တရေးတမော မှိန်းပြီး အနားယူကြသည်။ ဘိုလန်နှင့် နာ့(ခ်)တို့က သတိဝီရိယရှိကြသူများမို့ နိုးနိုးကြားကြား ရှိနေကြသည်။



နာ့(ခ်)က ထိုင်းနိုင်ငံအတွင်း အတွေ့အကြုံများကို ဘိုလန်အား ပြန်လည် ဖောက်သည်ချလျက်ရှိသည်။

'တစ်နေ့မှာ မြို့နယ်မှူးဟာ ကျွန်တော့်ဆီကို ရောက်လာတယ် ဘိုလန်၊ သူတို့ဟာ ဘိန်းစိမ်းတစ်တန်ကို ဖမ်းမိခဲ့ကြတယ်လို့ ကျွန်တော့်ကို ဖွင့်ပြောတယ်။ သူဟာ ဒီကိစ္စအတွက် ဂုဏ်ယူတဲ့အနေနဲ့ ကောင်မလေးတွေခေါ်ပြီး ပါတီပွဲတောင် လုပ်လိုက်သေးတယ်။ သတင်းထောက်တွေကလဲ ဓာတ်ပုံတွေရိုက်ယူတယ်။ ကျွန်တော်တို့ဖက်ကလည်း သူ့ကို ဆုငွေထုတ်ပေးလိုက်တယ်။ ဒါပေမယ့် နောက်ပိုင်းမှာ အဲဒီဖမ်းထားတဲ့ ဘိန်းစိမ်းတွေကို ဘန်ကောက်က ကုန်သည်တစ်ယောက်ဆီ ရောင်းပစ်လိုက်တယ်ဗျာ။ ဘယ်လောက်များလည်းဘဲ လူဆိုတာ တွေးကြည့်ပေတော့'

ဘိုလန်က နာ့(ခ်)၏စကားကိုနားထောင်ရင်း ခေါင်းညိတ်လိုက်သည်။

'သူတို့ဟာ ဘယ်လို လူစားမျိုးတွေလဲ မသိဘူးနော်....။ အမေရိကန်တွေ ဘာလုပ်လုပ် သူတို့က ဂရုမစိုက်သလိုပဲဗျာ'

'သူတို့ဟာ အမေရိကန်တွေ ဘာဖြစ်ဖြစ်၊ ငွေတောမာရင် ပြီးရောလို့ သဘောထားနေကြတာပေါ့။ တိုက်ဂါးတွေဟာ ဘန်ကောက်က တာဝန်ရှိတဲ့လူတွေကို ဆက်ကြေးပေးထားတယ်လေ။ အဲဒီလူကြီးတွေဟာ သူတို့ရတဲ့လခနဲ့ အိမ်ကောင်းကောင်းတွေ၊ မာစီဒီကားကြီးတွေ ဘယ်ဝယ်နိုင်မှာလဲဗျာ။ ဒီတော့ သူတို့ကလဲ မှိန်းနေကြတာပေါ့။ နောက်တစ်ချက်ပြောရရင် တိုက်ဂါးတွေကို မောင်းထုတ်လို့ မဖြစ်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



ဒါက စီးပွားရေးအရပေါ့ဗျာ၊ ဘိန်းခင်းစိုက်တဲ့ လူတွေ အားလုံး ပေါက်နိုင်မယ်မဟုတ်လား။ ရွှေတြိဂံနယ်မြေဟာ သိန်းနဲ့ချီရောင်းဝယ်ရေး အဓိကနေရာရဲ့ ဝေးလံနေတော့ လယ်သမားတွေဟာ ဘိန်းစိုက်မှ အမြတ်အစွန်းရနိုင်ကြတယ်လေ'

နာ့(ခ်)က ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်သည်။

ခပ်လှမ်းလှမ်းဆီမှ တဂျုန်းဂျုန်း အသံကြီး တစ်ခုက ရုတ်တရက် မြည်ဟိန်းသွားသည်ကို ဘိုလန်ကြားလိုက်ရသည်။

'ဒါက ဘာသံကြီးလဲ'

ဘိုလန်က မျက်မှောင်ကုပ်ပြီး မေးလိုက်သည်။

'တောသဲကို ဖြတ်ဖောက်ထားတဲ့ ရထားလမ်းပေါ်က ရထားသံပေါ့ဗျာ၊ မြေပုံထဲမှာတော့မပါဘူး။ သတ္တုမိုင်းထဲက ပစ္စည်းတွေကို မြောက်ဖက်ပို့ဖို့ရထားကိုသုံးတယ်။ ဒီလို လူတ်လူတ်လပ်လပ် လုပ်နိုင်ကြလို့ ဒီနယ်မြေတစ်ဝိုက်ကို ဒုတိယ တိုင်ဝမ်လို့ လူတွေက ခေါ်ကြတာပေါ့။ သူတို့ဆီမှာ ဆင်တွေလဲ အများကြီးရှိနေတယ်'

နာ့(ခ်)က ဘိုလန်ကို ရှင်းပြလိုက်ပြန်သည်။

'လေယာဉ်သံ ကြားရတယ်ဗျို့'

တစ်စုံတစ်ယောက်၏ အော်ဟစ်လိုက်သံကြောင့် ဘိုလန်နှင့် နာ့(ခ်)တို့က ထရပ်လိုက်ကြသည်။ လေယာဉ်ပျံငယ်လေး တစ်စင်းက သူတို့ရှိရာဖက်သို့ ဦးတည်ပျံဝန်းလာသည်။

'တိုင်းလေတပ်မတော်က လေယာဉ်ပဲ၊ အားလုံး သစ်ပင်တွေအောက်မှာ အကာအကွယ်ယူထားကြပါ'



နာ့(ခ်)က အော်ဟစ် သတိပေးလိုက်သည်။

လေယာဉ်သံကြောင့်မြင်းတွေက ဗရမ်းဗတာ ပြေးလွှားကုန်ကြသည်။ တောင်ပေါ်သားများက နောက်မှလိုက်ဖမ်းနေကြသည်။

ဗန်ကီက ဘိုလန်တို့အနီးသို့ ပြေးလာသည်။

'ဗိုလ်မှူးကြီး၊ လေယာဉ်က ကျွန်တော်တို့ရှိတဲ့နေရာ သိသွားပြီ၊ ဘယ်လိုလုပ်ကြမလဲ'

'မြင်းတွေကို အမြန်ဆုံးစုစည်းထားနိုင်ဖို့ ကြိုးစားပေါ့ဗျာ'

ဘိုလန်က စိတ်တိုတိုဖြင့် ဗန်ကီကို အော်ဟစ်ပစ်လိုက်သည်။

'ခွင့်လွှတ်ပါ ဗိုလ်မှူးကြီး၊ ကျွန်တော့်လူတွေ ရုတ်ရုတ်သဲသဲ ဆက်မဖြစ်ရအောင် ပြောပေးပါ့မယ်'

ဗန်ကီက တောင်းပန်ပြီး လှည့်ထွက်သွားသည်။

'လေယာဉ်က ဘယ်လိုမျိုးတွေသွားသလဲ မသိဘူးနော်'

'အောက်မှာ ဒီလောက် ရုတ်ရုတ်သဲသဲ ဖြစ်နေမှတော့ မတွေ့ဘဲ ဘယ်နေတော့မလဲ။ ဒီတော့ မျက်စိရှင်တဲ့လူဆိုရင် တွေ့တာမဆန်းပါဘူး'

ဘိုလန်က ပြောလိုက်သည်။

လီဟာ သူတို့အနားသို့ ရောက်လာပြန်သည်။

'ဗိုလ်မှူးကြီး ကျွန်တော်တို့ တစ်ခုခုလုပ်မှ ဖြစ်လိမ့်မယ်၊ ထိုင်းတွေက လမ်းတွေကိုပိတ်ပြီး စစ်တပ်တွေလွှတ်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



လီက ဘိုလန်ကို သတိပေးလိုက်သည်။

ဘိုလန်က လေယာဉ်ကို မျက်တောင်မခတ်ကြည့်နေရင်း ခေါင်းညိတ်ပြလိုက်သည်။

လေယာဉ်က တိုက်လေယာဉ်မဟုတ်မှန်း ဘိုလန်က သိလိုက်သည်။

'နှာ(ခ်)ရေ၊ မြေပုံယူလာစမ်းပါ'

ရောက်လာသောမြေပုံကို ဘိုလန်က လေ့လာကြည့်ရှုလိုက်သည်။

တောထဲမှ ထွက်နိုင်သောလမ်းမှာ နှစ်လမ်းသာရှိသည်။ မြောက်ဘက်လမ်းနှင့် အရှေ့ဘက်လမ်းတို့ဖြစ်သည်။

'ဒီလမ်းတွေက သွားလို့လာလို့ ရသေးရဲ့လား'

ဘိုလန်က ရောက်လာသောဗန်ကီကို မြေပုံပြပြီး မေးလိုက်သည်။

'ရပါတယ်၊ တိုက်ဂါးစခန်းကိုသွားမယ်ဆိုရင် မြောက်ဘက်လမ်းကို ရွေးရလိမ့်မယ်'

ဗန်ကီက ပြန်ဖြေလိုက်သည်။

'ကောင်းပြီလေ၊ ထိုင်းတွေက ကျွန်တော်တို့ အရှေ့ဘက်လမ်းအတိုင်းသွားတယ်လို့ ထင်ရအောင် လမ်းကြောင်းတော့လွှဲပေးနိုင်ဖို့ လိုအပ်တယ်၊ ဒီတော့ ထိုင်းစစ်တပ်က ကျွန်တော်တို့ကို အရှေ့ဘက်လမ်းမှာ ရှာနေတုန်း မြောက်ဘက်ကို အရောက်သွားနိုင်တာပေါ့'



လေယာဉ်ပေါ်မှ ပိုင်းလော့က ဖုန်လုံးကြီးများအောက်မှ လှုပ်ရှားမှုများကို အနီးကပ် လေ့လာကြည့်နိုင်ရန် ကြိုးစားလျက်ရှိနေသည်။

ရေဒီယိုစက်အတွင်းမှ နှာ(ခ်)၏အသံက ထွက်ပေါ်လာပြန်သည်။

'ရဟတ်ယာဉ်ရှစ်စင်း ရောက်လာပြန်ပြီဗျို'

မကြာမီ ရဟတ်ယာဉ်များက ဘိုလန်၏ခေါင်းအထက်မှ တပေါ်ပေါ် ဖြတ်သန်းသွားကြသည်။ ဆီကော့(စ်)ကင်း အမျိုးအစား ရဟတ်ယာဉ်များဖြစ်ကြောင်း ဘိုလန်တွေ့လိုက်ရသည်။ ထို့နောက် ရဟတ်ယာဉ်အသံများက ဖြေး၍ ပျောက်ကွယ်သွားသည်။ သို့သော် ခေါင်းပေါ်မှလေယာဉ်က ဝဲနေဆဲဖြစ်သည်။

ဘိုလန်၏ ဝါယာလက်စက်က အချက်ပေးသံပေါ်ထွက်လာပြန်သည်။

'ဗိုလ်မှူးကြီး ကျွန်တော် လီပါ။ ဟိုဖက်သစ်တောထဲက ဆက်တာပါ။ ရဟတ်ယာဉ်တွေ မြေပြင်ပေါ်ဆင်းပြီး ခဏအကြာမှာ ပြန်တက်သွားကြတယ်'

လီ၏ ဆက်သွယ်မှုဆုံးသွားချိန်တွင်၊ ရဟတ်ယာဉ်များ၏ အသံကို ဘိုလန် ပြန်ကြားလိုက်ရပြန်သည်။

ခေါင်းပေါ်မှ ဝဲနေသောလေယာဉ်မှာ ရဟတ်ယာဉ်များ နောက်မှ လိုက်ပါသွားသည်ကို ဘိုလန် တွေ့လိုက်ရသည်။ ထို့နောက် အသံတွေပျောက်သွားကြသည်။ အတန်ကြာချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကောင်းကင်ပေါ်တွင် လေယာဉ်ကို အစက်အပြောက်လေးအဖြစ်သာ တွေ့နေရတော့သည်။

'ဖိုးနစ်ကလီကိုဆက်သွယ်နေတယ်။ အမြန်ဆုံးပြန်လာခဲ့ပါ'

'ဟုတ်ကဲ့'

'ဖိုးနစ်က နာ့(ခ်)ကို ဆက်သွယ်နေတယ်။ မင်းဘယ်မှာ ရောက်နေလဲ'

တောအုပ်ရဲ့ မြောက်ဘက်အစွန်းပိုင်းနားမှာ ရောက်နေတယ်။ မေဂျာဗန်ကီကတော့ သူ့ကင်းအဖွဲ့နဲ့အတူ တောစပ်မှာ ရောက်နေပြီ'

နာ့(ခ်)က ပြန်ဖြေလိုက်သည်။

'ဖိုးနစ်က မေဂျာဗန်ကီကို ဆက်သွယ်နေတယ်။ နယ်မြေအနေအထားက ဘယ်လိုရှိနေသလဲ'

'ကိုက်ငါးရာလောက်ရှည်တဲ့ လွင်ပြင်တစ်ခု ရှိနေတယ် ဗိုလ်မှူးကြီး၊ ပြီးတော့ နောက်ထပ် တောအုပ်တစ်ခုကလဲ ရှိနေသေးတယ်။ ကျွန်တော်တို့ ဖြတ်သွားရမလား'

'ခင်ဗျားတို့အုပ်စု ခဏနေကြဦး၊ နောက်လူတွေ ရောက်လာလိမ့်ဦးမယ်။ လေယာဉ်က ပြန်ရောက်မလာဘူးလို့ မပြောနိုင်ဘူး။ နာ့(ခ်)ရေ။ မင်းတို့အုပ်စုက မူလလမ်းကို ရှောင်ကွင်းပြီးသွားပါ'

ဘိုလန်က ညွှန်ကြားချက်ပေးပြီး သူ့အုပ်စုမှလူများဆီသို့ ပြေးသွားလိုက်သည်။



"ကောင်းပြီ ကိုယ့်လူတို့။ ငါတို့ဟာ တစ်ဖက်လူတွေကို လှည့်စားခဲ့ကြပြီးပြီ"

ဘိုလန်၏ စကားကမဆုံးသေး။ ရေဒီယိုစက်အတွင်းမှ နာ့(ခ်)၏ အသံက ထွက်ပေါ်လာသည်။

"နာ့(ခ်)က အရေးတကြီးဆက်သွယ်နေတယ်။ ရဟတ်ယာဉ်တွေဟာ အနောက်ဘက်ကနေ မြောက်ဖက်ကို ပျံသွားကြပြီ။ မစ္စတာ ဗန်ကီ ခင်ဗျားတွေ့ရသလား"

နာ့(ခ်)၏အသံ ပျောက်သွားပြီး ဗန်ကီက အသံထွက်ပေါ်လာပြန်သည်။

"တွေ့တယ်မစ္စတာနာ့(ခ်)။ ဟေး အမျိုးအစား ရဟတ်ယာဉ်က ရှစ်စင်းတောင် ရှိတယ်။ ဟိုဖက်တောအုပ်ပေါ်က ဖြတ်ပြီးပျံတယ်။ ရဟတ်ယာဉ်တွေရဲ့အောက်မှာ ကြိုးတန်းလန်း ကျလာပြီးတော့ လူတွေအများကြီးအောက်ကိုဆင်းနေကြတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆက်သွားဖို့ လမ်းပိတ်နေပြီ ဗိုလ်မှူးကြီး။ ဘယ်လိုဆက်လုပ်ကြမလဲ

"ရောက်ရာနေရာမှာသာ သတိနဲ့ဆက်နေလိုက်ကြပါ"

ဘိုလန်က အမိန့်ပေးပြီး စီးကရက်တစ်လိပ်ကို ထုတ်၍ သောက်လိုက်သည်။

မွန်းလွဲပိုင်းအချိန်တွင် တောအုပ်အတွင်းပူလောင်အိုက်စပ်လျက်ရှိသည်၊ ဘိုလန်က သစ်ပင်ကိုမှီထိုင်ရင်းမျက်လုံးကိုမှိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟတ်က ဘိုလန်၏ ဘေးတွင်ဝင်ထိုင်လိုက်သည်။

"ကျွန်တော်တို့ နောက်ကြောင်းကို ပြန်ဆုတ်ကြရင်ကောင်းမယ်၊ တခြားလမ်းကို သုံးရင်လည်း ရနိုင်တာပဲမဟုတ်လား"

"ဒီနားတစ်ဝိုက်မှာ တခြားသွားစရာ လမ်းမရှိဘူး"

ဘိုလန်က မျက်လုံးကို မဖွင့်ပဲ ပြန်ဖြေလိုက်သည်။

"ရွာဟောင်းဖက်က ဖြတ်ပြီးသွားလို့ မရနိုင်ဘူးလား"

"ဒီလိုသွားရင် သေတာပေါ့။ ဒီညမှာ ငါတို့ဟာ တိုက်ဂါးတွေကို ဝင်တိုက်နိုင်မှ ဖြစ်လိမ့်မယ်"

ရုတ်တရက် ရထားသံလမ်းဆီမှ ရထားတစ်စင်း ဖြတ်သွားသံ ထွက်ပေါ်လာသည်။

"ကျွန်တော်တို့မှာ ထွက်ပေါက်တစ်ခုတော့ ရှိတယ်။နမ်လမ်းဖက်ကနေ ကျွန်တော်တို့ အုပ်စုကို ခေါ်ထုတ်ပေးနိုင်မယ့် လူတစ်ယောက်ရှိတယ်။

သူ့ကို ဘတ်ငွေတစ်ရာလောက် ပေးနိုင်ရင် အဆင်ပြေလိမ့်မယ်'

'ငါတို့ လူအုပ်ကများတော့ ဖြစ်နိုင်ပါ့မလားဟတ်'

'ဒါဆိုလဲ ရင်ဆိုင်တိုက်ပွဲဝင်ပြီး ဖောက်ထွက်သွားရုံပဲပေါ့ဗျာ'

'ထိုင်းတွေကိုသွားပြီးတိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ သူတို့က ငါတို့ရဲ့ရန်သူမှမဟုတ်တာ'

'ဒါဆိုလဲ ကျွန်တော်လက်မြှောက်ပါပြီ ဗိုလ်မှူးကြီး'

ဟတ်က စိတ်ဓာတ်ကျသံဖြင့် ပြန်ပြောလိုက်သည်။



ဟတ်၏အသံကြောင့် ဘိုလန်က မျက်လုံးများမှိတ်ထားရာမှ ပြုံးလိုက်မိသည်။

'ဒီလိုတော့မလုပ်နဲ့လေ၊ ခေါင်းနှစ်လုံးနဲ့ တိုင်ပင်ရတာက ပိုကောင်းတာပေါ့ကွာ'

ဘိုလန်က ပြောရင်း ခပ်လှမ်းလှမ်းဆီမှ ရထားခုတ်မောင်းသံကို ကြားလိုက်ရပြန်သည်။

စိတ်ကူးတစ်ချက် ပေါ်လာ၍ ဘိုလန်က မြင်းဆီသို့ပြေးသွားပြီး ခုန်တက်လိုက်သည်။

'သွားကြရအောင်ဟေ့'

ဘိုလန်က အော်ဟစ်အမိန့်ပေးပြီး ရှေ့မှ မြင်းနှင့်ထွက်သွားသည်။ သူ့လူများက နောက်မှလိုက်သွားလိုက်ကြသည်။

ဆူးပင်များနှင့်ငြိပြီး ဘိုလန်၏ အင်္ကျီက စုတ်ပြဲကုန်သည်။ သို့သော် သူ့အတွက် ရထားကို မှီနိုင်ဖို့အရေးကြီး နေသည်မဟုတ်ပါလား။

ရထားသံက တဖြည်းဖြည်းနီးကပ်လာသည်။ ဘောင်ဘက်မှ ခုတ်မောင်းလာသော ရထားကိုဘိုလန်ကတွေ့လိုက်ရသည်။ သတ္တုမိုင်းထွက်ကုန်ကြမ်းများ တင်ထားသောတွဲများက ရှည်လျားလှသည်။ သို့သော် နောက်ဘက်တွဲများက ဟာလာဟင်းလင်းဖြစ်နေကြသည်။

ဘိုလန်တို့က သစ်ပင်များအကွယ်မှ မြင်းကိုဒုန်းစိုင်းပြီး ရထားအနီးသို့တိုးကပ်သွားလိုက်ကြသည်။ ရထားစက်ခေါင်း၏ နောက်ဘက် လေးတွဲမြောက်တွင် တိုက်ဂါးတပ်ဖွဲ့ဝင်များက ပါလာကြသည်။ မမျှော်လင့်ဘဲ ဘိုလန်ကိုတွေ့လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com

သေသကြောင့် တိုက်ဂါးများက အံ့ဩသွားကြသည်။ ဘိုလန့်က ခေါင်းတွဲဆီသို့ ဒုန်းစိုင်းနှင်လိုက်သည်။ သူ့နောက်ဘက်မှ သေနတ်သံများက ထွက်ပေါ်လာသည်။ ဘိုလန့်က အချက်ပြလိုက်သည်၊ သူ့လူများက သစ်တောအုပ်အတွင်းသို့ ပြန်ပြေးဝင်သွားကြသည်။ သူနှင့်အတူ နဒ္ဒ(ခ်)တစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

ဘိုလန့်က တိုက်ဂါးတို့၏ မြင်းများတင်ထားသော ပက်လက်တွဲ၏ လက်ရမ်းကို ဆုပ်ကိုင်ပြီး တွဲပေါ်သို့ခုန်တက်လိုက်သည်။ လက်ထဲမှ သေနတ်ဖြင့်လည်း တွဲစောင့်နှစ်ယောက်ကို လှမ်းပစ်လိုက်သည်။ အစောင့်များက ကြမ်းပြင်ပေါ်သို့မှောက်ချလိုက်ကြသည်။

ဟတ်က တွဲပေါ်သို့ရောက်လာသည်။

'ရထားကို ရပ်ပစ်လိုက်စမ်း'

ဘိုလန့်က စက်ခေါင်းအတွင်းမှ ရထားမောင်းသူကို လှမ်းပြီး အမိန့်ပေးလိုက်သည်။ သို့သော် ရထားက ပုံမှန်အတိုင်း ဆက်သက်သွားနေဆဲဖြစ်သည်။

'ဒီကိစ္စကို ကျွန်တော်တာဝန်ယူလိုက်မယ်'

ဟတ်က ဘိုလန့်ကိုပြောပြီး ရထားစက်ခေါင်းအတွင်းသို့ ဝင်သွားသည်။ ထို့နောက် ရထားမောင်းသူကို တွန်းဖယ်ပြီး ရထားဘရိတ်ကို ဆွဲပစ်လိုက်သည်။

တုံ့နှေးသွားသောရထားကြောင့် ဘိုလန့်ကလဲပြိုမသွားစေရန်ရထားလက်ရမ်းကို ဆွဲထားလိုက်ရသည်၊ရထားဘီးနှင့် သံ



လမ်းတို့ ပွတ်ကြိတ်သံက ကြောက်ခမန်းလိလိ ထွက်ပေါ်လာပြီး ရထားက ရပ်သွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှုက လွှမ်းမိုးသွားတော့သည်။ မကြာမီ ရထားအောက်မှ ကပ်ပြီး ပြေးလွှားလာသော ခြေသံများက ထွက်ပေါ်လာသည်၊ ဘိုလန့်က မာကာရော့ ပစ္စတိုကို သေနတ်အိတ်ထဲသို့ ပြန်ထိုးထည့်လိုက်ပြီး ကျောတွင် လွယ်ထားသော အေကေဆဲဗင်း တီးဖိုးရိုင်ဖယ်ကိုဖြုတ်ယူလိုက်သည်။

ရှေ့ဆုံးမှပြေးလာသော တိုက်ဂါးနှစ်ယောက်ကို ဘိုလန့်က ရိုင်ဖယ်ဖြင့် ပစ်ချလိုက်သည်။ ယို့ကြောင့် ကျန်လူများက နောက်သို့ ပြန်ဆုတ်သွားသည်။

'ရထားကို နောက်ပြန်ဆုတ်လိုက်စမ်းပါ'

ဘိုလန့်က ဟတ်ကို အော်ဟစ်အမိန့်ပေးလိုက်သည်။

ဟတ်က ဘက်ဂီယာ လီဗာတံကိုဆွဲပစ်လိုက်လည်း၊သို့သော် ရထားက မရွေ့ဘဲဖြစ်နေသည်၊ ဟတ်က ရထားမောင်းသူကို ပြန်ဆုတ်ခိုင်းလိုက်သည်။ မကြာမီ မီးရထားက နောက်သို့ တရွေ့ရွေ့ ဆုတ်ခွာသွားသည်။

'လာကြဟေ့၊ လာကြဟေ့'

ဘိုလန့်က သူ့လူများကို ရေဒီယိုဖြင့် လှမ်းအော်ခေါ်ရင်း တိုက်ဂါးများရှိသည့် တွဲဖက်ကို သေနတ်ဖြင့် လှမ်းပစ်သည်။

ကျောက်မီးသွေးဖိုဖို၏ အမိုးပေါ်သို့ လူတစ်ယောက်တက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဘိုလန့်ကို သေနတ်ဖြင့် လှမ်းပစ်သည်။ ကျည်ဆန်က နားရွက်အနီးမှဖြတ်သွားသည်။ ဟတ်က တိုက်ဂါးကို လှမ်းပစ်လိုက်သည်။ တိုက်ဂါးမှာ အော်ဟစ်ညည်းညူပြီး ပက်လက်တွဲထဲသို့ပြုတ်ကျလာသည်။

နောက်ပြန် ဆုတ်မောင်းနေရသော ရထားက တဖြည်းဖြည်း အရှိန်ရလာသည်။ တောအုပ်အတွင်းမှ တောင်ပေါ်သားများက တိုက်ဂါးတပ်ဖွဲ့ကို ပစ်ခတ်တိုက်ခိုက်ကြသည်။ ကျည်ဆန်တစ်တောင့်က ဘိုလန့်တို့ရှိရာ တွဲနံရံကို ဖောက်ဝင်လာသည်။

ဘိုလန့်က ဝါယာလက်စက်၏ ခလုတ်ကို အမြန်ဆုံးနှိပ်လိုက်သည်၊

'မစ္စတာလီ၊ အပစ်အခတ်တွေကို ရပ်ပစ်လိုက်ပါ'

ဟတ်နှင့်ဘိုလန့်တို့က တွဲနံရံတွင်ကပ်ပြီး ရထား၏ တဖက်ခြမ်းရှိ မြက်ခင်းထဲမှ မှောက်၍ ပစ်ခတ်နေသော တိုက်ဂါးများကို ပစ်ခတ်လိုက်ကြသည်။

မစ္စတာလီနှင့် တောင်ပေါ်သားများက ရထား၏ ကိုယ်ထည်ကို အကာအကွယ်ယူပြီး တွဲများပေါ်သို့ တက်လာခဲ့ကြသည်။

'မစ္စတာလီ၊ ခင်ဗျားတို့ ပစ်ချင်သပဆိုရင် ပြန်ပစ်နိုင်ပြီဗျာ။ တိုက်ဂါး တချို့တလေတော့ လက်ရဖမ်းလိုက်ပါဦး၊ ဒါမှစစ်ဆေးမေးမြန်းနိုင်မှာပေါ့'

ဘိုလန့်ကတခြားတွဲပေါ်မှ လီကိုဝါယာလက်စက်ဖြင့်ဆက်သွယ်ပြောကြားလိုက်သည်။



'ကျွန်တော်တို့ ကြိုးစားကြည့်ပါ့မယ် ဗိုလ်မှူးကြီး။ ခရီးသည်တွဲပေါ်မှာ တိုက်ဂါးတွေ ရှိနေပါသေးတယ်'

ရုတ်တရက် လီ၏အသံက ထိတ်ထိတ်ပြာပြာပုံစံသို့ ပြောင်းသွားသည်။

'သတိထားပါ ဗိုလ်မှူးကြီး။ သူတို့ဟာတွဲခေါင်မိုးပေါ်ကိုရောက်နေကြပြီဗျ'

ဘိုလန့်က ကျောက်မီးသွေး ဖိုပေါ်သို့ တွယ်တက်လိုက်သည်။ တွဲဆက် တံခါးပေါက် တစ်ခုမှ လှုပ်ရှားနေသော လူဘန်းကြီးကို ရုတ်တရက်တွေ့လိုက်ရသည်။ အချို့ကအမိုးပေါ်တွင်ရှိနေကျပြီး အချို့မှာ ပက်လက်တွဲတစ်ခုထဲသို့ တွယ်ဆင်းနေကြသည်။

ဘိုလန့်က အော်တိုမက်တစ် ခလုတ်ကိုဖွင့်ပြီး သူတို့ကိုလှမ်းပစ်လိုက်သည်။ အမိုးပေါ်မှ လူများက အောက်ဖက်ဘီး ကြားထဲသို့ ပြုတ်ကျသွားသည်။ နှစ်ယောက်ကနောက်သို့ ဆုတ်ပြီး တွဲဆက်တံခါး ကပိတ်သွားသည်၊

'နာ့(ခ်)က ဗိုးနစ်ကိုဆက်သွယ်နေတယ်။ ဘာဖြစ်နေပြီလဲ'

ရေဒီယိုစက်အတွင်းမှ နာ့(ခ်)၏ အသံက ထွက်ပေါ်လာသည်။

'ငါတို့ရထားတစ်စင်းကို အပိုင်းစီးထားလိုက်ပြီ။ ဒီတော့ တိုက်ဂါးစခန်းကို ရထားနဲ့သွားကြဖို့ပဲရှိတော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ပြန်လည် ဆက်သွယ်ပြောကြားလိုက်သည်။

မကြာမီ ရထားက တောအုပ်၏ အစွန်းပိုင်းဆီသို့ ရောက်သွားသည်။ ဘိုလန်က ကျောက်မီးသွေး တွဲပေါ်တွင် မှောက်ပြီးလူစီးတွဲအတွင်းမှ ထွက်ပေါ်လာမည့် တိုက်ဂါးများကို စောင့်ကြည့်နေသည်။ ထိုစဉ် ရေဒီယို စက်အတွင်းမှ နာ့(ခ်)၏အသံက ထွက်ပေါ်လာပြန်သည်။

'လီဟာ တိုက်ဂါးတချို့ကို လက်ရဖမ်းထားလိုက်တယ်။ သူစစ်ဆေးကြည့်တဲ့ အခါမှာ အဲ့ဒီတိုက်ဂါးတွေဟာ လခကောင်းကောင်းရလို့ တိုက်ဂါး ခေါင်းကို အစောင့်လုပ်နေကြတာလို့သိရတယ်။ ခင်ဗျားတို့က တောင်ဘက်ကို သွားနေတာလား၊ ဒါမှမဟုတ် မြောက်ဘက်လား'

'မြောက်ဘက်ကို သွားနေတာပေါ့ကွာ'

'ကျွန်တော်တို့က လမ်းကြောင်းပေါ်မှာ ရောက်နေတာဆိုတော့ ရထားကို တွေ့ရရင် အချက်ပြလိုက်ပါမယ်'

'ဟုတ်ပြီး ဒါဆို မင်းတို့ကို ငါစောင့်ကြည့်နေမယ်'

ဘိုလန်က ပြန်ပြောလိုက်သည်။

မိနစ်အနည်းငယ် အကြာတွင် ရထားလမ်း၏ အောက်ဘက်မှလက်ပြနေသော နာ့(ခ်)ကို ဘိုလန်က လှမ်းတွေ့လိုက်ရသည်၊ ဘိုလန်က ရထားမောင်းသူကို အရှိန်လျှော့ဖို့ အမိန့်ပေးလိုက်သည်။ ရထားက တဖြည်းဖြည်းအရှိန်နှေးလာသည်။



'ရထားကို ရပ်မပစ်လိုက်နဲ့ဦး'

ဝါယာလက်စက်ထဲမှ နာ့(ခ်)၏အသံက ထွက်ပေါ်လာသည်။

ဘိုလန်က ရထား၏ ဘီးဝင်လာခန်းထဲသို့ ကျောက်မီးသွေးများကို ဖြည့်ထည့်ရင်း ရထားမောင်းသူကို ဘရိတ်မဖမ်းဖို့ညွှန်ကြားလိုက်သည်။ ရထားက အရှိန်ပိုမြန်လာပြန်သည်။

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဘရိတ်ပြန်ဖမ်းလိုက်တော့'

နာ့(ခ်)က ဆက်သွယ်ပြောကြားလိုက်သည်။

ရထားက သစ်မှတ်ထားသောနေရာတွင် ရပ်သွားသည်။ နာ့(ခ်)တို့လူစုက တိုက်ဂါးများ ရှိရာတွဲနှင့် မျက်နှာချင်းဆိုင် တည့်တည့်ဖြစ်သွားသည်။

တောအုပ်အတွင်းမှ ပစ်ခတ်လိုက်သော သေနတ်သံများ ထွက်ပေါ်လာသည်၊ ဘိုလန် ရထားမောင်းသူက ဆူညံစွာ ထွက်ပေါ်လာသည်၊ ဘိုလန် ရထားမောင်းသူကို အောက်သို့ဖိချပြီး ဟတ်နှင့်အတူ စက်ခေါင်းအတွင်းဝပ်နေလိုက်သည်။ ကျည်ဆန်များက တိုက်ဂါးများရှိရာ တွဲဆီသို့ စုပြုံတိုးဝင်သွားကြသည်။ နောက်ဆုံးတွင် သေနတ်သံများ တိတ်ဆိတ်သွားပြီး ရထားဆီသို့ ပြေးလွှားလာသော ခြေသံများကို ဘိုလန်ကြားလိုက်ရသည်။ ထို့နောက် နာ့(ခ်)က ရထားစက်ခေါင်းထဲသို့ ဝင်လာသည်။

'သူတို့ လက်နက်ချကုန်ကြပြီဗျ'

'ကောင်းတာပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်ကပြောပြီး ထရပ်လိုက်ကြသည်။

'ကဲ ငါတို့ရဲ့မြင်းတွေ၊ လက်နက်တွေကို ရထားပေါ်တင်လိုက်ကြရအောင်'

*

## အခန်း (၁၈)

ရထားက တောအုပ်အတွင်းမှ ဖြတ်ထွက်လာစဉ် နေဝင်သွားပြီဖြစ်သည်။

ရထားပေါ်တွင် လူများ၊ မြင်းများနှင့် လက်နက်များက ပြည့်နှက်လျက်ရှိသည်။

'ဒီလိုဆိုတော့လဲ ဗိုလ်မှူးကြီးဖိုးနှစ်ရဲ့ တိုက်ပွဲဝင် စစ်ရထားကြီးလို့ ပြောရမှာပေါ့နော်'

နာ့(ခ်)က ဘိုလန်ကို နောက်ပြောင်ကျီစယ်လိုက်သည်။

သူတို့နှစ်ယောက် ကျောက်မီးသွေးဖိုပေါ်တွင်ရပ်ပြီး ရှေ့ဘက်လမ်းခရီးကို လေ့လာကြည့်ရှုနေကြသည်။ တစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိုင်နှုန်းဖြင့် ခုတ်မောင်းနေသော ရထားကြီးက တောအုပ်တစ်ခုဆီသို့ တဖြည်းဖြည်း နီးကပ်လာသည်။ ဝင်လုဆဲနေမင်းကြီးက တောင်တန်းတစ်ခုပေါ်သို့ မေးတင်ပြီး လောကကြီးကို နှုတ်ဆက်လျက်ရှိနေသည်။

'နေဝင်ခါနီးရှုခင်းဟာ သိပ်လှတယ်နော်'

နာ(ခ်)က ဝင်လုဆဲ နေလုံးကြီးကိုလှမ်းကြည့်ရင်း ပြောလိုက်သည်။

ဘိုလန်က ခေါင်းညိတ်ပြလိုက်သည်။

'ပိုင်ဖန်ကိုရောက်ဖို့ နောက်ထပ် ဘယ်လောက်ကြာအောင်သွားရဦးမလဲ မသိဘူးဗျာ'

'ဘာအနှောင့်အယှက်မှ မတွေ့ရင်တော့ နှစ်နာရီလောက်ကြာရင်ရောက်သွားမယ်၊ အဲဒီနေရာကနေပြီး သုံးနာရီလောက်မောင်းလိုက်ရင်တော့ တိုက်ဂါးစခန်းကို ရောက်လိမ့်မယ်၊ သန်းခေါင်မတိုင်မီ ငါတို့တိုက်ပွဲဝင်ရမှာပဲ'

'ဒါဆို ဒီရထားကြီးကို ဘယ်မှာရပ်ထားရမှာလဲ'

'တိုက်ဂါးတွေမမြင်အောင် ကွယ်ပြီး ရပ်ထားနိုင်တဲ့နေရာရှိတယ်လို့ ရထားမောင်းတဲ့လူက ပြောတယ်၊ သူက မြို့ကို ကျော်လျောက်ပြီး ပြန်သွားလိမ့်မယ်'

'စိတ်ချရပါ့မလားဗျာ'

'ဒီကိစ္စအတွက် သူ့ကို ငါ ဘတ်ငွေတစ်ထောင် ပေးထားတယ်လေ'



ရထားကြီးက တောအုပ်အတွင်းသို့ ဖြတ်သန်းဝင်ရောက်လာခဲ့သည်။ ညဥ့်နက်လာသည်နှင့်အမျှ အအေးဓာတ်ကလည်း ပို၍စိမ့်လာတော့သည်။

ဘိုလန်က နောက်သို့လှည့်ကြည့်လိုက်သည်။ သတ္တုကုန်ကြမ်းများတင်ထားသော တွဲပက်လက်ပေါ်တွင် သူ့လူများက သေနတ်ကိုင်ရင်း ကင်းစောင့်လျက်ရှိကြသည်။

ဘိုလန်က ရေဒီယိုစက်ကို ပါးစပ်နားသို့ တိုးကပ်လိုက်သည်။

'ဗိုလ်မှူးကြီးစကားပြောနေတယ် ခေါင်းဆောင်တွေဟာကိုယ့်တာဝန်ခံဝင်တွေအားလုံးကိုစည်းကမ်းတကျ ထိန်းသိမ်းထားပါ၊ အကယ်လို့ထိုင်းစစ်တပ်နဲ့တိုးခဲ့ရင်ပြန်ပြီးမပစ်ခတ်ကြပါနဲ့၊ ဒီညွှန်ကြားချက်ကိုတော့ အလေးအနက် လိုက်နာကြပါ'

'ဒီကိစ္စအတွက်တော့ ကျွန်တော်တို့က သိပ်စိုးရိမ်နေစရာမလိုဘူးလို့ထင်တယ်၊ သူတို့အဖွဲ့ခေါင်းဆောင်တွေက သူတို့အမိန့်မပေးဘဲ ပစ်ခဲ့လူကို ပိုက်ဆံမပေးဘူးလို့ ပြောနေသံတွေ ကျွန်တော် ကြားလိုက်ရလို့ပါပဲ'

'မင်းရဲ့စကားဟာ မှန်နေရင်တော့ သိပ်ကောင်းတာပေါ့ နာ(ခ်)'

ဘိုလန်က နာ(ခ်)ကိုပြောလိုက်သည်။

ယခုစစ်ဆင်ရေးအတွက် အမေရိကန် သမ္မတကြီးကိုယ်တိုင် ဘိုလန်ကို အထူး အာဏာကုန် လွှဲအပ်ပေးထားခဲ့ခြင်းဖြစ်သည်။ တမ္ဘာနှင့်အဝှမ်း ဒုက္ခပေးနိုင်သော မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဘိုလန်က အခိကတာဝန်ယူခဲ့ရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်က တိုက်ဂါးများအပေါ် ပုဂ္ဂိုလ်ရေးအရ သွေးကြွေးဆပ်ချင်နေသေးသည်။

ရှေ့ဘက်ရထားလမ်းဆီမှ အနီရောင် အချက်ပြမီးများ လင်းလက်လာသည်ကို ဘိုလန် လှမ်းတွေ့လိုက်ရသည်။ စစ်သားနှစ်ယောက်က ရထားသံလမ်းပေါ်တွင်ရပ်ပြီး ရထားကို ရပ်ပေးရန် တားနေကြသည်။ ကျန်စစ်သားလေးငါးယောက်က ရထားလမ်းဘေးတွင်ရပ်နေကြသည်။စစ်သားတစ်ယောက်၏ကျောတွင် ဝါယာလက်စက်ကို လွယ်ထားသည်။ သူတို့၏လက်တွင် စီ၁အအာ ရ်) သေနတ်များကို အသင့်ကိုင်ထားသည်။

'ကျွန်တော်တို့ ရပ်ပေးလိုက်ရမလား'

ရထားမောင်းသူက ဘိုလန်ကို လှမ်းမေးလိုက်သည်။

'မရပ်နဲ့ ဆက်သာမောင်းလိုက်ပါ'

ဘိုလန်က လှမ်းပြီး အမိန့်ပေးလိုက်သည်။

ရထားမရပ်ဘဲ အရှိန်ဖြင့် ဆက်လက်ခုတ်မောင်းသွားသောကြောင့် စစ်သားနှစ်ယောက်က ရထားလမ်းဘေးသို့ ခုန်ဆင်းလိုက်ကြသည်။

ဘိုလန်က စစ်သားများကို သတိမပြတ် ကြည့်နေလိုက်သည်။ သို့သော် သူတို့က ပစ်ခတ်လိုဟန်မျိုး ရှိမနေကြပေ။ အရာရှိဖြစ်သူက ဆက်သွယ်ရေးတပ်သားကို လက်ရိပ်ပြလိုက်သည်ကို ဘိုလန်က တွေ့လိုက်ရသည်၊ အရာရှိက ဖြတ်သွားသော ရထားပေါ်မှ ဘိုလန်ကို ခပ်အေးအေးပင် လှမ်းကြည့်နေသည်။



'ဒါက ဘာသဘောလဲ'

နာ့(ခ်)က ဘိုလန်ကို လှမ်းမေးသည်။

'ဒါတော့ငါလဲ ဘယ်သိပါမလဲကွာ'

'ဘာတွေဖြစ်လာနိုင်မယ်လို့ ခင်ဗျားထင်သလဲ'

မကြာခင် အဖြေထွက်လာမှာပေါ့ကွာ'

'သူတို့ကြည့်ရတာ သစ်တောစောင့်ရဲဘော်တွေ ဖြစ်နိုင်တယ်'

'ဟုတ်မှာပေါ့နာ့(ခ်)'

မကြာမီ လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ရထား ဝင်ရောက်သွားသည်။ ထို့နောက် မြေပြန့်လွင်ပြင်တစ်ခုကို ဖြတ်သန်းသွားရပြန်သည်။

ရထားသံလမ်း၏ရှေ့ဘက် ကိုက်ငါးဆယ်ခန့်အကွာတွင် သံလမ်းပေါ်မှာဝပ်နေသော လူအုပ်စုတစ်ခုကို ဘိုလန် သတိထားလိုက်မိသည်။ သူတို့၏နောက်ဘက် ကိုက်ငါးရာခန့် အကွာတွင် နောက်ထပ်အုပ်စုတစ်ခုရှိနေသည်။ထိုအုပ်စုနှစ်စုက ရထားနီးကပ်လာချိန်တွင် တတိယအုပ်စုနှင့်တစ်ခုနှင့် သွား၍ ပူးပေါင်းလိုက်ကြသည်။ ထိုအုပ်စုမှာ သံလမ်း သစ်ပင်များ အကြားတွင် ရှိနေသည်။ လူတစ်ယောက်၏ ကျောဘက်မှ ထိုးထိုးထောင်ထောင် ဖြစ်နေသော ရေဒီယိုကိရိယာတိုင်ကို ဘိုလန်က သတိထားလိုက်မိသည်။ရထားရပ်မပေးသည့်အတွက် တောအုပ်အတွင်းရှိ တပ်ဖွဲ့မှ ထိုအုပ်စုထံ သတင်းပို့လိုက်ခြင်းကြောင့်သာ ဖြစ်လိမ့်မည်ဟု ဘိုလန် တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ရထားကိုရပ်ပေးရန် နောက်ဆုံးသတိပေးသည့် အနေဖြင့် သံလမ်းပေါ်တွင် ဗုံးတစ်လုံးကို ထောင်ထားသည်။

ဘိုလန်က အချိန်ဆိုင်းမနေတော့ဘဲ မြင်းများရှိရာ ပက်လက်တွဲဆီသို့ အမြန်ဆုံး ကူးသွားလိုက်သည်။

'ငါကို မီးလောင်ဗုံးပေးစမ်း'

ဘိုလန်ကသူ့လူများထံမှမီးလောင်ဗုံးတွေယူပြီး မြင်းစီး၍ ရထားပက်လက်တွဲပေါ်မှ အောက်သို့ ခုန်ချလိုက်သည်။ ထိုင်းစစ်သားများ ပစ်ခတ်လိုက်သော ကျည်ဆန်များက သူ့အနီးမှ ဖြတ်သန်းထွက်သွားသည်။

ဘိုလန်က ရထားကို ကျော်သွားအောင် မြင်းကို ဒုန်းစိုင်းစီးပြီး သူနှင့်ထိုင်းတပ်သားများအကြား မီးလောင်ဗုံးသုံးလုံးကို ပစ်သွင်းလိုက်သည်။ ဗုံးများ ဆက်တိုက်ပေါက်ကွဲသွားပြီး မီးခိုးလုံးကြီးများက ကြားတွင် အမှောင်ထု နံရံကြီးတစ်ခုကို အကာအကွယ်ဖြစ်သွားတော့သည်။

ထိုင်းတပ်သားများက မီးခိုးများအကြားမှ မြင်းစီးပြီး ထွက်ပေါ်လာသည်။

ဘိုလန်က မြင်းပေါ်တွင်ဝပ်ပြီး ဗုံးကိုရှာဖွေသည်။ ထို့နောက် မြင်းပေါ်မှခုန်ချပြီး ဗုံးရှိရာနေရာသို့ ပြေးသွားသည်။ အနက်ရောင် တောင်ပေါ်သားဝတ်စုံကြောင့် ထိုင်းတပ်သားများက သူ့ကို မီးခိုးများအကြား ရုတ်တရက် ရှာမတွေ့နိုင်ဘဲ ဖြစ်နေကြရတော့သည်။

သံလမ်းပေါ်တွင်ထောင်ထားသော အနက်ရောင်ပစ္စည်းတစ်ခုကို ဘိုလန်က ရုတ်တရက် တွေ့လိုက်ရသည်။ ထို့ကြောင့် ဗုံးကို သံလမ်းပေါ်မှ ဆွဲ၍မလိုက်သည်။ သို့သော် တိပ်ကြိုးများဖြင့် ပတ်ချည်ထားမှုကြောင့် ကြွတက်မလာဘဲ ဖြစ်နေသည်။ အရှိန်ဖြင့်လာသော ရထားကလည်း တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

မီးခိုးများကြောင့် ဘိုလန်၏ မျက်စိများကလည်း ကျိန်းစပ်နေသည်။ စက္ကန့်ပိုင်းအတွင်း ရထားက ဗုံးပေါ်သို့ တက်နင်းသွားတော့မည်ဟု ဘိုလန်က သိလိုက်သည်။ ထို့ကြောင့် ပါးစပ်မှ ကျိန်းဆဲသံများ ထွက်ပေါ်လာမည်ဖြစ်သည်။ ကြီးသွင်းအောင်ပြီး ဗုံးကို ခြေကန် ဆွဲဖြုတ်လိုက်သည်။ တိပ်ကြိုးများပြတ်ထွက်ပြီး ဘိုလန်မှာ နောက်ပြန် လဲကျသွားသည်။ ထိုအချိန်တွင် ရထားစက်ခေါင်းက လက်မတင်လေး သူ့ကို ကျော်ဖြတ်သွားသည်။ ရထားမှ အပူငွေ့များ ဟပ်ပြီး အမဲဆီနံ့က သူ့နှာခေါင်းထဲသို့ တိုးဝှေ့ဝင်ရောက်လာသည်။

ဘိုလန်က ထပြီး ရထားတွဲများကို အမှီပြေးလိုက်သွားသည်။ မောပန်းနွမ်းနယ်မှုကြောင့် လူစီးတွဲများကို မှီအောင် ပြေးမလိုက်နိုင်တော့ပေ။ တွဲပေါ်မှ တောင်ပေါ်သားများက အော်ဟစ်ခေါ်ပြီး လက်များကို ကမ်းပေးကြသည်။

သို့သော် ထိုလက်များက တရွေ့ရွေ့ ဝေးကွာသွားကြတော့သည်။ သတ္တုရိုင်းများတင်ထားသော ပက်လက်တွဲတစ်ခုတွင် သတ္တုလှေခါးတစ်ခု ချိတ်ဆွဲထားသည်ကို ဘိုလန်တွေ့လိုက်ရသည်။ ထို့ကြောင့် လှေခါး၏ သတ္တုတန်းတစ်ခုကို အမြန်ဆုံးဖမ်းဆွဲလိုက်သည်။ တန်းကို မိမိရရ ဆုပ်ကိုင်နိုင်သော်လည်း ခြေကမလိုက်နိုင်မှုကြောင့် ရထားဘေးတွင် ဇရွတ်


www.burmeseclassic.com

www.burmeseclassic.com



တိုက်ပါသွားသည်။ စိတ်ကိုအတတ်နိုင်ဆုံး အားတင်း၍ လှေခါးပေါ်သို့ တွယ်တက်လိုက်သည်။ သူ့တစ်ကိုယ်လုံး ယိမ်းထိုး လှုပ်ရှားပြီး လှေခါးပေါ်သို့ ရောက်သွားသည်။

တဲပေါ်မှလက်တစ်ဖက်က သူ့ကိုလှမ်းဆွဲလိုက်သည်။ သူ တဲပေါ်သို့ ရောက်သွားချိန်တွင် သူ့ကို အော်ဟစ် ဂုဏ်ပြုကြသော အသံများက ဆူညံစွာ ထွက်ပေါ်လာသည်။ သို့သော် ဘိုလန်၏ နားထဲတွင် ထိုအသံများက တဖြည်းဖြည်း ဝေးကွာပျောက်ကွယ်သွားပြီး အသိတရားများက အမှောင်ထုအတွင်းသို့ စုန်းစုန်းနစ် မြုပ်ပျောက်ကွယ်သွားတော့သည်။

အခန်း (၁၁)

ဘိုလန်၊ နော့(ခ်)နှင့်ဗန်ကီတို့က တောင်ကြောပေါ်မှာရပ်ပြီး တိုက်ဂါး ပင်မစခန်းကို လေ့လာကြည့်ရှုလိုက်သည်။

အချိန်က ညဆယ်နာရီ ကျော်ပြီဖြစ်သည်။

ဘိုလန်၏ တောင်ပေါ်သားအုပ်စုက တိုက်ပွဲဝင်ရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်သည်။ သို့သော်ဘိန်းချက်စခန်းကြီး ကလုံခြုံမှုအပြည့်အဝဖြင့် အခိုင်အခန့်ဖြစ်နေသည်။ ကွင်းပြင်ကြီးတစ်ခုအတွင်းတွင် အဝပါချီရဟတ်ယာဉ်များကို ရပ်ထားသည်။ တိုက်ဂါးတပ်ဖွဲ့ဝင်များ၏ တဲစခန်းများကလည်းတစ်မျှော်တစ်ခေါ်ကြီးရှိနေသည်။ လူအင်အား၊ လက်နက်အင်အား တောင့်တင်းလှသော စခန်းတစ်ခုအဖြစ် ဘိုလန်က အသိအမှတ်ပြုလိုက်မိသည်။

www.burmeseclassic.com



'ကျွန်တော်တို့ဟာ ရက်စက်ကြမ်းတမ်းတဲ့ လူသတ်ပွဲကို ဝင်ရတော့မယ်'

ဗန်ကီက ဘိုလန်ကို ပြောလိုက်သည်။

'ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးထဲမှာ ခင်ဗျားတို့က အားတက်သရော ပါဝင်ကူညီလာမယ်ဆိုရင်တော့ ခင်ဗျားတို့ပြောသလိုဖြစ်မှာသေချာတာပေါ့ဗျာ'

ဘိုလန်ကပြန်ပြောလိုက်သည်။

'ဗိုလ်မှူးကြီးမှာ ဘယ်လို အစီအစဉ်မျိုးများ ရှိနေလို့လဲ'

'ဗိုလ်မှူးကြီးက တိုက်ဂါးစခန်းထဲကို လမ်းလျှောက်ပြီး ဝင်သွားဖို့ စဉ်းစားနေတာဗျ'

နာ့(ခ်)က ဝင်ပြောလိုက်သည်။

'လမ်းလျှောက်ပြီးဝင်သွားမယ် ဟုတ်လား'

ဗန်ကီက တအံ့တသြမေးသည်။

'တကယ် တိုက်ဂါးကြီး တစ်ယောက်ပုံစံမျိုးနဲ့ ဝင်သွားမှာပေါ့။ ခင်ဗျားဆီမှာ တိုက်ဂါးတွေဆီက ချွတ်ယူထားတဲ့ ယူနီဖောင်းတွေ ရှိနေတယ်မဟုတ်လား'

ဘိုလန်က ဗန်ကီကို မေးလိုက်သည်။

'ယူနီဖောင်းတင် မကဘူး လက်နက်တွေရော၊ လူတွေပါ ရှိပါတယ်'

အချိန်က ဆယ့်တစ်နာရီ ထိုးသွားပြီးဖြစ်သည်။

တိုက်ဂါးစခန်းကို ဝင်စီးမည့် ကွန်မန်ဒိုများကလည်း အသင့်ဖြစ်နေကြသည်။ တန်းစီရပ်နေသည့် ကွန်မန်ဒိုတပ်ဖွဲ့ကို ဘိုလန်က လရောင်အောက်တွင် စစ်ဆေးကြည့်ရှုလိုက်သည်။



တောင်ပေါ်သားလေးဆယ်က ရထားပေါ်မှ ဖမ်းမိသော တိုက်ဂါးများထံမှ ချွတ်ယူလာသော ယူနီဖောင်းများကို ဝတ်ဆင်ထားသည်။ သူတို့လက်ထဲတွင် တိုက်ဂါးများ၏ လက်နက်များကရှိနေကြပြီဖြစ်သည်။ သူတို့အုပ်စုက ပြန်လာကြသော တိုက်ဂါးတပ်ဖွဲ့အသွင်ဖြင့် စခန်းထဲသို့ ဝင်ကြရမည်ဖြစ်သည်။ သို့သော်လူအင်အား လေးဆယ်တည်းဖြင့် တိုက်ခိုက်၍မဖြစ်နိုင်မှန်း ဘိုလန်က သိထားပြီးဖြစ်သည်။ ထို့ကြောင့် တောင်ပေါ်သား ဒုတိယအုပ်စုကို ဖမ်းဆီးလာသော တရားခံများအသွင်ဖြင့် လိုက်ပါနိုင်ရန် ဘိုလန်က စီစဉ်ပေးထားသည်။

တရားခံများကို တုတ်ထားသောကြိုးက ဟန်ပြဖြစ်သည်။ အရေးကြုံလာလျှင် အသာလေး ရုန်းထွက်ရုံဖြင့် လွတ်နိုင်အောင် ခပ်လျော့လျော့လေး ချည်ထားခြင်းသာဖြစ်သည်။ ရှေ့မှကွန်မန်ဒိုများ ဆွဲသွားရမည့် မြင်းများပေါ်တွင် ဖမ်းဆီးထားသော လက်နက်များကို သေတ္တာများဖြင့် ထည့်၍တင်ထားသည်။ တိုက်ပွဲဖြစ်လာချိန်တွင် တရားခံ သုံ့ပန်းဟန်ဆောင်ထားသော တောင်ပေါ်သားများက အလွယ်တကူ လက်နက်များ ယူနိုင်ကြပေလိမ့်မည်။ အချို့ လူများကပတ်တီးများ စည်းပြီး ဒဏ်ရာ ရလာဟန် ဆောင်ထားကြသေးသည်။

'မင်းတို့အားလုံးဟာ သဏ္ဍာန်လုပ် သရုပ်နဲ့ တူကြတော့ တိုက်ဂါးတွေမျက်စိလည်သွားမှာ သေချာနေပြီ။ ဒါပေမယ့် စခန်းထဲကိုရောက်တာနဲ့ အမြန်ဆုံး လှုပ်ရှား တိုက်ပွဲဝင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖို့တော့ အရေးကြီးတယ်နော်။ ကိုယ်ပစ်ခတ်ရမယ့် ပစ်မှတ်ကို ပိုင်ပိုင်နိုင်နိုင် မလွတ်တမ်းထိမှန်အောင်ကြိုးစားရလိမ့်မယ်'

ဘိုလန်က သူ့လူများကိုညွှန်ကြားပေးပြီးနောက် ချီတက်ရန် အချက်ပြလိုက်သည်၊

ဘိုလန်တို့ တပ်ဖွဲ့က တောလမ်းလေးအတိုင်း ချီတက်သွားကြသည်။ လူငါးယောက်လျှင် တရုတ်စပီကာတစ်ခုဆီကို ကိုင်ဆောင်ထားကြသည်။ တောင်ပေါ်သား မီယိုအမျိုးစုမှ တရုတ်ပြည်ဘောင်ပိုင်း ယူနန်နယ်သားများ ဖြစ်ကြသည်။

ကျန်ရစ်ခဲ့သောတောင်ပေါ်သားများကဘိုလန်တို့အုပ်စုကို အပြုံးမျက်နှာများဖြင့် လက်ပြနှုတ်ဆက်လိုက်ကြသည်။

တောင်ကြောတစ်ခုကို ဖြတ်သန်းပြီးနောက် မြေနီလမ်းအတိုင်း ကွန်မန်ဒိုတပ်ဖွဲ့က ချီတက်သွားသည်။ ဘိုလန်ကတောင်ပေါ်သားဝတ်စုံဖြင့် သို့ပန်းများနှင့် ရောနှောလိုက်ပါသွားသည်။ မျက်နှာဖြူတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာသည့်ပုံစံက တိုက်ဂါးတို့ကို စိတ်ဝင်စားမှု ရှိနိုင်ကြောင်း ဘိုလန်က သိထားပြီးဖြစ်သည်။

ရှေ့တွင် တိုက်ဂါးစခန်း၏ ဂိတ်ပေါက်ဝကို ခပ်ရေးရေးလှမ်းတွေ့လိုက်ရသည်။ ဂိတ်ပေါက်အနီးသို့ ရောက်လာသော ဘိုလန်တို့ အုပ်စုပေါ်သို့ မျှော်စင်ပေါ်မှ မီးဆလိုက်တစ်ခုက ဖြာဆင်းကျရောက်လာသည်။ တိုက်ဂါးယူနီဖောင်း ဝတ်ထားသူတစ်ယောက်က တပ်ဖွဲ့မှ ခွဲထွက်ပြီး ဂိတ်ပေါက်ဝဆီသို့ မြင်းကို ဒုန်းစိုင်းစီးသွားသည်။ သူ့ခန္ဓာကိုယ်ပေါ်တွင်ကျည်ဆန်ရာ ဗရပွဖြင့် သွေးစွန်းနေသော ယူနီဖောင်းအစုတ်ကို



ဝတ်ဆင်ထားသည်။ ခေါင်းတွင် သွေးစွန်းနေသော ပတ်တီးတစ်ခု ကိုစည်းနှောင်ထားပြန်သည်။

'ကျွန်တော်တို့က ကပ္ပတိန် ဝေါင်းရဲ့ ဂရင်းဖရေဘ့တွေပါ'

တောင်ပေါ်သားက တိုက်ဂါးတို့၏ စကားဝှက် ဂရင်းဖရေဘ့ကို သုံးပြီး အော်ဟစ်အကြောင်းကြားလိုက်သည်၊ ထိုစကားဝှက်ကို ဖမ်းမိထားသော တိုက်ဂါးများထံမှ သူတို့သိခဲ့ရခြင်းသာဖြစ်သည်။

'ဘာတွေဖြစ်လာခဲ့တာလဲ'

မျှော်စင်ပေါ်မှ အစောင့်တယောက်က လှမ်းမေးလိုက်သည်။

'တောင်ပေါ်သားတွေက ကျွန်တော်တို့ကို ဝင်တိုက်လို့ ကပ္ပတိန် ဝေါင်းနဲ့ ရဲဘော်လေးယောက် ကျဆုံးသွားတယ်'

'ငှားထားတဲ့ကြေးစား ရဲဘော်တွေကော'

'သူတို့တော့ဘာမှ မဖြစ်ပါဘူး'

မျှော်စင်ပေါ်မှအစောင့်တစ်ယောက်က ဂိတ်တံခါးပေါက်မှ အစောင့်များကို တံခါးဖွင့်ပေးရန် အော်ဟစ်ပြောလိုက်သည်။

'တံခါးဖွင့်ပေးလိုက်ဟေ့'

မရှေးမနှောင်းမှာပင် ဂိတ်တံခါးက ပွင့်လာသည်။ ဆလိုက်မီးငြိမ်းသွားပြီး လမ်းပြရုံသက်သက် မီးလုံးလေးတစ်လုံးသာ လင်းလာသည်။ ဘိုလန်တို့ ကွန်မန်ဒိုတပ်ဖွဲ့က အထဲသို့ဝင်သွားလိုက်ကြသည်။

www.burmeseclassic.com



'သို့ပန်းတွေလည်း ပါလာတယ်ဟေ့။ ဗိုလ်မှူးကြီးက တော့ သူ့ရဲ့ ခါးအရေးစမ်းသပ်ဖို့အတွက် အတော်လေးကျေနပ်သွားမှာပဲ'

တိုက်ဂါးတစ်ယောက်က အားရဝမ်းသာ အော်ဟစ်ပြောလိုက်သည်။

အခြားတိုက်ဂါးများက အော်ဟစ်ရယ်မောလိုက်ကြသည်။

စစ်ရေးပြ ကွင်းထဲသို့ရောက်လာချိန်တွင် ဘိုလန်က နယ်မြေအနေအထားကို လေ့လာတိုင်းတာကြည့်လိုက်သည်။ ကွင်းထဲတွင် မှောင်မည်းနေသော်လည်း အခြားနေရာများတွင် လမ်းမီးတိုင်များက လင်းနေပြီ ဟေးဂီတသံများက ပျံ့လွင့်လျက်ရှိသည်။

ကွင်း၏ ဘေးဖက်တွင် ရှိသော စစ်တန်းလျားတစ်ခု၏ တံခါးက ရုတ်တရက် ပွင့်လာသည်။ အရာရှိတစ်ယောက်နှင့် သူ၏လက်ထောက်တို့က အပြင်သို့ထွက်လာကြသည်။

'တပ်ကြပ် ဆီပို ဘယ်မှာလဲ'

အရာရှိက အော်မေးလိုက်သည်။

'ရှိပါတယ်ခင်ဗျာ'

တပ်ကြပ်ယူနီဖောင်း ဝတ်ထားသောကွန်မန်ဒိုတစ်ယောက်က မှောင်ရိပ်ထဲမှ ပြန်ထူးလိုက်သည်။

'မင်းတို့သာ ချူရိုအတိုက်ခံလိုက်ရတာလား'

'ဟုတ်ပါတယ်။ ပိုင်ဖန်မှာ ရထားရပ်တုန်း တောင်ပေါ် သားတွေက ချောင်းပြီးဝင်တိုက်ကြတယ်'



လက်နှိပ်ဓာတ်မီးရောင် တစ်ခုက ဖြန့်ဖြေသော တပ်ကြပ်၏မျက်နှာပေါ်သို့ ရုတ်တရက် ကျရောက်သွားသည်။ ထို့နောက် တပ်ဖွဲ့ဝင်များကိုလည်း လိုက်ထိုးကြည့်ပြန်သည်။

'မင်းဟာ ဆီပို မဟုတ်ဘူး။ ပြီးတော့ကျန်တဲ့လူတွေကလည်း ကပ္ပတိန် ဝေါင်းရဲ့ လူတွေမဟုတ်ဘူး'

လက်ထောက်အရာရှိအား ပြောလိုက်သည်။

'ဆလိုက်မီးကို ဖွင့်လိုက်စမ်းဟေ့'

အရာရှိ၏အော်သံအဆုံးတွင် စစ်ရေးပြကွင်းမှာ မီးရောင်များ လင်းထိန်သွားတော့သည်။

ဘိုလန်က ဆလိုက်မီးမောင်းဆီသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။ မှန်စများကွဲရှသံနှင့်အတူ မီးများငြိမ်းသွားသည်။ ဘိုလန်က ရေဒီယိုကို အမြန်ဆုံးထုတ်ယူပြီး အပြင်ဘက်တွင် ကျန်ရစ်နေခဲ့သော တောင်ပေါ်သားများဆီသို့ ဆက်သွယ်လိုက်သည်။

'တိုက်ကြတော့ဟေ့၊ ငါတို့အထဲမှာရောက်နေပြီ'

မကြာမီ စခန်းအပြင်ဘက်ရှိ ကုန်းမြင့်ဘက်ဆီမှ သေနတ်သံများက ဆက်တိုက် ထွက်ပေါ်လာသည်။

'နာ့(ခ်)က ဆက်သွယ်နေတယ်၊ ကျွန်တော်တို့ရဲ့ မြင်းတပ်ဖွဲ့ဟာ အခု ချီတက်လာနေပါပြီ'

ဘိုလန်၏ရေဒီယိုမှ နာ့(ခ်)၏အသံက ထွက်ပေါ်လာသည်။

မှောင်မည်းနေသော မြင့်ကွင်းထဲတွင် သေနတ်သံများ၊ အော်ဟစ်သံများနှင့် မြင်းဒုန်းစိုင်းသံတို့က ပွက်လောရိုက်နေသည်။ မျှော်စင်တစ်ခုကို အာရ်ပီဂျီ ကျည်ဆန်တစ်ခုက

www.burmeseclassic.com



ထိမှန်သွားသည်။ စစ်တန်းလျားတစ်ခု၏ ပြတင်းပေါက်များ ကျိုးပဲ့ထွက်သွားပြီး အထဲမှ ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ မီးတောက်ကြီးများက တဟုန်းဟုန်း တောက်လောင်လျက်ရှိနေသည်။

'စစ်ရေးပြကွင်းထဲကို ဗီလီပီတာလေးပေါက်ဒုံးကျည်နဲ့ ထုလိုက်စမ်းပါ'

ဘိုလန်က ရေဒီယိုစက်ထဲမှ လှမ်းပြီး အမိန့်ပေးလိုက်သည်။

စက္ကန့်ပိုင်းအတွင်း အပြင်ဘက် တောင်ကုန်းဆီမှ ပစ်လိုက်သော မော်တာဒုံးကျည်များက စစ်ရေးပြကွင်းထဲသို့ မိုးသီးမိုးပေါက်များပမာ ကျရောက် ပေါက်ကွဲသွားကြသည်။

'နေရာအနှံ့ လျှောက်ပစ်လိုက်စမ်းပါ'

ဘိုလန်က ရေဒီယိုထဲမှ အမိန့်ပေးလိုက်ပြန်သည်။

မီးတောက်မီးလျှံများအကြားမှ အတုံးအရုံးဖြစ်နေသော လူသေအလောင်းများကို ဘိုလန် တွေ့နေရသည်။

မရှင်းဂန်းသေနတ်များ တိုင်လာကြသော တိုက်ဂါးအုပ်စုနှစ်ခုက ကွင်းပြင်ဆီသို့ ပြေးတက်လာကြသည်။ သစ်ပင်များတန်းဆီပေါက်ရောက်နေသော နေရာသို့ ရောက်လာချိန်တွင် မြေပေါ်သို့မှောက်ပြီး သေနတ်များကို ပစ်ခတ်နိုင်ရန် ပြင်ဆင်လိုက်ကြသည်။

'နံပါတ်သရီး မော်တာကို ညာဘက် သုံးဆယ်ဒီဂရီ၊ အောက်ဘက် ဆယ်ဒီဂရီထားပြီး ပစ်လိုက်စမ်း'

ဘိုလန်က ရေဒီယိုထဲသို့ အော်ဟစ် အမိန့်ပေးလိုက်သည်။



တိုက်ဂါးများအနီးသို့ မော်တာတစ်လုံးက ကျရောက်ပေါက်ကွဲသွားသည်။ တိုက်ပါးများက မြေပေါ်တွင် ပြားကပ်နေအောင်မှောက်ပြီး ဝပ်နေလိုက်ကြသည်။ ထို့နောက် သူတို့၏ ဘေးနောင်နှင့်ပွဲပြင့်ဖိုက်ဗီးရှီးများကို မွှေ့ရမ်းပစ်ခတ်လိုက်ကြသည်။ ဘိုလန်၏ လက်မောင်းတစ်ဖက်ကို ကျည်ဆန်တစ်ခုက ရှပ်ပြီး ထိမှန်သွားသည်။

'အာ(ရ်)တီ၊ အာ(ရ်)တီ၊ နံပါတ်သရီးမော်တာမှာ ကျည်လေးပေါက်ဆိုကိုထပ်ပါ၊ အောက်ဘက် ဆယ်ဒီဂရီထားပြီး ကျည်အားလုံးပစ်လိုက်ပါ'

မကြာမီ မော်တာဒုံးကျည်များက သစ်ပင်တန်းများရှိရာ တည့်တည့်သို့ ကျရောက် ပေါက်ကွဲသွားကြသည်။ မြောက်နေသော တိုက်ဂါးတွေအားလုံး အရိုးတခြား အသားတခြား ဖြစ်သွားတော့သည်။

ဂိတ်တံခါးကိုဖြတ်၍ အနက်ရောင် မြင်းစီးသမားအုပ်စုက လှုပြန့်ပြီး ဝင်ရောက်လာကြသည်။ မြင်းတစ်စီးဘွင် လူနှစ်ယောက်ဆီပါလာသည်။ ရှေ့မှလူက ညာဘက်ခြမ်းသို့ ပစ်ခတ်ပြီး နောက်လူက ဘယ်ဘက်ခြမ်းကို တာဝန်ယူ ပစ်ခတ်လိုက်ကြသည်။

မြင်းစီးသမားအုပ်စုတစ်ခုက ဘိုလန်နှင့် ဟယ်ရီတို့ကိုဝိုင်းရံပြီးရပ်လိုက်ကြသည်။ သူတို့နှင့်အတူ ဘိုလန်အတွက် မြင်းတစ်ကောင် အသင့်ပါလာသည်။ ဘိုလန် မြင်းပေါ်သို့ခုန်

www.burmeseclassic.com



တက်ပြီး ဘိန်းဖြူချက်လုပ်သည့်ရုံဆီသို့ မြင်းကို ဒုန်းစိုင်းစီးသွားလိုက်သည်။ မြင်းစီးသမားများက သူ့နောက်သို့ ကပ်လိုက်သွားကြသည်။

သူတို့ဖြတ်သန်းလာသည့် လမ်း၏ဘေးတွင် ဘိန်းသိုလှောင်ရာ ဂိုဒေါင်သုံးလုံးက အကာန်းလိုက်ရှိနေသည်။ ထိုနေရာတစ်စိုက်တွင် မှောင်မည်းလျက်ရှိသည်။

ပြေးထွက်လာသော တိုက်ဂါးတပ်ဖွဲ့တစ်ခုနှင့် လမ်းတွင်မမျှော်လင့်ဘဲ ရင်ဆိုင်တိုးလိုက်ရသည်။ ဘိုလန်၊ နာ့(ခ်)နှင့် ဟာယ်ရီတို့က သေနတ်ဖြင့် လှမ်းပစ်လိုက်ကြသည်။

တိုက်ဂါးများက အုပ်စုကွဲပြီး ကစင့်ကလျား ဖြစ်သွားသည်။ ဘိုလန်တို့အုပ်စုက သူတို့ကိုဖြတ်ကျော်ပြီး ထွက်သွားလိုက်ကြသည်။ မြေကွက်လပ်တစ်ခုကို ကျော်လွန်သွားချိန်တွင် စီမံအုပ်ချုပ်ရေး ရုံးဘက်ဆီသို့ ချိုးကွေ့လိုက်ကြသည်။

ထိုအဆောက်အအုံ၏ ပွင့်နေသော ပြတင်းပေါက်များ အတွင်းမှ ဘိုလန်တို့ကို သေနတ်ဖြင့် လှမ်းပစ်လိုက်ကြသည်။ လူအသေအပျောက်များသော်လည်း သေနတ်ပစ်ကွင်းအတွင်းမှ အတင်းဖြတ်ထွက်သွားလိုက်ကြသည်။ သူတို့အတွက် အချိန်က သိပ်မရှိတော့ကြောင်း အားလုံးက သိထားပြီးဖြစ်သည်။

အဆောက်အအုံ၏ ပြတင်းပေါက်တစ်ခုက ပိတ်ထားပြီး မှောင်မည်းနေသည်ကို ဘိုလန် သတိထားလိုက်မိသည်။ အနီးသို့ ရောက်သွားချိန်တွင် ဘိုလန်က မြင်းပေါ်မှ ခုန်ဆင်းနေရစ်သည်။ ထို့နောက် မှန်ပြတင်းပေါက် အတွင်းသို့ မှန်များကို ထိုးခွဲ၍ ဒိုင်ဗင်ပစ်ဝင်လိုက်သည်။ သူရောက်သွားသော



အခန်းမှာ ရုံးခန်းတစ်ခုဖြစ်သည်။ အပြင်ဖက် ကော်ရစ်ဒါသို့ ခေါင်းပြူကြည့်လိုက်ချိန်တွင် ကော်ရစ်ဒါ၏ ဟိုဖက်ထိပ်နှင့် ဒီဖက်ထိပ်တို့မှ နှစ်ဖက်ညှပ်ပြီး အပြင်ဖက်သို့ ပစ်ခတ်နေသော တိုက်ဂါးများကိုတွေ့လိုက်ရသည်။

ရုံးခန်းထဲတွင် တိုက်ဂါးတို့၏ ကမ္ဘာအနှံ့အပြား ဆက်သွယ်ရောင်းဝယ်မှုအတွက် မှတ်တမ်းများက ရှိနေသည်။ တိုက်ဂါးတို့၏ ကမ္ဘာအနှံ့မှ အေးဂျင်းကိုယ်စားလှယ်တို့၏ အမည်များ၊ သယ်ယူပို့ဆောင်ရေးယာဉ် ကုမ္ပဏီပိုင်ရှင် အမည်များ၊ ဘိန်းဖြူ ဖြန့်ချိပေးသူများ၊ ငွေကြေးစိုက်ထုတ်သည့် ကုမ္ပဏီများ၏ လျှို့ဝှက်ဖွင့်ထားသော ဘဏ်ငွေစာရင်းများ၊ အတင်းအကျပ် ခြိမ်းခြောက်အကျပ်ကိုင်ပြီး ခိုင်းစေထားသူများစာရင်းနှင့် ဘိန်းဖြူဖြန့်ဖြူးရောင်းချရေးအတွက် မြို့နယ်အလိုက် ခန့်ထားသော မန်နေဂျာများ၏ အမည်စာရင်းတို့က သူ့ဖိုင်နှင့်သူ သီးသန့်ဆီရှိနေကြသည်။ ငွေစာရင်းဖိုင်များကို ကြည့်ခြင်းဖြင့် တိုက်ဂါးတို့၏ ကြွယ်ဝချမ်းသာမှုကို ဘိုလန်ကသဘောပေါက်မိသည်။

အမေရိကန်သို့ ဘိန်းဖြူတင်သွင်းမှုလုပ်ငန်းဆိုင်ရာ ဖိုင်တွဲကိုဖိုင်တွဲများထားရာ ဗီရိုငယ်လေးအတွင်းတွင် ဘိုလန်တွေ့လိုက်ရပြန်သည်။ အမ်စတာ ဒမ်သို့ ဘိန်းဖြူပို့တွင် လေကြောင်းကုမ္ပဏီမှ လေယာဉ် အမှတ်စဉ်တို့ဖြင့် ပို့ကြောင်းမှတ်တမ်းဖိုင်တွင် ဖော်ပြထားသည်။ မာဆယ်လီသို့စက္ကူကျောက်တုံးများအတွင်းသို့ ထည့်ပို့ပြီး ဟောင်ကောင်သို့ မြေအိုးသွတ်ဘူးထဲသို့ ထည့်ပို့သည်။ ကိုလမ်ဘီယာသို့ ရွှေအိမ်သော

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းစပ်သို့ အပေါ်မှ လေယာဉ်ဖြင့်ချပြီး ပေးပို့ကြောင်း ဖိုင်တစ်ခုတွင် ဖတ်လိုက်ရသည်။

'ဗိုလ်မှူးကြီး၊ အမြန်ဆုံးလာပါ။ ဘိန်းချက်ရုံထဲမှာ ကျွန်တော်တိုင်ငါးကို တွေ့နေရပြီ'

ဗန်ကီက စကားဝှက်သုံးပြီး ရေဒီယိုဖြင့် ဘိုလန်ဆီသို့ ဆက်သွယ်လိုက်သည်။

ဘိုလန်က အဆောက်အအုံထဲမှ ထွက်ပြီး မြင်းဖြင့်ဘိန်းချက်ရုံဖက်သို့ ဒုန်းစိုင်းစီးသွားလိုက်သည်။ လူနေအိမ်ခြေများရှိရာဖက်တွင် ပစ်သံခတ်သံများနှင့် မီးတောက်မီးလျှံများကို လှမ်းတွေ့လိုက်ရသည်။

ဘိန်းချက်ရုံသို့ ရောက်သွားချိန်တွင် ဗန်ကီ၏လက်ထောက်တစ်ယောက်က သူ့ကိုဆီးကြိုနေသည်။ အဆောက်အအုံ၏ လှေခါးအောက်ခြေတွင် တိုက်ဂါးတို့နှင့် တိုက်ပွဲဖြစ်စဉ်က ကျဆုံးသွားခဲ့သော တောင်ပေါ်သားများ၏အလောင်းတို့က အတုံးအရုံးရှိနေကြသည်။

'သူတို့ဟာ သုံးထပ်မှာရောက်နေကြတယ်'

ဗန်ကီက ဘိုလန်ကို ဆီးပြောလိုက်သည်။

ဘိုလန်က ဆပ်မရှင်းဂန်းကို ပခုံးမှဆွဲဖြုတ်ပြီး လှေခါးထစ်များအတိုင်း သတိဖြင့်တက်သွားသည်။ ဗန်ကီနှင့်တောင်ပေါ်သားအချို့က သူ့နောက်မှ လိုက်သွားကြသည်။ လှေခါးအချိုးအကွေ့တစ်ခုသို့ ရောက်သွားစဉ် သေဆုံးနေသော တိုက်ဂါး၏သေနတ်မှ လှံစွပ်ကို ဘိုလန်ကဖြုတ်ယူပြီး သူ့သေနတ်တွင်တပ်လိုက်သည်။ ရုတ်တရက် ကျည်ဆန်အစ်



တောင့်က သူ့ခေါင်းအနီးမှဖြတ်သန်းသွားသည်။ ဘိုလန်က နောက်သို့ဆုတ်လိုက်ရသည်။

'ဒီအတိုင်းပေါ့မဖြစ်ဘူး၊ တစ်မျိုးတစ်ဖုံကြံစည်နိုင်မှဖြစ်မယ်'

ဘိုလန်က ဗန်ကီကိုလှည့်ပြောလိုက်သည်။

'အဆောက်အအုံကို အောက်ကမီးရှို့ပစ်လိုက်ဗျာ'

'ဘယ်ဖြစ်မလဲ ဗန်ကီ၊ ကျွန်တော်က သူတို့ကိုအရှင်ဖမ်းချင်တာဗျ'

သတ္တုလုံးသဏ္ဍာန်တစ်ခုက လှေခါးထစ်များအတိုင်း ခုန်ပေါက်လိမ့်ဆင်းလာသည်။

'လက်ပစ်ဗုံးထင်တယ်'

ဗန်ကီက အော်ဟစ်သတိပေးရင်း သူ့လူများနှင့် အောက်ဘက်သို့ ဆင်းပြေးသွားသည်။

သို့သော် မျက်စိလျင်သောဘိုလန်က သတ္တုဦးထုပ်တစ်လုံးမှန်းသိလိုက်သည်။

'မင်းတို့ကို အရူးလုပ်လိုက်တာပေါ့၊ နောက်တစ်ကြိမ်ဆိုရင်တော့ တကယ့်လက်ပစ်ဗုံးကိုပစ်ချလိုက်မယ်'

အပေါ်ထပ်မှ အော်တစ်ပြောဆိုသံနှင့်အတူလှောင်ပြောင်ရယ်မောသံများကထွက်ပေါ်လာသည်။

တောင်ပေါ်သားတစ်ယောက်က ဒေါသဖြစ်သွားပြီး လှေခါးထစ်အတိုင်း အပေါ်သို့ပြေးတက်သွားသည်။ သူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ အေကေဖော်တီဆဲဗင်း သေနတ်ကိုလည်း ကျည်ဆန်အတွဲလိုက်ပစ်ခတ်လိုက်သည်။ အပေါ်ဘက်မှ အမ်ဆယ့်ခြောက်သေနတ်ဖြင့် ပြန်လည်ပစ်ခတ်သည်။

'ဗိုလ်မှူးကြီး ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ'

ဗန်ကီက အားမလိုအားမရမေးလိုက်သည်။

'ကျွန်တော် စဉ်းစားနေပါတယ် မေဂျာ'

ဘိုလန်က မြေညီထပ်တွင် ရပ်ထားသော ဓာတ်လှေခါးကို လှမ်းကြည့်ရင်းပြောလိုက်သည်။ ဓာတ်လှေခါးတံခါးက ပွင့်နေပြီး အထဲတွင် ဘိန်းစိမ်းထုပ်များတင်ထားသော လက်တွန်းလှည်းတစ်စင်းကရှိနေသည်။

'ဗိုလ်မှူးကြီး၊ အဲဒီလှေခါးနဲ့ ကျွန်တော်တို့တက်သွားလို့ဖြစ်မှာမဟုတ်ဘူး၊ တံခါးမပွင့်ခင်သေသွားနိုင်တယ်ဗျ'

'လူတက်ဖို့စဉ်းစားနေတာမဟုတ်ဘူး မေဂျာ'

ဘိုလန်က စကားကိုဖြတ်ပြီး ရေဒီယိုကိုဆွဲထုတ်လိုက်သည်။

'ပင်းကပ်(စ်)ကို ဖိုးနစ် ဆက်သွယ်နေတယ်၊ မင်းဘယ်မှာလဲ'

ပင်းကပ်(စ်)မှာ အီလူးရှင်းလေယာဉ်၏ လက်ထောက်ပိုင်းလော့ဖြစ်ပြီး ဖောက်ခွဲရေးကျွမ်းကျင်သူဖြစ်သည်။

'ကျွန်တော် ဂိုဒေါင်တွေကို မိုင်းခွဲဖို့ပြင်ဆင်နေပါတယ်'

'ပစ်မှတ်တစ်ခုအတွက် ဖောက်ခွဲရေးပစ္စည်းတွေ ၄ လိုချင်တယ်၊ ယမ်းနှစ်ကီလိုစာလောက် ပို့ပေးစမ်းပါ၊ ၄ ကဘိန်းချက်ရုံထဲမှာရောက်နေတယ်'

'ဘယ်လိုယမ်းမျိုး လိုချင်တာလဲ'



'အသင့်ရောစပ်ပြီးသားယမ်းနဲ့ ဝါယာကြိုးကအစ လိုအပ်တာတွေ ပို့ပေးပါ'

'စိတ်ချပါခင်ဗျာ'

ဘိုလန်က ဗန်ကီဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဖောက်ခွဲရေးပစ္စည်းတွေ မိနစ်ပိုင်းအတွင်း ဒီကိုရောက်လာလိမ့်မယ်'

'ခင်ဗျားဟာ စိတ်ကူးဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပါပဲ ဗိုလ်မှူးကြီး၊ ဒါပေမယ့် ကျွန်တော်တို့အတွက် ရွှေတွေကဘယ်တော့ရမှာလဲ'

'တိုက်ပွဲပြီးရင် ရမှာပေါ့ဗျာ'

သူတို့က စီးကရက်သောက်ရင်း ဒိုင်းနမိုက်များရောက်လာမည်ကို စောင့်စားနေလိုက်သည်။ ဘိန်းချက်လုပ်ရေးဖိုပေါ်မှ ပေါင်းအိုးထဲတွင် ရေနှင့်ထည့်ပေါင်းထားသော ဘိန်းစိမ်းများက ဆူပွက်လျက်ရှိသည်ကို ဘိုလန်က လှမ်းတွေ့လိုက်ရသည်။

ထွက်လာသောအဆီများကို မော်ဖင်းအဖြစ် ပြွန်တစ်ခုက စုပ်ယူနေသည်။ ထို့နောက် ရရှိလာသောမော်ဖင်းများကို အမိုးနီးယားနှင့်ပေါင်းစပ်ပြီး တစ်ဖက်အိုးထဲတွင် ခဲသွားစေတော့သည်။ ထိုမော်ဖင်းအခဲများက အက်စီတစ်အင်ဟိုက်ဒြိုက်နှင့် ပေါင်းစပ်ဓာတ်ပြုပြီး တစ်ဖက်အိုးထဲသို့ ဟီးရိုးအင်းများအဖြစ် ကျရောက်သွားသည်။

'ချက်လုပ်နည်း အဆင့်ဆင့်ကို လေ့လာကြည့်ရတာ အတော်လေး စိတ်ပါဝင်စားဖို့ကောင်းတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



ဗန်ကီက ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြောလိုက်သည်။

'စိတ်ဝင်စားဖို့ကောင်းတဲ့ လူသတ်ပစ္စည်းပေါ့ဗျာ'

'အဲဒီ ချက်လုပ်ရေးအခန်းရဲ့ နောက်ဘက်မှာ ဘာတွေ ရှိသေးလဲ'

'အခုရလာတဲ့ဘိန်းဖြူဟာ နောက်ဆုံးအဆင့်ကို မရောက်သေးဘူး၊ နောက်ထပ်လေးငါးဆင့်လောက် ထပ်ပြီး ချက်လုပ်ရဦးမှာဗျ၊ အဲဒီ ဟီးရိုးအင်းဘိန်းဖြူထဲမှာ ကလိုရီဖောင်း ဆိုဒီယမ်ကာဗွန်နိတ်၊ ကျောက်မီးသွေး၊ ဟိုက်ဒရိုကလိုရစ်အက်စစ်နဲ့ တခြားဓာတုပစ္စည်းတွေ ပါသေးတယ်၊ အမြင်အားဖြင့်တော့ ဖြူဖြူအမှုန့်လေးတွေပါပဲ၊ ဒါပေမယ့် မြေပွေးရဲ့ အဆိပ်လောက်ကို ပြင်းထန်တယ်ဗျ'

ဘိုလန်က စိတ်ရှည်ရှည်ထားပြီး ရှင်းပြလိုက်သည်။

ထိုစဉ် တောင်ပေါ်သားနှစ်ယောက်က အိတ်များကိုဆွဲပြီး ရောက်ရှိလာသည်။

ဘိုလန်က ဓာတ်လှေကားအတွင်းရှိ လက်တွန်းလှည်းပေါ်မှ ဘိန်းစိမ်းများကို သူ့လူများအားဖယ်ခိုင်းလိုက်ပြီးဒိုင်းနမိုက်များကို အစားထိုးတင်သည်။ ထို့နောက် အပေါ်မှ ဘိန်းထုပ်များဖြင့် ပြန်ဖုံးထားလိုက်သည်။ တရုတ်စာရေးတတ်သော မီယိုတစ်ယောက်ကို စာရွက်အဖြူပေါ်တွင် တရုတ်စာဖြင့် 'နောက်ဆုံးအဆင့် ချက်လုပ်ပြီးသောဘိန်းဖြူများ' ဟု ရေးခိုင်းလိုက်သည်။ ထိုစာရွက်ကို ဘိန်းထုပ်တွင်ကပ်ပြီး လှည်းကို ဓာတ်လှေကားအတွင်းသို့ ပြန်တွန်းသွင်းလိုက်သည်။ ဒိုင်းနမိုက် ဝါယာကြိုးစကို ဓာတ်လှေကား၏ အက်ကြောင်း



အတွင်းမှ ထုတ်ပြီး ဖောက်ခွဲရေးမောင်းတံ တပ်ထားသော ဝါယာကြိုးဖြင့်ဆက်သည်။

တောင်ပေါ်သားတစ်ယောက်က ဒုတိယထပ်တွင် ရပ်စေသည့် ဓာတ်လှေခါးခလုတ်ကိုနှိပ်ပြီး တံခါးပိတ်လိုက်သည်။ ဓာတ်လှေခါးက အပေါ်သို့ တဖြည်းဖြည်း မြင့်တက်သွားသည်။

ဘိုလန်က ဖောက်ခွဲရေးမောင်းတံကို အသင့်နှိပ်နိုင်ရန် အဆင်သင့် ကိုင်ထားလိုက်သည်။ ဒုတိယထပ်တွင် ဓာတ်လှေကားရပ်ပြီး တံခါးပွင့်သံက ထွက်ပေါ်လာသည်။

ဘိုလန်က ခလုတ်မောင်းတံကို နှိပ်ချလိုက်သည်။ ဒိုင်းနမိုက်ပေါက်ကွဲသံကြီးက မြည်ဟည်းထွက်ပေါ်လာပြီး အဆောက်အအုံတစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။ ဘိုလန်က ဖောက်ခွဲရေးစက်ကိုလွှတ်ချပြီး သေနတ်ကိုကိုင်ရင်း လှေခါးအတိုင်း အပေါ်သို့ ပြေးတက်သွားသည်။

အပေါ်တွင် ဖုန်မှုန့်များနှင့် မီးခိုးလုံးကြီးများရောပြီး မှောင်မည်းနေသည်။ ဘိုလန်၏ ဘယ်ဘက်ဆီမှ အော်ဟစ် ပြေးလွှားလာသည့်လူသံများ ထွက်ပေါ်လာသည်။ ဘိုလန်က တိုင်လုံးများကို အကာအကွယ်ယူပြီး တတိယထပ်သို့ ပြေးတက်သွားလိုက်သည်။ အပေါ်မှပြေးဆင်းလာသော တိုက်ဂါး တစ်ယောက်မှ ဘိုလန်၏ သေနတ်စာမိပြီး လှေခါးထစ်အတိုင်း လိမ့်ခေါက်ကွေး ပြုတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ် ကော်ရစ်ဒါဆီမှ ပစ်ခတ်လိုက်သော သေနတ်သံများကို သူ ကြားလိုက်ရသည်။

တတိယထပ်သို့ရောက်သည်နှင့် ပစ္စည်းသိုလှောင်ရာ အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ဘိုလန်က ပြေးဝင်သွားလိုက်သည်။ အခန်းထဲတွင် တိုက်ဂါးတံဆိပ် နံပါတ်ဖိုးဘိန်းဖြူထုတ်များက တောင်ပုံရာပုံရှိနေသည်။

ကိုးဆယ့်ကိုးရာခိုင်နှုန်း သန့်စင်ပြီးသား ဟီးရိုးအင်းများ ပင်ဖြစ်သည်။ မီးလုံးလေးတစ်လုံးသာ ထွန်းထားသည်မို့ အခန်းထဲတွင် အလင်းရောင်က အားနည်းလှသည်။

ဘိုလန်က ဘာဆက်လုပ်ရမည်ကို ကြွေဝေစဉ်းစားနေလိုက်သည်။

'ဟေ့ လူတွေ ခင်ဗျားတို့ ဘယ်မှာရောက်နေကြသလဲ၊ ကျွန်တော် ဂျက်ဖန်စတာပါ၊ ထိုင်းတွေနဲ့အတူ ပါလာခဲ့တာပေါ့၊ ခင်ဗျားတို့ ဘယ်မှာရောက်နေလဲ'

ဘိုလန်က ဖန်စတာ၏ လေသံမျိုးဖြင့် အော်ဟစ်ပစ်လိုက်သည်။ ထို့နောက် ဘိန်းဖြူထုပ်များ၏နောက်တွင် အကာအကွယ်ယူပြီး ဝပ်စောင့်နေသည်။ မကြာမီ ခပ်သုတ်သုတ်ပြေးလွှားလာသော ခြေသံများက ထွက်ပေါ်လာသည်။

'ဂျက်လား'

လူတစ်ယောက်က အသံခပ်အုတ်အုတ်ဖြင့် ပြန်မေးလိုက်သည်။

ဘိုလန်ကနေရာမှထပြီး ပစ္စည်းများမှသော ဖော်ကလစ်ယာဉ်၏နောက်သို့ ပြေးကပ်လိုက်သည်။



ခြေသံတွေက တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

'ဂျက်၊ ခင်ဗျားဘယ်မှာလဲ'

ခေါ်သံနှင့်အတူ ဂေါက်ရှိက်ဝတ်စုံဝတ်ထားသော လူတစ်ယောက်က ထွက်ပေါ်လာသည်၊ ထိုလူက မျက်နှာကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်သည်။ သူ့နောက်မှ တိုက်ဂါးတစ်ယောက်က သေနတ်ကိုင်ရင်း လိုက်ပါလာသည်။ သူတို့က ဖေါက်ကလစ်ယာဉ်အနီးမှ ဖြတ်သွားကြသည်။

'ဂျက်'

ဂေါက်ရိုက်ဝတ်စုံနှင့်လူက ကျောပေးသည့်အနေအထားဖြင့် ခေါ်လိုက်ပြန်သည်။

ဘိုလန်က နောက်ဘက်မှ ကြောင်တစ်ကောင်လိုခြေဖော့နင်းပြီး တိုးကပ်သွားသည်။ တိုက်ဂါးတပ်သား၏ နောက်ကျောသို့ ဓားဖြင့်ထိုးပစ်လိုက်သည်။

'ဂျက်က ဒုက္ခရောက်နေတယ်၊ သူက ခင်ဗျားကိုတွေ့ချင်နေတယ်ဗျ'

ဘိုလန်က ဂေါက်ရိုက်ဝတ်စုံ ဝတ်ထားသူကို ခပ်တိုးတိုးလေးပြောလိုက်သည်။

ထိုလူမှာ အတော်ကလေး တုန်လှုပ်သွားသည်။

'ကဲ....ကျွန်တော့်လူတွေက ဘယ်မှာလဲ၊ ပါးစပ်ကမပြောနဲ့နော်၊ လက်ညှိုးထိုးပြလိုက်'

ငနဲသားက နောက်ဘက်သို့ ညွှန်ပြလိုက်သည်။

'တိုက်ဂါးတပ်သားတွေ ရှိသေးလား'

ခေါင်းရမ်းပြပြန်သည်။

www.burmeseclassic.com



'ကဲ....ရှေ့ကသွားလိုက်စမ်း'

သူတို့နှစ်ယောက်က သေတ္တာများနှင့် နံပါတ်ဖိုးအထုပ်များအကြားမှ ဖြတ်သွားလိုက်ကြသည်။ ဘိုလန်က နောက်မှ သတိဖြင့်နားစွင့်ရင်း လိုက်သွားသည်။ အောက်ဘက်တွင် တောင်ပေါ်သားများနှင့် တိုက်ဂါးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေသည့် ခေသနတ်သံများမှအပ ဘာမှထူးထူးခြားခြားမကြားရပေ။

မကြာမီ တံခါးပေါက်တစ်ခုဆီသို့ သူတို့ရောက်သွားကြသည်။ အကာအရံမှန်များအတွင်းမှ မီးရောင်ကဖြာထွက်နေသော်လည်း အထဲမှာတိတ်ဆိတ်လျက်ရှိသည်။

'အထဲမှာရှိသလား'

ဘိုလန်က ခပ်ပြုံးတိုးမေးလိုက်သည်။

ဂေါက်စတ်စုံဝတ်ထားသူက ခေါင်းညိတ်ပြသည်။

'အထဲကို ဝင်ပြီး တံခါးကို ဖွင့်ထားခဲ့၊ နားလည်တယ်နော်'

ထိုလူက ဘိုလန်ကို ခေါင်းညိတ်ပြပြီး တံခါးကို ဖွင့်လိုက်သည်။ ထို့နောက် အခန်းထဲသို့ ဝင်သွားသည်။

အခန်းထဲတွင် ကော်ဇောခင်းထားပြီး လက်တန်းပါသော ကုလားထိုင်များတွင် ဒါရိုက်တာလူကြီးများက ထိုင်နေကြသည်။

ဘိုလန်က အပြင်မှ သူတို့ကို အသာလေး ချောင်းကြည့်လိုက်သည်။



သူ အထဲသို့ ဝင်သွားချိန်တွင် လှမ်းကြည့်နေသော ဒါရိုက်တာလူကြီးများက အထိတ်တလန့် ဖြစ်သွားကြသည်။ သို့သော် တိုက်ဂါးတပ်မှူးကြီး လီယူကမတော့ ရှိမနေပေ။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

အပေါ်ထပ်ပြတင်းပေါက်မှ အောက်ဘက်ရှိ တိုက်ဂါး စခန်း၏ အခြေအနေအားလုံးကို ဘိုလန်က ရှင်းလင်းပြတ်သားစွာ တွေ့နေရသည်။

တိုက်ဂါးတို့၏ ဘိန်းဖြူထုတ်လုပ်ရေးစခန်းမှာ အားလုံးနည်းပါး ပျက်စီးသွားခဲ့ပြီဖြစ်သည်။ ညှော်ဆောင် အဆောက်အဦးမှအပ ကျန်အားလုံးမှာ မီးတဟုန်းဟုန်းတောက်လောင်နေဆဲဖြစ်သည်။

အခန်းထဲရှိ ဒါရိုက်တာလူကြီးများမှာ လက်နက်မဲ့သူများမို့ ဘိုလန်က သူတို့ကို ကောင်းစွာ ထိန်းထားနိုင်ခဲ့သည်။



ဒါရိုက်တာများက တိုက်ဂါး၊ ဘိန်းဖြူထုတ်လုပ်ရေးစခန်းတွင် ကွန်ဖရင့်အစည်းအဝေး လာတက်ကြခြင်းပင်ဖြစ်သည်။

ယနေ့သည် ကွန်ဖရင့်အစည်းအဝေး၏ နောက်ဆုံးနေ့ဖြစ်သည်။ တိုက်ဂါးတပ်မှူးကြီး လီယူမှာ တိုက်ပွဲမဖြစ်မီ အစည်းအဝေးပွဲမှ ထသွက်သွားခဲ့သည်ဟု ဒါရိုက်တာများက ပြောပြခဲ့ကြသည်။

လီယူ၏ အခိုင်းအစေတစ်ယောက်က လီယူမှာ ဘယ်သွားမည်ကို ကြိုတင်ပြောသော မရှိတတ်ကြောင်း ဘိုလန်ကို ရှင်းပြသည်။ သို့သော် လီယူက တမင်ရှောင်ပြီး ပုန်းနေခြင်းသာ ဖြစ်လိမ့်မည်ဟု ဘိုလန်က ထင်နေမိသည်။ သူ့ကို အလွတ်မပေးတမ်း ဖမ်းဆီးနိုင်ဖို့ ဘိုလန် ဆုံးဖြတ်ချက်ချလိုက်သည်။

တိုက်ဂါးစခန်းကို ဘောင်ခတ်သားများက ထွက်ပေါက်မရှိ ဝိုင်းရံထားဆဲဖြစ်သည်။ မည်သည့် ရဟတ်ယာဉ်မှလည်း ထွက်ခွာသွားခြင်း မရှိခဲ့သေး။ ထို့အပြင် ထွက်ပြေးနိုင်သော မြေအောက်ဥမင်လမ်းမျိုးရှိသည့် လက္ခဏာမျိုးလည်းမတွေ့ရ။ ထို့ကြောင့် လီယူမှာ စခန်းအဘွင်းမှာသာ ရှိလိမ့်မည်ဟု ဘိုလန် ထင်နေမိသည်။

ဘိန်းဖြူ ထုတ်လုပ်ရေးစခန်းကို ချုပ်ကိုင်နိုင်သောလည်း ခေါင်းဆောင်ဖြစ်သူ လီယူကို ဖမ်းမမိခဲ့လျှင် စစ်ဆင်ရေးက အဓိပ္ပါယ် မဲ့နေလိမ့်မည်ဟု ဘိုလန်ကယူဆထားသည်။

ဘိုလန်က ဒါရိုက်တာ လူကြီးများကို သူတို့၏ အစည်းအဝေးခန်းမထဲမှာပင် သော့ခတ်ပိတ်ထားခဲ့သည်။ အောက်ထပ်သို့ပြန်ဆင်းလာချိန်တွင် ဟတ်နှင့် သူ၏လက်ထောက် ပိုင်းလော့

www.burmeseclassic.com



ပင်းကပ်(စ်)တို့က ဘိန်းဖြူ ထုတ်လုပ်သည့်ရုံကို မိုင်းခွဲပစ်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်သည်။

'ဝါယာတွေအားလုံးဆက်သွယ်ပြီးပြီဗိုလ်မှူးကြီး၊ခလုတ်နှိပ်လိုက်ရုံပါပဲ'

ဟတ်က ဘိုလန့်ကို တင်ပြလိုက်သည်။

'ဖိုင်တွဲတွေရှိနေတဲ့ အခန်းကိုတော့ မိုင်းနဲ့ ခွဲမပစ်လိုက်နဲ့ဦး ဒီတိုက်ပွဲပြီးရင် မီယိုဘောင်ပေါ် သားတွေကို ရှာတွေပေးပါမယ်လို့ ငါကတိပေးထားခဲ့တယ်။ အခုတိုက်ပွဲက ပြီးနေပြီမဟုတ်လား'

'ဗိုလ်မှူးကြီး ကျွန်တော်တို့ ဘယ်အချိန်မှာ ဒီစခန်းကဆုတ်ခွာသွားရမှာလဲ'

'ညဘက်လောက်အထိတော့ ဒီမှာရှိနေရဦးမှာပဲဟတ်၊ဖိုင်တွဲတွေအားလုံးသယ်ယူဖို့ အချိန်ယူရမယ်လို့နာ့(ခ်)က ပြောတယ်။ မင်းက ဘာဖြစ်လို့မေးတာလဲ'

'ကျွန်တော်တို့အားလုံးရဲ့ လုံခြုံရေးအတွက်မေးရတာပါ။ ခြေလျင်ခရီးဆက်ရဦးမယ်မဟုတ်လား'

'ရဟတ်ယာဉ်တွေနဲ့ ထွက်သွားနိုင်ရင်တော့ ပိုကောင်းတာပေါ့ကွာ။ ဒါပေမယ့် လီယူကို ငါက အလွတ်မပေးချင်တော့ဘူး'

'လီယူဟာ ဒီစခန်းထဲမှာပဲ ရှိနေလိမ့်မယ်လို့ ထင်နေလို့လား ဗိုလ်မှူးကြီး'



'ငါတော့ ဒီလိုပဲထင်တယ်ကွာ'

ဘိုလန့်က စကားကို ဖြတ်ပြီး ရေဒီယိုစက်ကို ထုတ်ယူလိုက်သည်။

'ဖိုးနှစ်ဆက်သွယ်နေတယ် မစ္စတာကီ'

'ဟတ်ကဲ့ ကီပါ ဗိုလ်မှူးကြီး'

'လီယူကို ရှာနေတဲ့ကိစ္စက ဘယ်အထိ ခရီးရောက်သွားပြီလဲ'

'ကျွန်တော် ဗိုလ်မှူးကြီးဆီကို ဆက်သွယ်ဖို့ ကြိုးစားခဲ့ပါတယ်။ဒါပေမယ့်ဗိုလ်မှူးကြီးရဲ့ ရေဒီယိုကဘာမှမတုန့်ပြန်ခဲ့လို့ပါ။ လီယူဟာ တိုက်ပွဲစဖြစ်တဲ့ အချိန်မှာ အုပ်ချုပ်မှူးရုံးခန်းနားမှာ ရှိနေခဲ့တယ်လို့ ဖမ်းထားတဲ့ သုံ့ပန်းတစ်ယောက်ကပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ လီယူကို ဘယ်လိုမှ ရှာမတွေ့ခဲ့ပါဘူး'

ကီ၏စကားကြောင့် ဘိုလန့်မှာ အတော်လေး ခေါင်းခဲသွားသည်။

'ထပ်ပြီး ကြိုးစားကြည့်လိုက်ပါဦး၊ကျွန်တော်ဟာ ဒီစခန်းကြီးတစ်ခုလုံးကို မွှေလှန်ပြီး ရှာကြည့်ချင်သေးတယ်၊ခင်ဗျားတို့ဟာ တစ်နေ့ရာမှ အလွတ်မပေးပါနဲ့'

ဘိုလန့်က အမိန့်ပေးလိုက်သည်။

'ကျွန်တော်တို့ နေရာလပ်မရှိအောင် ရှာပြီးပါပြီ။ ဘယ်လိုမှမတွေ့ပါဘူး။ မိရှိန်ဟတ်လို့ ကျွန်တော်တို့လည်း အပူအကိုအတော်လေးခံနေရပါတယ်။'

'ဒီမှာ မစ္စတာကီ ကျွန်တော် ပြောချင်....'

www.burmeseclassic.com

www.burmeseclassic.com


ဒုန်းစိုင်းပြေးလာသော မြင်းခွာသံများကြောင့် ဘိုလန့်၏ စကားမှာ တစ်ဝက်တစ်ပျက် ရပ်ဆိုင်းသွားရတော့သည်။

အဆောက်အအုံ၏ ထောင့်ချိုးဘက်မှ တောင်ပေါ်သား အုပ်စုတစ်စုက မြင်းဒုန်းစိုင်းပြီး ချီတက်လာသည်။ ရှေ့ဆုံးမှနဲ့(ခ်)၏ မြင်းပေါ်တွင် လီယူက ပါလာသည်။ ရှုတ်တရက် ရှောင်းတိမ်းချိန်မရတော့သည်မို့ ဘိုလန့်က မြေကြီးပေါ်သို့ ဒိုင်ဗင်ထိုး၍ လှိမ့်ပစ်လိုက်သည်။ မြင်းခွာများနှင့် သူ့ခန္ဓာကိုယ်မှ သီသီလေးကပ်လွတ်သွားသည်။ သို့သော် နောက်ဖက်ရှိ မြင်းတစ်ကောင်း၏ ခွာတစ်ခုက သူ့ခေါင်းကို ဝင့်တိုက်မိသည်။ ဘိုလန့်မှာ မျက်စိထဲတွင်ကြယ်တွေလတွေ ထွက်သွားပြီး မူးနောက်ရီဝေသွားသည်။ သူခေါင်းမူးပြေသွားချိန်တွင် မြင်းစီးသမားများကို မတွေ့ရတော့။ လွတ်ကျသွားသောသူ့ ရေဒီယိုစက်လေးမှာလည်း ကျိုးပဲ့ ပျက်စီးခဲ့ပြီးဖြစ်သည်။

'နဲ့(ခ်)ရဲ့ မြင်းကို စီးသွားတဲ့ လီယူကိုတွေ့လိုက်ရတယ် မဟုတ်လား။ သူတို့ဟာ အဝတ်အစားလဲ့ပြီး တောင်ပေါ်သားတွေ ဟန်ဆောင်ရင်း ထွက်ပြေး သွားကြတာပဲဗျ'

ဟုဟ က ဘိုလန့်ကို လှမ်းပြောလိုက်သည်။

နဲ့(ခ်)တစ်ယောက်ရော [illegible] တစ်စုံတစ်ခု ဖြစ်လေပြီးဟု ဘိုလန့်စိတ်ပူသွားမိသည်။ [illegible]ကြောင့်အုပ်ချုပ်ရေးရုံဘက် ဆီသို့ သူ ပြေးသွားလိုက်သည်။ ရုံးအန်းတွင် လူတွေအုံနေပြီးရောက်လာသော ဘိုလန့်ကို လမ်းဖွင့်ပေးလိုက်ကြသည်။ ဖိုင်တွဲများထားသော အခန်းထဲတွင် ဘာတွေဖြစ်နေလေမည်ဟု ဘိုလန့်က ရင်တထိတ်ထိတ်ဝင်သွားလိုက်သည်။ ရုံးခန်းထဲတွင်အဝတ်အစား ဗလာကျင်းနေသောတောင်ပေါ်သားများကသို့ တိုက်ဂါးများ ချုတ်ထားရစ်ခဲ့ကြသော ယူနီဖေါင်းများကို အလှ အယက် ဝတ်နေကြသည်။

ဖိုင်တွဲများထားရာ အခန်းဆီသို့ ဘိုလန့်က အမြန်ဆုံးပြေးတက်သွားလိုက်သည်။ အထဲတွင် နဲ့(ခ်)နှင့် ဟယ်ရီတို့ကိုတွေ့လိုက်ရတော့မှ ကိုက်ထဲ အေးသွားရသည်။

ပွင့်နေသော သံမဏိဗီရိုထဲတွင် ရှေးချောင်းများ အထပ်လိုက် ရှိနေကြောင်းကို ဘိုလန့်သတိထား လိုက်မိသည်။

'လီယူကို ဖမ်းထားနိုင်လိုက်သေးလား'

နဲ့(ခ်)က ဘိုလန့်ကို လှမ်းမေးသည်။

'လွတ်သွားတယ်။ သူတို့ဟာ ဘယ်ဖက်ကို ထွက်ပြေးတာလဲ၊ မင်းတို့သိသလား'

ဘိုလန့်က ပြန်ပြီး မေးခွန်းထုတ်လိုက်သည်။

'ဘယ်ပြောတတ်မလဲ။နယ်စပ်ဘက်ကို ထွက်သွားတယ်လို့ တော့ထင်တာပဲ။ သူတို့က အသံမကြားအောင် ကပ်လာပြီး ကျွန်တော်တို့ကို တစ်ဘက်လှည့်ခိုင်းထားခဲ့တယ်။ ရေဒီယိုစက်လည်း လုယူသွားတယ်ဗျ'

နဲ့(ခ်)က ပြန်ဖြေလိုက်စဉ် လှေခါးပေါ်သို့ တက်လာသော ခြေသံများကို ကြားလိုက်ရသည်။

မကြာမီ ပဟတ်နှင့် သူ့လက်ထောက်တို့က ဗန်ကီနှင့်အတူ အခန်းထဲသို့ ဝင်လာကြသည်။

'လီယူတို့အုပ်စုဟာ မြောက်ဘက်ကို ပြေးသွားကြတယ်'

ဗန်ကီက ဘိုလန့်ကို လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က အခန်းထောင့်တွင် ရှိနေသော ရုရှားလုပ် ဇကာ တင်းကျော်ပိုး ရေဒီယိုစက် တစ်ခုကို ကောက်လွယ် လိုက်သည်။

'ခင်ဗျား ဘာလုပ်မလို့လဲဗျ'

နော့(ခ်)က ဘိုလန်ကို လှမ်းကြည့်ရင်း မေးလိုက်သည်။

'တိုက်ဂါးစခန်းကို ဖောက်ခွဲပစ်ဖို့ မင်းတို့ကို ငါထားခဲ့ပြီး လီယူရဲ့ နောက်ကို လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပြီ။ သူဘယ်ကိုပဲ ပြေးပြေး၊ ငါကတော့ ရေအဆုံး မြေအဆုံးမတွေ့တွေ့အောင် လိုက်ရလိမ့်မယ်'

ဘိုလန်က အံကြိတ်ပြီး ပြောလိုက်သည်။

'ဂျွန်ရယ်၊ စိတ်ကူးမလွဲစမ်းပါနဲ့၊ တန်ဖိုးမရှိတဲ့ လူတစ်ယောက်အတွက် ခင်ဗျားရဲ့ အသက်ကို ဘာကြောင့် စွန့်စားရမှာလဲဗျာ စစ်ဆင်ရေးက ပြီးဆုံးသွားပြီ မဟုတ်လား'

'မဟုတ်သေးဘူးနော့(ခ်)၊ ဒီလိုလူစားမျိုး လောကကြီးမှာ ရှိနေသ၍ မူးယစ်ဆေးဝါး ဆင်ဒီကိတ်အဖွဲ့ အစည်းအဝေးဟာ ပြန့်ပွားနေဦးမှာပဲ'

ဘိုလန်က နော့(ခ်)ကို ရှင်းပြလိုက်သည်။

'ဒါဆို ဗိုလ်မှူးကြီးနဲ့ အတူ ကျွန်တော် လိုက်ပါရစေ'

ဟတ်က ဝင်ပြီးတောင်းဆိုလိုက်သည်။

'ဒီက ကျန်ရစ်နေတဲ့ အဖွဲ့သားအားလုံးအတွက် မင်းဟာ လိုအပ်နေတဲ့ လူတစ်ယောက်ပါ။ ဒီတော့ နေရစ်ခဲ့ပါ နော့(ခ်)'



ဘိုလန်က သူ့လက်မှနာရီကို ချွတ်ပြီး ဗန်ကီကို လှမ်းပေးလိုက်သည်။

'အခုလို ခင်ဗျားရဲ့နာရီကို ကျွန်တော်ယူပြီး အသုံးပြုခဲ့ရတဲ့အတွက် ကျေးဇူးပါပဲမေဂျာ။ ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးဟာ ပြီးဆုံးသွားပါပြီ။ ဒီတော့ ဟောဟို သံမဏိ ဗီရိုထဲက ရွှေချောင်းတွေကို ခင်ဗျားတို့စိတ်ကြိုက် ယူသွားနိုင်ပါတယ်'

'ဒါဆို ကျွန်တော်တို့ ဘာဆက်လုပ်ပေးရဦးမလဲ'

'နော့(ခ်)တို့အဖွဲ့ ဘေးမသီရန်မခ ပြန်သွားတဲ့ အချိန်အထိ လုံခြုံရေးကို ခင်ဗျားတို့ တာဝန်ယူပေးရမယ်'

'ဒီအတွက်တော့ စိတ်ချပါဗိုလ်မှူးကြီး'

'ကဲ....ဒါဆို ကျွန်တော်သွားပြီမေဂျာ'

ဘိုလန်က ကာလက်ရှနီကော့ သေနတ်တစ်လက်ကိုကောက်ကိုင်ပြီး သူ့မြင်းရှိရာသို့ ပြေးဆင်းသွားပြီး မြောက်ဘက်ဆီသို့ မြင်းကိုဒုန်းစိုင်းလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အချိန်က ညနေစောင်းသို့ပင် ရောက်တော့မည်။ မြင်းကို ဒုန်းစိုင်းစီးလာသော ဘိုလန်မှာ တစ်ကိုယ်လုံးချွေးတွေရွှဲနစ်နေသည်။ လေပူများအဆက်မပြတ် တိုးဝှေ့ခြင်းခံနေရသော သူ့မျက်နှာမှာ ပူလောင်ကျိန်းစပ်လျှက်ရှိသည်။

မကြာမီ တောအုပ်ကလေးတစ်ခုအတွင်းသို့ ရောက်ရှိလာသည်။ ကျေးငှက်သံများက ထူးထူးခြားခြား တိတ်ဆိတ်လျက်ရှိနေသည်။ ထို့ကြောင့် တောအုပ်အတွင်းတွင် လူအချို့ရောက်နေလိမ့်မည်ဟု ဘိုလန်က သဘောပေါက်လိုက်သည်။



လိုသက္ကာကြောင့် သူ့ဘို ချုံခို တိုက်ခိုက်ကြတော့ မည်မှာ သေချာသလောက်ရှိနေပြီဖြစ်သည်။

ရှေ့ဆက်သွား၍ မဖြစ်နိုင်တော့မှန်း ဘိုလန်သိလိုက်သည်။ လမ်းအတစ်ဆက်တစ်မျက်မှာလည်း ထူထပ်လှသည့် ချုံနွယ် ပိတ်ပေါင်းများကြောင့် ဖြတ်ထွက်သွားနိုင်ဖို့ခဲယဉ်းနေသည်။ ထို့ကြောင့် ဘိုလန်ကမြင်းကိုအမြန်ဆုံး ပြန်လှည့်လိုက်သည်။

သူ့ကိုချိန်ရွယ်ထားသော သေနတ်ပြောင်းဝများကို ရုတ်တရက်တွေ့လိုက်ရသည်။ တောင်ပေါ်သားဝတ်စုံများကို ဝတ်ဆင်ထားသော လီယူ၏တပ်သားများ ဖြစ်ကြောင်း ဘိုလန် နားလည်လိုက်မိသည်။ တိုက်ဂါးအချို့ကဘိုလန်ကိုမြင်းပေါ်မှဆွဲချပြီး သေနတ်ကို သေနတ်ကို သိမ်းသွားကြသည်။ ဘိုလန်၏လက်ကို နွယ်ကြိုးများဖြင့်လက်ပြန်ကြိုးတုပ်လိုက်သည်။ နောက်ထပ်ကြိုးတစ်ချောင်းဖြင့် လည်ပင်းကို ကြိုးကွင်းစွပ်ထားလိုက်ကြပြန်သည်။

တိုက်ဂါးများက မြင်းဖြင့်ခရီးဆက်ကြသည်။ ဘိုလန်ကို မြင်းနောက်မှ လမ်းလျှောက်ပြီးလိုက်စေသည်။ လည်ပင်းတွင် တပ်ထားသောကြိုးကို တိုက်ဂါးတစ်ယောက်၏ မြင်းကုန်းနှီးတွင်ချည်နှောင်ထားသည်။ ဘိုလန်မှာ အိပ်ရေးအကြိမ်ကြိမ် ပျက်သားမှုကြောင့် ပင်ပမ်းနွမ်းနယ်စွာ လိုက်ပါလာခဲ့ရတော့သည်။

လမ်းမှာ တဖြည်းဖြည်းကျဉ်းမြောင်းလာသည်။တိုက်ဂါးများက လမ်းမှဖယ်ခွာထွက်လာပြီး တောအုပ်ထူထူအတွင်းသို့ ဝင်သွားလိုက်ကြသည်။ ရှေ့ဘက်ရှိ မြင်းကိုယ်ထည်နှင့်

www.burmeseclassic.com



တိုက်မိသော သစ်ကိုင်းများက မကြာခဏဆိုသလို ဘိုလန်၏ မျက်နှာသို့ လာရောက်ရိုက်ခတ်တတ်သည်။ ဘိုလန်မှာ လက်ပြန်ကြိုးအတုပ်ခံထားရသည်မို့ သစ်ကိုင်းများကို မနည်းပင်ရှောင်တိမ်းနေရသည်။

မကြာမီ လမ်းတစ်ခုပေါ်သို့ရောက်လာသည်။ ရှေ့ဘက်တွင် ရွံ့တောကြီးက ကာဆီးလျက်ရှိသည်။ ထိုရွံ့တောကြီးကို နာရီဝက်ခန့်ကြာအောင် ရုန်းကန်သွားခဲ့ရသည်။ တဖြည်းဖြည်းနှင့် ရာဘာတောကြီးတစ်ခုထဲသို့ ရောက်လာသည်။ ထိုမှတဆင့် ရေပန်းအလှများ၊ ရောင်စုံပန်းများရှိရာ ပန်းခြံတစ်ခုသို့ရောက်သွားသည်။ ပန်းခြံထဲတွင် ခမ်းနားထည်ဝါသော တိုက်အိမ်ကြီးတစ်လုံးကတည်ရှိနေသည်။

တိုက်ဂါးအဖွဲ့ခေါင်းဆောင်က မြင်းပေါ်မှဆင်းလိုက်စဉ် အိမ်၏ပထမထပ်လေသာဆောင်မှ ကောင်မလေးတစ်ယောက်က ထွက်ကြည့်သည်။ တိုက်ဂါးတပ်မှူးကြီး လီယူ၏သမီးဖြစ်ကြောင်း ဘိုလန်ကို တိုက်ဂါးတစ်ယောက်က ပြောပြလိုက်သည်။ သူ့ကိုလှမ်းကြည့်နေသော ကောင်မလေးကို ဘိုလန်က ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ကောင်မလေးကလည်း ဘိုလန်ကို ပြန်ပြီးဦးညွှတ်နှုတ်ဆက်သည်။ သူမ၏မျက်လုံးများထဲတွင် ဘိုလန်အတွက် စိတ်မကောင်းနေသောအရိပ်လက္ခဏာမျိုးရှိနေသည်။ ခေါင်းဆောင်က ဘိုလန်ဆီမှ လမ်းဆည်းထားသောပစ္စည်းများလို အိမ်ထဲသို့သွားထားပြီးပြန်ထွက်လာသည်။



ထို့နောက် ရာဘာအလုပ်စခန်းဘက်ဆီသို့ ခရီးဆက်ခဲ့ကြသည်။ အလုပ်တဲလေးများမှာ အမိုးသာရှိပြီး နံရံကာလုံးဝ မရှိကြပေ။ ရာဘာစိမ်းများသိုလှောင်ရာ ဂိုဒေါင်အတွင်းသို့ ဘိုလန်ကိုခေါ်သွားပြီး အလယ်ဗဟိုနေရာရှိတိုင်တစ်လုံးတွင် သံကြိုးတစ်ချောင်းဖြင့်ခွေးတစ်ကောင်လိုချည်ထားခဲ့ကြသည်။ အထဲတွင်မှောင်မည်းနေသည်။ နံရံပတ်ကြားအက်များအတွင်းမှ ဝင်လာသော အလင်းရောင်လေးသောက်သာရှိတော့သည်။ ဘိုလန်က တိုင်ကိုကျောမှီထိုင်ပြီး အနားယူလိုက်သည်။

နေဝင်သွားပြီမို့ ပတ်ကြားအက်လေးများ အကြားမှ အလင်းရောင်က ဝင်မလာတော့။ မှောင်မည်းနေသောအခန်းထဲတွင်ထိုင်ရင်း ဘိုလန်က ဆာလောင်မွတ်သိပ်လာသည်။ မကြာမီ မျက်လုံးများစင်းလာပြီး အိပ်မောကျသွားတော့သည်။

ကြာပွတ်တစ်ချောင်းက ပါးပြင်ပေါ်သို့ အရှိန်ပြင်းစွာ ကန့်လန့်ပြတ်ကျရောက်လာသဖြင့် ဘိုလန် ရုတ်တရက်လန့်နိုးသွားသည်။ ဂိုဒေါင်ထဲတွင် မီးပွင့်ထားသောကြောင့် ပြောင်လက်အောင်တိုက်ထားသော ဘွတ်ဖိနပ်တစ်စုံကို ဘိုလန်ရုတ်တရက်တွေ့လိုက်ရသည်။ ကြာပွတ်က ဒုတိယအကြိမ်ကျရောက်လာပြန်သည်။ ကျောပြင်တစ်ခုလုံး စပ်ဖျင်းဖျင်းခံစားလိုက်ရသည်။

‘ထစမ်း’

အော်ငေါက်လိုက်သော အသံတစ်ခုက ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ပေါ့ကြည့်လိုက်စဉ် ဂေါက်ဝတ်စုံဝတ်ထားသော လီယူကိုတွေ့လိုက်ရသည်။ လီယူ၏မျက်လုံးများက ဒေါသကြောင့် မီးဝင်းဝင်း တောက်နေသည်။ သူ့လက်ထဲတွင် ကြာပွတ်တစ်ချောင်းကို ဆုပ်ကိုင်ထားသည်။

ဘိုလန်ကရုတ်တရက် လီယူကို ခုန်အုပ်လိုက်သော်လည်း ချည်ထားသော သံကြိုးကြောင့် ပြန်လဲကျသွားသည်။ လွမ်းရိုက်လိုက်သောကြာပွတ်က ပါးစပ်ကို ထိသွားသည့်အတွက် ဘိုလန်၏ နှုတ်ခမ်းများအကြားမှ သွေးများက ယိုစီးထွက်လာသည်။

'ထစမ်း'

လီယူက အော်ဟောက်ရင်း ဘိုလန်ကို ကြာပွတ်ဖြင့် ဆက်တိုက်ရိုက်နှက်ပစ်လိုက်သည်၊

ဘိုလန်က လူးလှိမ့် ရှောင်တိမ်းနေသော်လည်း ကြာပွတ်ဒဏ်ကြောင့် သူ့အဝတ် အစားများစုတ်ပြတ်ကုန်တော့သည်။

'ဒီနေရာက လှည့်ပြန်သွားရင် ကောင်းလိမ့်မယ် ဗိုလ်မှူးကြီးဖိုးနစ်။ ခင်ဗျားဟာ စတုံနီးမင်းဌာနချုပ်ရဲ့ အကြီးအကဲ တစ်ယောက်ဖြစ်မယ်လို့ ကျွန်ုပ်ဘော်ယူဆတယ်။ ဒါပေမယ့် ဒီနေရာမှာတော့ ခင်ဗျားဟာ ခွေးဖြူကြီးတစ်ကောင်လို ဖြစ်နေရပြီမဟုတ်လား။ အာ့ထထပ်လိုက်စမ်း'

ကြိမ်းမောင်းနေသော လီယူကိုမော့ကြည့်ရင်း ဘိုလန်က ထရပ်လိုက်သည်၊ ပါးစပ်ထဲမှသွေးများကိုလည်း ထွေးထုတ်ပစ်လိုက်သည်။



လီယူက ပုံထပ်ထားသော ရာဘာတွေပေါ်သို့ တက်ထိုင်သည်။

'ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘူး။ နောက်ထပ်ထောက်လှမ်းရေးမှူး တစ်ယောက် ရှိနေသေးတယ်။ အဲ့ဒီလူဟာ နှ(ခ်)မဟုတ်လား။ သူ့ကိုယ်သူ ရုရှားလူမျိုးဆိုပြီး တောင်ပေါ်သွားဟော့ ကိုလှည့်စားနေတာပေါ့ ဒါနဲ့နေပါဦး ကျွန်တော်ရဲ့ ဒါရိုက်တာလူကြီးတွေကို ခင်ဗျားဘာလုပ် ပစ်ခဲ့သလဲ'

'သူတို့အားလုံးကို သတ်ပစ်ခဲ့တယ်'

'ဘာကြောင့်သတ်ရတာလဲ'

'မှူးယစ်ဆေးဝါးဂိုဏ်းရဲ့ အဆွယ်အပွါးတွေဆိုတော့ သူတို့ကိုသတ်ပစ်ရတာပေါ့ဗျာ'

'ဒါဆိုကျွန်ုပ်ဘော်ကို သတ်မယ်ဆိုပြီး ခင်ဗျားလိုက်လာခဲ့တာဆိုပါတော့ ဟုတ်လား'

'ဟုတ်တယ်'

'ခင်ဗျားလိုလူစားမျိုးကလာ၊ကျွန်ုပ်တော်ကို သတ်နိုင်မှာ၊ ဝေးပါသေးတယ်ဗျာ'

လီယူ၏စကားကို ဘိုလန်က အလေးမထားသလို ငြိမ်နေလိုက်သည်။

'ဒါရိုက်တာတွေကိုသတ်တဲ့ အချိန်တုန်းက ခင်ဗျားဟာ သူတို့ကို ဘာတွေပြောခဲ့သလဲ'

'သူတို့ရဲ့အပြစ်တွေကို ကောင်းကောင်းစွပ်စွဲ ပြောခဲ့တာပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားဟာ ကင်ဂျစ်ဆု ကိုယ်ခံသိုင်းပညာကို အတော်လေး လေ့လာလိုက်စားထားလိမ့်မယ်လို့ကျွန်တော်ယူဆတယ်'

'ကောင်းကောင်းလေ့လာထားခဲ့တာပေါ့'

ဘိုလန်က မထိလေးစား ပြန်ပြောလိုက်သည်။

'ဟုတ်ပြီ၊ဒါဆိုရင် မနက်ဖြန်မှာ ခင်ဗျားနဲ့ ကျွန်တော်တို့တာမိရှိဂိရိနည်းနဲ့ ဓားခုတ်ပွဲလေးကျင်းပလိုက်ကြရအောင်။ ခင်ဗျားရဲ့ လက်ထဲမှာ ဓါးတစ်ချောင်း ကိုင်ခွင့်ပေးထားပါမယ်။ ဒါပေမယ့် ခင်ဗျားသေရမှာပေါ့ဗျာ'

'ဓါးကိုင်ခွင့်ရပယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့'

ဘိုလန်က အားရဝမ်းသာ လက်ခံလိုက်သည်။

'ကောင်းပြီလေ။ ခင်ဗျားဟာ မနက်ဖြန်မနက်မှာသေရတော့မယ့်လူဆိုတော့ ရေမိုးချိုး၊အဝတ်အစားလဲပြီး အိပ်ရေးဝသွားအောင် အိပ်ထားလိုက်ပါ'

လီယူက ဘိုလန်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြောလိုက်သည်။ ထို့နောက် အခန်းထဲမှ လှည့်ထွက်သွားသည်။

ဘိုလန်က သူ့နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မကြာမီ တံခါးပွင့်သွားပြီး တိုက်ဂါးရဲဘော် နှစ်ယောက် အခန်းထဲသို့ဝင်လာသည်။ တစ်ယောက်က ခြင်းတောင်းတစ်ခုကိုဆွဲလာပြီး ကျန်တစ်ယောက်ကိုစားစရာများထည့်ထားသော လင်ဗန်းကို သယ်ယူလာသည်။သူတို့က ဘိုလန်ကို သံကြိုးဖြုတ်ပေးလိုက်ကြသည်။



လင်ဗန်းထဲတွင် ခေါက်ဆွဲပြုတ်တစ်ပန်းကန်၊ ပုဇွန်ဟင်းတစ်ပွဲ၊ ဟင်းရွက်ကြော်နှင့် ထမင်းပန်းကန်တစ်ချပ်လည်းပါသည်။

ဘိုလန်က ထမင်းစားပြီးချိန်တွင် ရဲဘော်တစ်ယောက်ဆီမှ စီးကရက် တစ်လိပ်ကို တောင်း သောက်လိုက်သည်။ ထို့နောက်မနက်ဖြန် ကြုံတွေ့ရတော့မည့် အသက်လုပွဲအတွက် စဉ်းစားခန်း ဝင်နေလိုက်မိတော့သည်။

နေရောင်ထဲတွင် ဓားသွားကဝင်းကနဲလက်သွားပြီးခေါင်းတစ်လုံးက ပြုတ်ထွက်သွားသည်၊ ဦးနှောက်တွေမှာ တစ်စစီပြန့်ကျဲသွားတော့သည်။ ဘိုလန်က မကြည့်ရက်သလို ခေါင်းကိုငုံ့ပစ်လိုက်မိသည်။ ယနေ့မနက်အဖို့ အာဏာပါးကွက်သား၏ သတ်ဖြတ်မှုကြောင့် သေဆုံးသွားရသူတွေက ဆယ့်လေးယောက်ပင်ရှိသွားပြီဖြစ်သည်။

ဘိုလန်က ကီဝတ်စုံအဖြူပေါ်တွင် ခါးပတ်နက်ကိုပတ်ထားသည်၊ သူ့ပေါင်ပေါ်တွင် လုပ်သော●ားတစ်ချောင်းကို ကန့်လန့်ဖြတ်တင်ထားသည်။ လီယူနှင့်ဓားရေးယှဉ်ပြိုင်ရန် အဆင်သင့်စောင့်ဆိုင်းနေခြင်းပင်ဖြစ်သည်။ သူ့ဓားမှာ ဆယ့်ခြောက်ရာစုနှစ်လောက်က ပြုလုပ်ထားခဲ့သော ကာတာနာဓားရှည်တစ်လက်ဖြစ်သည်၊

'နောက်ထပ်သတ်ဖို့ လူဘယ်နှစ်ယောက်လောက်ရှိသေးလဲ....'

ဘိုလန်က အာဏာပါးကွက်သားကို လှမ်းမေးလိုက်သည်။

'တစ်ယောက်ကျန်သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူပြောနေစဉ် ၁ပင် အကျဉ်းသားတစ်ယောက်ကိုခေါ် ထုတ်လာကြောင်း ဘိုလန်တွေ့လိုက်ရသည်။ လူမမယ်ကောင်လေးတစ်ယောက်ဖြစ်ပြီး လက်ပြန်ကြိုးတုပ်ထားသည်။ လည်ပင်းတွင်လည်းကြိုးကွင်းကိုစွပ်ထားသေးသည်။ ကောင်လေးမှာ ကြောက်နေရှာသည်မို့ ဟစ်ကိုယ်လုံးတုန်နေပြီးမျက်ရည်များ ကျလျက်ရှိသည်။

'ဘာဖြစ်လို့ ဒီကောင်လေးကိုသတ်မှာလဲ'

'...က်တစ်ကောင်ခိုးခဲ့တဲ့ အမှုကြောင့်သတ်မှာပါ'

'ဒါဆို ခင်ဗျားက သတ်ဦးမယ်ဆိုပါတော့ ဟုတ်လား'

'ဒါကတော့ ဗိုလ်မှူးကြီးလီယူရဲ့ အမိန့်ပဲဗျ'

အာဏာပါးကွက်သားက ပခုံးကိုတွန့်ပြီးပြောလိုက်သည်။

မကြာမီ ကောင်လေး၏မျက်နှာကို အဝတ်နက်ဖြင့်ပိတ်ပြီး စည်းလိုက်သည်ကို ဘိုလန်တွေ့လိုက်ရသည်။ လက်ကောက်ဝတ်တွင် ချည်ထားသောကြိုးက ခြေမျက်စိကို ထပ်ချည်ထားသည်မို့ ကောင်လေးမှာ ထွက်ပြေးဖို့နေနေသာသာ လမ်းပင်ကောင်းစွာမလျှောက်နိုင်တော့ပေ။ အသက်မှာဆယ့်ခြောက်နှစ်ခန့်လောက်သာ ရှိနိုင်သေးသည်။

တိုက်ဂါးတစ်ယောက်က လီယူဆီသို့သွားပြီး ဓားတစ်ချောင်း လှမ်းယူလိုက်သည်။

ကောင်လေးက တုန်တုန်ရီရီဖြင့် သူ့...က်များကိုမြှောက်ထားသည်။

'အီချီနီဒို'

လီယူက ဂျပန်လို အော်ဟစ်အမိန့်ပေးလိုက်သည်။



'ရင်ကိုခွဲပစ်လိုက်'

ကောင်လေးအနီးတွင် ဓားကိုင်ပြီးသွားရပ်နေသူကို အာဏာပါးကွက်သားက ဘာသာပြန်ပေးလိုက်သည်။

ဓားကိုင်ထားသူက ဓားကိုမြှောက်ပြီးကောင်လေး၏ရင်ကို ခွဲပစ်လိုက်သည်။

ငယ်သံပါအောင်အော်ဟစ်လိုက်သံနှင့်အတူ ကောင်လေးမှာ ပက်လက်လန်ပြီး လဲကျသွားသည်။ သူ့ရင်ဘတ်တစ်ဝိုက်တွင် သွေးများကပန်းထွက်လျက်ရှိသည်။ ဓားကိုင်ထားသူက အရူးတစ်ယောက်လို လဲကျနေသောကောင်လေးကိုငုံ့ကြည့်နေသည်။

လီယူက တစ်စုံတစ်ရာ အော်ဟစ်အမိန့်ပေးလိုက်ပြန်သည်။

ဓားကိုင်ထားသူက လဲကျနေသောကောင်လေးကို ဓားဖြင့် ပိုင်းရန်ပြင်လိုက်သည်။ ကောင်လေးက မြေကြီးပေါ်တွင် လူးလှိမ့်ရှောင်တိမ်းလိုက်သည်။

ပွဲကြည့်သူများက ထရပ်ပြီး အားမလိုအားမရအော်ဟစ်အားပေးနေကြသည်။

'တဆူကီ'

လီယူက အော်ဟစ်အမိန့်ပေး လိုက်သည်။

ဓားသွားက ကောင်လေး၏ နှလုံးသားတည့်တည့်ဆီသို့စူးဝင်နစ်မြုပ်သွားသည်။ ငယ်သံပါအောင်အော်ဟစ်လိုက်သံက ဆူညံစွာထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးစွန်းသော ဓားကိုကိုင်ရင်း လီယူဆီသို့လျှောက်သွားသောလူကို ပရိသတ်က လက်ခုပ်လက်ဝါးတီးပြီး အော်ဟစ်ဂုဏ်ပြုလိုက်ကြသည်။

လီယူက အော်ဟစ်အမိန့်ပေးရင်း ထရပ်လိုက်သည်။

ပွဲကြည့်ပရိသတ်အားလုံးက ဘိုလန်ကိုလှည့်၍ကြည့်လိုက်ကြသည်။

တိုက်ဂါးအချို့က လူသေအလောင်းများကို ရှင်းလင်းသုတ်သင်သွားကြသည်။ ကျန်လူများက သွေးစွန်းနေသော လူသတ်ကွင်းပေါ်သို့ တောင်းများဖြင့်သယ်ယူလာသော သဲများကို ဖြူးချပေးလိုက်ကြသည်။ မကြာမီ လူသတ်ကွင်းက နောက်ထပ် တစ်ပွဲတစ်လမ်း ကျင်းပနိုင်ရန် အဆင်သင့်ဖြစ်သွားတော့သည်။

ဘိုလန်က မြေကြီးကို ငုံ့ကြည့်ရင်း ဘုရားသခင်ထံတွင် ဆုမွန်ကောင်းများ တောင်းနေမိလိုက်သည်။

အဖြူရောင် ကီဝတ်စုံကို လဲလှယ် ဝတ်ဆင် ထားသော လီယူက ဓားရိုးရွှေကွပ်ထားသောဓားတစ်ချောင်းကို ကိုင်ပြီး လူသတ်ကွင်းထဲတွင် နေရာယူလိုက်သည်။

ဘိုလန်ကလည်း အလိုက်သိစွာ သူ့ရှေ့တွင် ရပ်ပြီးနေရာယူလိုက်သည်။

သူတို့နှစ်ယောက် အတန်ကြာအောင် တစ်ယောက်နှင့်တစ်ယောက် စူးစိုက်ကြည့်နေလိုက်ကြသည်။



ရုတ်တရက် ဓားရှည်ကြီးနှစ်ချောင်းက နေရောင် ထဲတွင် င်းလက်သွားသည်။ ပရိသတ်က ငြိမ်ပြီး ကြည့်နေ လိုက်ကြသည်။

'အီး၊ ယီး'

လီယူက ကီသွင်းအော်ရင်း ခြေတစ်ဖက်ကို မြှောက်ပြီး ားရေးပြလိုက်သည်။

သို့သော် ဘိုလန်က ခပ်အေးအေးပင်သူ့လှုပ်ရှားမှုတွေကို ကြည့်နေလိုက်သည်။

ရုတ်တရက် လီယူ၏ သွက်လက်သည့် ဓားချက်က ဘိုလန် ကိုယ်ပေါ်သို့ ဝဲ၍ကျရောက်လာသည်။ ဘိုလန်က တစ်ဖက် ဘေးဆီသို့ ခုန်ထွက်သွားလိုက်သည်။ ဓားက လေကိုသာခုတ်မိတော့သည်။

ပရိသတ်များ၏ အာမေဋိတ်သံကထွက်ပေါ် လာသည်။ လီယူ၏ ဓားချက်ကို လွတ်အောင် ရှောင်သွားနိုင်သော ဘိုလန်ကိုလည်း လူထူးလူဆန်းတစ်ယောက်လို အံ့ဩသွားကြသည်။ လီယူ၏ ဓားချက်ကို ရှောင်နိုင်သူဟူ၍တစ်ချိန်ကမတွေ့ခဲ့ကြရသေးသောကြောင့် ဖြစ်သည်။

ဘိုလန်နှင့် လီယူတို့က စက်ဝိုင်းပုံ သဏ္ဍာန် လှည့်ပတ်ပြီး တစ်ယောက်နှင့်တစ်ယောက် အလစ်ချောင်းနေကြသည်။ လီယူက သူ့ဓားကို ညာဖက်ပခုံးပေါ် ထွက် တက်ဆိုနည်း စနစ်အရ မြှောက်ပြီး ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ဂျီဒန်နည်းစနစ်ဖြင့် ဓားကိုး လေးဆယ့်ငါး ဒီဂရီထောင်ပြီး ကိုင်ထားသည်။

ပွဲကြည့်ပရိသတ်က လီယူကိုကြည့်ပြီး ယခုအချိန်တွင် အနောက်တိုင်းသားကို အသေသတ်တော့မည်ဟုသဘော ပေါက်ထားလိုက်ကြသည်။

ဘိုလန်က စိတ်ကို အတတ်နိုင်ဆုံး ငြိမ်သက်စွာ ထားပြီး ဆိုးသွမ်းသော မိစ္ဆာဟစ်ကောင်ကို လူသားတွေအတွက်သုတ်သင်ပစ်ဖို့ စိတ်ပိုင်းဖြတ်ထားလိုက်သည်။

လီယူက စိတ်တွေလှုပ်ရှားပြီး မတည်မငြိမ် ဖြစ်နေသည်။ သူ၏ ပွဲသိမ်း ဓားချက်ကို အလွယ်တကူ ရှောင်ထွက်သွားနိုင်ခဲ့သော ဘိုလန်ကိုလည်းအထင်မသေးဝံ့တော့ပေ။ အဆင်မသင့်လျှင် သူ့အသက် ဇီဝိန်ပင်ပြုတ်သွားနိုင်ကြောင်းသူသဘော ပေါက်လိုက်မိသည်။ ထို့ကြောင့် ဘိုလန်ကို သုတ်သင် နိုင်ရန် နည်းကောင်းများကို ကြံဆနေလျက် ရှိနေသည်။

'အီး၊ ယိုး'

လီယူက ကီသွင်းပြီး ဘိုလန့်ကို လျှပ်တပြက်ဝင်ပြီး ဓားဖြင့် ပိုင်းလိုက်သည်။

ဘိုလန်က ရှောင်ပေးလိုက်ပြီး အရှိန်လွန်ထွက် သွားသော လီယူ၏ လည်ဂုတ်ဆီသို့ ခုတ်ချလိုက်သည်။

လီယူမှာ ခြေခေါက်ပြီး ဒူးထောက်လျက်ကျသွားသည်။ သူ့လည်ဂုတ်ဆီမှ သွေးများ ပန်းထွက် လာသည်။



ဘိုလင်က နောက်သို့ခြေတစ်လှမ်းပြန်ဆုတ်ပြီး လီယူကို ဓားဖြင့် ပိုင်းချလိုက်သည်။

အာရှတိုက်၏ ဘိန်းဖြူဧကရာဇ် လီယူ၏ ခေါင်းကပြတ် ထွက်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

ဘိုလန်က ဓားကို ဝှေ့ယမ်းပြီး လူအုပ်ကြီးအကြားမှဖြတ်ထွက် ပြေးသွားလိုက်သည်။ သူဘယ်လောက်ပဲ ဓားခုတ်ကောင်းနေပါစေ ပစ်ခတ်လိုက်သော ကျည်ဆန်ကို ရှောင်လွှဲ၍မရနိုင်ကြောင်း သိထားပြီးဖြစ်သည်။

ခမ်းနားသော တိုက်အိမ်ကြီးဆီသို့ ဘိုလန်ကခြေကုန်သုတ် ပြေးသွားလိုက်သည်။ ထိုအိမ်ထဲတွင် သူ့အဝတ် အစားများ လက်နက်ကိရိယာများနှင့် ရေဒီယို ဝါယာလက်စက်ကို ရှိနေသောကြောင့် ဖြစ်သည်။

သူ့နောက်မှ လူအုပ်ကြီးက လိုက်လာကြသော်လည်း တစ်ယောက်မှ သေနတ်ဖြင့် လှမ်းပစ်ခဲ့ခြင်းမရှိပေ။ သူ့ကိုအရှင်



လက်ရဖမ်း၍ ညှင်းပမ်းနှိပ်စက်ပြီး သတ်ဖြတ်လိုသောကြောင့် ဖြစ်ပေလိမ့်မည်။ လီယူကို သတ်လိုက်ခြင်းကြောင့် တိုက်ဂါးတွေအားလုံး အလုပ်လက်မဲ့ ဖြစ်ကြရတော့မည်။ ထို့ကြောင့် ဒေါသဖြစ်နေသော လူများက ဘိုလန်ကိုမိလျှင် ရက်ရက်စက်စက် နှိပ်စက်ပြီးမှ သတ်ဖြတ်ကြလိမ့်မည်ကို ဘိုလန်က သိထားပြီး ဖြစ်သည်။

ဘိုလန်က အိမ်ရှေ့ပေါက်ထဲသို့ ဓါးကို ကိုင်ရင်း ပြေးဝင်သွားလိုက်သည်။ အထဲတွင် တစ်ယောက်မှ ရှိမနေပေ။ လူအားလုံးမှာ လူသတ်ကွင်းသို့ သွားကြည့်နေကြသောကြောင့် ပင်ဖြစ်နိုင်သည်။

ဘိုလန်က အပေါ်ထပ်သို့ လှေခါးမှ ပြေးတက်သွားလိုက်သည်။ အပေါ်ထပ်ရောက်သည်နှင့် ကော်ရစ်ဒါကို ဖြတ်ပြေးပြီး သူ့ပစ္စည်းများထားရာ အခန်းဆီသို့ သွားလိုက်သည်။ သို့သော် အခန်းတံခါးကိုသော့ခတ်ပိတ်ထားကြောင်း တွေ့လိုက်ရသည်။ တံခါးကို ကန်ကျောက်ဖွင့်လိုက်သော်လည်း ခြေထောက်နာခြင်းသာ အဖတ်တင်တော့သည်။

အိမ်ထဲသို့ပြေးဝင်လာ လူအုပ်ကြီး၏အော်ဟစ်သံများကို ဘိုလန်ကြားလိုက်ရသည်။

'ဒီဘက်ကိုလာခဲ့'

အမျိုးသမီး တစ်ယောက်၏ အသံက ထွက်ပေါ်လာသည်။

အခန်းတံခါးပေါက် တစ်ခုက ပွင့်နေပြီး အပေါက်ဝတွင် ရပ်နေသော လီယူ၏သမီးကို ဘိုလန်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ဘိုလန်ပြေးဝင်သွားချိန်တွင် ကောင်မလေးက အခန်းတံခါးကို ပိတ်ပြစ်လိုက်သည်။ အခန်းထဲတွင် ဆေးဘက်ဆိုင်ရာ စာအုပ်များ ပြည့်နှက်လျက်ရှိသည်။ ကောင်မလေးက ဘိုလန်ကို အိပ်ခန်းထဲသို့ ဆွဲခေါ်သွားသည်။ ဗီရိုတစ်လုံး၏ တံခါးကို ဖွင့်လိုက်ပြန်သည်။

'အဲ့ဒီအထဲမှာ ပင်နေလိုက်ပါ'

စကားအဆုံးတွင် ဘိုလန်ကို အထဲသို့တွန်းပို့ပြီး အပြင်မှ တံခါးပိတ်ပစ်လိုက်သည်။

ရေမွှေးနံ့သင်းနေသော ကောင်မလေး၏ အဝတ်အစားများအကြားတွင် ဘိုလန်က ပုပြီးဝပ်နေသည်။ ထို့နောက် သော့ပေါက်ကလေးအနီးသို့ တိုးကပ်၍ အပြင်ဖက်မှ အသံများကို နားစွင့်ကြည့်လိုက်သည်။ ကော်ရစ်တာ အတိုင်း လျှောက်လာသော ခြေသံများနှင့် တံခါးများကို ထုရိုက်ဖွင့်နေသံတို့ကို ဘိုလန်အတိုင်းသား ကြားနေရသည်။

မကြာမီကောင်မလေး၏ အခန်းဝင်ပေါက် တံခါးကပွင့်ထွက်လာပြီး အခန်းထဲသို့ လျှောက်ဝင်လာသော ခြေသံများ ထွက်ပေါ်လာသည်။ ခြေသံများရပ်သွားပြီး နောက်လူတစ်ယောက်က ကောင်မလေးကို ဟောင်းပန်းစကားပြောပြီး အခန်းအပြင်ဘက်သို့ ပြန်ထွက်သွားကြသော ခြေသံများက တဖြည်းဖြည်းဝေးကွာသွားတော့သည်။

ဘိုလန်က မထွက်ရဲသေးပဲ ဆက်ပြီးငြိမ်နေလိုက်သည်။ ရုတ်တရက် ကောင်မလေး၏ ကြိတ်ပြီးရှိုက်ငိုသံသဲ့သဲ့ကို သူ



ကြားလိုက်ရသည်။ ထို့ကြောင့် ဗီရိုထဲမှ ထွက်ပြီးအပြင်သို့ လှမ်းကြည့်လိုက်သည်။

ကောင်မလေးက မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီး ငိုယိုနေသည်။ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ဘိုလန် စိတ်မကောင်းဖြစ်သွားသည်။ လီယူမှာ ဒသဒဏ် ပေးထိုက်သော အကောင်းဆိုးဝါး ဖြစ်သော်လည်း ကောင်မလေး အဖို့တော့ အဖေတစ်ယောက် ဆုံးရှုံးခံရခြင်း ဖြစ်သည်ဟု ဘိုလန်တွေးလိုက်မိသည်။

'ဝမ်းနည်းပါတယ် မိန်းကလေးရယ်။ ဒါပေမယ့် အခြေအနေအားလုံးက လွန်သွားခဲ့ပြီ။ ဒီတော့ ကိုယ်ဘာတတ်နိုင်ဦးမှာလဲ'

ဘိုလန်က ဝမ်းနည်းစကား ပြောလိုက်ရသည်။

ကောင်မလေးက ခေါင်းညိတ်ပြပြီး ရှိုက်ငို နေလိုက် ပြန်သည်။

တံခါးခေါက်သံတစ်ခုက ရုတ်တရက် ထွက်ပေါ်လာသည်။ ဘိုလန်က ဗီရိုထဲသို့ အမြန်လေး ပြန်ဝင်သွားလိုက်ရသည်။

တိုက်ဂါးတပ်ဖွဲ့၏ ကပ္ပတိန်အဝတ်အစား ဝတ်ထားသော လူတစ်ယောက် အခန်းထဲ သို့ ဝင်လာသည်။ ဘိုလန်က သော့ပေါက်မှ ချောင်းကြည့်နေလိုက်သည်။ လူသတ်ကွင်း ထဲတွင် တောင်ပေါ်သားတစ်ယောက်ကို ဓားဖြင့်ခုတ်ပြီး သတ်ဖြတ်ခဲ့သူ ဖြစ်ကြောင်း ဘိုလန်မှတ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တီလင်း'

ကပ္ပတိန်က ကောင်မလေး၏ နာမည်ကို လှမ်းခေါ် လိုက်သည်။

တီလင်းက သူ့ကို ဖုတ်လေသည့်ပေါ်၊ ရှိသည်ဟုပင်မမှတ်ဘဲ မသိချင်ယောင် ဆောင်နေသည်။

ကပ္ပတိန်က နှစ်သိမ့်စကားတွေ ပြောပြီး ပခုံးပေါ် သို့လက် တင်လိုက်သည်။

တီလင်းက နောက်ကိုခုန်ဆုတ်ပြီး ကပ္ပတိန်ကို မီးပင်းဝင်း တောက်နေသည့် မျက်လုံးများဖြင့် ရူးစိုက် ကြည့် လိုက်သည်။

ကပ္ပတိန်က လက်နှစ်ဖက်ကို ဆန့်တန်းပြီးတီလင်း၏အနား သို့ တိုးကပ်လာသည်။ သို့သော်တီလင်းက ဖယောင်းတိုင်တင် ထွန်းသည့် တိုင်ကို မယူပြီး ရိုက်နှက်ရန် လက်ရွယ် ထား လိုက်သည်။ ကပ္ပတိန်က အခြေအနေကို သဘောပေါက်သွား သည်။ ပခုံ တွန့်ပြီး အခန်းထဲမှ ပြန်ထွက် သွားသည်။

တီလင်းက အခန်းတံခါးကို အထဲမှ သော့ခတ် ပိတ်ပစ် လိုက်သည်။ ထို့နောက် ဘိုလန်ရှိရာ ဗီရိုဆီသို့ ပြန်လျှောက် လာသည်။

'ရှင်ထွက်လာလို့ရပြီ။ သူတို့က ရှင်ဟာ ဒီအိမ်ထဲက ဖြတ် ပြီး ထွက်ပြေးသွားပြီလို့ ထင်နေကြတယ်၊ ဒီတော့ရှင့်အတွက် လုံခြုံစိတ်ချရပြီပေါ့ရှင်'



တီလင်းက ဗီရိုတံခါးကို ဆွဲဖွင့်ရင်း ပြောလိုက်သည်။

'ရေချိုးခန်းက ဘယ်နေရာမှာ ရှိတာလဲ'

တီလင်းက ရေချိုးခန်းရှိရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။

ရေချိုးခန်းထဲသို့ ဝင်ပြီး ဘိုလန်က ဓားကို ဆေးကြော သုတ်သင်လိုက်သည်။ သူပြန်ထွက်လာချိန်တွင် ပြတင်းပေါက် အနီးမှာ ထိုင်နေသော တီလင်းကို တွေ့လိုက်ရသည်။

'အဲဒီဓားကို ဗီရိုထဲမှာ ထည့်ထားလိုက်ပါ'

တီလင်းက ဘိုလန်ကို လှမ်းပြောလိုက်သည်။

ဘိုလန်က ဓားကိုသိမ်းပြီး တီလင်းနှင့် မျက်နှာချင်းဆိုင် တွင် သွားရပ်လိုက်သည်။

'မင်းဟာ ဘာကြောင့် ကိုယ့်ကို ကယ်လိုက် ရတာလဲ'

'ရှင့်ရဲ့ အကူအညီကို လိုချင်လို့ပေါ့။ အခုလို ကျွန်မက ကယ်တင်လိုက်တော့ ရှင်ဟာ ကျွန်မကို ဒီနေရာက အမြန် ဆုံး ခေါ်ထုတ်သွားနိုင်မှာပဲလို့ ကျွန်မတွေး တယ်လေ'

'မင်းက ဘာဖြစ်လို့ ဒီလိုထွက်ပြေးချင်နေရတာလဲ'

'ကျွန်မချစ်တဲ့လူ မဟုတ်ဘဲနဲ့ ဘယ်သူ့ကိုမှ လက်မထပ်နိုင် လို့ပေါ့ရှင်၊ ကျွန်မဟာ ဒေါက်တာတစ်ယောက်ပါ။ လွန်ခဲ့တဲ့ လတုန်းက ဆေးရုံမှာ အလုပ်လုပ်ခဲ့တယ်။ အဲဒီဆေးရုံမှာ တာဝန်ကျရင်း ဂျာမန်ဒေါက်တာတစ်ယောက်နဲ့ ချစ်ခဲ့မိကြ တယ်။ သူက ကျွန်မကို လက်ထပ်ချင်တယ်လို့ပြောတော့ အခု လို အဖေ့ဆီကိုလာပြီး ခွင့်တောင်းရတာပေါ့။ ဒါပေမယ့် အဖေက သဘောမတူဘူး။ တရုတ်လူမျိုးကိုပဲယူရမယ်ဆိုပြီး ဝမ်ရှီ ဆိုတဲ့ အရာရှိတစ်ယောက်နဲ့ပေးစားဖို့ နားချခဲ့တယ်။

www.burmeseclassic.com



ဝမ်ရှီဆိုတာ စောစောက ဒီအခန်းထဲကိုဝင်လာခဲ့တဲ့လူပေါ့။ အခုလို အဖေမရှိတော့တဲ့အချိန်မျိုးမှာ သူဟာ ကျွန်မကို အတင်းအဓမ္မ သိမ်းပိုက်ဖို့ ကြိုးစားလာလိမ့်မယ်။ ဒါကြောင့် ရှင့်ကို အခုလို အကူအညီတောင်းရတာပေါ့ရှင်'

'မင်းဟာ ဒီနေရာမှာ အကျယ်ချုပ်နဲ့ နေရတာလား'

ဘိုလန်၏ မေးခွန်းကို တီလင်းက ခေါင်းညိတ် ပြလိုက်သည်။

'အဖေဟာ ကျွန်မကို ဒီရာဘာတောထဲက ထွက်မသွားနိုင်အောင် အစောင့်တွေချထားခဲ့တယ်။ ကျွန်မချစ်သူက ကျွန်မကို ဒီနေရာအထိ လိုက်ပြီးရှာခဲ့တယ်။ ဒါပေမယ့် အဖေက ကျွန်မဟာ အမေရိကန်ကို ထွက်သွားပြီလို့ လှိမ့်လွှတ်လိုက်တယ်။ ရှင့်မှာကော ရည်းစားရှိခဲ့ဖူးသလား'

'ရှိတာပေါ့လေ။ မင်းဟာ အခုဘယ်ကိုပြန်မှာလဲ'

'ဘန်ကောက်ကိုဖြစ်ဖြစ် သွားမယ်။ ကျွန်မချစ်သူ ဂန်သာဟာ စိတ်ညစ်ပြီး ဂျာမဏီကို ပြန်သွားပြီ။ ဒီတော့လေယာဉ်နဲ့ သူ့နောက်ကို လိုက်ဖို့ ကြိုးစားရမှာပေါ့လေ။ ရှင်ကတော့ ကျွန်မကို ဒီလောက်ဝေးတဲ့ နေရာမျိုးတွေရောက်တဲ့အထိလိုက်ပို့ပေးနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မဟာ ရထားနဲ့ပဲ ဖြစ်ဖြစ် မြင်းပဲစီးရစီးရ၊ ဒါမှမဟုတ် ခြေလျင် သွားရမယ် ဆိုလည်း မဖြစ်မနေသွားဖို့ ဆုံးဖြတ်ထားတယ်။ ဒီနားတဝိုက်က လမ်းကြောင်းတွေ အားလုံးကို ကျွန်မသိထားတယ်'

'မင်းဟာ ကိုယ်နဲ့လိုက်ချင်တယ်ဆိုရင်တော့ သေသွားနိုင်တယ်နော်။ လူတွေက ကိုယ့်ကို ဝိုင်းပြီး အမဲဖျက်ချင်နေကြ



တာ။ ကိုယ်ကတော့ သူတို့နဲ့ ရင်ဆိုင်တဲ့အခါ သူသေကိုယ်သေတာ။ ကိုယ်ကတော့ သူတို့နဲ့ ရင်ဆိုင်တဲ့အခါ သူသေကိုယ်သေ ... ရတော့မယ်လေ။ ဒီပေါ့သူတို့ကလည်း ကိုယ့်ကိုဝိုင်းပစ် ... မှာသေချာတယ်။ ဒီအတိုင်းဆိုယင် မင်းဟာကိုယ့်သေတွင်း ... ကို ကိုယ်တူးသလို ဖြစ်သွားလိမ့်မယ်'

'ဝမ်ရှီကိုလက်ထပ်ယူရမယ့် အစားသေတာကမှ ပိုကောင်းဦးမယ်။ သူတို့ဟာ ရက်စက်ယုတ်မာပြီး အမြဲတမ်း လူသတ်ဖို့လောက်ကြံစည်နေတတ်တဲ့ လူစားမျိုးတွေပါရှင်'

'မင်းဝကားကို ကိုယ်ထောက်ခံပါတယ်'

'ဒီလိုဆိုးရွားတဲ့ အခြေအနေမျိုးတွေကို ကျွန်မအဖေကစခဲ့တာပါပဲ။ သူဟာ ဘိန်းယစ်ဆေးဝါး တွေနဲ့ ကမ္ဘာသားအားလုံးကိုလူညွန့်တုံးသွားအောင် ဖန်တီးခဲ့တယ်။ ဒါကြောင့် ဒီလူတွေ အားလုံးနဲ့ဝေးရာကို ကျွန်မသွားတော့မယ်။ ကျွန်မကို ကူညီပါနော်။ ဘန်ကောက်မှာ ကျွန်မကိုယ်ပိုင် ငွေတွေရှိပါတယ်။ ရှင်လိုချင်ရင် ကျွန်မပေးမှာပေါ့'

'မလိုပါဘူးလေ'

'ဒါဆိုရင် ကျွန်မကို ခေါ်သွားမှာလား'

'ခေါ်သွားမှာပေါ့။ စိတ်ကိုခပ်အေးအေးထားပြီး ထိုင်စမ်းပါဦး။ ဒီနေရာက ကိုယ်တို့ဘယ်လို ထွက်ကြမယ် ဆိုတာတိုင်ပင်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ညက မှောင်မည်း တိတ်ဆိတ်လျက်ရှိသည်။

ဘိုလန်က ကော်ရစ်ဒါဆီသို့ ခြေဖျားထောက်ပြီး ထွက်လာခဲ့သည်။ ခပ်လှမ်းလှမ်းရှိ တိုင်ကပ်နာရီ တစ်ခုမှ ကိုးချက်တီးသံ ထွက်ပေါ်လာသည်။

အလုပ်သမားများ၊ အခိုင်းအစေများနှင့် တိုက်ဂါး တပ်သားအားလုံးတို့မှာ ဘုရားဝတ်ပြုဆောင်အတွင်းတွင် ဗိုလ်မှူးကြီး လီယူအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိတ်ဆိတ်စွာ ဘုရားဝတ်ပြု ဆုတောင်းနေကြသည်။

ဘိုလန်က တံခါးပေါက် တစ်ခု၏ အနီးသို့ ပြေးကပ်ပြီး တီလင်းပေးထားသောသော့ဖြင့် တံခါးကို လှည့်ဖွင့်သည်။ ထို့နောက် လက်နှိပ်ဓါတ်မီးထိုးရင်း အခန်းထဲသို့ဝင်သွားလိုက်သည်။ ဝါတာ ကူလာရေအေး စက် အနီးရှိ ကြမ်းပြင်ပေါ်တွင် ရေဒီယိုဒါယာလက်စက်က ရှိနေပြီး နံရံတွင်သူ၏ အော့ကေ ဖော်တီဆဲဗင်း သေနတ်ကို ချိတ်ထားကြောင်းတွေ့လိုက်ရသည်။ သေနတ်နှင့် ရေဒီယိုကိုယူပြီး နောက်ထပ်တံခါးပေါက်တစ်ခုကို သော့ဖွင့်၍ ဝင်သွားလိုက်ပြန်သည်။ အထဲတွင် မနက်က သူချွတ်ထားခဲ့သော တောင်ပေါ်သားဝတ်စုံနှင့် ဘွတ်ဖိနပ်တို့က ရှိနေသည်။

အဝတ်အစားလဲလှယ်ပြီး ဘိုလန်က အခန်းထဲမှ ပြန်ထွက်လာသည်။ ရေဒီယိုစက်ကို ကျောတွင်လွယ်ထားသည်။ လက်တစ်ဖက်တွင် အေကေဖော်တီဆဲဗင်း သေနတ်ကရှိနေပြီး ကျန်လက်တစ်ဖက်တွင် အသံတိတ် ကိရိယာတပ်ထားသော မာကာရော့ သေနတ်ကို ကိုင်ထားသည်။



ကော်ရစ်ဒါကို ဖြတ်လျှောက်ပြီး အောက်ထပ်ဆီသို့ လှေ ါးအတိုင်းဆင်းလာခဲ့သည်။ အိမ်ရှေ့ပေါက်ဆီမှ စကားပြောသံသဲ့သဲ့ကို ဘိုလန်ကြားလိုက်ရသည်။ အစောင့်များ ဖြစ်လိမ့်မည်ဟု သူခန့်မှန်းလိုက်မိသည်။ အတွေ့အကြုံရင့်ကျက် သောဝမ်ရှိုက ဘိုလန်၏ရန်ကို ကြောက်ရသည်မို့ အစောင့် ချို့ကို ထားသွားခြင်းသာဖြစ်ပေလိမ့်မည်၊

ညနေပိုင်းအချိန်က တီလင်းမှာ ဆုတောင်းပွဲသို့မသွားမီ ိုလန်ကိုအဆောက်အအုံ၏ ဖွဲ့စည်းမှုမြေပုံ ပြသပေးခဲ့သည်။ ို့ကြောင့် လှေခါးအောက်သို့ ရောက်သည်နှင့် ဘိုလန်က ်အောက်ထပ် ဧည့်ခန်းအတွင်းပိုင်းသို့ ပြန်လျှောက်ဝင် ားလိုက်သည်။ ဧည့်ခန်း၏ပြတင်းပေါက်ကို ဖြတ်ကျော်၍ ်မြေပြင်သို့ထွက်လာခဲ့သည်။ မှောင်ရိပ်ထဲတွင်တစ်မိနစ်ခန့်ဝပ် ီး အခြေအနေကို သုံးသပ်လိုက်သည်။ လူသူကင်းရှင်းနေ ာကြောင့် သစ်ပင်အုပ်များအတွင်းသို့ ပြေးဝင်သွား က်သည်။ သစ်ပင်များအကြားမှ ဖြတ်သန်းရင်းပန်းခြံဆီသို့ က်လာသည်။ ထိုမှတစ်ဆင့် မြေလမ်းလေးအတိုင်း အလုပ် န်းဆီသို့ ဦးတည်ထွက်သွားလိုက်သည်။ သူ့ခြေသံကို တစ် စ်ယောက်က ကြားနိုင်သော်လည်း သူစွန့်စား၍ ဖြတ် ျှောက်သွားသည်၊

ရှေ့ဘက်တွင်ရာဘာအလုပ်စခန်းကိုတွေ့လိုက်ရသည်။ အလုပ် များ၏ မှောင်ရိပ်ကို ခို၍ ဘိုလန် ဆက်လျှောက်သွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ရဉ် စီးကရက်မီးခိုးနံ့က သူ့နှာခေါင်းပေါ
ရုတ်တရက် တိုးဝင်လာသည်။ ဘိုလန်က ငုံ့ပြီး နားကိုစွင့်ထ
လိုက်သည်။ အလုပ်ရုံလေးတစ်ခုဆီမှ စကားပြောသံခပ်
သဲ့ကို ကြားလိုက်ရသည်။ အစောင့်တစ်ယောက်၏ ချော
ဆိုးသံက ထွက်ပေါ်လာပြန်သည်။

ဘိုလန်က သေနတ်ကို ကျောတွင် လွယ်ထားလိုက်သည်။ အသံတိတ်တိုက်ခိုက်နိုင်ရန် အတွက်ပင်ဖြစ်သည်။ အလုပ်ရုံ
၏ အစွန်ပိုင်းဆီသို့ ပြေးကပ်လိုက်ပြီး အထဲသို့အသာလေ
ချောင်းကြည့်သည်။ အမှောင်ရိပ်အတွင်းမှ စီးကရက်မီး
လေးနှစ်ခုကို တွေ့လိုက်ရသည်။ ဘိုလန်က အနီးကို တဖြည်း
ဖြည်းတိုးကပ်သွားပြီး အသံတိတ်တိရိယာ တပ်ထားသေ
မစ္စတိုဖြင့် နှစ်ယောက်လုံးကို ပစ်ချလိုက်သည်။ ထို့နော
လဲကျသေဆုံးသွားသူများ၏ အနီးသို့ ပြေးကပ်သွားသည်
တစ်ယောက်၏ ခါးပတ်တွင်လက်ပစ်ဗုံးနှစ်လုံးကို ချိတ်ထ
သဖြင့် အမြန်ဆုံးဖြုတ်ယူလိုက်သည်။ အလုပ်ရုံထဲမှ ပြန်ထွ
လာပြီး တစ်ဘက်နေရာဆီသို့ ဘိုလန် လှမ်းပြီး လေ့လာကြ
လိုက်သည်။ မြင်းဇောင်းများကို သူတွေ့လိုက်ရသည်။
မြင်းဇောင်းများအတွင်းမှ စိတ်ကြိုက်မြင်းနှစ်ကောင်ကို
ချယ်ပြီးယဉ်ပါးမှုရှိသွားစေရန် တီလင်းပေးလိုက်သောသကြ
ချောင်းများကို ကျွေးမွေးလိုက်သည်။ ကုန်းနှီးများ
လည်း တပ်ဆင်ထားလိုက်ပြန်သည်။ မြင်းနှစ်ကောင်ကိုဆွဲ
ဘိုလန်က မြင်းဇောင်းထဲမှ ပြန်ထွက်လာသည်။ တံခါးကို
ပိတ်ထားခဲ့သည်။



အပြင်ဘက်တွင် လရောင်က ဖြာဆင်းကျရောက်လျက်ရှိသည်။ ဘိုလန်က မြင်းပေါ်သို့တက်ပြီး လာလမ်းအတိုင်း ဒုန်းစိုင်းစီးသွားလိုက်သည်။ မြင်းခွာသံများကို တိုက်ဂါများက သတိပြုသွားနိုင်မည်ဖြစ်သော်လည်း သူ့အတွက် အခြားစဉ်းစားဖို့ အချိန်မရနိုင်တော့ပေ။

ဘိုလန်က မြင်းဖြင့်တိုက်ဂါးတို့၏ ဆုတောင်းပွဲရှိရာဘုရားဝင်းဆီသို့ ခရီးနှင်လိုက်သည်။ နာရီဝက်ခန့်အကြာတွင် ဘုရားပရဝုဏ်အနီးသို့ ရောက်လာသည်။ ဘုရားဝတ်ပြုဆောင်၏ ပြတင်းပေါက်များက ပွင့်နေပြီး အထဲမှ ဆုတောင်းမင်္ဂလာရွတ်ဖတ်သံများက ထွက်ပေါ်လျက်ရှိသည်။ ဘိုလန်က မြင်းပေါ်မှဆင်းပြီး ဝတ်ပြုဆောင် ဝင်ပေါက်ဝဆီသို့ လျှောက်လိုက်သည်။

ခန်းမကြီး အဘွင်းတွင် ဗုဒ္ဓဆင်းတုတော် တစ်ဆူရှိနေပြီးဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်လာသူများဖြင့် ပြည့်နှက်လျက်ရှိသည်။ လူအုပ်ကြီး၏ အလယ်တွင် လီယူ၏ ရုပ်ကလပ်တည့်ထားသော ခေါင်းကြီးက ရှိနေပြီး ကျူမင်တန်အလံကို ခေါင်းပေါ်တွင် ဖုံးထားသည်။ ဖယောင်းတိုင်များ ပန်းများနှင့် ငွေစက္ကူများက ခေါင်းကို ဝိုင်းရံထားသည်။

'အားလုံးရပ်လိုက်စမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က ခန်းမထဲသို့ဝင်ပြီး အော်ဟစ် အမိန့်ပေးလိုက်သည်။

ဆုတောင်းရွတ်ဖတ်သံများက တိတ်ဆိတ်သွားပြီးလူအားလုံးက ဘိုလန်ရှိရာသို့ လှည့်ကြည့်လိုက်ကြသည်။

'အင်္ဂလိပ်လိုပြောတတ်တဲ့လူ မရှိဘူးလား'

လူအုပ်ကြီးကို ဘိုလန်ကလှမ်းမေးလိုက်သည်။

ခေါင်း၏အနီးတွင်ထိုင်နေသော တီလင်းက မတ်တတ်ထရပ်လိုက်သည်။

'မှင်က ဘာများလုပ်ချင်လို့လဲ'

'ဒီလမ်းအတိုင်းလျှောက်လာခဲ့စမ်းပါ အမျိုးသမီး၊ ပြီးတော့ ထိုင်နေတဲ့လူတွေကို လှုပ်လှုပ်ရှားရှားလုပ်တာနဲ့ ပစ်သတ်မယ်လို့ပြောလိုက်စမ်းပါ၊ လူဘယ်နှစ်ယောက်သတ်ရလို့လဲ ကျုပ်အတွက် အကြောင်းမဟုတ်ဘူးနော်'

ဘိုလန်က တီလင်းကို လူစိမ်းတစ်ယောက်ပုံစံမျိုး ဆက်ဆံလိုက်သည်။

တီလင်းက ထိုင်နေသူများကို တရုတ်စကားဖြင့် ငြိမ်ငြိမ်နေကြရန် ဘိုလန်ပြောသည့်အတိုင်း မှာကြားလိုက်သည်။ ထို့နောက် ထိုင်နေသည့် အမျိုးသား၊ အမျိုးသမီးများအကြားမှ ဖြတ်လျှောက်လာခဲ့သည်။ အခန်းထဲတွင် အမျိုးသားနှင့်အမျိုးသမီးများက တစ်ဘက်စီ သီးသန့် ထိုင်နေကြခြင်း ဖြစ်သည်။



ဘိုလန်က ထိုင်နေသူများကို သေနတ်ပြောင်းကိုဝှေ့ယမ်းပြီး ချိန်ထားလိုက်သည်။လှုပ်ရှားသူကို အမှန်တကယ်ပစ်သတ်တော့မည့်အသွင်ကိုလည်း ဆောင်ထားသည်။

'အပြင်ကိုထွက်သွားစမ်း'

အနီးသို့ရောက်လာသော တီလင်းကို ဘိုလန်ကဟောက်ပစ်လိုက်သည်။

တီလင်းကအပြင်သို့ထွက်သွားသည်။

ဘိုလန်က ထိုင်နေသူများကို သေနတ်ပြောင်းဝ အစုန်အဆန်လှုပ်ရှားပြီး လိုက်ချိန်နေသည်။ ခေါင်းဘေးနားတွင် ထိုင်နေသော ဝမ်ရှိုက စူးစမ်းသလိုလှမ်းကြည့်နေကြောင်းကို ဘိုလန်တွေ့လိုက်ရသည်။ သူ့အခန်းထဲမှသေနတ်က ဘိုလန်လက်တွင် အဘယ်ကြောင့်ရောက်နေရသည်ကို ဝမ်ရှို အံ့သြနေပုံရသည်။

ဘိုလန်က မြင်းများရပ်ထားသော နေရာဆီသို့ တီလင်းရောက်သွားနိုင်မည့် အချိန်ကိုမှန်းပြီး ခန်းမထဲမှလူများကို ထိန်းထားခြင်းသာဖြစ်သည်။

တီလင်း ရောက်ရှိသွားလောက်သည့်အချိန်တွင် ဘိုလန်က အပြင်သို့ပြေးထွက်လာပြီး တီလင်းရှိရာသို့ ခြေကုန်သုတ်လိုက်တော့သည်။ မြင်းများရပ်ထားရာသစ်ပင်အုပ်ဆီသို့ ရောက်ခါနီးအချိန်တွင် နောက်မှပစ်ခတ်လိုက်သော ကျည်ဆန်များက သူ့အနီးမှ ပွတ်ခါသီခါဖြတ်သန်းသွားကြသည်။ ဘိုလန်က

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုတစ်ပတ်လှည့်၍ မြေကြီးပေါ်တွင် ဒူးထောက်ထိုင်ချ လိုက်သည်။ ထို့နောက် လက်ထဲမှသေနတ်ဖြင့် ဝတ်ပြုဆောင် ဝင်ပေါက်ဆီသို့ ပြန်လှည့်ပစ်ခတ်သည်။ ထွက်လာကြသူများ မှာ ကျည်ဆန်ထိမှန်ပြီး လဲကျကုန်သည်။ အချို့က အထဲသို့ ပြန်ဝင်ပြေးကြသည်။ ဘိုလန်က အခွင့်ကောင်းယူပြီး မြင်း များရှိရာသစ်ပင်အုပ်ဆီသို့ လှည့်ပြေးလိုက်သည်။

တီလင်းက မြင်းပေါ်တွင်အသင့်ထိုင်နေပြီး ဘိုလန်၏မြင်း ဇက်ကြိုးကိုကိုင်ပေးထားသည်။

'အမြန်ဆုံးတက်လိုက်စမ်းပါ'

တီလင်းက မြင်းဇက်ကြိုးကိုလှမ်းပေးရင်း သတိပေးလိုက် သည်။

ဘိုလန် မြင်းပေါ်သို့ရောက်သွားသည်နှင့် သူတို့နှစ်ယောက် က မြင်းကိုဒုန်းစိုင်း၍ ခရီးနှင်လိုက်ကြသည်။ နောက်ဘက် ဆီမှ သေနတ်သံများမှာ ထွက်ပေါ်လာပြန်သည်။ သူတို့နှစ် ယောက်လုံး သစ်ကိုင်းများဖြင့်ဝင်တိုက်မိစေရန် ခေါင်းကို ငုံ့ဝပ်၍ စီးသွားလိုက်ကြသည်။ မကြာမီ မြေပြန့်လွင်ပြင်တစ် ခုကို သူတို့ဖြတ်သန်းသွား[illegible]ကြသည်။

သူတို့၏လက်ဝဲဘက်သစ်ပင်တန်းများအတွင်းမှ တိုက်ဂါး တပ်ဖွဲ့ကင်းသမားများက မြင်းစီး၍ထွက်လာကြသည် ပစ်သံ ခတ်သံများကြောင့် အခြေအနေကိုရိပ်စားမိပြီး ဘိုလန်တို့ နောက်သို့ လိုက်လာကြခြင်းသာဖြစ်သည်။



'ညာဘက်ကိုကွေ့လိုက်ပါ'

ရှေ့မှ တီလင်းကို ဘိုလန်ကလှမ်း၍အော်ပြောလိုက်သည်။

'ဒါဆို သွားရမယ့်ခရီးက သိပ်ဝေးသွားလိမ့်မယ်'

တီလင်းက နောက်သို့လှည့်ပြီးပြောလိုက်သည်။

မြေပြန့်လွင်ပြင်အတိုင်း ကြာရှည်စွာ ဆက်ပြေးနေရလျှင် ကင်းသမားများ၏လက်မှ လွတ်ဖို့လမ်းမမြင်ကြောင်း ဘိုလန် တွေးလိုက်မိသည်။ ထို့ကြောင့် သေနတ်ကို အိတ်ထဲသို့ပြန် ထိုးထည့်ပြီး ခါးတွင်ချိတ်ထားသောလက်ပစ်ဗုံးများကိုဖြုတ် ယူလိုက်သည်။

ကင်းသမားများက ဘိုလန်တို့နှင့် ကိုက်ငါးဆယ်ခန့်သာ ကွာဝေးတော့သည်။ ဘိုလန်က လက်ပစ်ဗုံးများကို နောက် ဘက်သို့ပစ်ထားခဲ့သည်။ စက္ကန့်ပိုင်းအတွင်း လက်ပစ်ဗုံး ပေါက်ကွဲသံက နားကွဲလုမတတ် မြည်ဟည်း ထွက်ပေါ်လာ သည်။ ကင်းသမားတို့၏မြင်းများမှာ လန့်ပြီးနောက်ပြန်ထွက် ပြေးကုန်ကြတော့သည်။ ဘိုလန်နှင့်တီလင်းတို့က သစ်ပင်အုပ် များအတွင်းသို့မြင်းကိုချိုးကွေ့ဝင်သွားလိုက်ကြသည်။ မကြာ မီ လမ်းတစ်ခုပေါ်သို့ရောက်လာပြီး တစ်မိုင်ခန့်ခရီးပြင်းနှင် လိုက်ကြသည်။ ရှေ့မှဦးဆောင်နေသောတီလင်းကရုတ်တရက် မြင်းကိုရုပ်ပစ်လိုက်သဖြင့် ဘိုလန်က သူမနှင့်ရှင်ဘောင်တန်း၍ ရပ်လိုက်သည်။ နောက်ဘက်ဆီမှ ကင်းသမားတို့၏ မြင်းခွာသံ များကို သူတို့ကြားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်နှင့် တီလင်းတို့က တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးလိုက်မိကြသည်။ ထို့နောက် လမ်းဆုံးတစ်ခုကို ဖြတ်ကျော်ပြီး စမ်းချောင်းလေး တစ်ခုအတိုင်း ဆက်၍ ခရီးဆက်လိုက်ကြသည်။ကွင်းပြင်တစ်ခုကိုဖြတ်ကျော်လာခဲ့ပြီးနောက် သစ်လုံးများ ခင်းထားသော လမ်းတစ်ခုဆီသို့ ရောက်လာခဲ့ကြသည်။

'ကျွန်မတို့အတွက် လုံခြုံစိတ်ချရပြီလို့တော့ ထင်တာပဲရှင်'

တီလင်းက ဘိုလန်ကို လှည့်ပြောလိုက်သည်။

'မငြိုးဟာ ဒီလမ်းခရီးမှာ သိပ်ကျွမ်းကျင်တာပဲနော်'

'ဒီလောက်တော့ ကျွန်မစွမ်းဆောင်နိုင်ပါတယ် ရှင်'

'အခုအချိန်မှာ ကိုယ်တို့ဟာ အပေါ်စီးကျကျ ကုန်းမြင့်နေရာ တစ်ခုပေါ်မှာ ရောက်နေရင် ပိုကောင်း လိမ့်မယ်'

ဘိုလန်က တီလင်းကို အကြံပေးလိုက်သည်။

သူတို့နှစ်ယောက် တောင်ကြောတစ်ခုပေါ်သို့ မြင်းဖြင့်တက်သွားလိုက်ကြသည်။ အပေါ်သို့ ရောက်သွား ချိန်တွင် မြင်းပေါ်မှ ဆင်းလိုက်ကြသည်။ ဘိုလန်ကရေဒီယို ဆက်သွယ်ရေးစက်ကို ဘုတ်ယူပြီး ပြင်ဆင်လိုက်သည်။ ထို့နောက် စီးကရက် တစ်လိပ်ကို မီးညှိသောက်သည်။ သူ့အကျီအိတ်အတွင်းမှ အိတ်ငယ်လေးတစ်ခုကို နှိုက်၍ တီလင်းကို လှမ်းပေး လိုက်သည်။



အထဲတွင် ငွေများနှင့် လက်ဝတ်လက်စားများက ရှိနေသည်။ တီလင်းက အိတ်ကိုဖွင့်ကြည့်ရင်း အံ့အားသင့်သွားသည်။ သူမက လက်ဝတ်လက်စားများကို ယူထားပြီး ကျန်ရှိသော ငွေအိတ်ကို ဘိုလန်လက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။ ဘိုလန်က ခေါင်းခါ၍ငြင်းပယ်လိုက်သည်။

'နေပါစေ ကိုယ်မယူပါဘူး။ ဒါတွေအားလုံး မင်းဆီမှာ ရှိနေရင် ဂျာမဏီမှာ ဘာမှမျက်နှာငယ်စရာ အကြောင်းမရှိတော့ဘူး'

ဘိုလန်က တီလင်းကို အိတ်ပြန်ပေးရင်း ပြောလိုက်သည်။

တီလင်းက စိန်လက်ကောက် တစ်ကွင်းကို ဘိုလန်အတွက် လက်ဆောင်ပြန်ပေးသည်။

'ရှင့်မိန်းမအတွက် ကျွန်မရဲ့ လက်ဆောင်'

တီလင်း၏ စကားကြောင့် ဘိုလန်ပြုံးလိုက်မိသည်။

'ကိုယ့်မှာ မိန်းမ မရှိဘူးလေ'

'တစ်နေ့နေ့မှာတော့ ရှိလာမှာပေါ့ရှင်'

'ကိုယ်ကတော့ အိမ်ထောင်ပြုဖို့ စိတ်မကူးပါဘူး။ ဒါပေမယ့် မင်းတို့ရဲ့ ချစ်ခရီး ရှည်ကြာပါစေလို့တော့ ဆုတောင်းပေးလိုက်ပါတယ်'

'ကျေးဇူးပါပဲရှင်။ ကျွန်မမှာ အင်္ကျီအိတ် ပါမလာလို့ ဒီအိတ်ကလေးကို ရှင်ခဏလောက် သိမ်းပေး ထားပါဦးနော်'

ဘိုလန်က တီလင်းလက်ထဲမှ အိတ်ကလေးကို လှမ်းယူထား လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ချိန်သို့ ရောက်သည်အထိ သူတို့အနားယူလိုက်ကြသည်။ အနားယူရင်း ဘိုလန်က သူ့လူများကို ခရေဒီယိုဖြင့် ဆက်သွယ်ကြည့်သည်။ သို့သော် အဆက်အသွယ် မရနိုင်ဘဲ ဖြစ်နေသည်။

'အဆက်အသွယ် မရတော့ဘူးဆိုတော့ ရှင့်လူတွေဟာ ဒီခန့်မနက်က ထွက်သွားကြပြီနဲ့ တူတယ်'

တီလင်းက ဘိုလန်ကိုလှမ်းပြောလိုက်သည်။

'ပြောလို့တော့ မရဘူး။ ရာသီဥတု အနှောင့်အယှက်ကြောင့် မဖြစ်ရင် သူတို့ရဲ့စက်တွေ ပျက်သွားတာမျိုးလဲ ဖြစ်နိုင်တာပဲ'

ဘိုလန်က ရှင်းပြလိုက်သည်။

ရုတ်တရက် ကောင်းကင်ပေါ်မှ လျှပ်စီးများ ဝင်းလက်သွားပြီး လေက တဖြည်းဖြည်း ထန်လာသည်။ တိမ်ညိုအုပ်တွေကလည်း လိပ်တက် ရွေ့လျားလာပြီဖြစ်သည်။

'သန်းခေါင်ချိန်ကိုတောင် ရောက်သွားပြီနော်'

ဘိုလန်က တီလင်း၏လက်မှ နာရီကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

ဝါယာလက်စက်ဖြင့် အဆက်အသွယ်ရနိုင်ရန် မိနစ်ဝက်ခန့် ကြိုးစားလိုက်သည်။

'ဖိုးနစ်က နာ(ခ်)ကို ဆက်သွယ်နေတယ်'

တစ်ဖက်မှ တုန့်ပြန် ဖြေဆိုသံက ထွက်မလာပေ။ လျှပ်စီးလက်သံတို့ကြောင့် စက်အတွင်းမှ တရှဲရှဲ မြည်သံတို့သာ ထွက်ပေါ်လာခဲ့သည်။



'ဒီလိုသာ အဆက်အသွယ်မရရင် ကျွန်မတို့ ဘာဆက်လုပ်ကြမှာလဲ'

တီလင်း၏စကားကို ဘိုလန်က ကြားချင်ယောင် ဆောင်လိုက်သည်။

'ဖိုးနစ်ဆက်သွယ်နေတယ်'

ဘိုလန်က အဆက်အသွယ်ရလာရန် ထပ်၍ကြိုးစားကြည့်လိုက်သည်။

'ရမယ်မထင်ပါဘူးရှင်'

'ဒါတော့ ကိုယ်လည်းမသိဘူး၊ မင်းပြောခဲ့သလို ရထားနဲ့ သွားရမလိုဖြစ်နေပြီ'

'ရထားက နေ့တိုင်းမရှိဘူး၊ မြစ်ကြောင်းအတိုင်းစုန်ဆင်းသွားတာဟာ အမြန်ဆုံးနဲ့စိတ်အချရဆုံးပဲလို့ ကျွန်မထင်နေမိတယ်၊ မြစ်အတိုင်းဆင်းသွားရင် လမ်းမှာ ရွာလေးတစ်ရွာကိုတွေ့ရလိမ့်မယ်၊ ဒီနေရာနဲ့လဲ သိပ်မဝေးဘူးရှင့်၊ ကျွန်မတို့အဲ့ဒီရွာက သမ္ဗာန်လေးတစ်စင်းလောက် ဝယ်သွားလို့ရနိုင်တယ်'

တီလင်းက အကြံပေးလိုက်သည်။

'မင်းရဲ့အကြံက မဆိုးပါဘူး'

ဘိုလန်က ခေါင်းညိတ်ပြီးလက်ခံလိုက်သည်။

ရုတ်တရက် မိုးကြိုးပစ်သံနှင့်အတူ တဝေါဝေါတိုက်ခတ်လာသော မုန်တိုင်းကြောင့် ဘိုလန်ကနားခိုစရာနေရာကို ရှာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ လုံခြုံတဲ့ တစ်နေရာမှာ သွားပြီး ခိုနေကြရင် ကောင်းလိမ့်မယ်'

'ဒီအနီးအနားမှာ ရွာမရှိဘူးလား'

'ကျွန်မပြောတဲ့ရွာလေးပဲရှိတာပေါ့၊ ဟောဟိုကတောင်ကြောရဲ့တစ်ဘက်မှာရှိတယ်'

ညွှန်ပြလိုက်သော တီလင်းကို ဘိုလန်က ဂရုတစိုက်လှမ်းကြည့်လိုက်သည်။ သူမ၏အဝတ်အစားများက စုတ်ပြဲနေပြီမို့ မလုံ့တလုံဖြစ်နေကြောင်း သတိထားလိုက်မိသည်။ အတော်လှသော မိန်းကလေးတစ်ယောက်ဟု ဘိုလန်က အသိအမှတ်ပြုလိုက်မိသည်။

'မင်းအတွက် အဝတ်အစားလေးတွေဟော့လိုလာပြီ'

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းကို လှမ်းကြည့်ရင်း ဘိုလန်က ပြောသည်။

'ငါးနာရီတောင်ထိုးသွားပြီပဲ'

တီသင်းက သူမလက်ပတ်နာရီလေးကိုငုံ့ကြည့်ရင်း စကားလမ်းကြောင်းလွှဲလိုက်သည်သ။

ဘိုလန်၏လက်ထဲမှ ရေဒီယို၏အချက်ပေးသံက ရုတ်တရက်မြည်လာသည်။

'နာ့(ခ်)က ဖိုးနစ်ကို ဆက်သွယ်နေပါတယ်'

'ဖိုးနစ်ပါ'

ဘိုလန်က အံ့အားသင့်သွားပြီး ပြန်လည်ဖြေကြားလိုက်သည်။

'ခင်ဗျား ဘယ်မှာရောက်နေသလဲ'



ဘိုလန်က နာ့(ခ်)၏မေးခွန်းကို ပြန်၍ရှင်းလင်းဖြေကြားလိုက်သည်။

'မင်းကော ဘာတွေဖြစ်နေသလဲ နာ့(ခ်)'

'စတုံးနီးမင်းဌာနချုပ်က ကျွန်တော်တို့ကို လုံခြုံစိတ်ချရတဲ့ နယ်နိမိတ်ထဲမှာ အမြန်ဆုံးသွားနေမှ လုံခြုံစိတ်ချရမယ်လို့ ညွှန်ကြားတယ်၊ ခင်ဗျားတို့ဘယ်ရွာမှာရောက်နေတာလဲ'

'ပီဂျူးဆိုတဲ့ ရွာနားမှာ ရောက်နေတယ်'

ဘိုလန်က တီယင်းကို ရွာနာမည်မေးပြီးမှ နာ့(ခ်)ကိုပြန်ဖြေလိုက်သည်။

'ဒါဆိုရင် ကျွန်တော်တို့နေရာကလာရင် မြင်းနဲ့ တစ်ရက်ခရီးလောက် ရှိတာပေါ့၊ ကျွန်တော်တို့အတွက်ရဟတ်ယာဉ်တစ်စင်းရောက်လာလိမ့်မယ်လို့ ဟတ်ကပြောတယ်'

'ဒါဆိုအိုကေပဲ ဒီလိုဆို ပီဂျူးရွာမှာ ငါတို့ညအိပ်မယ်၊ မနက်ရောက်ရင် မင်းတို့လ ကြိုနိုင်မယ့်နေရာကိုငါတို့အရောက်လာမယ်'

'ကောင်းပြီလေ'

ဘိုလန်က ရေဒီယိုဂက်ကိုပိတ်ပြီးသိမ်းလိုက်သည်။

'ဒီပုံစံအတိုင်းဆိုရင်တော့ မင်းဟာ တစ်ပတ်အတွင်း ဒတ်ဆဲလ်ဒေါ်ဖ်မြို့ကိုရောက်သွားနိုင်တယ်'

ဘိုလန်က တီသင်းကိုလှမ်းပြောသည်။

'ဒါဆိုရင် ရှင်က ဘယ်ကိုဆက်သွားမှာလဲ'

'အိမ်ပြန်ပြီး တစ်ပါတ်လောက် အိပ်ရေးဝသွားအောင်အိပ်ပစ်လိုက်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က တီလင်းကိုဆွဲယူရင်းပြောလိုက်သည်။

'မီဂျူးရွာကိုသွားရင် ဘယ်လောက်ကြာမှာလဲ'

'နှစ်နာရီ၊ သုံးနာရီလောက်တော့ ကြာမယ်ရှင့်'

ဘိုလန်နှင့်တီလင်းတို့က မြင်းပေါ်တက်ပြီး ခရီးဆက်လက်ထွက်လာခဲ့ကြသည်။

အခန်း(၁၅)

လျှပ်စီးလက်သောအရောင်ဖြင့် ရှေ့မှ ရွာကလေးကိုဘိုလန်တွေ့လိုက်ရသည်။ မြစ်ကမ်းပါးတွင် တည်ထားသော ရွာကလေးပင်ဖြစ်သည်။ အိမ်ခြေက ရာဂဏန်းလောက်ပင်ရှိနိုင်သည်။ ရွာအဝင် သစ်သား-တံတားလေးပေါ်မှ သူတို့ဖြတ်သွားလိုက်ကြသည်။ လေနှင့်မိုး ရေစက်များကြောင့် သစ်ပင်များမှာ ယိမ်းကသလို လှုပ်ရှား ယိမ်းယိုင်နေကြသည်။

'အဲ့ဒီရွာတစ်ဝိုက်မှာ တိုက်ဂါးတပ်ဖွဲ့က လူတွေရောက်နေရင် ဘယ်လိုလုပ်မလဲ'

ဘိုလန်က တီလင်းကို လှည့်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သွားမှာလား သွားစမ်းပါရှင်'

'တီလင်းက စိတ်မရှည်သလို ပြောလိုက်သည်။ အအေးဒဏ်ကြောင့် သူမ၏ မေးရိုးများက တဆတ်ဆတ်ရိုက်နေကြပြီဖြစ်သည်။

'ရွာအဝင်လမ်းမှာရှိ့ လူထင်လှသည်။

ဘိုလန်ကပထမဆုံးတွေ့ရသော အိမ်တစ်လုံးရှေ့တွင် မြင်းကိုရပ်လိုက်သည်။ မြင်းပေါ်မှဆင်းပြီး တီလင်းကို အောက်သို့ တွဲချလိုက်သည်။ ထို့နောက် နှစ်ယောက်သား ရှေ့ဘော့ယမှ ဖြတ်လျှောက်ပြီးအိမ်ပေါက်ဝဆီသို့ ချဉ်းကပ်လာသည်။ ဘိုလန်က တံခါးကို ခြေကန်ဖွင့်ပြီး တီလင်းကို အထဲသို့ဆွဲသွင်းလာခဲ့သည်။ ကြမ်းခင်းမှာ မြေသားမို့မို့ဖြစ်ပြီး အထဲတွင် မီးဖိုထားသည်ကို တွေ့လိုက်ရသည်။ ဘိုလန်က မီးဖိုထဲသို့ အနီးတွင်ရှိနေသော ထင်းများ ကို ထိုးထည့်လိုက်သည်။ ထို့နောက် ထိုင်ခုံလေး နှစ်ခုက ဆွဲယူပြီး သူတို့ထိုင် လိုက်ကြသည်။

အတွင်းဖက်အခန်းထဲမှခေါင်းစွပ်ဝတ်ထားသူတစ်ယောက်က အပြင်သို့ထွက်လာသည်။ ထိုလူက ထိုင်ခုံတစ်လုံးကို မယူပြီး သူတို့အနီးတွင် ထိုင်ချလိုက်သည်။ တီလင်းက သူတို့တောင်ပေါ်သားစကားကို ဖတ်ထားသူမို့ ဘိုလန်ကို စကားပြန်လုပ်ပေးသည်။ တောင်ပေါ်သားက သူတို့ခရီးထွက်လျှင်စားသောက်နိုင်ရန် စားစရာများ ရောင်းချပေးမည်ဟု ဘိုလန်သိလိုက်ရသည်။ မြင်းများကိုကျွေးမွေးပြုစုဖို့အတွက်လည်းထိုလူ



ကတာဝန်ယူသည်။ထိုပြင်တီလင်းအတွက် သူတို့၏ရိုးရာဝတ်စုံတစ်ခုကို ရောင်းလိုက်သေးသည်။ ဘိုလန်က တောင်ပေါ်သားကို ငါးဒေါ်လာ ပေးလိုက်ရသည်။

ဘိုလန်က အပြင်သို့ ထွက်သွားပြီး တောင်ပေါ်သားကို မြင်းဇောင်းအဖြစ် ဆောက်ထားသော ဝါးတဲကလေးထဲသို့ မြင်းများသွင်းရန် ခိုင်းထားလိုက်သည်။ တောင်ပေါ်သားက မြင်းများကို အစာကျွေး၊ ချေတိုက် အားလုံးလုပ်ပေးသည်။

မုန်တိုင်း စဲသွားပြီဖြစ်သောကြောင့် ကောင်းကင်က ပြန်လည်ကြည်လင်လာသည်။ ရဟတ်ယာဉ် ပျံသန်း၍ ရနိုင်ပြီဟု ဘိုလန်က သဘောပေါက် လိုက်သည်။

ဘိုလန်က အိမ်ထဲသို့ပြန်ဝင်လာချိန်တွင် တီလင်းကအနက်ရောင် တောင်ပေါ်သားဝတ်စုံကို ဝတ်ဆင်ထားပြီးဖြစ်သည်။ မီးဖိုအနီးမှ မြေသား ကြမ်းခင်းပေါ်တွင် သူတို့အိပ်စက်ရန် ဖျာနှစ်ချပ်နှင့် စောင်များက အသင့် ရှိနေသည်။ စားပွဲပုကလေးတစ်လုံးပေါ်တွင် အရက်တစ်ပုလင်းနှင့်ပန်းကန်များကိုလည်း တွေ့လိုက်ရသည်၊ ဝက်သားခြောက်ပန်း ကန်တစ်ချပ်က ခေါင်းရည်ပုလင်းအနီးတွင် ရှိနေသည်။

'ရှင့်အဝတ်တွေ ချွတ်ပစ်လိုက်ပါလား။ တော်ကြာအအေးမိနေဦးမယ်'

တီလင်းက လှမ်းပြီး သတိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘိုလန်က မှောင်ရိပ်ကျသော နေရာတွင် အဝတ်များကို ချွတ်ပြီး ခေါင်ကို ပတ်ထားလိုက်သည်။ သူ့အဝတ်အစားများကို တီလင်းကယူပြီး မီးဖိုအနီးရှိ ဝါးလုံးတန်းတွင်လှမ်းထားလိုက်သည်။ ထို့နောက် ဘိုလန့်အတွက် အရက်တစ်ခွက်ငှဲ့ပေးသည်။

'မင်းကော မသောက်ဘူးလား'

'ဟင့်အင်း။ ကျွန်မက မသောက်တတ်ဘူး'

တီလင်းက ခေါင်းခါပြီး ဝက်သားခြောက် တစ်တုံးကို ယူစားလိုက်သည်။

'အိမ်ရှင်နာမည်က ဘယ်လိုခေါ်သလဲ'

'အလိုဆပ်။ သူ့မှာ မိန်းမသုံးယောက်တောင်ရှိတယ်။ တစ်ယောက်ကို အိမ်တစ်လုံးဆီ ထားတယ်။ မိန်းမတစ်ယောက်ကိုတစ်ပါတ်စီ အလှည့်ကျပေါင်းတယ်။ ရှင်က သူ့ကိုဘယ်လိုမြင်သလဲ'

'ကိုယ်က အိမ်ထောင်မပြုရသေးတဲ့လူဆိုတော့ဘယ်လိုထင်မြင်ချက် ပေးနိုင်မှာလဲ'

'ရဟတ်ယာဉ်က ကျွန်မတို့ကို ဘယ်နေရာခေါ် သွားမှာလဲ'

'ဘက်လားပင်လယ်အော်ထဲမှာ ကိုယ်တို့ရဲ့ အခြေစိုက်စခန်းရှိတဲ့ကျွန်းတစ်ကျွန်းရှိတယ် အဲဒီကျွန်းကိုခေါ် သွားလိမ့်မယ်။ ဟိုရောက်ရင် လေယာဉ်စီးဖို့ ဘာမှပူစရာ မလိုတော့ဘူး။ မင်းဟာ ဗန်ဖတ် လေဆိပ်ကို ရောက်သွားရင် ဧပ်ဆဲဒေါ့ကို ဆက်သွားလို့ရပြီ'



'ကျွန်မဟာ ဂျာမဏီကို တစ်ခါမှမရောက်....'

ရုတ်တရက်ဘိုလန်က လက်ကာပြလိုက်သဖြင့် တီလင်း၏စကားက တစ်ဝက်တစ်ပျက်ရပ်သွားသည်။

အပြင်ဘက်လမ်းပေါ်မှ ရှုံတောထဲတွင် ဖြတ်သွားသောလူသံ၊ မြင်းသံများက ထွက်ပေါ်လာသည်။ ထိုအချိန်တွင် အခန်းထဲမှ တောင်ပေါ်သားကထွက်လာသည်။

'ဘယ်သူတွေလဲဆိုတာ သွားကြည့်လိုက်ပါဦး'

ဘိုလန်က တောင်ပေါ်သားကို လှမ်းပြောလိုက်သည်။

တောင်ပေါ်သားက အိမ်ပြင်သို့ထွက်သွားသည်။ ဆယ့်ငါးမိနစ်ခန့်အကြာတွင် ပြန်ရောက်လာသည်။

'တိုင်းရင်းသား အကြပ်ဖက်သောင်းကျန်းသူ တပ်ဖွဲ့ပါဗျာ။ သူတို့လူတချို့လည်း ဒဏ်ရာတွေရလာတယ်'

တောင်ပေါ်သားကရှင်းပြလိုက်သည်။

'ဟုတ်လား၊ ဒါဆိုရင် ကျွန်မ သွားကြည့်လိုက်ချင်သေးတယ်'

တီလင်းကဝင်ပြောသည်။

'ကိုယ်လဲ့ မင်းနဲ့အတူလိုက်ခဲ့မယ်'

'မလိုက်ပါနဲ့၊ ရှင်က အနောက်တိုင်းသားဆိုတော့ အန္တရာယ်ရှိနိုင်တယ်၊ ဒီမှာသာနေခဲ့ပါ'

တီလင်းက တောင်ပေါ်သားနှင့်အတူအပြင်သို့ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က မီးဖိုနားရှိ ဖျာပေါ်တွင်လှဲပြီးစောင့်နေလိုက်သည်။

အတော်လေးကြာသွားချိန်တွင် တောင်ပေါ်သား ပြန်ရောက်လာသည်။ သူနှင့်အတူ လက်နက်ကိုင်ထားသော အကြမ်းဖက် သောင်းကျန်းသူ တပ်သားများ ပါလာသည်။ ခေါင်းဆောင်ဖြစ်သူက ဘိုလန်အနီးတွင်လာရပ်သည်။

'ကျွန်တော် ကပ္ပတိန်ယူပါ၊ ခင်ဗျားကို အမေရိကန်တစ်ယောက်လို့ ကျွန်တော်တို့သိရတယ်'

'ဟုတ်တယ်၊ ဗိုလ်မှူးကြီး ဂျွန်ဖိုးနစ်ဆိုတာ ကျွန်တော်ပါပဲ'

'ခင်ဗျား ဒီနေရာမှာ ဘာလာလုပ်တယ်ဆိုတဲ့ မေးခွန်းမျိုးတော့ ကျွန်တော်တို့ကမမေးပါဘူး၊ စိတ်လဲမဝင်စားဘူး၊ တိုက်ပွဲဖြစ်တုန်းက ကျွန်တော်တို့ရဲ့ခေါင်းဆောင်မှူးဟာ တိုက်ပွဲမှာ ကျသွားတယ်၊ ဒါကြောင့် ဒေါက်တာတီလင်းကို ကျွန်တော်တို့ ခေါ်ထားလိုက်ပါပြီ'

'ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မလဲ'

'ကျွန်တော်တို့က ခင်ဗျားစကားကို နားထောင်ရမှာလားဗျာ....'

ကပ္ပတိန်ယူက ပြုံးစေ့စေ့ပြန်မေးလိုက်သည်။

'ဒေါက်တာ တီလင်းကို ကျွန်တော်နဲ့အတူ ခေါ်သွားဖို့ ကတိပေးထားတယ်'



'မဖြစ်နိုင်ပါဘူးဗျာ'

ကပ္ပတိန်ယူ၏မျက်နှာက ညှိုးပုပ်သွားသည်။

'ကျွန်တော်က ကတိကို မတည် တည်အောင် လုပ်တတ်တယ်ဗျ'

ဘိုလန်က မချေမငံပြန်ပြောသည်၊

'ဒီမှာ ဗိုလ်မှူးကြီး ဒီကိစ္စကို ပြေပြေလည်လည် ရှိရင် ကောင်းလိမ့်မယ်၊ ခင်ဗျားတို့အမေရိကန်တွေနဲ့ ကျွန်တော်တို့ဟာ ရန်သူတွေမဟုတ်ဘူး၊ ဒီတော့ ကျွန်တော်တို့ကိုဆန့်ကျင်ဖို့မကြိုးစားပါနဲ့၊ ခင်ဗျားရဲ့သေနတ်ကို ကျွန်တော်တို့လက်ထဲအပ်ပါ'

ကပ္ပတိန်၏စကားအဆုံးတွင် သူ့တပ်သားနှစ်ယောက်က ဘိုလန်ကို သေနတ်ဖြင့်ချိန်ထားလိုက်ကြသည်။

ဘိုလန်က အခြေအနေမကောင်းကြောင်း သိပြီး၍ ခါးမှ သေနတ်ခါးပတ်ကို ချွတ်ပေးလိုက်သည်။

အကြမ်းဖက်သောင်းကျန်းသူများက သေနတ်အပြင် ရေဒီယိုစက်ကိုပါ သိမ်းသွားကြသည်။

'ကျွန်တော် ဒီနိုင်ငံထဲကထွက်သွားနိုင်ဖို့ ဝါယာလက်စက်တော့ လိုအပ်တယ်ဗျာ'

'ဒါတော့မဖြစ်နိုင်ဘူးဗျ၊ ခင်ဗျားဟာ ဟောဒီနိုင်ငံထဲက ဘေးမသီရန်မခ ပြန်ပြီးထွက်သွားခွင့်ရတာတောင် ကံကောင်းနေပြီမှတ်လိုက်စမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်၏စကားကြောင့် ဘိုလန်က ပြုံးလိုက်မိသည်။

'ဒီမှာဗိုလ်မှူးကြီး၊ ခင်ဗျား သူ့ရဲ့ကောင်းဆန်ဆန်တော့ ဘာမှလုပ်ဖို့မကြိုးစားနဲ့၊ ဟောဒီအိမ်ရှေ့မှာ အစောင့်စစ်သား လေးယောက်ချထားတယ်၊ ရွာကိုလဲဝိုင်းပြီးကင်းတွေချထား သေးတယ်၊ ဂွတ်နိုက်'

ကပ္ပတိန်နှင့်သူ့လူများက အိမ်ထဲမှ လှည့်ထွက်သွားကြ သည်။

ကြက်ထွန့်သံများကြောင့် ဘိုလန်အိပ်ယာမှနိုးလာခဲ့သည်။ စားပွဲပုလေးပေါ်တွင် လက်ဖက်ရည်နှင့် ကိတ်မုန့်များကို ပြင်ပေးထားကြောင်းတွေ့လိုက်ရသည်။ ဘိုလန်က လက်ဖက် ရည်ခွက်နှင့်ကိတ်မုန့်ကိုယူပြီးအိမ်ပြင်သို့ထွက်လာခဲ့သည်။အပြင် တွင်နေထွက်နေပြီဖြစ်သည်။

'ကျွန်တော်အပြင်ဘက်မှာ လေကောင်းလေသန့်လေး ရှူ ပါရစေဗျာ'

ဘိုလန်က အစောင့် လေးယောက်ကို လှမ်းပြော လိုက် သည်။

မြစ်ကမ်းဘက်ဆီမှအကြမ်းဖက် သောင်းကျန်းသူတပ်သား နှစ်ယောက်က အစောင့်မ...သို့ လျှောက်လာပြီး စကား ရပ်ပြောနေကြသည်။

'ကျွန်တော်တို့ သွားကြမယ်'

အစောင့်တစ်ယောက်က ဘိုလန်ကို အင်္ဂလိပ်လို လှည့်ပြော လိုက်သည်။



ဘိုလန်က လက်ထဲမှ လက်ဖက်ရည်ခွက်ကို တောင်ပေါ် သွားအား ပြန်ပေးပြီး နေရာမှ ထလိုက်သည်။

ဘိုလန်သည် အကြမ်းဖက် သောင်းကျန်းသူများနှင့် အတူ တံတားကို ဖြတ်လျှောက်သွားလိုက်သည်။ အိမ်၏ အခြား တ ဘက်ရှိ ကွင်းပြင်ထဲတွင် မြင်းစစ်သည် နှစ်ရာသုံးရာ ခန့်ရှိ နေသည်။ သူတို့ကို ကပ္ပတိန်ယူက စစ်ဆေးလျက် ရှိသည်။ ရှေ့ဆုံးတန်းတွင် တီလင်းကို ဘိုလန်က တွေ့လိုက်ရသည်။

မိုးကာအင်္ကျီကို ဝတ်ထားပြီး မြက်ဦးထုပ် တစ်လုံးကို ဆောင်းထားသည်။ ဘိုလန်က သူမကို တွေ့ပြီး အားပေးချင် သော်လည်း အခွင့်မသာသောကြောင့် မျက်စိမှိတ်ပြ၍ လိုက် ရသည်။

ယူက ဘိုလန်ရှိရာသို့ မြင်းစီးလာနေသည်။ဘိုလန်၏နောက် ဘက်မှ တပ်ကြပ်အဆင့်ရှိသူ တစ်ယောက်ကဘိုလန်ကိုသေနတ် ဖြင့် လှမ်းထောက်ထားလိုက်သည်။

'ဂွတ်မောနင်း ဗိုလ်မှူးကြီး'

အနီးသို့ ရောက်လာသောယူက လှမ်းနှုတ်ဆက်လိုက်သည်။

'ဂွတ်မောနင်း ကပ္ပတိန်။ ကျွန်တော့် အနောက်က လူကို အခုလို သေနတ်နဲ့ ထောက်ထားဖို့ အမိန့်ပေးထားတာတော့ မဟုတ်ပါဘူးနော်'

ဘိုလန်က ခပ်ချိုချိုလေးလှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယူက သူ့သေနတ်ကြပ်ကို သေနတ်ချထားရန် လှမ်းပြီး အမိန့်ပေးလိုက်သည်။

'ခင်ဗျား ဘာအခွင့်အရေးများကော ယူချင်သေးလဲဗိုလ်မှူးကြီး'

'ဒေါက်ဘာ တီလင်းကို သွားပြီး နှုတ်ဆက်ချင် တာပေါ့ဗျာ'

'ဒါတော့ မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'မဖြစ်နိုင်လို့ပေါ့ ဗိုလ်မှူးကြီးရဲ့ ဒါနဲ့ ခင်ဗျားက အခုဘယ်ကိုသွားဖို့ စိတ်ကူးထားလဲ'

'ဟျူမ်ပေါင်အရှေ့ဘက်ကို သွားမယ်။ ဒါပေမယ့် ကျွန်တော့်မြင်းက မရှိတော့ဘူးဗျ'

'ခင်ဗျားရဲ့မြင်းကို ကျွန်တော်တို့ရဲ့ တပ်ဖွဲ့က သိမ်းလိုက်ပြီဗျာ။ ခင်ဗျာရဲ့လှမ်းခရီး ချောမွေ့ပါစေလို့ ကျွန်တော် ဆန္ဒပြုပါတယ်'

ယူက စကားဆုံးသည်နှင့် လှည့်ပြီးထွက်သွားသည်။

'ကျွန်တော်တို့သွားကြမယ်'

တပ်ကြပ်က သတိပေးလိုက်သည်။

သို့သော် ဘိုလန်က မလှုပ်မယှက်ရပ်ပြီး တီလင်းကို စူးစိုက်ကြည့်နေသည်။ ကြာခင် အချိန်ကလေး ယူမ ဒုက္ခရောက်တော့မည်မှန်း သူသဘောပေါက်သွားပြီးဖြစ်သည်။ သူမကို



လာရောက်ကယ်တင်မည့်အကြောင်း ဘယ်လိုအသိပေးရမှန်း သူမသိနိုင်လောက်အောင် ဖြစ်နေသည်။

နောက်တွင် ရပ်နေသော တပ်ကြပ်က ဘိုလန်၏ နောက်ကျောကို သေနတ်ပြောင်းဖြင့်လှမ်းထောက်လိုက်သည်။ ဘိုလန်က လက်မြှောက်ထားလိုက်သည်။ အဝေးမှ ငေးနေသည့် မျက်နှာဖြင့်လက်ပြနှုတ်ဆက်နေသော တီလင်းကို ဘိုလန်လှမ်းတွေ့လိုက်ရသည်၊ သူမကိုကြည့်ပြီး ဘိုလန်မှာ လည်ချောင်းထဲတွင် တစ်ဆို့ဆို့ဖြစ်သွားမိသည်။ ထို့နောက် အရှေ့ဘက်စူးစူးသို့ လှည့်ထွက်သွားလိုက်တော့သည်။

တောအုပ်အတွင်းတွင်မြူများဆိုင်းနေသည်။ ရဟတ်ယာဉ်နှင့် ဝေးချော်သွားမှာကိုဘိုလန်စိုးရိမ်နေမိသည်။ မကြွမ်းဖက်သောင်းကျန်းသူ တပ်ဖွဲ့ကလည်း တီလင်းကို ဘယ်နေရာတွေခေါ်သွားသေးမည်ဟု သူမသိပေ။ ဘိုလန်မှာ လမ်းလျှောက်ရင်းခြေထောက်တွေ ညောင်းတောင့်လာသည်။

'ကျွန်တော် နားဦးမယ်ဗျာ။ မကျေနပ်ရင်လည်း ခင်ဗျားတို့ သေနတ်နဲ့ပစ်ကြ'

ဘိုလန်က ခုံဘက်နှစ်ဖက်ကို လှည့်ပြောပြီးထိုင်ချလိုက်သည်။

'နားချင်တော့နားဗျာ။ သိပ်မကြာစေနဲ့'

တပ်ကြပ်က ဘိုလန်ကို လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ကပွဲတိန်က ကျွန်တော့် မြင်းကို သိမ်းသွားတာတော့ ဘယ်ကောင်းနိုင်ပါ့မလဲဗျာ'
ဘိုလန်က ပြန်ပြောလိုက်သည်။

'ကျွန်တော်တို့ဟာ တိုက်ပွဲအတွက် မြင်းတွေ လိုအပ်နေတယ်၊ ဒီနေရာမှာ မြင်းဟာသိပ်ပြီးဈေးကြီးတယ်၊ ခင်ဗျားတို့ အမေရိကန် ပြည်မှာလို ချီးပေါသေးပေါ မဟုတ်ဘူး၊ ကောင်းဘွိုင်တွေဆိုရင် သေနတ်တဒိုင်းဒိုင်းနဲ့ ဟန်ကိုကျနေတာပဲ'

ရဲဘော်၏စကားကြောင့် တပ်ကြပ်ကပါ ရောယောင်ပြီး ရယ်မောလိုက်သည်။

'ခင်ဗျားတို့ ဒီလိုတိုက်ခိုက်လာခဲ့တာ ကြာပြီလား'
'ကျွန်တော်က ငါးနှစ်ရှိပြီ၊ ရဲဘော်ကသုံးနှစ်ရှိသွားပြီ'
တပ်ကြပ်ကပြန်ဖြေလိုက်သည်။

'ခင်ဗျားတို့က ဘယ်နေရာတွေမှာ သွားတိုက်ကြဦးမှာလဲ'
ဘိုလန်ကမေးသည်။

'ဒါကတော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲဗျာ'
'ဒါဆို ခင်ဗျားတို့က ဘယ်ပြန်ကြမှာလဲ'
'ကိုယ့်တပ်ဖွဲ့ကိုယ်ပြန်ကြမှာပေါ့'



ဘိုလန်က နောက်ထပ်ဆက်မမေးတော့ဘဲ မျက်စိကိုမှိတ်ထားလိုက်သည်။

'မအိပ်နဲ့လေဗျာ'
'မအိပ်ပါဘူး၊ ခေါင်းလေးနည်းနည်းကိုက်နေလို့ပါ'
ဘိုလန်က မျက်စိကိုမဖွင့်ဘဲ မှိန်းနေလိုက်သည်။
'ဟေ့...အမေရိကား၊ မအိပ်နဲ့လေ'
တပ်ကြပ်က ဘိုလန့်ကိုလှုပ်နှိုးပြီး သတိပေးလိုက်သည်။
'ကျွန်တော် အိပ်ပါရစေဗျာ'
ဘိုလန်က အိပ်ချင်မူးတူးအသံဖြင့် ပြန်ဖြေသည်။

ရဲဘော် အနီးသို့ တိုးကပ်လာသည်။ ထို့နောက် သူတို့နှစ်ယောက်က ဘိုလန်ကိုဆွဲထူလိုက်ကြသည်။
'ဟေ့လူ ထစမ်း'
ဘိုလန်၏လက်များက သူတို့၏ လက်ကောက်ဝတ်များကို မိမိရရ ဆုပ်ကိုင်လိုက်သည်။ သို့သော် အိပ်ငိုက်နေဟန်ကို အတက်နိုင်ဆုံးဆောင်ထားသည်။

ရုတ်တရက် ဝုန်းကနဲထရပ်ပြီး လက်ကောက်ဝတ်များကို ဂျူဂျစ်ဆုသိုင်းပညာဖြင့် လိမ်ချိုးပစ်လိုက်သည်။ တပ်ကြပ်နှင့် ရဲဘော်နှစ်ယောက်စလုံး ငယ်သံပါအောင် အော်ဟစ်လိုက်ကြသည်။
'ဒူးထောက်ထားလိုက်ကြစမ်း'

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က နှစ်ယောက်လုံးကို ပေါက်ပစ်လိုက်သည်။ သူတို့ ဒူးထောက်ထိုင်ချလိုက်စဉ် ဘိုလန်က ရဲဘော်လက်ကို လွှတ်ပြီး ကုတ်ပိုး နေရာ ဆီသို့ လက်သီး တစ်လုံး ကပ်တည့် လိုက်သည်။

ရဲဘော်မှောက်သွားပြီး မထနိုင်တော့။ ဘိုလန်က တပ်ကြပ်၏ သေနတ်နှင့် ခါးကြိုး သိမ်းပြီး သူ့ကို မြေပေါ်တွင် မှောက် ခိုင်းထားသည်။

ထို့နောက် နှစ်ယောက်လုံးကို နှယ်ကြိုးဖြင့် တုပ်လိုက်သည်။

ဘိုလန်က တပ်ကြပ်နှင့် ရဲဘော်ကို သူ့ရှေ့မှ သွားစေသည်။

'ကျွန်တော်တို့ကို ခင်ဗျားဘယ်ခေါ်သွားမလို့လဲဗျ'
တပ်ကြပ်က ဘိုလန်ကို လှည့်မေးသည်။
'ငှက်တောင်ကြောဆီကို သွားကြမယ်လေ'

တစ်နာရီခန့် ခရီးဆက်ခဲ့ပြီးချိန်တွင် ငှက်တောင်ကြော ဆီသို့ ရောက်သွားကြသည်။ ဘိုလန်က နှစ်ယောက်လုံးကို သစ်ပင်တွင် ကြိုးဖြင့် ချည်ထားလိုက်သည်။ သစ်ရွက်သစ်ကိုင်းများ ကို မီးရှို့သည်။



မီးတောက်ထဲသို့ ရေစိုနေသည့် သစ်ရွက်များကို ပစ်ထည့်သည်။ အစိုဓာတ်ကြောင့် မီးခိုးလုံးကြီးများက ကောင်းကင်သို့ တက်သွားကြသည်။ ဘိုလန်က သိမ်းယူထားသည့် စတာလင် သေနတ်ကို ပေါင်ပေါ်တင်ပြီးထိုင်နေသည်။

'ခင်ဗျားထိုင်ပြီး ဘာလုပ်နေတာလဲ'
တပ်ကြပ်က မကျေမနပ်လှမ်းမေးသည်။
'လာခေါ်မယ့် ရဟတ်ယာဉ်ကို စောင့်နေတာပေါ့ဗျာ'
'ဘယ်အချိန် လာမှာလဲ'

'ဒီမွန်းလွဲပိုင်းမှာ မရောက်ရင် ညဘက်မှာ ရောက်လာမယ်လို့ ထင်တယ်။ ရဟတ်ယာဉ်ရောက်လာရင် ခင်ဗျားတို့ တပ်ဖွဲ့ ဘယ်သွားမယ်ဆိုတာကို ပြောရမယ်။ ဒါမှ ကျွန်တော့် ကောင်မလေးကို ပြန်ပြီး ခေါ်သွားနိုင်လိမ့်မယ်'
'ပြောလို့ ဘယ်ဖြစ်မလဲဗျာ။ ကပ္ပတိန်က ကျွန်တော်တို့ ကို သတ်ပစ်မှာပေါ့'

'ခင်ဗျားတို့ မပြောရင် ကျွန်တော် ကလဲ သတ်ပစ်ဖို့ ဝန်မလေးဘူးနော်။ ခင်ဗျားတို့မိန်းမတွေကို သူများအတင်း အဓမ္မခေါ်သွားရင်လဲ ခင်ဗျားတို့က ဒီလိုလုပ်မှာပဲမဟုတ်လား ဒီတော့ ကိုယ်ချင်းစာပေါ့ဗျာ'
'ကျွန်တော်တို့က ခင်ဗျားရဲ့ ကောင်မလေးကို ခိုးယူတာမှ မဟုတ်ပဲဗျ'
တပ်ကြပ်က ဒေါသတကြီး လှမ်းအော်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့ မေးခွန်းကို မဖြေရင်တော့ ခင်ဗျားတို့ဟာ ကြံရာပါတွေဖြစ်သွားမှာပေါ့၊ ဘာထူးလို့လဲ'

'ကျွန်တော်တို့ဟာ အမိန့်ကိုနာခံရတဲ့သူတွေပါဗျာ'

'ခင်ဗျားတို့လိုပဲပေါ့ဗျာ၊ ကျွန်တော်ဟာလူတစ်ယောက်ဆိုတော့ ကိုယ့်အမျိုးသမီး ကိုယ်ပြန်ပြီး ကာကွယ်ရမယ့်တာဝန်ရှိတယ်လေ၊ မမှန်ဘူးလား'

'ဘယ်တော့မှ မပြောဘူးဗျာ'

'ကောင်းပြီလေ၊ ဒါဆို ကြည့်ကြသေးတာပေါ့၊ ဟုတ်လား'

ဘိုလန်က ပြန်အော်ပြောလိုက်သည်။

## အခန်း (၁၆)

အဝေးမှပျံသန်းလာသော ရဟတ်ယာဉ်များကို ဘိုလန်က အစက်အပြောက်လေးများအဖြစ် လှမ်းတွေ့လိုက်ရသည်။

ချီနေ့ကာဂိုရဟတ်ယာဉ်တစ်စင်းနှင့် ဟေးတိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စီးဖြစ်မှန်း ဘိုလန်သိလိုက်သည်။

ရဟတ်ယာဉ်များက တဖြည်းဖြည်း နိမ့်ဆင်းပျံသန်းရင်း ဘိုလန်ကို ဝဲပြီးရှာနေကြသည်။

ဘိုလန်က မီးဖိုထဲသို့သစ်ရွက်ခြောက်အစိုများကိုထပ်ထည့်လိုက်သည်။ အမည်းရောင်မီးခိုးလုံးများက ကောင်းကင်ပေါ်သို့ တိုးတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်က အင်္ကျီကိုချွတ်ပြီး အောက်မှဝှေ့ယမ်း ပြသည်။ သို့သော် ရဟတ်ယာဉ်များက ပြန်၍အချက်မပြဘဲ စက်သေနတ်များဖြင့်ထိုးချိန်ရင်း ဝဲနေသည်။

ရန်သူဟုတ်မဟုတ်ကို ခွဲခြားစစ်ဆေးနေခြင်းပင်ဖြစ်သည်။ ရဟတ်ယာဉ်တစ်စင်းပေါ်မှ စက်သေနတ်သမားကအတွင်းမှ လူအား တစ်စုံတစ်ရာကို လက်ညှိုးထိုးပြနေသည်ကို ဘိုလန်က မြင်လိုက်ရသည်။

ရန်သူများက ချုံခိုတိုက်လေမည်လားဟု သံသယဖြစ်သွားပုံရသည်။

ဘိုလန်က တပ်ကြပ်ကို သစ်ပင်မှဆွဲခေါ်ထုတ်လာပြီး ကြိုးတုပ်ထားကြောင်းပြလိုက်ရသည်။

မကြာမီ ချီနေ့ရဟတ်ယာဉ်က အောက်သို့နိမ့်ဆင်းလာသည်။ တိုက်ခိုက်ရေးရဟတ်ယာဉ်နှစ်စင်းက ဝဲပြီးကင်းစောင့်နေကြသည်။

ကွင်းပြင်ပေါ်သို့ ဆင်းသက်လာသည့် ရဟတ်ယာဉ်အတွင်းမှ စက်သေနတ်သမားက အပေါက်မှခေါင်းပြူပြီး လေ့လာစစ်ဆေးကြည့်ရှုလိုက်သည်။

ထို့နောက် အေးထံခါးပွင့်သွားပြီး နာ့(ခ်)ကအောက်သို့ဆင်းလာသည်။

'ငါ့မှာ ခရီးသည်နှစ်ယောက်ပါလာသေးတယ်ဟေ့'

ဘိုလန်က လက်နှစ်ချောင်း ထောင်ပြရင်း အော်ပြောလိုက်သည်။



'သူတို့အတွက်နေရာရှိပါတယ်ဗျာ'

နာ့(ခ်)က ပြန်ပြောသည်။

ဘိုလန်နှင့်နာ့ ခ်)တို့က ဖမ်းထားသည့် လူနှစ်ယောက်ကို ကြိုးဖြေပေးပြီး ရဟတ်ယာဉ်ပေါ်သို့ တက်ခိုင်းလိုက်သည်။ ယို့နောက်သူတို့ကနောက်မှတက်လိုက်သွားကြသည်။ မကြာမီ ရဟတ်ယာဉ်က ကောင်းကင်ပေါ်သို့ ပျံတက်လာခဲ့သည်။

'ကျွန်တော်တို့တော့ ရွှေတြိဂံမူးရစ်ဆေးဝါး စခန်းကြီးကိုဖေါက်ခွဲခိုးရှိုးပစ်ခဲ့ပြီဗျ'

နာ့ ခ်)က ဘိုလန်ကို သတင်းပေးလိုက်သည်။

ဘိုလန်က တီလင်းကို ကယ်တင်မည့်ကိစ္စအတွက် ပိုင်းလော့ကိုသွားဆွေးနွေးသည်။ သို့သော် ိုင်းလော့က လက်မခံပဲငြင်းပယ်ုိက်သည်။

'မဖြစ်ဘူး ဗိုလ်မှူးကြီး။ ကျွန်တော်ဘို့ဟာ ခင်ဗျားကို 'ကိုဘ်'ကျွန်းအရောက် ပို့ပေးဖို့ပဲ အသက်ဘာ အမိန့်ပေးတော့ ကျွန်တဲ့ ကိစ္စတွေလုပ်လို့ ရမှာမဟုတ်ဘူး'

ကျွန်ဘော်တို့ရဲ့ ရဲဘော်တစ်ယောက်ကို ကယ်တင်ရေးကိစ္စပဲဗျာ၊ ဘာလို့ မဖြစ်နိုင်ရမှာလဲ'

'မရဘူး ဗိုလ်မှူးကြီး၊ မတော်တဆ တိုက်ပွဲဖြစ်သွားပြီး ရဟတ်ယာဉ်တစ်စင်းပျက်ကျသွားမယ်ဆိုရင် ကျွန်တော်ဘယ်လိုမှ ရှင်းနိုင်မှာမဟုတ်တော့ဘူးဗျာ'

'ကောင်းပြီကပ္ပတိန်။ ခင်ဗျားက ဒီလောက်ခါးခါးသည်းသည်း ငြင်းနေရင်လည်း ကျွန်ဘော် တစ်ယောက်တည်းပဲ

www.burmeseclassic.com

www.burmeseclassic.com



သွားကယ်တော့မယ်။ ခဏနေရင် ကျွန်တော်တယ်နေရာမှာ ဆင်းမယ်ဆိုတာ ခင်ဗျားကို လာပြောမယ်'

ဘိုလန်က အောင့်ကြီးအောင့်ကြီး ပြောပြီး နာ့(ခ်)ဆီသို့ ပြန်လှည့်လာခဲ့သည်။

'ခင်ဗျားတစ်ယောက်တည်း လိုက်သွားလို့ ဘယ်ဖြစ်မလဲဗျ။ ခင်ဗျားအသက် စိုးရိမ်ရမယ်နော်'

နာ့(ခ်)က ဘိုလန်ကို သတိပေးလိုက်သည်။

'ကောင်မလေးဟာ ငါ့ရဲ့အသက်ကို ကယ်ခဲ့တယ်။ ဒါကြောင့်သူ့ကို ငါ့အသက်နဲ့ရင်းပြီး ပြန်ကယ်ဖို့ ဆုံးဖြတ်လိုက်ပြီကွာ'

ဘိုလန်က ခပ်ကုပ်ကုပ်လေးထိုင်နေကြသော တောင်ပေါ်သားနှစ်ယောက်ကို စူးစိုက်ကြည့်ရင်း ပြန်ဖြေလိုက်သည်။ လက်ထောက် ပိုင်းလော့က သူတို့ကို အနီးကပ်စောင့်ကြည့်နေသည် သူတို့နှစ်ယောက်မှာ ရဟတ်ယာဉ်မစီးဘူးသူများဖြစ်သောကြောင့် အထိတ်တလန့် ဖြစ်နေပုံရသည်။

'ပိုင်းလော့က ခင်ဗျား ကိစ္စအတွက် အသက်ကို အစီရင်ခံပေးရင် ရတာပေါ့ဗျ'

'နေပါစေနာ့(ခ်) အားလုံးမှာ ငါ့ရဲ့ကိုယ်ပိုင်တာဝန် ဝတ္တရားရှိတာပဲကွာ'

ဘိုလန်က ဖမ်းထားသော တပ်ကြပ်ကြီးအနီးသို့ တိုးကပ်သွားသည်။



'ငါမေးထားတဲ့ မေးခွန်းကို ဖြေဖို့အချိန်ကျပြီကွ'

'ကျွန်တော်မပြောနိုင်ဘူး'

'မပြောရင်မင်းကို ရဟတ်ယာဉ်ပေါ်က တွန်းချရလိမ့်မယ် အောက်ရောက်သွားရင် မင်းရဲ့ ခန္ဓာကိုယ်ဟာ အရိုးတခြား အသားတခြား ဖြစ်သွားမှာသေချာတယ်'

ဘိုလန်၏ စကားကြောင့် တပ်ကြပ်က သူ့ရဲဘော်ကို လှည့်ကြည့်သည်။ ရဲဘော်က သူ့ကိုမကြည့်ဘဲခေါင်းငုံ့ထားသည်။

'သူတို့ဟာ ကိုဟိမိုလမ်းအတိုင်း ချီတက်သွားကြတယ်'

တပ်ကြပ်က လက်ငင်းကြုံတွေ့ရတော့မည့် သေဘေးအတွက် ဖွင့်ပြောလိုက်ရတော့သည်။

'သူတို့ဘယ်နေရာမှာစခန်းချမှာလဲ'

'ဘားမြို့မှာ စခန်းချမယ်'

နာ့(ခ်)က မြေပုံကို ကြည့်နေရာမှ ဘိုလန်ကို မျက်လုံးလှန်ကြည့်သည်။

'သူတို့ ဘယ်အချိန်မှာ ချီတက်သွားတာလဲ'

'ခုနှစ်နာရီလောက်ကပေါ့'

ဘိုလန်က ပြန်ဖြေလိုက်သည်။

'ဒီအချိန်ဆိုသူတို့ဟာ ချပ်လွင်ပြင်ကို ရောက်လောက်ပြီ'

ဘိုလန်က ခေါင်းညိတ်ပြပြီး ပိုင်းလော့ဆီသို့ ပြန်သွားသည်။

'ချပ်လွင်ပြင်ရဲ့ မြောက်ပိုင်း အစွန်နေရာမှာ ကျွန်တော်ဆင်းမယ်'

www.burmeseclassic.com



'ခင်ဗျားဆင်းပြီးရင် ကျွန်တော်တို့က ဘာဆက်လုပ်ရမှာလဲ'

'သူတို့ရဲ့စခန်းချတဲ့ ညဘက်အချိန်အထိတော့ ခင်ဗျားတို့စောင့် နေရလိမ့်မယ် အမျိုးသမီးကို ညဘက်မှ ကျွန်တော်ဝင်ကယ်လာခဲ့မယ်'

'ခင်ဗျားကတစ်ယောက်တည်းသွားမှာလား'

'ဟုတ်တယ်'

'ခင်ဗျားဆင်းရမယ့်နေရာ ရောက်ဖို့ နာရီဝက်လောက်တောင် သွားရမှာဗျ'

'ခင်ဗျားဒီလောက်လေးတောင်စိတ်မရှည်ရင်လဲကျွန်တော်အခုပဲ ဆင်းမယ်ဗျာ'

ဘိုလန်က စိတ်တိုသံဖြင့် ပြောလိုက်သည်။

'ကျွန်တော်က ဒီသဘောမျိုး ပြောတာမဟုတ်ပါဘူးဗျာ၊ သူတို့ဟာ ကျွန်တော်တို့ ရဟတ်ယာဉ်တွေကို မတွေ့ရအောင် ကွေ့ပတ် မောင်းရမယ် မဟုတ်လား'

ပိုင်းလော့က တိုက်ခိုက်ရေး ရဟတ်ယာဉ်များကို လမ်းကြောင်းပြောင်းမည့် အစီအစဉ်များ ဆက်သွယ် ညွှန်ကြားလိုက်သည်။ ရဟတ်ယာဉ်များက မြောက်ဘက်သို့ ချိုးကွေ့ပျံသန်းလိုက်ကြသည်။

'အကြမ်းဖက်သောင်းကျန်းသူ တပ်ဖွဲ့ရဲ့ ရှေ့မှာ ရဟတ်ယာဉ် ဆင်းပြီး ကျွန်တော်က သူတို့နဲ့ သွားဆွေးနွေးမယ်'



'ဒီလိုလုပ်ပါလား ဗိုလ်မှူးကြီး၊ ကျွန်တော်တို့ ရဟတ်ယာဉ်ပေါ်က ဘူး(လ်)ဟွန်း အသံချဲ့စက် မိုက်ကရိုဖုန်းတွေပါတာပဲ၊ အောက်ဘက်က တပ်ဖွဲ့ကို လှမ်းပြီး ဆွေးနွေးနိုင်တာပေါ့ဗျာ'

ပိုင်းလော့က အကြံပေးလိုက်သည်။

ဘိုလန်က ရဟတ်ယာဉ်လက်ထောက်အား ဘူး(လ်)ဟွန်းကိုယူလာရန် အမိန့်ပေးလိုက်သည်။

ထို့နောက် တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် သူ၏ရဟတ်ယာဉ်မှ စက်သေနတ်သမားများကို အစီအစဉ်ညွှန်ကြားလိုက်ပြန်သည်။

ဘိုလန်က မှန်ပြောင်းဖြင့် အောက်ဘက်သို့ လေ့လာကြည့်လိုက်သည်။ အကြမ်းဖက် သောင်းကျန်းသူ တပ်ဖွဲ့က ချုပ်လှင်ပြင်ကိုပင် ကျော်သွားခဲ့ကြပြီဖြစ်ကြောင်း တွေ့လိုက် ရသည်။ အောက်ဘက်တပ်ဖွဲ့မှာ ရဟတ်ယာဉ်များကို တွေ့လိုက်ရသည့်အတွက် သစ်ပင်အုပ်များ ရှိရာသို့ ဒရကြမ်း ဒုန်းစိုင်းစီးသွားကြသည်။ သူတို့ရှေ့မှ တောအုပ်လေးက သုံးမိုင်ခန့်သာ ဝေးကွာတော့သည်။

တပ်ဖွဲ့အပေါ်သို့ ရဟတ်ယဉ်ရောက်လာချိန်တွင် ဘိုလန်က ကြိုးတန်းဖြင့် အောက်ဘက်သို့ ဆင်းလိုက်သည်။ တပ်ဖွဲ့၏အ

www.burmeseclassic.com

www.burmeseclassic.com



ထက် ဆယ်ပေခန့် အမြင့်မှ လိုက်ပါရင်း တီလင်းက ရှာကြည့်သည်။ တီလင်းမှာ ထပ်ဦးတွင်ရှိနေပြီး သူ့မြင်းကို ရှေ့မှ မြင်းဖြစ်စီးနှင့် ကြိုးချည်ထားကြောင်း တွေ့လိုက်ရသည်။

'မောင့်ဟာ မြက်ဦးထုပ် ပိုင်ငံကို ဆောင်းထားတယ်၊ ကျွန်တော့်ရှေ့ ကိုက်ပေ်ရာအကွာမှာရှိတယ်။ တွေ့တယ်မဟုတ်လား'

ဘိုလန်က ဆောင်းထားသောဟဲလမက် ဦးထုပ်မှရေဒီယိုမိုက်ဖြင့် ရဟတ်ယာဉ်ပေါ်သို့ အကြောင်း ကြားလိုက်သည်။

'တွေ့တယ်'

ပိုင်းလောက ပြန်ဖြေပြီး အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။

'ကျွန်တော့်ကို နောက်ထပ် ငါးပေလောက် ထပ်ချထားပေးပါ'

ဘိုလန်၏ တောင်းဆိုမှုကြောင့် နောက်ထပ် ငါးပေအောက်သို့ တဖြည်းဖြည်းကျလာသည်။

တိုက်ခိုက်ရေး ရဟတ်ယာဉ်များက ဘိုလန်၏ လုံခြုံရေးအတွက် အောက်ဘက်သို့ [illegible]သနတ်များဖြင့် ခြောက်လှန့်ပစ်ခတ်ပေးကြသည်။

ဖြည်းဖြည်း တီလင်း၏အနီးသို့ ဘိုလန် ရောက်လာသည်။

'နောက်ထပ် နှစ်ပေလောက် ထပ်လျှော့ပါဦး၊ ဒါမှဆွဲပြီးခေါ်လို့ရမယ်'



ကြိုးကအောက်သို့ ထပ်လျှော့ကျလာသည်။ သို့သော်နှစ်ကိုက်လောက် ကျသွားသည်မို့ မြင်းတင်ကောင်၏အပေါ်နှင့် ဘိုလန်က ဝင်ပြီး ရိုက်မိသွားတော့သည်။

တီလင်းက နောက်ဘက်မှ ထွက်လာသည့် အသံကြောင့် ထိတ်လန့်တကြား လှည့်ကြည့်သည်။ ဟဲလမက် ဆောင်းထားသော ဘိုလန်ကို မှတ်မိရက် မမှတ်မိပဲ လန့်အော် လိုက်ပြန်သည်။

'ကိုယ်ပါ တီလင်း။ မင်းကို လာကယ်တာပါ'

ဘိုလန်က အော်ဟစ် သတိပေးလိုက်သည်။

မြင်းနှင့် ရိုက်ခတ်မှုကြောင့်ကြိုးမှာလွဲရမ်းနေသည့်အတွက် ဘိုလန်မှာ လိုရာမရောက်နိုင်ဘဲ ဖြစ်နေသည်၊ လွဲနေသောကြိုးက အရှိန်ဖြင့်တီလင်း၏မြင်းဘက်သို့ ရောက်သွားချိန်တွင် မြင်းကလန့်ပြီး ဘေးဘက်သို့ ထွက်ပြေးသွားသည်။

တီလင်းမှာ ရုတ်တရက် ကိုယ်ဟန်မထိန်းနိုင်တော့ဘဲ လွင့်ကျမတတ် ဖြစ်သွားသည်။ သို့သော် သူမကို ဘိုလန်က ကောင်းစွာ မိမိရရ ဆွဲထားလိုက်နိုင်သည်။

'ပါလာပြီဗျို့။ ကြိုးကို အပေါ်ဆွဲတင်လိုက်ပါ'

ဘိုလန်က အော်ဟစ်သတိပေးလိုက်ချိန်တွင် ကြိုးက [illegible] ဖြည်းဖြည်း အပေါ်သို့ မြင့်တက်သွားသည်။ ရဟတ်ယာဉ်ပေါ်မှ လက်များက သူတို့နှစ်ယောက်ကို အပေါ်သို့ဆွဲတင်လိုက်ကြသည်၊ ဘိုလန်က ဟဲလမက်ကို ချွတ်ပြီး အနားယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းသော့က ရဟတ်ယာဉ်ကိုတွဲဖက်ပိုင်းလော့အားမောင်းနှင်စေပြီး ဘိုလန်ကို အားရဝမ်းသာ လက်ဆွဲနှုတ်ဆက်သည်။ စက်သေနတ်သမားကလည်း လက်ဆွဲနှုတ်ဆက်ပြန်သည်။

ဘိုလန်က သူ၏ကြိုးပမ်းမှုအတွက် ရင်ထဲတွင်နွေးထွေးစွာ ပီတိဖြာနေသည်။

နှစ်ဆယ်ရာစု၏ သူမှုကောင်းကြီး တစ်ယောက်က ဒုက္ခရောက်နေရှာသည့် မိန်းကလေးတစ်ဦးကို ကောင်းကင်လေထဲမှ မရ ရအောင်ကယ်တင်နိုင်ခဲ့ပြီမဟုတ်ပါလား။

တီလင်းအနီးတွင် ဘိုလန်ကကပ်ပြီးထိုင်ချလိုက်သည်။ တီလင်းမှာ ဘိုလန်ကိုစူးစိုက်ကြည့်ရင်း လက်များကိုအားရပါးရ ဖျစ်ညှစ်ဆုပ်ကိုင်ထားရှာသည်။

အဖျက်သမားချေမှုန်းသူ ဘိုလန်နှင့် ရန်သူတော်ကြီး၏ သမီးတို့ လက်ဘျင်းတွဲယှက်မိကြခြင်းက အဘော်လေးထူးဆန်းနေသလိုဖြစ်နေရပြီဟု ဘိုလန်တွေးလိုက်မိသည်။

*

ဖရန့်ဖတ်လေဆိပ်တွင် ဒပ်ဆဲဒေါ့သို့ထွက်မည့် လပ်(ဖ်)သန်ဆာ အမှတ် (၁၆၇) လေယာဉ်ကြီးက အသင့်ဖြစ်နေပြီ၊



ဘိုလန်က တီလင်း၏လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်နှုတ်ဆက်ပြီး လေယာဉ်ကွင်းဝင်ပေါက်ဆီသို့ ဆွဲခေါ်လာသည်။

'ကျွန်မဖုန်းဆက်လိုက်တော့ ဂန်သာက လေဆိပ်မှာလာကြိုမယ်လို့ ပြောတယ်၊ ကျွန်မတို့နှစ်ယောက် နောက်လထဲမှာ လက်ထပ်ကြမယ်၊ ကျွန်မတို့ရဲ့မင်္ဂလာပွဲကို လာခဲ့မယ် မဟုတ်လား'

တီလင်းက ဘိုလန်ကိုမေးလိုက်သည်။

'လာနိုင်ဖို့တော့ ကြိုးစားပါ့မယ်'

'ကျွန်မကို အခုလိုလိုက်ပို့တဲ့အတွက် ရှင့်ရဲ့စိတ်စေတနာကို လေးစားပါတယ်ရှင်'

တီလင်း၏စကားကြောင့် ဘိုလန်ရင်ထဲမှာ တင်းကျပ်သွားရသည်။

'မင်းကိုဂုဏ်ပြုတဲ့အနေနဲ့ လိုက်ပို့တာပေါ့ တီလင်းရယ်၊ ကိုယ်ဟာ မင်းနဲ့တွေ့ဖို့လာခဲ့ပါဦးမယ်'

စကားပြောရင်း လေယာဉ်ပေါ်တက်ရမည့် ဂိတ်ပေါက်သို့ရောက်လာကြသည်။

လေယာဉ်လက်မှတ်ကို အဆင်သင့်ကိုင်ထားသော တီလင်းက မျက်ရည်ဝိုင်းသောမျက်လုံးများဖြင့် ဘိုလန်ကိုလှည့်ကြည့်သည်။

ရုတ်တရက် သူမ၏လက်များက ဘိုလန်ကိုဖက်တွယ်ပြီး နှုတ်ဆက်အနမ်းလေး ပေးလိုက်သည်။

ထို့နောက် စကားတစ်ခွန်းမှမပြောနိုင်တော့ဘဲ လေယာဉ်ဆီသို့ လှည့်ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်ဟားတွင်ထိုင်စောင့်နေသော ဟောဘာရော့ဂနိုလာ ထံသို့ ဘိုလန်ပြန်လျှောက်လာခဲ့သည်။ ဘာရော့ဂနိုလာသည် အမေရိကန်သမ္မတကြီး၏ အထူးလက်ထောက်အရာရှိကြီးတစ်ဦးဖြစ်သည်။

ဘာသင်တွင်ကျင်းပသော ကွန်ဖရင့်တစ်ခုကို တက်ရောက်ခဲ့ပြီး ဘိုလန်နှင့်ဆုံတွေ့ရန် ဂေါ်ယာဉ်ဖြင့်ရောက်ရှိလာခြင်းဖြစ်သည်။

'ဟိုအမျိုးသမီး သွားပြီလား'

ဘာရော့ဂနိုလာက သူ့ရှေ့ထိုင်ခုံတွင်ဝင်ထိုင်သော ဘိုလန်ကို လှမ်းမေးလိုက်သည်။

'ဟုတ်တယ် သူသွားပြီဗျာ'

ဘိုလန်က ပြန်ဖြေရင်း မီးခြစ်ဘူးလေးကိုအဓိပ္ပာယ်မဲ့စွာ ဆော့ကစားနေသည်။

ဘာရော့ဂနိုလာက စားပွဲအောက်တွင်ချထားသောဘာရိ(စ်)ကေ့ကို ဆွဲယူလိုက်သည်။

'ဒီနေ့မနက်မှာ ဘိန်းဖြူစစ်ဆင်ရေးဟာ အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားပြီလို့ ငါ့ဆီကို သတင်းရောက်လာခဲ့တယ်၊ ဒီတိုက်ပွဲမှာ ငါတို့ အပြတ်အသတ် နိုင်လိုက်တာပဲ ဘိုလန်'

'တိုက်ပွဲတစ်ပွဲတည်း နိုင်လိုက်တာပါ ဟာ(လ်)၊ ဒါပေမယ့် ဒီလိုဒုစရိုက်မိစ္ဆာတွေနဲ့ နောက်ထပ်မဆုံးနိုင်တဲ့ တိုက်ပွဲတွေ ကျန်နေပါသေးတယ်ဗျာ၊ တိုက်ဂါး အသစ်တွေဟာ ပြာပုံထဲကနေပြီး လူးလွန့်ထွက်ပေါ်လာကြဦးမှာပဲ'



'မင်းပြောတာမှန်ပါတယ်ကွာ၊ တွေးကြည့်ရင် တကယ့်ကို ရင်လေးစရာပဲ'

ဘာရော့ဂနိုလာက ပင့်သက်ရှိုက်ရင်း ပြောလိုက်သည်။

'ရင်လေးမနေစမ်းပါနဲ့ဗျာ၊ ဒီလိုမိစ္ဆာတွေကိုတိုက်ရင်းနဲ့ လူဘယ်နှယောက်ဟာ ကောင်းရာကောင်းကြောင်းတွေကိုရှာဖွေ တွေ့ရှိသာနိုင်တယ် မဟုတ်လား၊ ကျွန်တော်တို့ဟာ အားလုံး အတွက် ဒီလိုပဲ အမြဲတမ်းတိုက်ရမယ်လေ'

ဘိုလန်၏စကားက ဘားခန်းအတွင်း ဟိန်း၍ထွက်သွားတော့သည်။

ပြီးပါပြီ။

(ဝင်းမြင့်အောင်)